
www.burmeseclassic.com



# ယိုးမယ်းနှင့် အခြားဝတ္ထုတိုများ

## နေဝင်းမြင့်

တတိယအကြိမ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ပျိုင်းမည်း နှင့်

## အခြားဝတ္ထုတိုများ

နေဝင်းမြင့်

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၀၁၇၃၀၂၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၁၀၀၁၀၉၁၀ |
| ပထမအကြိမ် | ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင်၊ Wisdom House စာအုပ်တိုက်၊ အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂၊ လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးဇော်မြင့်ဝင်း၊ ကာလာဇုန်ပုံနှိပ်တိုက်၊ ၁၈၄၊ ၃၁-လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံးပန်းချီဒီဇိုင်း | မြင့်မောင်ကျော် |
| အတွင်းအပြင်အဆင် | အေးကျော်မင်း |
| တန်ဖိုး | ၁၅၀၀ ကျပ် |

၈၉၅.၈၃

နေဝင်းမြင့်

ဗိုင်းမည်းနှင့် အခြားဝတ္ထုတိုများ / နေဝင်းမြင့်။ - ရန်ကုန်၊ Wisdom House စာအုပ်တိုက်၊ တ-ကြိမ်၊ ၂၀၁၀။

၂၃၆ - စာ၊ ၁၁.၉ × ၁၈.၂ စင်တီ။

(၁) ဗိုင်းမည်းနှင့် အခြားဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

၁။ ဗိုလ်မြင်းမည်း ၁
၂။ ဓာတ်ဆရာအနံ့၊ ဖက်ခြောက်လိပ်ကို မပေးနိုင်လို့ ဆေးရွက်ကြီးကို ငုံ ၂၃
၃။ ငှက်ဆိုး ၄၁
၄။ ယိမ်း ၆၁
၅။ မှိုင်းပြာရောင် လွင်ပြင်ကို ဖြတ်သန်းခြင်း ၈၃
၆။ တန်းလျား ၁၀၃
၇။ စီးမျောနေသော အပူလှိုင်းများ ၁၂၇
၈။ ပွဲသွားကြည့်မယ် ၁၅၁
၉။ အရိပ်မဲ့ဆူး ၁၇၃
၁၀။ ရွှေချိုင့်စံ ဟိုကျွန်းက နေယွန်းလျှင် ပြန်ခဲ့ပါ ၁၉၃

www.burmeseclassic.com

www.burmeseclassic.com

ထိုးမည်း

www.burmeseclassic.com

www.burmeseclassic.com

# ဗျိုင်းမည်း

(၁)

မိုးသည် အငြိုးတကြီး ရွာချနေသည်။ ဝေါခနဲ ဝေါခနဲ ရွာချလာသော မိုးကြောင့် ဝင်းရီတို့တဲစုကလေး လှုပ်ရှားသွားသည်။ ပထမဦးဆုံး မိုးရေထဲ ထွက်လာသူက အမေညို။

"ဝင်းရီရေ … ပေါက်စရေ …"

"လာပြီ အမေညိုရေ၊ ဆန်ခါခုံး ရှာနေလို့"

ဝင်းရီက ပြောပြောဆိုဆို မိုးရေထဲ ထွက်လိုက်သည်။

"အမေ့ … အေးလိုက်တာ"

ဝင်းရီက ပလတ်စတစ်စကို ကျောပေါ်သို့ ရစ်ပိုက်၍ ရှေ့ကို ခပ်ငိုက်ငိုက် ဆွဲချသည်။ လက်ထဲတွင် ဆန်ခါခုံး၊ အဝတ်စုတ်၊ ရေငင်ပုံး၊ ဆီထည့်ရန် ပလတ်စတစ်ပုံးများ အသင့်ရှိနေသည်။

"ဘုရားသိကြား မလို့ ကနေ့ ထွက်ပါစေဟော်"

အမေညိုက ကွမ်းကို မြုံ့ရင်း ဆုတောင်းနေသည်။ မိုးကား တဝုန်းဝုန်း ရွာဆဲ။

www.burmeseclassic.com

www.burmeseclassic.com



"အမေညိုက ကျူပ်တို့တောင် မခေါ်ဘူးနော်၊ ဝင်းရီတို့က ချွေးမ တော်ရမယ့်သူ ကျနေတာပဲ"

အမာကြည်က အမေညိုကို ငေါ့သည်။

"သေချင်းဆိုးမ၊ ကဲ ... ငါ ပြောလိုက်ရ၊ အားလုံး အော် ခေါ်နေတဲ့ဟာကို၊ ကဲ .. ကဲ .. အားလုံး ခေါ်၊ တော်ကြာမှ သူ ပါ တယ်၊ ငါ ပါတယ် ဖြစ်နေမယ်"

အမေညိုက ထဘီတိုတို ပြင်ဝတ်ရင်း အမာကြည့်ကို လှမ်း ဆိုသည်။ ဝင်းရီက တဲစုများဆီသို့ ပြန်ဝင်သွားသည်။ တစ်အိမ်ချင်း လိုက်ခေါ်သည်။ တချို့ကလေးတွေသာ ထွက်လာသည်။ တချို့တဲက လူ မရှိ၍ မလိုက်နိုင်။

"သိပ်ငယ်တဲ့ကလေးတွေ ထည့်လို့တော့ အပိုပေါ့၊ ဘာမှ လုပ်နိုင်တာ မဟုတ်ဘဲနဲ့ ဝေစု မပေးနိုင်ပေါင်"

အမာကြည်က ရင်ရှားထားသော ရင်အထက်ပိုင်းကို မိုး ရေနှင့် ကြေးတွန်းရင်း ငေါ့သည်။

"အမာကြည်ရယ် ... ကိုယ့်အချင်းချင်းတွေပဲ ရသလောက် ပေါ့" ဝင်းရီက ဖျောင်းဖျသည်။

"အိုး ... ညည်းက သူတော်ကောင်း မလုပ်ပါနဲ့၊ လူက ဆယ့်လေးငါးယောက်၊ ရတာက တစ်ဂါလန် ရ၊ နှစ်ဂါလန် ရ၊ ခွဲ လိုက်ရင် တစ်ယောက် ပြားရှစ်ဆယ်၊ ပြားကိုးဆယ်နဲ့ ညည်းပဲ လုပ်"

"ကဲပါအေ ... ဆီကဖြင့် ဘယ်မှာ နေမှန်း မသိသေးဘူး၊ သွားမယ်"

အမေညိုက ရှေ့မှ ဦးဆောင်ထွက်လာသည်။ အမေညိုတို့ အိမ်စုကလေးကို ကျူးကျော်အိမ်စုဟု ရပ်ကွက်က သတ်မှတ်ထား

www.burmeseclassic.com

www.burmeseclassic.com


သည်။ လူတွေကလည်း ပျံကျ ဖြစ်သည်။ စရိုက်တွေကလည်း အမျိုးမျိုး ဖြစ်သည်။ ဘယ်က ဘယ်လို ရောက်လာကြမှန်း မသိရသော်လည်း သည်မှာတော့ လုပ်ငန်းတူ ဖြစ်သည်။ စီးပွားတူ ဖြစ်သည်။ ပထမတော့ တစ်အိမ်စ၊ နှစ်အိမ်စ။ အခုတော့ အိမ်ခြေ ၂၀ ခန့် ရှိနေပြီ။ မိမိတို့ ကျူးကျော်အိမ်စုများအနီး စက်ရုံကြီး နှစ်ခုမှ ရေဆိုးထုတ်မြောင်းအတိုင်း စိမ့်ယိုထွက်ကျလာသော မီးထိုးဆီဟောင်းများကို ခပ်ယူ၍ ပြန်လည် ရောင်းချသည့်အလုပ် ဖြစ်သည်။ မီးထိုးဆီ ဆိုသည်ကလည်း နေ့တိုင်း ပုံမှန်ထွက်နေသည် မဟုတ်။ မိုးကြီးကြီးရွာလျှင် ဖြစ်စေ၊ နေကျဲကျဲ ပူလျှင် ဖြစ်စေ ဆီတိုင်ကီများ ထားရာ ဆီလှောင်ကန်များမှ ရေဆိုးထုတ် မြောင်းအတိုင်း မျောကျလာခြင်း ဖြစ်သည်။ အခုလို မိုးတွင်း ဆိုပါက လွယ်သည်။ မိုးရေနှင့်အတူ ဆီများ လိုက်ပါလာတတ်သည်။ ရေထဲတွင် ပေါလောမျောပါလာတတ်သော ဆီများကို ခပ်ယူရခြင်း ဖြစ်သည်။ ခပ်ယူရာတွင်လည်း အတတ်ပညာ ပါရသည်။ နွေမှာက စက်ရုံက ထွက်သည့် ရေနည်းနည်းသာ စီးတတ်သည့်အတွက် ဆီခပ်ရသည့် လုပ်ငန်းမှာ လွယ်သည်။ မိုးတွင်းမှာက ရေဆိုးမြောင်းအတိုင်း ဒလဟော ထိုးကျလာသော ရေများပေါ်တွင် ဆီကလည်း အရှိန်ပြင်းစွာ ထိုး ထွက်လာသည်။ ထိုအခါ နိုင်အောင် ခပ်ကြဖို့ လိုသည်။ ထိုအခါတွင် ဝင်းရီတို့လူစုအဖို့ မောရပန်းရမှန်း မသိ။ ပျော်စရာ အတိ။

"ဟဲ့ ... ဟဲ့ လုပ်ကြပါဟဲ့၊ အဝတ်စုတ် အဝတ်စုတ်၊ ဟဲ့ .. ဆန်ခါခုံး ပေးစမ်း၊ ပုံးတွေ စီထားလေ၊ မသာမ ... အရေးထဲ ဆေးလိပ်ပဲ သောက်နေဟေ့ သီလား"

တမံတုတ်သူက တုတ်သည်။ ခပ်၍ မရနိုင်သည့်ဆီများ ထွက်သွားမှာ စိုး၍ ဖြစ်သည်။ အနားမှာရှိသည့် လူများ ရုန်းရင်းဆန်

www.burmeseclassic.com



ခတ် ဖြစ်ကုန်ရသည်။ ရေပေါ်တွင် လိုက်လာသော ဆီမည်းမည်း ပျစ်ပျစ်ကို အဝတ်စုတ် ခပ်ပါးပါးဖြင့် လိုက်၍ အုပ်ရသည်။ ထိုအခါ ဆီက အဝတ်တွင် ကပ်သည်။ အဝတ်စုတ်မှာ ဆီဝပြီး ဆီများများ ကပ်သည် ဆိုသည်နှင့် ပုံးထဲသို့ ညှစ်ချလိုက်ရသည်။ ညှစ်ချရသည့် အခါ၌ တစ်ခါတည်း ညှစ်ချလိုက်ရသည် မဟုတ်။ အဝတ်မှာကဲ ရေတွေ ပါနေသေးသည်။ ထိုရေကို အပြင်မှာ ခပ်ဖွဖွကလေး ရေ ချည်းသတ်သတ် ကျသွားရုံ ညှစ်လိုက်ရသေးသည်။ ညှစ်တာကလည်း ပညာပါသည်။

ဆီ လုံးဝ ပါမသွားစေရ။ ရေစစ်သွားသည်နှင့် အဝတ်ကို ပုံးထဲသို့ တအားညှစ်ချသည်။ တစ်စက်မှ မကျန်အောင် ညှစ်ချသည်။ နောက်တစ်ခါ ရေပေါ်မှ ဆီများကို လိုက်အုပ်ယူ၊ ရေစစ်ချ၊ ပုံးထဲသို့ ဆီချည်းသတ်သတ် ညှစ်ချ။ သည်လိုနှင့် ဆီအထွက် များလျှင် များ သလို နည်းလျှင် နည်းသလို လေးထောင့်သံပုံးတစ်လုံး (လေးဂါလန် ခန့်)မှ ဂါလန် နှစ်ဆယ်၊ အစိတ်လည်း ရချင်ရသည်။ တစ်ခါတစ်ရံ တစ်နေ့လုံး စောင့်လို့မှ တစ်ပုလင်းပင် မရချင်။

စင်စစ် ဆီတွေကလည်း အမြဲတမ်း ဆီလှောင်ကန်တစ်ဝိုက် တွင် ရှိနေသည် မဟုတ်။ ဘွိုင်လာများအတွင်း ဆီဘောက်ဆာကား များ ဆီ လာထည့်သည့်အခါ ဆီတိုင်ကီအတွင်း မထည့်မီ ရေ ပါ မပါ စစ်ဆေးသည့်သဘောနှင့် အနည်းငယ် ဖောက်ကြည့်ရသည်။ ထိုအခါတွင် ဆီတွေ အိုင်ထွန်းနေတတ်သည်။ နောက်တစ်နည်းက ဆီတိုင်ကီတွေထဲ ဆီထည့်ရင်း လျှံကျသွားသည့်အခါ ဖြစ်သည်။ အချိန် မီ သိရှိ၍ ဆီဘားကို ပိတ်နိုင်သော်လည်း ဂါလံ နှစ်ဆယ်၊ သုံးဆယ် ထွက်သွားတတ်သည်။ စက်နှင့် မောင်းထည့်ခြင်း ဖြစ်သဖြင့်လည်း

www.burmeseclassic.com

www.burmeseclassic.com


တစ်ခါတစ်ရံတွင် လျှံကျပြီ ဆိုလျှင် ဝေါခနဲ။ တစ်ခါတလေတော့လည်း ဆီထည့်စဉ် ဆီပိုက် ကွဲသွားခြင်း၊ ဆီပိုက်အရစ် ပြုတ်သွားခြင်းတို့ကြောင့် ဝေါခနဲ သွန်ကျသွားတတ်သည်။ မည်သည့်နည်းနှင့်ပင် ကျသည် ဖြစ်စေ ဆီလှောင်ကန် ပတ်ဝန်းကျင်တွင် ဆီများ ပေကျံမနေစေရန် သန့်ရှင်းရေး လုပ်ကြရသည်။ သို့သော် ကျသွားသည့် ဆီများက ရေဆိုးထုတ်မြောင်း အတွင်း၌ ခိုနေမြဲ။ ဆိုခဲ့ပြီးသည့်အတိုင်း ရေလုံးများများ အင်အားနှင့် ကျလာသည်နှင့် စက်ရုံပြင်ပသို့ ဆီများ ရေနှင့်အတူ ထွက်လာမြဲ ဖြစ်သည်။

ဤဆီများကိုပင် ဝင်းရီတို့လူစုက စောင့်ဆိုင်းခပ်ယူကြရခြင်း ဖြစ်သည်။ စက်ရုံပြင်ပ ချောင်းစပ်မှ ဆီထွက်အလာကို မျှော်၍ ကျလာမှ ခပ်ယူရသူတို့အဖို့ ဆီရုံတွင်းက ဆီလှောင်ကန်ဘေးမှာ ဆီ ရှိမရှိ၊ ရေဆိုးမြောင်းတွင်းမှာ ဆီ ခိုနေ မနေ ဘယ်သူမှ သိနိုင်ကြသည် မဟုတ်။ စက်ရုံတွင်း ဝင်ကြည့်လို့ကလည်း ရသည် မဟုတ်။ ထွက်လာနိုးနိုး၊ ကျလာနိုးနိုးနှင့် မျှော်ကြရသူများသာ ဖြစ်သည်။

အချို့က လုံခြုံရေးဝန်ထမ်း အလစ်တွင် စက်ရုံအတွင်းသို့ ဝင်သည်။ အတင့်ရဲစွာဖြင့် ဆီဂိုဒေါင်၊ ဆီလှောင်ကန်တွေနားအထိ ဝင်သည်။ လစ်လျှင် ဆီပါ ခပ်လာသည်။ မိလျှင် ခံပေရော့။ တချို့က ဆီသာ မဟုတ်၊ အခြားပစ္စည်းတွေပါ ခိုးသည်။ ထို့ကြောင့်လည်း ရဲစခန်း ရောက်သူ၊ ကောင်စီရုံး ရောက်သူ၊ စက်ရုံမှူးရုံးခန်း ရောက်သူ၊ တရားရုံး ရောက်သူ၊ ဒဏ်ငွေ ဆောင်ရသူ၊ ထောင်ကျသူတွေ ဒုနှင့်ဒေး။ ကိုမောင်စိန် ဆိုလျှင် မကြာသေးမီ အချိန်ကမှ အာမခံ ရသည်။ ခင်စိန် ဆိုလျှင် အမျိုးသမီးဆောင်မှာ တစ်လခွဲ ကြာခဲ့သည်။ ဝင်းရီတို့ကတော့ သည်အထိ မလုပ်ရဲ။ ရတာလေးနှင့်သာ တင်းတိမ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလှမ်းမကျယ်ရဲ။ မိန်းကလေးတန်မဲ့ အတင့်မရဲချင်။ သဘာဝအလျောက် ထွက်လာသည့် ဆီစကလေး အနည်းအကျဉ်းကိုသာ မျှော်သည်။ ရ သလောက် စားသည်။

ထို့ကြောင့် သူတို့ကို ကတွတ်ဝမှ ငါးချောင်းသော ဗျိုင်းတို့နှင့် သဘာဝချင်း တူသည်ဟု ဆိုနိုင်သည်။ သို့သော် ဖြူဖြူဖွေးဖွေးလှလှပပ ဗျိုင်းများ မဟုတ်ကြ။ သူတို့ကို ကြည့်။ အမြဲတမ်း ဆီရောင်ထနေတတ် သည်။ မျက်နှာတွေမှာ အဆီတဝင်းဝင်း ခြောက်သယောင်းနေသော ဆံပင်များ၊ နားကပ်မဲ့ နားရွက်များ၊ သနပ်ခါးမဲ့ မျက်နှာများ။ ဒါကြောင့် လည်း သူတို့ကို ဗျိုင်းမည်းများဟု ခေါ်ကြခြင်း ဖြစ်နိုင်သည်။

သူတို့ ချောင်းစပ်သို့ ရောက်ကြပြီ။ ဝင်းရီက ချောင်းထဲ စဆင်းသည်။ ချောင်းမကြီးထဲသို့ ဆက်သွယ်ထားသော စက်ရုံမြောင်း ထိပ်မှ အတွင်းဘက်သို့ လှမ်းမျှော်ကြည့်သည်။ စူးရဲသော မျက်လုံး များက မြောင်းတစ်လျှောက် ဆီများ ရှိမရှိ ရှာဖွေနေသည်။ မတွေ့။ ရေချည်းသတ်သတ်သာ အရှိန်အဟုန်နှင့် ထွက်နေသည်။ ဆီ ဆို၍ တစ်စက်တလေတောင် မပါလာ။

"ဘယ်လိုလဲ ကောင်မ၊ နီး ... ပဲလား"

ချောင်းထိပ်က ရပ်စောင့်နေသူထဲက မေးလိုက်သည်။ ဝင်းရီ ၏ အဖြေကို ငံ့လင့်နေကြသည်။

"မတွေ့ဘူး၊ တချို့ ဟိုဘက် ဆက်သွားကြည့်ပါလား၊ တို့ ဒီမှာ စောင့်နေမယ်၊ အမေညို လိုက်သွားလိုက်၊ ငစိုးပါ ခေါ်သွား"

ဝင်းရီက ချောင်းရေထဲက စီမံခန့်ခွဲနေသည်။ အမေညိုက ငစိုးနှင့် သုခကို ခေါ်သွားသည်။ သည်ဘက်မှာ ကျန်ခဲ့တာက ဝင်းရီ၊ အမာကြည်၊ မစိန်လှ၊ မြအေးနှင့် စိုးညွန့်။

www.burmeseclassic.com

www.burmeseclassic.com


“အမေညိုရေ … ဟိုဘက် စက်က ထွက်ရင်လည်း အတူ တူပဲနော်”

အမာကြည်က လှမ်းကွန့်သည်။ အမေညိုကို လှမ်း၍ အော် ခြင်း ဖြစ်သည်။ ဝင်းရီက မျက်စောင်းထိုးသည်။

“ညည်းက လုပ်ပြန်ပြီ၊ အထူးအဆန်း လုပ်လို့၊ သူတို့ လည်း သိပါတယ် အေရယ်…၊ ဒီလောက်တောင် မဟုတ်ပါဘူး”

“ပြောနိုင်မှ တန်ကာအေ့”

မိုးက သဲသဲမဲမဲရွာဆဲ။ ဗျိုင်းမည်းများကား စောင့်ဆဲ။ အသား တွေပင် ပြာနေပြီ။ နှုတ်ခမ်းကလေးတွေပင် တုန်နေပြီ။ လက်ချောင်း ကလေးတွေပင် ပဲကြီးရေတွန့်နေပြီ။

မည်သို့ပင်ဆိုစေ၊ ညနေစောင်းတော့ မိုးစဲသွားသည်။ အမေ ညိုတို့နှင့် သူတို့ ပေါင်းလိုက်သည့်အခါ သုံးဂါလန်လောက် ရသည်။ တစ်ဂါလန် တစ်ဆယ် ဆိုတော့ သုံးဆယ်။ လူက ရှစ်ယောက်။ တစ်ယောက်ကို လေးကျပ် မတ်တင်း။ ဝင်းရီ တဲကို ပြန်ရောက် တော့ မှောင်နေပြီ။

(၂)

“အမေ”

“သမီး”

ဝင်းရီက အမေ့ကို ခေါ်ရင်း တဲထဲသို့ ဝင်သည်။ အမေသည် တဲထောင့်တစ်နေရာရှိ ကွပ်ပျစ်ပေါ်တွင် လဲလျောင်းလျက် အောက်ခံ စောင်ပိုင်း ခပ်နွမ်းနွမ်းတစ်ထည် ခင်းထားသည်။ မည်းညစ်နေသော ခေါင်းအုံး၏ ချုပ်ရိုးပြေနေသော နေရာများတွင် မှိုစများ ထွက်လျက်ရှိ

www.burmeseclassic.com

www.burmeseclassic.com


သည်။ တစ်ပိုင်းက ခြံစောင်ကို ခြုံထားသည်။ အနီးတွင်ကား ပုလင်းများ၊ ဆေးထုပ်များ၊ ရေနွေးကရားနှင့် ပန်းကန်ပဲ့ သုံးလုံး။

''အမေ နေကောင်းရဲ့လား''

''ဒီလိုပါပဲ သမီးရယ်၊ သမီး အဝတ် မြန်မြန်လဲပါကွယ်၊ အအေးပတ်နေအုံးမယ်''

''သမီးတို့ကို အအေးပတ်တဲ့ ရောဂါက မတိုးနိုင်တော့ပါဘူး အမေရဲ့''

ဝင်းရီက အမေ အားရှိအောင်သာ ပြောရသည်။ တကယ်တော့ စိမ့်အေးနေပြီ။ ချမ်းလှပြီ။ ထင်းမီးဖိုဆီ လှမ်းကြည့်မိသည်။ မီးငွေ့ရဲရဲ ကျန်နေသေးသည်။ ဝင်းရီက အင်္ကျီနှင့် ထဘီအဟောင်း တစ်ထည် လဲဝတ်လိုက်သည်။ ပြီးမှ မီးငွေ့ရဲရဲမှာ လက်ကလေးတွေ မီးကင်ရသည်။

''အမာကြည် လာရင်တော့ လေးကျပ် မတ်တင်းလောက် ရမယ် အမေ၊ ဆရာမောင်လည်း မှာလိုက်တယ်၊ ငါးပိရေကျို နှစ်ဆယ်သားလည်း မှာလိုက်တယ်၊ အမေ ဆာပြီလား''

''အမေ မဆာသေးပါဘူး၊ စားချင်စိတ်လည်း မရှိလှပါဘူး၊ ဆန် ရှိသေးရဲ့လား သမီး''

''ရှိတယ် အမေ၊ မနေ့က နှစ်ပြည် ဝယ်ထားတာ ကျန်သေးတယ်''

ဝင်းရီက ထမင်းအိုး တည်ဖို့ ပြင်သည်။ အမာကြည် လာရင် ငါးပိရည်ကျို ပါလာမည်။ ငါးပိရည်နှင့် တို့စရာနှင့် ယနေ့ည ပြီးရမည်။ တို့စရာကလည်း ချောင်းစပ် ကန်စွန်းရွက်ကို ပြုတ်လိုက်ရုံ။ ဒါကလည်း အကြောင်း မဟုတ်။ သူ စားနိုင်သည်။ အမေ့ဖို့သာ

www.burmeseclassic.com

www.burmeseclassic.com


ပြဿနာ။ လူနာအတွက်က အဓိက။ ငါးခြောက်ငါးခြမ်းလေးနှင့် ဆန်ကောင်းကောင်းလေး ပြုတ်ချင်သည်။ ငါးခူလေး၊ ငါးရံ့လေး ကြော်ကျွေးချင်သည်။ တစ်နေ့နေ့တော့ ကျွေးနိုင်မှာပေါ့ဟု ဝင်းရီ အားတော့ ခဲထားသည်။

တဲထဲမှာ အမှောင်က နေရာယူလျက်ရှိပြီ။ ရေနံဆီ မီးခွက် ကို ယူ၍ မီးစာသီးများကို တုတ်နှင့် ခြစ်ချလိုက်သည်။ ရေနံဆီ မီး ခွက် ဆိုသော်လည်း ဒီဇယ်ဆီ မီးခွက်ဟု ခေါ်ရတော့မည်။ ရံဖန် ရံခါ ရေနံဆီလေးဘာလေး ရသော်လည်း အမြတ်နှင့် ရောင်းလိုက် ရသည်။ ဒီဇယ်တောင်မှ ဟိုက တောင်း၊ သည်က တောင်း။

မီးစာကို မီးညှိလိုက်သည်နှင့် တဲအတွင်းမှာ နီကျင်ကျင် မီးရောင်က ချည့်နဲ့စွာ တောက်ပလျက်။ ဝင်းရီ၏ မျက်နှာကလေးပေါ် တွင် မီးရောင်က နီစွေးစွေး ထင်ဟပ်လျက်ရှိသည်။ ကွင်းဘက်မှ လေက တဲထဲသို့ တိုးဝင်လာသည်။ မီးတိုင်မှ မီးညွန့်က ဇက်ပုသွား သည်။ လေအငြိမ်မှာ မီးတောက်က ယိမ်းထိုးလှုပ်ရှားလျက်။ မှိန် သွားလိုက်၊ လင်းသွားလိုက်။

ဝင်းရီက အမေ့ဘက်သို့ ကြည့်သည်။ အမေကလည်း မီးတိုင် ခွက်ကမီးညွန့်လို တစ်နေ့ရွေ့တစ်နေ့ငွေ့။ အမေကား မျက်လုံးကို စင်း မှေးလျက် အိပ်နေသလား၊ မှိန်းနေသလားမသိ။ မီးရောင်ယဲ့ယဲ့အောက် တွင် ငြိမ်သက်လျက်။ ဝင်းရီက သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။

အမေသည် အရိုးပေါ် အရေတင်နေပြီ။ ချိုင့်ခွက်နေသော နားထင်များကား နက်ရှိုင်းလွန်းလှသည်။ ယိမ်းထိုးနေသော မီးတောက် ကို တစ်လှည့်၊ အမေ့ကို တစ်လှည့် ကြည့်ရင်း ဝင်းရီ ငိုင်သွားသည်။ အဖေ ရှိစဉ်က အမေသည် ဖျားသည်၊ နာသည်ဟု မရှိခဲ့။ သည်တုန်းက

www.burmeseclassic.com

www.burmeseclassic.com


ဝင်းရီတို့က သည်ရပ်ကွက်မှာ မဟုတ်။ တိုးကြောင်ကလေးမှာ နေကြသည်။ အဖေ၊ အမေတို့နှင့် ဝင်းရီတို့ သားအဖသုံးယောက်သာ ရှိသော အိမ်ထောင်စုကလေးဟု ဆိုသော်လည်း အဖေ့လုပ်စာကလေးနှင့် လောက်သည် မဟုတ်။ အဖေက ပလတ်စတစ်အိတ် ခွဲသည်။ ပလတ်စတစ်လျှော်သည်။ ဒန်အိုးစက်မှာလည်း ပြေးလုပ်လိုက်သေးသည်။ စာကလေးခွေ အငှားကြော်သည်။ အဖေက အရက်ကလေးဘာလေး သောက်ချင်သေးသည်။ သည်အချိန်တွင် ဝင်းရီက ဆယ်နှစ်သာသာ။ အိမ်မှာ ထမင်းချက်။ လေးတန်းအထိတော့ ဝင်းရီ ကျောင်းနေဖူးသည်။ သည့်နောက်တော့ မိသားစုဘဝ သွက်သွက်ခါအောင် လှုပ်ခါသွားရသည့် တရားခံသည် အဖေဟု ဆိုရမည်။ အရက်ကို နည်းနည်း သောက်ရာက များများ သောက်သည်။ အရက်ကိုသာ သဲကြီးမဲကြီး လိုက်ရာသည်။ မနက်မိုးလင်းက မိုးချုပ် အရက်၏ သားကောင်အဖြစ် ရောက်မှန်းမသိ ရောက်သွားတော့သည်။

သည်တော့ ဝင်းရီက အပိုပေါက်အရွယ် ဖြစ်သည်။ ဝင်းရီ ရှက်တတ်ပြီ။ အဖေ့ကို စကားပင် မပြောတော့။ အမေက အဖေ့နှိပ်စက်မှုကြောင့် ထင်သည်။ စိတ်ထောင်း၍ ကိုယ်ကြေသည်ဟု ပြောရမည်။ မတ်တတ်က လဲသည်။ သည်အဖြစ်များသည် ဘဝ၏ ခါးသီးသော အတွေ့အကြုံများ၏ အစမို့ ထင်သည်။ ဝင်းရီက လောကဓံ၏ ဒဏ်ကို သိပ်မခံနိုင်။ သို့သော် တဖြည်းဖြည်း ရင့်ကျက်လာသည်ဟု ပြောရမည်။ မပြောလို့ကလည်း မဖြစ်။ သည်အိမ်ထောင်စုကြီး၏ တာဝန်ကို ဝင်းရီ ပခုံးပြောင်း ယူလိုက်ရသည်။

ရပ်ကွက်ထဲမှာ ရေထမ်းသည်။ ရင်တွန်း ထိုးသည်။ ကန်စွန်းခူးသည်။ ဝက်ဆီဖတ် အငှား ချက်သည်။ ဆယ့်ခြောက်နှစ် အရွယ်

www.burmeseclassic.com

www.burmeseclassic.com


သွေးသား ဆူဖြိုးစ၊ ချစ်စိတ်ကလေးတွေ နိုးကြားစ၊ ဘဝ၏ မသိနားမလည်သေးသော လှို့ဝှက်ချက်ကို စမ်းတဝါးဝါး လိုက်လံ အဖြေရှာတတ်စ အရွယ် ဖြစ်သော်လည်း ဝင်းရီ ဒါတွေကို စိတ်မဝင်စားအား။ ထမင်း စားဖို့ အရင် ရှာရသည့် ဘဝ။ ဝင်းရီ၏ ကိုယ်ရေးကိုယ်တာ ကိစ္စများသည် အသက်ရှင်နေထိုင်ရေး ဘဝထဲမှာ ဦးဆောက်ကျွမ်းပြန် နစ်မြုပ်လျက်ရှိသည်။ ဝင်းရီလည်း သွေးနှင့်သားနှင့် နှလုံးသားနှင့်မို့လား။ တစ်ခါတစ်ခါတော့လည်း ငုပ်လျှိုးနေသယောင်ယောင်၊ ပျောက်ကွယ်နေသယောင်ယောင် ရှိနေသော ချစ်စိတ်ကလေးက နိုးထချင်သေးသည်။ သည်စဉ်မှာပင် အဖေက သူတို့ သုံးယောက်၏ မပြည့်စုံသော ဘဝထဲမှ မလှမပ ထွက်သွားသည်။ အရက်၏ ကျေးကျွန် အဖြစ် ပတ်ဝန်းကျင်နှင့် မိသားစု၏ ငြိုငြင်မှုကို ခံယူရင်း လောကမှ အပြီးအပိုင် ထွက်ခွာသွားသည်။ ထိုအခါ သားအမိနှစ်ယောက်တည်း လောကကို ဖြတ်သန်းရတော့သည်။ အမေသည် ကာလများစွာကို တည်ငြိမ်စွာ ဖြတ်သန်းခဲ့ရသူမို့ မထောင်းတာလှသော်လည်း ဝင်းရီကမူ ငယ်စိတ်မို့ ကြောက်သည်။ ထို့ကြောင့်လည်း ချစ်စိတ်ကလေး နိုးအထမှာ မြတိုးကို ဘဝအဖော် အဖြစ် လက်ခံခဲ့သည်။ သည်တုန်းက မြတိုးက ဆေးလိပ်ခုံမှာ ဆေးစပ်သမား။ ဘာ ဆေးလိပ်ခုံ ဆိုလဲ ပြောတော့ ပြောသည်။ မြတိုး မနက်ပိုင်း ဆေးလိပ်ခုံသို့ သွားချိန် ဆိုလျှင် လမ်းထိပ်မှာ ရေထမ်းနေသော ဝင်းရီနှင့် ဆုံသည်က များသည်။ ပထမတော့ ဝင်းရီ ကြည့်မရ။ လူကောင်က မည်းမည်းပိန်ပိန်။ ဝါးခြမ်းပြား ငါးပိ သုတ်ထားသည်နှင့် တူသည်ဟု ဝင်းရီ ထင်သည်။ တစ်ခုတော့ ပြောစရာ ရှိသည်။ အမြဲတမ်း ပြုံးရယ်နေတတ်ခြင်း ဖြစ်သည်။ သူ့ကို ဘာပြောပြော မနာတတ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သည်။ ဝင်းရီက ပိုးစိုးပက်စက် ပြောလိုက်လျှင်လည်း ရယ်ကျဲကျဲ လုပ်နေတတ်သည်။

"ဝင်းရီရယ် ပင်ပန်းလိုက်တာ"

"နင့်အလုပ် မဟုတ်ပါဘူး"

"ရော ... ခက်ပါ့၊ တို့က သနားလို့ ပြောတာဗျ"

"သနားစရာ မလိုပေါင်တော် ... တော် သနားမှလည်း မဟုတ်ပါဘူး"

"အေးပါဗျာ၊ နောက်တော့မှ သနားတယ် ဆိုရင်လား"

"သေလိုက်ပါလား"

မည်သို့ပင်ဆိုစေ၊ သည့်နောက်ကာလများတွင် ဝင်းရီ မြတိုးကို သနားဖြစ်သွားသည်။ ရယ်ကျဲကျဲမျက်နှာကလေးကို ဝင်းရီ လိုလိုချင်ချင် မြင်ချင်တွေ့ချင်နေတတ်သည်။ ရိသဲ့သဲ့ စကားလေးတွေကိုပဲ ကြားချင်နေသည်။ ထိုနေ့က မြတိုး ပေးသည့် စာကလေးကို ဝင်းရီ ကြိုးစားဖတ်ရသည်။ အမေ မသိအောင် ညဘက်ကျမှ မီးတိုင်ခွက်အား ပြု၍ ဖတ်ရသည်။ မြတိုးကို ဘယ်သူ ရေးပေးသည် မသိ။ စာထဲမှာ ကြယ်ကြွေတာတွေပါသည်။ ချောင်းခြားတာတွေလည်းပါသည်။ မြင့်မိုရ်တောင် ပြိုကျသည် ဆိုလား ပါလိုက်သေးသည်။ ဒါတွေကို ဝင်းရီ စိတ်မဝင်စား။ စာကလေးတစ်ကြောင်းတည်းကိုပင် စိတ်ဝင်စားသည်။

"ဝင်းရီကို တို့ သိပ်ချစ်တယ်" ဆိုတာကိုပင် ဖြစ်သည်။ တို့ ဆိုတာ ဘယ်သူတွေလဲ မသိ။ သူ တစ်ယောက်တည်းက ချစ်တာ မဟုတ်ဘူးလား။ ဘယ်သူတွေနဲ့များ အောင်သွယ်နေတာလဲ မသိ။ မြတိုး တွေ့မှ သေသေချာချာ မေးရဦးမည်။ ထိုညက ဝင်းရီ အိပ်မပျော်။ မနက်မိုးလင်းတော့ မြတိုးကို တွေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"နင် … နင် ပေးတဲ့ စာထဲမှာ တို့ ဆိုတာ ဘယ်သူတွေလဲ"

"ဟ … ငါပေါ့ဟ"

"ဟင် … နင်ကလည်း တို့ ဆိုတော့ ဒိပြင်လူတွေ ပါသေးသလားလို့"

"ဟာ … ဝင်းရီကလည်း ဒါတောင် မသိဘူးလား၊ အခုအဲသလိုပဲ ရေးကြတာ၊ နင် … စာအုပ်တွေ မဖတ်ဘူးလား"

"သိပေါင်"

"အဲဒါ … ဘယ်လိုလဲ၊ ပြောဦးလေဟာ"

ဝင်းရီက မဖြေ။ ပြုံးရုံတော့ ပြုံးပြဖြစ်ခဲ့သည်။ မြတိုးက မချင့်မရဲ မေးသည်။

"ချစ်တယ်ပေါ့နော်"

"ဘယ်သူက ပြောလို့လဲ"

"ဟင် … နင့်ဟာက"

"မြတိုးရယ်"

ဝင်းရီက ပြောရင်း ပြေးသည်။ မြတိုးကမူ ထုံးစံအတိုင်း ရယ်ကျဲကျဲ ကျန်ရစ်သည်။ သည်လိုဆိုတော့လည်း အချစ် ဆိုတာ ချမ်းမြေ့စရာ အကောင်းသား။ ချစ်သူတွေပေမဲ့ သူများ ချစ်သူတွေလို ချိန်းလိုက်၊ တွေ့လိုက်၊ ကြည်နူးလိုက် လုပ်နေရသည် မဟုတ်။ မနက်မနက် မြတိုးက အလုပ် လာ၊ ဝင်းရီက ရေထမ်း ထွက်၊ ခဏတစ်ဖြုတ် တဒင်္ဂ တွေ့ရရုံ။ မှာစရာကလေး မှာလိုက်ရုံ။ ပြောစရာကလေး ပြောလိုက်ရုံ။ ရင်ကလေး ဖိုရရုံ။ ပင့်သက်ကလေး ရှိုက်ရုံ။ ဒါပဲ ဖြစ်သည်။ သည့်ထက် ပိုလို့ကလည်း မရ။ တစ်ခါတစ်ခါ မယ်လမုဘုရား၊ ရွှေတိဂုံဘုရား သွားဖို့ မြတိုးက ခေါ်သည်။ တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



လုပ်မှ တစ်နေ့ စားရသူအဖို့ အချိန်တွေကို အလဟဿ အကုန် မခံနိုင်။ အမေ့ကို ပစ်မထားခဲ့နိုင်။ မှတ်မှတ်ရရ သုံးနှစ်အတွင်းမှာ လေးခါလား၊ ငါးခါလား တွေ့ဖူးသည်။

သည့်နောက်တော့ ဝင်းရီတို့ သည်ရပ်ကွက်က ပြောင်းဖို့ ကြုံလာသည်။ ဝင်းရီတို့နေသည့် အိမ်ကလေးကို ပိုင်ရှင်က ပြန်ရောင်း လိုက်သည်။ အိမ်ငှားနေရသည် ဆိုတော့လည်း ဖယ်ပေးရသည်။ ပိုင်ရှင် အသစ်ကို တောင်းပန်ပြီး လေး၊ ငါးရက် နေရင်း နေရာသစ် ရှာရသည်။

အမေကလည်း နေကောင်းပြီးစ ဖြစ်၍ အင်းစိန်မှ သူ့မောင် ကို အကူအညီ တောင်းသည်။ သူ့မောင်ကလည်း သိပ်ပြေလည်လှ သည် မဟုတ်။ နေစရာ ဒုက္ခရောက်သည် ဆိုတော့လည်း ပြောင်းလာ ဖို့ ပြောသည်။ ပြောင်းသည် ဆိုသော်လည်း သူ့အိမ်ကို မဟုတ်။ သူ့ ခြံထဲတွင် နေရာကွက်ကလေးတစ်နေရာ ပေးခြင်းသာ ဖြစ်သည်။ သည် နေရာတွေက တရားဝင်သည် မဟုတ်။ ဖယ် ဆိုလျှင် ဖယ်ပေးရမည့် နေရာ၊ ကျူးကျော်။

ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ရသေးသည်။ သည်လိုနှင့် သည် နေရာလေးကို ဝင်းရီတို့ ရောက်လာရခြင်း ဖြစ်သည်။ အိမ်ဆောက်ဖို့ ဆိုသည်ကလည်း လွယ်သည် မဟုတ်။ ရောက်ရောက်ချင်း လုပ်ထား သည့် ကုန့်ဝယ်စာအုပ်ကလေး ပေါင်၊ နားကပ်ကလေး ချွတ်၊ စုဆောင်း ထားတာလေး ထုတ်။ ဝါးအိမ်ကလေး ဆောက်တာတောင် ခြောက် ရာကျော် ကုန်သွားသည်။

နေရာသစ်မို့ ဘာလုပ်စားရမှန်း မသိ။ သူ့ဒေသနှင့် သူ။ သည်နေရာမှာ ရေရောင်းဖို့က မလွယ်။ သူတို့ကိုယ်တိုင် သောက်ဖို့ တောင် အနိုင်နိုင်။ ရှိတော့ ရှိသည်။ ဝေးသည်။ မုန့်ဟင်းခါး၊ လက်ဆို

www.burmeseclassic.com

www.burmeseclassic.com


ဖတ်ဖို့၊ စာကလေးခွေဖို့ ဆိုသည်ကလည်း သည်အရပ်ဒေသမှာ မရှိ။ သည်တော့လည်း ရှင်းရှင်းကလေး။ ပတ်ဝန်းကျင်က သင်သွားသည်။ ပတ်ဝန်းကျင်နှင့် ဒွေးရောယှက်တင် ဖြစ်သွားသည်။ အကျိုးတူ စီးပွားဖက် ဖြစ်ကုန်ပြီ။ သူတို့ကလည်း အုပ်စုကလေးတစ်ခု ဖြစ်သည်။ သူတို့ကို ရေနံအုပ်စု ဟူ၍လည်းကောင်း၊ အရှေ့အလယ်ပိုင်း ဟူ၍လည်းကောင်း ခေါ်ကြသည်။

သည်လိုနှင့် သည် နေရာလေးမှာ ငါးနှစ်တင်းတင်း ရှိခဲ့ပြီ။ ငါးနှစ်အတွင်း မြတိုးလည်း ပေါ်မလာ။ ဝင်းရီကလည်း သွားမတွေ့တော့။ သည်လိုနှင့် သူတို့ချစ်ခရီး တစ်ခန်းရပ်သွားသည်ဟု ဆိုရမည်။ အဖေ ဆုံးပြီးကတည်းက အမေကလည်း တရှောင်ရှောင် ဖြစ်လေ့ရှိသည်။ ယခုလည်း အမေ လဲသည်မှာ တန်ခူးလပြည့်ကျော်ကတည်းက။ အခု ဝါဆို ဆိုတော့ လေးလနီးပါး ရှိပြီ။ တတ်နိုင်သလောက် ဆေးမြီးတိုနှင့် ကုသော်လည်း သက်သာသည် မရှိ။ ကောင်းလည်း ခဏ။ စိတ်ကလည်း ပါသည် ဆိုတော့ တော်ရုံတန်ရုံ ဆေးတိုးနိုင်မည် မထင်။

"သမီး ... ဝင်းရီ"

အမေ့ထံမှ ညည်းသံသဲ့သဲ့ ထွက်လာမှ ဝင်းရီအတွေး ရပ်သွားသည်။ မည်မျှကြာအောင် ငိုင်နေမိသည် မသိ။ အမေ့ကို စောင်ပိုင်းလေး ထပ်ခြုံပေးလိုက်သည်။ ကဲလားတံခါးကို ဒေါက်ဖြုတ်လိုက်သည်။ လေ နည်းနည်းတော့ လုံသွားသည်။ ဒါတောင် ကြမ်းကြားလေက တိုးချင်သေးသည်။ မီးတိုင်ခွက်မှ မီးတောက်က မီးစာသီးများကြောင့် ချည့်နဲ့စွာ တောက်လောင်လျက်ရှိသည်။ ဝင်းရီက မီးစာကို မြှင့်တင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


(၄)

မိုးတွေ ညို့လာပြန်ပြီ။ ဝင်းရီက ပေါက်ပြဲနေသော ခနိဖက်အမိုးကို မော့ကြည့်နေမိသည်။ အချို့နေရာများတွင် ပေါက်နေပြီ။ ကတ်စက္ကူထူထူ ကလေးများဖြင့် ထိုး၍ ဖာထားသည်။

"သမီး … အမေ့ကို ရေနွေးကြမ်း တစ်ခွက် ပေးစမ်း"

အမေ ကနေ့မနက် နည်းနည်းတော့ လန်းသည် ထင်သည်။ မနက်ကပင် ဝါးဘီးကလေးနှင့် သူ့ဆံပင် သူ ရှင်းနေတာ တွေ့ရသေးသည်။

သည်တော့လည်း ဝင်းရီ ဝမ်းသာရသည်။

"အမေ … ဗယာကြော် စားမလား၊ စားပါလား"

"မစားပါဘူးကွယ်၊ ရေနွေးကြမ်းပဲ ပေးပါ"

ဝင်းရီက ရေနွေးကြမ်းတစ်ခွက် အမေ့ကို ပေးသည်။

"သမီး အဝတ်တွေ လျှော်ဦးမယ်"

"အေး … အေး"

ဝင်းရီက တဲအပြင်သို့ ထွက်လိုက်သည်။ ညို့နေသော မိုးက မရွာသေး။ မိုးသက်လေတော့ စိမ့်စိမ့်ကလေး တိုက်နေသည်။ တင်းခံနေသော မိုးက အဝတ် လေး၊ ငါးထည် ဖွပ်ချိန်လောက်တော့ လွတ်ကောင်းပါရဲ့။

"ဝင်းရီရေ … ဟောကောင်မ၊ ဒီမယ် ဒေ့သည်"

ဝင်းရီက အမာကြည့်အော်သံကြောင့် အဝတ်ထုပ်ကို စည်ပိုင်းစပ်သို့ ပစ်ချလိုက်သည်။ ဒေ့သည် ဆိုသူကို လှမ်းကြည့်လိုက်သည်။ ဘယ်ကပါလိမ့်။ ဒေ့သည်ကား တပ်မတော်သား ဖြစ်ဟန် ရှိသည်။ စစ်မိုးကာကို ပခုံးပေါ် တင်ထားသည်။ မည်းမည်းပိန်ပိန်။

www.burmeseclassic.com

www.burmeseclassic.com


"အို … မြတိုး"

မြတိုးက ရယ်ကျဲကျဲနှင့် ချောင်းကူးဝါးတံတားကို ကျော်ဖြတ်လာသည်။

"ဝင်းရီ … ငါ့ကို မှတ်မိလား"

ဝင်းရီက ပူနွေးရှိန်းမြသွားသော ရင်ကို လက်နှင့် အသာဖိလိုက်သည်။

"မှတ် … မှတ်မိတာပေါ့ဟယ်၊ မှတ်မိတာပေါ့ မြတိုးရယ်"

ဝင်းရီက တဲပေါ် တက်သည်။ မြတိုးက တဲပေါက်ဝမှာ တင်ပါးလွှဲထိုင်ရင်း စစ်ဖိနပ်ကို ချွတ်သည်။

"အမေ … ဒီမယ် မြတိုးရယ်"

"ခေါ်ပါ သမီးရယ်၊ လက်ဖက်လေးဘာလေး ဝယ်ပါဦး"

"နေပါစေ ကြီးကြီး၊ ကျွန်တော် အချိန်မရဘူး၊ ပြန်မှာ၊ ခဏပဲ။

"ကျွန်တော် ဇီးကုန်းက ခလရ ၆ မှာ ရောက်နေတယ်၊ နယ်က ပြောင်းလာတာ မကြာသေးဘူး၊ ဟိုနေ့က ကျွန်တော် ရထားပေါ်ကနေပြီး ဒီလမ်းထဲ ဝင်းရီ ဝင်သွားတာ မြင်လိုက်လို့ မေးစမ်းပြီး လိုက်လာတာ၊ ဝမ်းသာလိုက်တာ ဝင်းရီရယ်၊ ဒီတစ်သက် မတွေ့ရတော့ဘူး ထင်နေတာ သိလား"

ဝင်းရီက ဆက်ခနဲ မော့ကြည့်လိုက်သည်။

ဟုတ်သည်။

သူ ကိုယ်တိုင်ပင်လျှင် သည် အတိုင်း ယူဆထားပြီး ဖြစ်သည်။

မြတိုးမျက်နှာကို တစ်ဆက်တည်း စိုက်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com


မည်း၍ ပိန်သည် မှန်သော်လည်း ကျစ်လျစ် မာကျောလာသည်ဟု ဝင်းရီ ထင်သည်။

ဆံပင်တိုတို ခုံညှားနေသည်ဟု ထင်သည်။

''ဘာကြည့်တာလဲဟ''

''ဩော် ... နင်က စစ်သားကြီးတောင် ဖြစ်နေမှကိုး၊ နေနိုင်လိုက်တာ စာကလေး တစ်စောင်တောင် မထည့်ဘူး''

''နင်တို့က အင်းစိန်ဘက် ပြောင်းတယ်ပဲ ကြားရတာ၊ အင်းစိန်က အကျယ်ကြီး၊ ငါက ဘယ်လို ထည့်မလဲ၊ ငါကလည်း စစ်ထဲ ဝင်တုန်းက နင့်ကို မတိုင်ပင်ဘဲ ဝင်သွားခဲ့တာ နင် တားနေမှာ စိုးလို့''

''ဘာဖြစ်လို့ တားရမှာလဲ၊ ငါကတောင် အားပေးရဦးမှာ''

''ဒါထက် ဒီ ပြောင်းလာပြီး နင်တို့သားအမိ ဘာ လုပ်စားနေကြသလဲ''

ဝင်းရီက တဲပြင်သို့ ငေးကြည့်နေသည်။

မိုးရိပ်မည်းမည်း၏ အနားစပ် တစ်လျှောက် လယ်ကွင်းစိမ်းစိမ်းက တစ်မျှော်တစ်ခေါ်။

စိမ်းမြသော လယ်ကွင်း တစ်နေရာတွင် ဗျိုင်းဖြူကလေးများ ငါး စောင့်နေသည်။ အားလုံး ခြောက်ကောင်။

''တို့လား ... ဗျိုင်းမည်းတွေလေ''

''ဘာရယ်''

''အော် ... ဗျိုင်းမည်းတွေလို့''

ဝင်းရီက သူတို့ဘဝကို ရှင်းပြသည်။ မြတိုးက ငြိမ်၍ နားထောင်သည်။ အမေကမူ တစ်ခွန်းမှ ဝင်မပြော။ တစ်ဖက်သို့ ငေး

www.burmeseclassic.com

 www.burmeseclassic.com 

အိပ်နေသည်။ တမင်ပဲ စောင်းနေသလား၊ တကယ်ပဲ စောင်းနေသလား တော့ မသိ။

"နင်တို့ဘဝက မရေရာလှပါဘူးဟာ၊ ပြီးတော့ ပြည်သူ ပိုင်ပစ္စည်းတွေနဲ့ တစ်နည်းမဟုတ် တစ်နည်း ပတ်သတ်နေတာ မကောင်းပါဘူး၊ မလုပ်နဲ့တော့၊ ငါ အရင်းအနှီး ထုတ်ပေးမယ်၊ ဈေး ရောင်းမလား"

"ရောင်းမယ်လေ၊ ငါကလည်း မလုပ်ချင်ပါဘူးဟယ်၊ စား ဝတ်နေရေး မဟုတ်လား"

"တခြား လုပ်စရာတွေ အများကြီးပါ ဝင်းရီ၊ ငါ တပ် ထဲမှာ လက်ထပ်ခွင့် တင်မယ်၊ ပြီးတော့ နင်တို့သားအမိကို လာ ခေါ်မယ်"

မြတိုးက ဝင်းရီလက်ကလေးကို လှမ်းကိုင်သည်။ ဝင်းရီက အမေ့ဘက်ကို မျက်စောင်းထိုးပြသည်။

"အံမာ အခုမှ မရှက်ပါနဲ့၊ ကြီးကြီးက သဘောတူပြီးသား"

"သွား"

သည်တစ်ခါတော့ လက်ကလေးကို လှမ်းပေးသူက ဝင်းရီ။ မြတိုးက အလိုက်သင့် ဆုပ်ကိုင်လိုက်သည်။ သွေးကြောတွေ ပေါက် ကွဲသွားသလား ထင်ရသည်။

ထိုစဉ်မှာပင် တစ်ချိန်လုံး တင်းမာနေသည့် မိုးက ဝေါခနဲ ရွာချလိုက်သည်။ မိုးသက်လေပါ ပါလာသည်။ အမေညိုတို့ အုပ်စု က လမ်းထိပ်မှ အော်ခေါ်သည်။ မိုးရွာလျှင် ဖျိုင်းမည်းတို့ ထွက် နေကျ။

"ဝင်းရီရေ ... ဟေ့ ... ဝင်းရီ"

www.burmeseclassic.com

www.burmeseclassic.com


''မလိုက်တော့ဘူး အမေညီျရေ၊ သွားကြတော့''

ဝင်းရီ ဘယ်တော့မှလည်း လိုက်တော့မည် မဟုတ်။ အမေညီျတို့၊ အမာကြည်တို့ကတော့ ဘယ်လို ထင်မည် မသိ။ နောက်မှ ရှင်းပြရမည်။ ပြီးတော့ သူတို့ကိုလည်း ဗျိုင်းမည်းများဘဝက လွတ်မြောက်အောင် ရုန်းထွက်ခိုင်းရမည်။

❑

www.burmeseclassic.com

www.burmeseclassic.com

၁ ဂ်ဆရာအခန့်၊ ဟက်မြောက်လိပ်ကို
မပေးနိုင်လို့ ဓေဒးရှက်ကြီးကို ငုံ

www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ဆရာအနံ့ ဖက်ခြောက်လိပ်ကို မပေးနိုင်လို့ ဆေးရွက်ကြီးကိုင်

(၁)

အပြာနုရောင် လက်ရှည်အင်္ကျီကို ခင်သက်ရီ မကြိုက်တာ ကြာခဲ့ပြီ။ ဘော်ကြယ်တချို့ပင် ပြုတ်တည်းတည်း ဖြစ်နေသည်။ နောက် အပြာကလည်း နည်းနည်းနုလွန်းသည်။ မီးရောင်အောက်မှာ အရောင်ငုပ်နေသည်ဟု ထင်သည်။ နောက် သူနှင့် တွဲဝတ်သည့် ထဘီက အပြာနည်းနည်းရင့်သည်။ အင်ဒီးဂိုးအပြာ ဆိုလား သက်မောင်ကတော့ ခေါ်သည်။ နည်းနည်းတောက်လွန်းသည်။ မိုးပြာနုနှင့် အပြာရင့်က အဟပ်ကွာလွန်းသည်။ ဘာပဲဖြစ်ဖြစ် နီးပါးတော့ ဖြစ်ဖို့ လိုသည်။

မီးရောင်အောက်မှာ အရောင်ငုပ်တာထက်၊ ဘော်ကြယ်တချို့ ပြုတ်တည်းတည်း ဖြစ်တာထက် သည်ဝတ်စုံကို သူမ မဝတ်ချင်တာ အကြောင်းရှိသေးသည်။ သို့ကြောင့်လည်း မဝတ်မိရန် ကနေ့ည ဆုံးဖြတ်ပြီးသား။ ကနေ့ည အငြိမ့်ခန်းမှာ အပြာနုရောင် ဝတ် ဆိုသည့် သက်မောင်၏ အမိန့်ကို သူမ ဆန့်ကျင်ရန် ဆုံးဖြတ်ပြီးသား ဖြစ်သည်။ ခပ်မဲ့မဲ့လေး ပြုံးလိုက်ရင်း "သွားပေတော့"ဟု ဆိုကာ ကြည့်ပြ

www.burmeseclassic.com



ရောင်ဝတ်စုံကို ဆိတ်သားရေ ဖင်ထိုင်ခုံလေးပေါ် လှမ်းပစ်လိုက်သည်။ ခင်သက်ရီက ဇာတ်ခုံနောက်ဘက်ကို လှမ်းကြည့်လိုက်သည်။

သက်မောင် ပြန်မလာသေး။ ညနေစောင်းကတည်းက ချာတိတ်တစ်ယောက်နှင့် ထွက်သွားခြင်း ဖြစ်သည်။ ဘယ်ကိုလဲ ဆိုတာ မေးနေစရာ မလိုတော့။ ပွဲခင်း တစ်နေရာ အိမ်ဆိုင်ကလေးတွေမှာ ရှိနေမှာ သေချာသည်။ စင်ပေါ် ဖြစ်ဖြစ်၊ စင်အောက်မှာ ဖြစ်ဖြစ် သက်မောင်ဆီက အရက်နံ့ ရနေတတ်သည်မှာ ကြာပြီ။ အတူ အိပ်ရသော ခင်သက်ရီက ပိုတောင် သိသည်။ နိုင်ငံခြားအရက်လား၊ ချက်အရက်လား (ယုတ်စွ တံဆိပ်တောင် သူ ပြောနိုင်မည် ထင်သည်။)

"မမ … မြန်မြန်လုပ်လေ၊ အော်ပရာ ပြီးတော့မယ်"

နီလာဝင်းက မျက်ခုံးကို ခဲသားခြစ်ရင်း လှမ်းသတိပေးသည်။ ဟုတ်သား။ အော်ပရာက တီးလုံး ခပ်မြူးမြူးကို ကြားနေရသည်။ အော်ပရာ ပြီးတော့မည်။ ဒါပြီးလျှင် အငြိမ့်ခန်း။ သူမ အဝတ်ပင် မလဲရသေး။ ခင်သက်ရီ ခုံပုလေးပေါ်က အပြာနုရောင်ဝတ်စုံကို လှမ်းကြည့်လိုက်သည်။ ဘော်ကြယ်ပွင့်ကလေးများက မီးလုံးရောင်အောက်မှာ စိန်ပွင့်လေးတွေလို တောက်လက်နေသည်။ သူမကိုသူမ ကျေနပ်သွားဟန်နှင့် ထဘီသေတ္တာကို ဆွဲယူလိုက်သည်။

(၂)

သက်မောင်က နာရီကို ကြည့်လိုက်သည်။ ၉ နာရီ ထိုးတော့မည်။ ပွဲခင်းဆီမှ (ဇာတ်ရုံဆီမှ) ဆိုင်းသံကို ပီပီကလေး ကြားနေရသည်။ ပတ်မသံကို ကျော်၍ ခေတ်ပေါ်တေးဂီတဝိုင်းမှ (နွေဦးရွက်ကြွေ တေး ဂီတဟု သူ အမည်ပေးထားသည်) ဘေ့စ်ဂစ်တာညှိသံ တဒီဒီလိုလည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ ကြားရသည်။ ၉ နာရီ ဆိုလျှင် ပွဲထွက်တော့မည်။ ဘာပဲဖြစ်ဖြစ် သူ့အငြိမ့်ခန်း ကျော်မှ ပြန်ချင်သည်။ သို့တိုင် အဆင်မှ ပြေကြရဲ့လား ဆိုသည့် အသိက တစ်ခါတစ်ခါ ဝင်လာသေးသည်။ သေချာအောင်တော့ စီစဉ်ထားပြီး ဖြစ်သည်။

အတွေ့အကြုံနှင့် လုပ်ရည်ရှိကြပြီးသူများမို့ စိတ်တော့ချသည်။ မိမိကလည်း သေချာမှ ကြိုက်သည်။ ယုတ်စွအဆုံး မီးသမားကို ဘယ်အခန်းမှာ ဘာအရောင်ထိုး၊ နောက်ခံဆလိုက်ပြားများကိုပင် အနီးအဝေး၊ အရောင်၊ အပူအအေး ခွဲခြားပေးထားသည်။ ပြဇာတ်မှာဆိုလျှင် စကားကျတွေကို သေချာစွာ ကျက်ခိုင်းထားပြီးသား၊ တီးဝိုင်းနှင့် ကိုက်ပြီးသား။ မင်းသမီး ဘာရောင် ဝတ်၊ ဘာစကား ပြောဆိုသည်ကိုပင် အလွတ်မပေး။ လူရွှင်တော် ချိတ်က အစ ပေးထားပြီးသား။ ပြဇာတ်ချိန်ကို ကိုက်၍ သူ သွားရှုံသာ။ ပြဇာတ်ကလည်း နေ့လယ်က တိုက်ထားပြီးသား၊ ပြန်နွှေးပြီးသား၊ နောက်ဆုံးဆက်တင်ချိန်း၊ အခန်းပြောင်း၊ အိုဗာချက အစ မီးပြောင်း၊ အတီးပြောင်း၊ အဆူပြောင်း၊ အသွဲ့ပြောင်း၊ 'ချက်' ချိတ်ပေးထားလေ့ရှိသည်။

စီးကရက်ပြာတောင့်သည် ကြွေလုကြွေခင်။ သူ့ဘေးမှာ ဖျစ်ချေထားသော စီးကရက်ဘူးခွံ၊ ဖောက်ခါစ ဒူးယားဘူးသစ်၊ ဆေးလိပ်ပြာများ၊ မြေပဲခွံများ၊ ဘောပင်၊ မီးခြစ်ဘူး၊ သီချင်းစာရွက်များ၊ နုတ်(စ်) ရေးထားသော စာရွက်များ၊ ဖန်ခွက်နှစ်လုံး၊ နောက် ပုလင်းအချို့။

"၉ နာရီ ထိုးတော့မယ် ဆရာ၊ ပြန်သင့်ပြီ"

သံချောင်းက သူ့ဆရာဘေးမှာ ယို့ယို့လေး ထိုင်ရင်း မဝံ့ရဲပြောသည်။ သူ့ဆရာ များနေပြီ ဆိုတာ သူ သိသည်။

www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်တို့ လာတာ သိပ်ကြာသွားပြီ"

သက်မောင်က ဘာမျှ မပြော။ လက်ကျန်ကလေးကို မော့ချလိုက်သည်။ ခါးရှသော သည်အရက်ကို သူ သောက်ဖြစ်နေတာ ကြာပြီ။

"မင်း ... ငါ မေးတာမှ မဖြေသေးတာ"

"ဟာ ... ဆရာ မေးတာ ကျွန်တော်မှ မဖြေနိုင်တာ၊ ပြီးတော့ ဟုတ်မှ မဟုတ်တာ"

"ဘာကွ ... မင်းကပါ လိမ်တာလား၊ သက်မောင် အရူးဖြစ်နေတာ ကြာပါပြီကွာ"

သက်မောင်က ပစ္စည်းတချို့ ကောက်ယူသိမ်းသည်။ ဘာပဲဖြစ်ဖြစ် ဇာတ်ရုံမှာ သူ ရှိနေသင့်ပြီ။ သူ့ကို မျှော်ကြရော့မည်။ သီချင်းစာရွက်နှင့် နုတ်စ်တချို့ကို ခေါက်လိုက်သည်။

"ဒီမှာ သီချင်းသစ်တွေ၊ တီးလုံးသစ်တွေ၊ သီချင်းသစ်ကို ခင်သက်ရီက ဆိုမယ်၊ ဝင်းဟန်က ပ...မယ်၊ ဒီတော့ သူတို့ချင်းမျက်လုံးတွေနဲ့ နှလုံးသားတွေနဲ့ စင်ပေါ်စင်အောက် စကားတွေ ပြောကြမယ်၊ ငါက အရက်တွေ ထပ်သောက်ဖြစ်မယ်၊ ဒါပဲ မဟုတ်လား ဒီတော့ ..."

သက်မောင်က ဂီတသင်္ကေတများ ပါသော စာရွက်များနှင့် သီချင်းစာရွက်များကို ဆုတ်ဖြဲလိုက်သည်။ အစိတ်စိတ်အမြွာမြွာ ဖြစ်သည်အထိ။ သံချောင်းက လိုက်လုသေးသည်၊ မရတော့။ ဂီတသံစဉ်များ သာတောင့်သာယာ ထွက်ပေါ်မလာမီမှာပင် 'သံစဉ်လောင်း'များ စုတ်ဖွာလွင့်ထွက်သွားသည်။ သံချောင်းရင်ထဲမှာ ကျည်ခနဲ ခံစားရသည်။ ဆရာရေးသည့် သီချင်းများ၊ တီးလုံးများ ကောင်းကြောင်း သူ သိသည်။

www.burmeseclassic.com

www.burmeseclassic.com



သက်မောင်က စာရွက်စကလေးများကို ဖန်ခွက်ထဲ ထည့်လိုက်သည်။ အပေါ်က အရက်အချို့ လောင်းထည့်သည်။

"သီချင်းတွေ၊ မယ်လိုဒီတွေလည်း မူး၊ ငါလည်း မူးပေါ့"

သံချောင်းက နားမလည်နိုင်စွာ ငေးစိုက်ကြည့်နေသည်။ သူ့ဆရာနှင့် ဆရာကတော်အကြောင်း သူသာ သိသည်။ လွန်ခဲ့သည့်နှစ်များက သိပ်ချစ်ကြသည့် သူတို့အတွဲကို အားလုံးက အားကျသည်။ သို့သော် မကြာသေးသည့် ကာလမှ စ၍ သူတို့ ကျိတ်ပွဲကလေးတွေနှင့် မကြာမကြာ ရန်ဖြစ်နေတတ်ကြသည်။ နောက် ဆရာက အရက်ကလေး သောက်လာသည်။ အရက် သောက်တာ အလုပ်ကို မထိခိုက်သော်လည်း ဆရာကတော်နှင့်ကား ခွန်းကြီးခွန်းငယ် ဖြစ်နေတတ်သည်။ ပြဇာတ်သစ်၊ သီချင်းသစ်၊ အော်ပရာသစ် မထွက်လာတာ ကြာခဲ့ပြီ။ စင်စစ် ဆရာ ထင်သလို မဟုတ်။ ဆရာကတော်၏ သိက္ခာကို သူ ယုံသည်။ စင်စစ် ဆရာကတော်၏ ကိုယ်ခန္ဓာကိုသာ ဆရာ ပိုင်ချင် ပိုင်မည်။ အနုပညာကိုတော့ ပရိတ်သတ်ကို ပေးထားသူ ဖြစ်သည်။

"သွားမယ်"

သက်မောင်က လက်ကျန်ပုလင်းကို လွယ်အိတ်ထဲ ထည့်သည်။ ဒူးယားစီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ အရက်ဖန်ခွက်ထဲမှ စက္ကူစကလေးများကမူ မူးရစ်ရီဝေနေဟန် ငြိမ်သက်လျက်။

ခင်သက်ရီက ကနေ့ည အဖြူရောင်ပဲ ဝတ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ သားရေသေတ္တာအတွင်းမှ အဖြူရောင်ဝတ်စုံကို ညင်ညင်သာသာကလေး ထုတ်ယူလိုက်သည်။ အော်ပရာပင် ပြီးတော့မည်။ ကမန်းကတန်းမို့ ဘော်ကြယ်ချင်း ငြိသွားသည်ကိုပင် စုပ်သပ်

www.burmeseclassic.com

www.burmeseclassic.com


လိုက်မိသေးသည်။ ဝပ်လေးထောင်ကျော် မီးရောင်အောက်တွင် သည်ဝတ်စုံက ကြွရွနေပေလိမ့်မည်။ ဖွေးလက်တောက်ပနေသည့် သည်ဝတ်စုံပေါ်မှ ကြယ်ပွင့်လက်လက်ကလေးတွေက ပြိုးပြိုးပြက်ပြက် ရှိနေပေလိမ့်မည်။ နောက် အပြာနုရောင်ကို ဖယ်ကြည့်၍ အဖြူရောင်ဝတ်စုံကို သက်မောင် တွေ့လျှင် သူမ ကျေနပ်ပြီ။ ဘာပဲဖြစ်ဖြစ် သူမှာနလေးကိုတော့ နည်းနည်း ပြချင်ခဲ့တာ ကြာပြီ။ အောက်ခံထဘီဟောင်းကို ချွတ်ချလိုက်သည်။

(၃)

ကိုအောင်ကြည်က ဓာတ်ရုံအပြင်ဘက်ကို မျှော်ငေးနေသည်။ ဓာတ်ရုံထဲမှာ ဧည့်သည်တချို့ ရောက်နေသည်။ ခင်သက်ရီကို အင်တာဗျူးလုပ်ချင်လို့ဟုလည်း ဆိုသည်။ ဓာတ်ပုံလည်း ရိုက်ခွင့်တောင်းသည်။ နောက် သက်မောင်၏ အော်ပရာနှင့် ပြဇာတ်တချို့အကြောင်းကို မေးသည်။ တကယ်တော့ ရုပ်ရှင်ယောင်ယောင် ဓာတ်များ ကြားမှ ဓာတ်ယောင်ယောင် အငြိမ့်များကို ကျော်၍ ဘာမှန်း မသိ၊ ညာမှန်း မသိ ပဒေသာဟု အမည်ပေးထားသော ဓာတ်များအလယ် အငြိမ့်စစ်စစ် (စတိတ်ရှိုးလေးတော့ ပါသည်)ကို သူတို့ ဖန်တီးထားသည်။

ဒါကလည်း သက်မောင်၏ အစီအမံ အခန့်အခွဲသာ ဖြစ်သည်။ သူ့ခြေ သူ့လက်သာ ဖြစ်သည်။ ဒါကြောင့်လည်း သက်မောင်ကိုသာ မျှော်နေမိသည်။ သက်မောင် အရက်သောက်ဖြစ်နေတာ ကြာပြီ။ သူ မပြောချင်။ ပြောလို့လည်း ရမည် မဟုတ်။ အခုလည်း ခင်သက်ရီ၏ အငြိမ့်ခန်းပင် ထွက်နေပြီ၊ သက်မောင် မလာသေး။ လာဖို့တော့ ကောင်းသည်။ ကနေ့ညတော့ ပြောရမည်။ အငြိမ့်ခန်း ပြီးလျှင် စတိတ်

www.burmeseclassic.com

www.burmeseclassic.com



ရှိုး။ ပြီးလျှင် သာခက။ သာခကပြီးလျှင် ပြဇာတ်။ ကိုအောင်ကြည်က စိတ်မောလူမောဖြင့် သက်မကို မှုတ်ထုတ်လိုက်သည်။ ဧည့်သည်တွေကို ညဉ့်နက်ပိုင်းလောက် ပြန်ချိန်းရသည်။ ခင်သက်ရီ၏ 'အငြိမ့်သီချင်း' တစ်ပုဒ်ကို ကြားနေရသည်။

(၄)

ဇာတ်ခုံနောက်ဖေးတည့်တည့် ရောက်မှ စီးကရက်ကို မြေပေါ် ချလိုက်သည်။ ပြီးတော့ နင်းချေလိုက်သည်။ ခြေထောက်အောက်မှာ စီးကရက်ကြေမွစုတ်ပြတ်သွားသည်။ သူ့ကို နှုတ်ဆက်သော ကားဆွဲကောင်လေး၏ နှုတ်ဆက်သံကို ကြားသော်လည်း ဘာမျှ ခွန်းတုံ့မပြန်ခဲ့။

ကောင်လေးက ကြောင်တက်တက် ကျန်ခဲ့သည်။ ယိမ်းသမလေးတချို့က သက်မောင်ကို မဝံ့မရဲ ကြည့်နေကြသည်။ သူတို့ဆရာကို သူတို့ နားမလည်နိုင်တာ ကြာပြီ။ အရင်က သည်လို မဟုတ်။ အခု အရက်တွေ တအားသောက်သည်။ လုပ်ငန်းခွင်မှာ မရှိတာက များသည်။ မိန်းမနှင့် ခဏ ခဏ စကားများသည်။

တစ်ခါတစ်ရံ ပေါက်ကွဲသည်။ တစ်ခါတစ်ရံ ပေါက်ကွဲအုံ့မှုးမှုး တင်းမာသည်။ အဖွဲ့တွင် နတ်လုပ်လေ့ ရှိသော ကိုတင်ဝင်းက 'အိမ်နီးချင်းကိုမှ အားမနာ အားမနာ' ဆိုသည့် နတ်ချင်းကို မကြားတကြား ဆိုသည်။ သက်မောင် မကြားတကြားလေး ဆိုသံကြောင့် လှည့်ကြည့်လိုက်သည်။ သူ့ကို ကြည့်နေသော မျက်နှာများ ကုပ်ကွေးကျသွားသည်။

သက်မောင်က ခင်သက်ရီနှင့် သူ့ကို ပေးထားသော ရောဂကလေးကို သွားသည်။ ခုတင်တစ်လုံး၊ ထဘီသေတ္တာများ၊ ပိုက်ကပ်

www.burmeseclassic.com

 www.burmeseclassic.com 

ခုံ၊ မှန်များ၊ စာအုပ်များ၊ ဖိုင်များ ရှုပ်နေသော နေရာကလေး ဖြစ်သည်။ သက်မောင်က ပုလင်းကို ထုတ်၍ မှန်တင်ခုံဘေးမှာ ကပ်ထားလိုက်သည်။

''တင်ဝင်း … ပြဇာတ် နီးရင် ငါ့ကို နှိုး''

ခုတင်ပေါ် ပစ်လှဲချလိုက်သည်။ မူးယစ်ရီမှိုင်းနေသော အသိတစ်စုံတစ်ခုကို ခံစားနေရသည်။ ဒိုးဆစ်သံ။ တီခနဲ ပြတ်သော ဒိုးဆစ်သံ။ အဆို့အပိတ် တော်တော်လေး သေသပ်သည်။ သည် ဒိုးဆစ်ကြားမှာ ခင်သက်ရီ ဘယ်လို ကနေသည်ကို သူ့စိတ်မှာ ရုပ်မြင်သံကြားလို မြင်နေမိသည်။

ဝေဠုမြတ်စွာ ခေါင်းစွပ်နှင့် မယ်ဝဏ္ဏက ဘီလူးဆိုင်းဆင့်နေသလားဟုလည်း တွေးမိရသေးသည်။

မြန်မာ့ဆိုင်းဝိုင်းနှင့် ခေတ်ပေါ်ဂီတအဖွဲ့တို့ အားပြိုင် ရောမွှေထားသော အစီအစဉ်တစ်ခုကို ဆက်တိုက် ကြားရသည်။

သည် တီးလုံးသစ်မှာ ကကြိုးအတွက် သီးသန့် ထုတ်ထားသဖြင့် ဒိုးဆစ်ကို ဦးစားပေးထားသည်။ အခြား တူရိယာများ သူ့အစီအစဉ်အလိုက် အဝင်အထွက် မှန်မမှန်လည်း လိုက်နားထောင်နေမိသည်။ ထရမ်းပက်သံက ညာသံတွေ များလွန်းသည်။ ဆိုက်ဆိုဖုန်း၏ ဘယ်သံကြီးကြီး ကြားမှာ လူးလူးလိမ့်လိမ့် ပြေးလွှားနေသော စန္ဒရားသံကို ရွေး၍ နားထောင်ကြည့်သည်။ မကြားရ။ မှိန်နေသည်။ ပတ်ဝိုင်းက အဝင်အထွက်တွေမှာ နည်းနည်းလေး နောက်ကျကျနေသည်။ (သူ့နားက သိနေခြင်းသာ ဖြစ်သည်) သိပ်ဘဝင်မကျ။ မနက်ကျမှ ပြောရဦးမည်။ ဗမာသံအကူးမှာ နှဲက 'စီ'နည်းနည်း တက်နေသည်။ စီရှပ်လည်း မရောက်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုရှိန်းခိုရေ"

"ညီမရေ"

"ကိုသစ်ကြမ်းပိုး"

"မလစ်လပ်ပါ သက်ရေ"

"ဟုတ်ကဲ့ရှင့် ကျွန်မတို့ရဲ့ အငြိမ့်သဘင် တစ်ခေတ်ကို ရှုစားအားပေးတော်မူကြတဲ့ မိဘပြည်သူများကို တွေ့ရတော့ သမီးလေ ဝမ်းသာလိုက်တာ မပြောပါနဲ့တော့၊ အစ်ကိုတို့ရော အားမရ၊ ဝမ်းမသာကြဘူးလား"

"အားရဝမ်းသာ ရှိရပါသော်ကော သက်ရေ"

"ဟုတ်ကဲ့ရှင့်၊ ဒါကြောင့် သမီးလေး ခင်သက်ရီကို အခုလို ရွှင်လန်းအားရ ဝမ်းပန်းတသာ မေတ္တာထားကြတာ တွေ့ရတော့ အဝေရာဓိက မေတ္တာ၊ သြဓိသ မေတ္တာများ ဝေငှရတာကိုးရှင့်"

"ဟုတ်လိုက်လေ သမီးရယ်"

"မေတ္တာတွေ ထားရုံနဲ့ မပြီး၊ အနုသုခုမ သဘင်ပညာပေါ်မှာ သစ္စာတွေ ဆင့်ပါလို့ ကျွန်မတို့ရိုးရာအနုသဘင်စစ်စစ်ကို ဖော်ထုတ်၊ ခေတ်ကိုလည်း တန်းညှိ၊ ခေတ်ပြင် သုခုမသဘင် တစ်ခေတ် ထွန်းသစ်စေရမှာကိုးရှင့်"

"ဟုတ်ကဲ့"

"သြော် … သစ္စာတရားများ တယ်ပြီး တန်ခိုးကြီးမားစွမ်းပကား အနန္တနဲ့ ပြည့်ဝပေတယ်လို့ လူကြီးသူမများ ဆိုခဲ့ဖူးတယ် မဟုတ်လားရှင်"

"ဟုတ်ကဲ့"

"ဘာတဲ့ …၊ စံရာနန်းကို စွန့်လို့ မောင်တော် ယောတ္တိ

www.burmeseclassic.com


သေနအပါး တစ်ဖဝါးမခွာ လိုက်လို့ ရေပူရေချမ်း ကမ်းလှမ်းတဲ့ သစ္စာရှင်မလေး"

သက်မောင် ဝုန်းခနဲ ထထိုင်လိုက်သည်။ သည်စကားသည် စင်ပေါ်မှာ ပြောရမည့် စကားစုတွင် ပါနေကျ မဟုတ်။ အနုပညာဆိုသည် ပုံသေကားကျ မဟုတ်။ သင့်သလို ပြောရ၊ ဆိုရ၊ ဒိုရတာ သူ သိပြီး သည်စကားကို ခင်သက်ရီ မြားတံဖြင့် အသုံးချလိုက်ခြင်း ဖြစ်ကြောင်း သူ သိသည်။ သစ္စာအဖွင့်ကို စင်ပေါ်မှ တမင် ထည့်လိုက်ခြင်းကို သူ နားလည်သည်။ မှန်တင်ခုံဘေးက အရက်ပုလင်းကို ထုတ်ယူလိုက်ရင်း ကောက်မော့လိုက်သည်။ ပုလင်း ပြန်အသိမ်းမှာ အပြာရောင် ဝတ်စုံကို မြင်လိုက်ရသည်။ ကန့်ကွက် ဝတ်ပါဟု မိမိ ဆိုခဲ့ပါလျက် ခင်သက်ရီ ခေါင်းချိုးပြီ။ တဆတ်ဆတ် တုန်လာသော ရင်ကို အသိဖြင့် ထိန်းချုပ်လိုက်ရင်း ခုတင်ပေါ် အသာ ပြန်မှေးနေလိုက်သည်။ ကန့်ကွက်တော့ စာရင်းရှင်းမှ ဖြစ်မည်။

(၅)

ကကြိုးတစ်ခု အပြီးမှာ ခင်သက်ရီ ခဏကလေး ပြန်ဝင်သည်။ နံ့သာ ယပ်တောင်ကလေးကို ခါးချိုးလိုက်ရင်း လှေကားအဆင်းကို ထဘီ တစ်ဖက် ကိုင်မကာ သတိနှင့် ဆင်းလိုက်သည်။ အရက်နံ့က နှာခေါင်းထဲ စူးစူးရှရှ ပြေးဝင်လာသည်။

သက်မောင်၏မျက်လုံးများကို သူမ ရင်မဆိုင်ချင်။ ဒါကြောင့်လည်း မှန်တင်ခုံဘေးက ခုံကလေးမှာ ဝင်ထိုင်လိုက်သည်။ ပေါင်ဒါလေး ထပ်ဖို့သည်။ နှုတ်ခမ်းနီ ထပ်ဆိုးလိုက်ရင်း နှုတ်ခမ်းကို ဟလိုက်၊ စုလိုက် လုပ်ကြည့်လိုက်သည်။ နဖူးထောင့်မှာ စို့နေသော ချွေးစလေးကို

www.burmeseclassic.com

www.burmeseclassic.com



စွပ်ကျယ်ပဝါဖြင့် ဖို့သိပ်လိုက်သည်။ သက်မောင်က သူ့ရှေ့မှ အဖြူ ရောင်မီးကျီခဲကို မီးတောက်မျက်လုံးများဖြင့် ကြည့်နေသည်။

"ဘယ်လိုလဲ သမ္ဘူလရဲ့ သစ္စာတရားကို အနက်တွေ ဖွင့်နေ လိုက်တာ ရွှန်းရွှန်းဝေလို့၊ သစ္စာ … သစ္စာနဲ့ မင်းနဲ့ ဘာဆိုင်လို့လဲ"

"အလုပ်လုပ်နေတာ အစ်ကို၊ ရန်ဖြစ်စရာ ရှိရင် မနက်မှပဲ ဖြစ်ကြတာပေါ့"

"မနက်ထိ မလိုတော့ပါဘူး၊ ကနေ့ပဲ စာရင်း ရှင်းကြ တာပေါ့"

"ဒီမယ် ကိုသက်မောင်၊ လူ ဆိုတာ ခံစားတတ်တဲ့ လူ ချည်းပဲရှင့်၊ ရှင် စော်ကားတာတွေက လွန်လွန်းနေပြီ၊ အားလုံးကို ထောက်ထားပြီး သည်းခံနေခဲ့တာ၊ ရှင် သိပ်လွန်နေပြီ၊ သိလား"

"အေး … ငါကလည်း ရင်ထဲမှာ ဖိသိပ်ထားရလွန်းလို့ ပွင့်ထွက်တော့မယ် သိလား၊ လင်မယား လင်မယားနဲ့ အဓိပ္ပာယ်မဲ့ခဲ့ တာ ကြာပြီပဲ မင်းသမီးရဲ့"

"ရှင် ဘယ်လို ပြောလိုက်တာလဲ ကိုသက်မောင်၊ ရှင့် အပြင် ကျုပ်က ဘာတွေများ ဖြစ်နေလို့လဲ၊ ရှင် သိပ်သဘောထား သေးသိမ်တယ်"

"သဘောထား သေးသိမ်တယ် ဆိုတော့ ကျုပ်က သဘော ထားကြီးရမယ်ပေါ့ ဒီလိုလား၊ စင်ပေါ်နဲ့ စင်အောက် မျက်ခုံး၊ မျက် လုံးချင်း၊ နှလုံးသားချင်း၊ အပြုံးစကားချင်း အချစ်ဓာတ်တွေ ရစ်ပတ် နေကြတာ ကျုပ်က …"

"ရှင် လူပါးမဝနဲ့၊ ရှင်သာ အနုပညာ အနုပညာနဲ့ သူများ ခြင်ထောင်ထဲ"

www.burmeseclassic.com

www.burmeseclassic.com


''ဘာကွ၊ မိုက်ရိုင်းလှချည်လား၊ နင် ငါ့ အနုပညာကို မစော်ကားနဲ့၊ အလုပ်သဘောအရ ဆက်ဆံတာ၊ ငါးပြက်က ပက်လက် မကျူးနဲ့''

''ငါးပြက်က ပက်လက်ကူးတာ မဟုတ်ဘူးရှင့်၊ ငါးဖျံက မှန်တာ ပြောတာ၊ ကျုပ်က ခေါင်းဆောင်မင်းသမီးရှင့်၊ အားလုံး သိတယ် နားလည်လား''

သက်မောင် ဝုန်းခနဲ မတ်တတ်ရပ်လိုက်သည်။ စူးရဲသော မျက်လုံးများက အရောင်တွေ ထွက်နေသည်။ ပြင်းထန်စွာ လှုပ်ခုန်နေသော ရင်က နိမ့်လိုက် မြင့်လိုက်နှင့်။

တွန်းထိုးဖြိုလှဲပစ်ချင်စိတ်ကို လွှတ်ပေးလိုက်မိတော့မလို ဖြစ်နေစဉ်မှာပင် ...

''မမ ... ရှေ့ပိုင်း ထွက်လိုက်ဦးလေ၊ အပြင်မှာ ဟာ နေပြီ''

ခင်သက်ရီ အသံလာရာသို့ ကြည့်လိုက်မိသည်။ သူနှင့် သက်မောင်ကြား သံသယနှင့် မစ္ဆရိယကို သယ်ဆောင်လာသူ နှဲ့ရီ။ သင်းမျက်နှာ မကြည့်ချင်။ သင်းမို့ မျက်နှာပြောင်သည်။

''ငါ့အလုပ် ငါ သိတယ်''

မျက်နှာကို ခပ်တင်းတင်းကလေး ချီရင်း လှေကားပေါ် ပြန်တက်ခဲ့သည်။ ခင်းပျဉ်များပင် တုန်ခါသွားသည်။

''တောက်''

သက်မောင်က ပြန်ထိုင်လိုက်သည်။

ဒေါသတို့ ဆူဝေဆဲ။ အပြင်ဘက်မှာ ခင်သက်ရီက ပြုံးပြုံး ကလေး။

www.burmeseclassic.com

www.burmeseclassic.com

(၆)

အငြိမ့်ခန်း အပြီးမှာ စတိတ်ရှိုးနှင့် သာခကေ ကျန်သေးသည်။ ခင်သက်ရီက ဒေါကလေးနှင့် ပြန်ဆင်းလာရင်း နံ့သာ ယပ်တောင်ကလေးကို သေတ္တာပေါ် ပစ်တင်လိုက်သည်။ ဆံစတွေကို ကုပ်သိမ်းထားသော ဆံညှပ်၊ ဆံခွ၊ ဆံဖိတို့ကို တစ်ချောင်းချင်း ဖြုတ်နေမိသည်။ မှန်ထဲမှာ ချွေးနှင့် မျက်ရည်တို့ စီးပျံ့နေသည်ကို မြင်ရသည်။ စက္ကူပန်းပွင့်ကလေးများကို ခေါင်းမှ ဖြုတ်၍ သံဘူးထဲ စီစီရီရီ ပြန်ထည့်နေမိသည်။ ကိုအောင်ကြည်က ခုတင်စောင်းမှာ ချိတ်ထိုင်ရင်း ခင်သက်ရီကို ငေးစိုက်ကြည့်နေသည်။ သက်မောင်ကမူ မလှုပ်မယှက်။ ခင်သက်ရီက မှန်ထဲက မြင်နေရသော သက်မောင်ကို လည်းကောင်း၊ ကိုအောင်ကြည်ကို လည်းကောင်း အကဲခတ်နေလိုက်သည်။ သူတို့ချင်း တစ်ခုခုတော့ ဆွေးနွေးကြပြီး ဖြစ်လိမ့်မည်။

"ခင်သက်ရီ ... ညီမ၊ နင်တို့ ဘယ်လိုဖြစ်ကြတာလဲ"

ခင်သက်ရီက မျက်နှာချင်းဆိုင်လိုက်သည်။ နီရဲသော မိတ်ကပ်မျက်နှာပေါ်မှာ လွှမ်းထားသော သွေးရောင်ကို သီးခြား မြင်လိုက်ရသည်ဟုပင် ကိုအောင်ကြည် ထင်သည်။

"ခါတိုင်း ဖြစ်နေကျမျိုးပါပဲ အစ်ကို၊ သိပ်တော့ မဆန်းတော့ပါဘူး၊ ကျွန်မ ရှက်တယ်၊ သိက္ခာနဲ့ အနုပညာကို ငဲ့နေရလို့သာ"

"အေးပါ ရန်ဖြစ်ကြတာတော့ ကြာပြီပဲ၊ နင်တို့လင်မယားကိစ္စမို့ ငါလည်း မပြောသာဘူး၊ ဒါပေမဲ့ နာမည်လေး ရလာကာမှ၊ အထိုက်အလျောက် တိုးတက်လာကာမှ ဘာမဟုတ်တာကြောင့်"

"ဘာမဟုတ်တာ မဟုတ်ဘူး အစ်ကို၊ ဟုတ်တာ၊ ဟုတ်တာ၊ ကျွန်မကို ကိုဝင်းဟန်နဲ့ စွပ်စွဲတယ်၊ မင်းသမီးနဲ့ တီးဝိုင်းဆရာ

လိုသလောက် ပြောရ၊ ဆက်ဆံရတာ အစ်ကို အသိပဲ၊ သူ သိ လျက်နဲ့''

ကိုအောင်ကြည်က သက်မောင်ကို တအံ့တသြ ကြည့်လိုက် သည်။ ဘာမှတော့ မပြောနိုင်။ သက်မောင်က စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။

''ကျုပ် ခံစားရတာ ကျုပ်ပဲ သိတယ် ကိုအောင်ကြည်''

''ဘာခံစားရတာလဲ ကိုသက်မောင်၊ ရှင် လက်ဆုပ်လက် ကိုင် မပြနိုင်ဘဲ မပြောနဲ့၊ ရှင်သာ နွဲ့ရိုနဲ့ မကင်းတာ ဘာပြောမလဲ''

ခင်သက်ရီက စီးကျလာသော မျက်ရည်များကို လက်ခုံနှင့် သုတ်ရင်း အော်လိုက်သည်။

''တိုးတိုး လုပ်ပါဟာ၊ နင်တို့ဟာက သူများ ကြားလို့ မကောင်းပါဘူး''

''ဟုတ်တယ် ကိုအောင်ကြည်၊ ကျွန်တော်လည်း ထိန်းထား ရတာ ရင် အောင့်လှပြီ၊ ဒီကိစ္စရဲ့ ထွက်ပေါက်ဟာ လမ်းခွဲတာပဲလို့ ကျွန်တော် ဆုံးဖြတ်ပြီးပြီ''

''အို ... ကျုပ်ကလည်း သည်အတိုင်းပဲ ကိုသက်မောင်''

''မဟုတ်သေးပါဘူးကွာ၊ မင်းတို့သာ ကျိတ်ဖြစ်နေတာ၊ ဘယ်သူကမှ သံသယ မဖြစ်ကြပါဘူး၊ ဒီညတော့ ကိုယ့်ခွင်ကိုယ် ဝင်ကြကွာ၊ တော်ကြာ အင်တာဗျူးသမားတွေ လာလိမ့်မယ်၊ မနက်မှ ညှိကြတာပေါ့''

သက်မောင်က မိတ်ကပ်သေတ္တာကို ဆွဲယူလိုက်သည်။ မိတ် ကပ်ကို လက်နှင့် ကော်၍ မျက်နှာပေါ်ကို ဟိုတစ်ကွက် သည်တစ်စ တို့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


"မျက်နှာတောင် မသစ်တော့ဘူးလားကွာ"

"ရပါတယ်ဗျာ မိတ်ကပ်က သရုပ်ဆောင်တာ မဟုတ်ပါဘူး၊ လူက သရုပ်ဆောင်တာပါ"

(၇)

မြင်မက်နေဆဲ အိမ်မက်သည် ပေါက်ကွဲလွင့်စဉ်သွားသည်ဟု ထင်ရသည်။ ကိုယ်ခန္ဓာကို ကိုင်လှုပ်နေမှုန်း အသိကပ်သည်နှင့် မိမိနာမည်ကိုပါ တစ်စုံတစ်ယောက်က ခေါ်နေမှုန်း ခင်သက်ရီ သိလိုက်သည်။ ပတ်ရစ်ထားသော စောင်ကျားကို ဆွဲဆန့်လိုက်ရင်း မျက်ခွံများကို အားယူဖွင့်လိုက်သည်။

"ရှင် … အစ်ကိုအောင်ကြည်"

"အေး … ငါပါဟ၊ ထစမ်းပါဦး"

ဇာတ်ရုံတစ်ခုလုံး ငြိမ်ဆိတ်နေသည်။ ပူနွေးသော နေခြည်တန်းများက ဇာတ်ရုံအမိုး၊ ကျူထရံကွက်စိပ်များ ကြားမှ အလင်းတန်းများ အဖြစ် ထိုးဆင်းကျနေသည်။

"ပြောလေ အစ်ကို"

"ရော့ … ဒီမှာ ဖတ်ကြည့်"

ကိုအောင်ကြည့်မျက်နှာကို မော့ကြည့်လိုက်သည်။ ဘာမျှမတွေ့ရ။ အရောင်မဲ့ မျက်နှာ။

"ဘာစာလဲ အစ်ကို"

"ဖတ်ပါဦးကွယ်"

ခင်သက်ရီက အိပ်နေရင်း စာကလေးကို ဖြန့်လိုက်သည်။ စာက သိပ်ရှည်လှသည် မဟုတ်။ ပဲတီးပင်ကွေး သေးသေးလေးတွေ။

www.burmeseclassic.com


*မမနဲ့ အစ်ကို*

*နွဲ့ရီ ရှိသေစွာ စာရေးခဲ့ပါတယ်။ အခုလို ပြုန်းစားကြီး စီစဉ်လိုက်ရတာကိုတော့ ခွင့်လွှတ်ပါ။ ညက မမနဲ့ အစ်ကိုတို့ ရန်ဖြစ်တာ နွဲ့ရီ အားလုံး ကြားပါတယ်။ မမတို့ လမ်းခွဲဖို့ အထိ ဖြစ်ကြရတာ ကြားတော့ ညတွင်းချင်းပဲ ကျွန်မချစ်သူနဲ့ တိုင်ပင်ပြီး အခုလို စီစဉ်ရတာပါပဲ။ တကယ်တော့ အစ်ကို သက်မောင်ဟာ နွဲ့ရီနဲ့ ဘာမှမဆိုင်သလို မမခင်သက်ရီလည်း အနုပညာသည် ပီသသူ ဖြစ်ပါတယ်။ ဒါဆိုရင် သံသယ ရှင်းလောက်ပါပြီ။ ကျွန်မချစ်သူက ကိုဝင်းဟန်ပါ။ နွဲ့ရီတို့ ကန်တော့ခဲ့ပါတယ်။*

*နွဲ့ရီ*

ခင်သက်ရီက ကိုအောင်ကြည်ကို ထိတ်လန့်တကြား မော့ကြည့်လိုက်သည်။ ကိုအောင်ကြည် မရှိတော့။ သူ့နေရာမှာ …

"အစ်ကို"

မျက်ရည်တို့ ပိုးပိုးပေါက်ပေါက်ကျလာသည်။ သက်မောင်က သူ့လက်ခုံကလေးနှင့် မျက်ရည်တို့ကို ဖယ်ရှားလိုက်သည်။ သူ၏ လိမ့်ဆင်းကျလာသည့် မျက်ရည်များကလည်း ခင်သက်ရီ၏ လက်ခုံပေါ်သို့ ကျသွားသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

ငှက်ဆိုး

www.burmeseclassic.com

www.burmeseclassic.com

# ငှက်ဆိုး

## (၁)

မည်းနက်ပြောင်ချောနေသော ကျောပြင်မှ ချွေးစီးကြောင်းများသည် မြစ်များ၊ ချောင်းများသဖွယ် စီးဆင်းနေဆဲ။ ကွန့်ဗေယာ(ပစ္စည်း သယ်ဆောင်သော သားရေပတ္တာလိုင်း)ပေါ်မှ နှစ်လုံး တစ်တွဲ၊ သုံးလုံး တစ်တွဲ ပြေးဝင်လာသော အုတ်စိမ်းများနှင့် အပြိုင် စည်းချက်ညီညီ လှမ်းလိုက်၊ ကုန်းယူလိုက်၊ အုတ်စိမ်းထပ်ပေါ် ဆီးတင်လိုက်နှင့် နာရီဝက်ခန့် ရှိပြီ။ ထို့ကြောင့်လည်း တစ်ကိုယ်လုံးမှ ချွေးစီးကြောင်းများက ကျောပြင်ထက်၌ လည်းကောင်း၊ ဒူးနှင့် ဒူးခေါင်းခွက်၊ ခြေသလုံးသို့တိုင် ပုံ့စီးစိုရွှဲလျက် ရှိသည်။ နဖူးဆီမှ မျက်လုံးအိမ်အတွင်းသို့ ဝင်လာတတ်သော ချွေးကြောင်းများကိုမူ လျှပ်တစ်ပြက် သုတ်ပစ်ရသေးသည်။

ခါးအထက်ပိုင်း အင်္ကျီပင် မကပ်နိုင်။ ဗလာကျင်းထားသည်။ အောက်ပိုင်းကမူ စစ်ဘောင်းဘီ ဟောင်းနွမ်းနွမ်း ဝတ်ထားရသည်။ ပုဆိုးနှင့် အုတ်စီရသည်က သိပ်မကောင်းလှ။ ဘောင်းဘီတိုနှင့် လက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်က လွတ်လပ်သည်။ စစ်ဘောင်းဘီခါးရစ်၌ ချွေးတို့ အိုင်ရွှဲနေသည်။ ထိုစဉ်မှာပင် အုတ်ညှစ်စက်ခေါင်းမှ ခေါင်းလောင်းသံတစ်ချက်ထွက်ပေါ်လာသည်။ အုတ်စိမ်းသယ် ကွန်ဗေယာ ရပ်ဆိုင်းသွားသည်။ အုတ်ညှစ်စက်ခေါင်း အတွင်းသို့ တရစပ် ကျနေသော မြေတောင့်ချ ကွန်ဗေယာပါ ရပ်ဆိုင်းသွားခြင်း ဖြစ်သည်။

သန်းညွှန့်သည် ခါးကို အသာအယာ ဆန့်ထုတ်လိုက်သည်။ ဖိုးဖိုးဖျင်းဖျင်း ဂိုးဂိုးဂွျတ်ဂွျတ်ပင် မြည်သွားသည်။ ချက်ချင်း မဆန့်နိုင်သေး။ ပြန်ကုန်းလိုက်ရသည်။ နောက်တစ်ဖန် ခါးကို ဆန့်ထုတ်ရာတွင် မတ်မတ်ရပ်၍ ရပြီ။ သို့ရာတွင် ခပ်ဆိုင်းဆိုင်း ကိုင်ထားရသေးသည်။ လက်နှစ်ဖက်က ခါးကို ထောက်ဆိုင်းထားရသေးသည်။

"ဗိုး ... စီကောင်းရင် လုပ်ပြီ"

အုတ်စီဘက် ကပ္ပလီကို လှမ်းပြောလိုက်ခြင်း ဖြစ်သည်။ ကပ္ပလီကား နာမည်ရင်း ရှိသေးသည်။ သို့သော် မေ့နေကြပြီ။ သည်မှာက ကပ္ပလီပဲ သိသည်။ မည်းချိတ်နေသော အသား၊ လိပ်ကောက်နေသော ဆံပင်တို့ကြောင့် ဖြစ်မည်။ သူသည်ပင်လျှင် ရွှေသွား လေး၊ ငါးချောင်း စိုက်ခဲ့ဖူးသဖြင့် ရွှေသွားသန်းညွှန့်၊ အချို့က ရွှေသွား၊ တချို့ကလည်း ပေါက်ခေါ်၊ ရင်းနှီးသူများက ခေါ်ကြီး စသည်ဖြင့် နာမည်တွင်နေသူ ဖြစ်သည်။

"ဘကြီးတင် ရပ်လိုက်တာဗျ၊ ဘာဖြစ်တာလဲ မသိဘူး"

"အေးကွာ ၂၀၀ ပျော့ပျော့ ကျန်ခါမှ ဒီအတိုင်းဆို ဒီကနေ့ ၁၂ တွဲ ရဖို့ မလွယ်ဘူး ထင်တယ်"

"ပြောလို့တော့ မရဘူးဗျ၊ နောက်ပိုင်း ထွက်ချင် ထွက်လာမှာ"

www.burmeseclassic.com

www.burmeseclassic.com


''ထွက်ထွက်ပါဦးကွာ၊ မင်းမြေကြီးက ပြတ်တာနဲ့ စက်က ပျက်တာနဲ့''

ကပ္ပလီ ဘာမျှ မပြောတော့။ သည်လို စက်ရပ်ချိန်ကလေးမှာ သူတို့ နားချိန် ရသည်။ အုတ်တင်တွဲထိပ်မှ အုတ်စိမ်းတုံးများဘေးတွင် တင်ထားသော နွားတံဆိပ် ဆေးလိပ်တိုကို လှမ်းယူသည်။

''ခါကြီး ပေးဗျာ ... မီးခြစ်''

''မပါပါဘူးကွာ''

ကပ္ပလီက ဆေးလိပ် သောက်တော့ သူလည်း သောက်ချင်သည်။ အာတွေ၊ လျှာတွေ ယားလာသည်။ နွားဆေးလိပ်ကို ဒူးယားနှင့် မလဲနိုင်။ ခါတိုင်း ဆေးလိပ် တစ်မက်ဖိုး(နှစ်လိပ်)လောက်တော့ အေးသိုက်က ထည့်ပေးနေကျ။ သည်နေ့ ယူမလာနိုင်။ အေးသိုက်ပဲ မေ့သလား၊ ဆိုင်ကပဲ အကြွေး မပေးသလား မသိ။ အိတ်ကပ်ထဲမှာ ပါမလာမှန်း အလုပ်ထဲ ရောက်မှ သိသည်။ ကနေ့ သူ လယ်ကျသည်။ သည်မှာက ဦး၊ လယ်၊ ဘိတ် ဟူ၍ သုံးဆိုင်း ခွဲထားသည်။ ညဂိုဏ်း၊ နေ့ဂိုဏ်းက တစ်လစီ။ ညဂိုဏ်း ဆိုတော့ မနက်ပိုင်း ရွာထဲ လျှောက်၊ ပူဖောင်း ရောင်းလို့ ရသည်။ နေ့ဘက်ကျလျှင် အလတ်ကောင် တင်ရွှေကြီးကို ရောင်းခိုင်းရသည်။ သည်တစ်ကောင်က ကြီးကောင်ဝင်လာတော့ ပူဖောင်းလည်း မရောင်းချင်တော့။ ဘာပဲဖြစ်ဖြစ် ပူဖောင်းရောင်းခြင်း အမှုကိုကား လက်လွှတ်မခံနိုင်။ တင်ရွှေကြီး မလုပ်လျှင် အောက်ကအကောင် တိုးလွင် လုပ်လိမ့်မည်။ တိုးလွင် မလုပ်လျှင် သာရကို ခိုင်းရလိမ့်မည်။ ပူဖောင်းက ထက်ဝက် မြတ်သည်။ အတတ်ပညာ ပါသည်။ သူသည် ထန်းတပင်မှာ နေစဉ်က ကိုရင်ကြီး တစ်ပါးထံမှ သင်ယူခဲ့ရသည့် ပညာ ဖြစ်သည်။ ပန်းသီး၊

www.burmeseclassic.com

www.burmeseclassic.com



မျောက်၊ ဘဲ၊ ရေနွေးအိုး၊ ပစ်တိုင်းထောင် စသည်ဖြင့် ကျွမ်းကျင်စွာ လုပ်နိုင်သည်။

သားသမီးတွေကလည်း အများသား။ ခြောက်ယောက်။ လောရှည်၊ သန်းအေး၊ တင်ရွှေကြီး ပြီးတော့ ရှားရှားပါးပါး သမီးလေး အထွေးဆုံးပဲဟု တွေးတွေးဆဆ ခင်ထွေးဟု မှည့်ခဲ့သည်။ သို့သော်လည်း ခင်ထွေးနောက်မှ ထပ်တိုးလာသော တိုးလွင်အပြင် နောက်ထပ် သာသာထိုးထိုး ရခဲ့သော သာရသည် ကြီးလှပြီ။

"ကပ္ပလီ ပေးစမ်းကွာ တစ်ဖွာ၊ ခံတွင်းချဉ်လို့"

ကပ္ပလီက ချက်ချင်း မပေး။ လေး၊ ငါးဖွာ ရှိုက်၍ရှိုက်၍ ဖွာလိုက်သည်။ အားရပါးရလည်း ရှိုက်သွင်းလိုက်သည်။ နှာခေါင်း၊ ပါးစပ်တို့မှ မီးခိုးမှောင်မှောင် ထွက်တော့မှ လှမ်းပေးသည်။ တံဆိပ်ပတ်ပင် မီးစွဲနေပြီ။ မတတ်နိုင်။ ဈေးများသည်၊ ချေးခါးသည် လုပ်နေလို့မရ။ တစ်ဖွာရရ နှစ်ဖွာရရ ရှိုက်ဖွာလိုက်သည်။ ကပ္ပလီ ကိုက်ထားသဖြင့် တစ်စစီ ဖွာထွက်နေသော ဆေးလိပ်ဖင်ကိုပင် မရှုံ့နိုင်။ ရှုံ့နေ၍ မရ။ သူတို့ဘဝနှင့် သူတို့အကြောင်း စာနာစိတ်များ၊ ကိုယ်ချင်းစာစိတ်များ ရှိသည်။ ရွံစရာရယ် ဘာရယ် မရှိ။ သန်းညွန့် သားရေပတ္တာလိုင်းပေါ်သို့ ထိုင်ချလိုက်သည်။ စက်ရုံပင်မ ထွက်ပေါက်ဘက်မှ လေတစ်ချက် သုတ်ခနဲ ဝင်လာသည်။ ချွေးစကလေးများ မခြောက်တခြောက်မို့ စိမ့်ခနဲ အေးသွားသည်။ ထိုစဉ်မှာပင် ခေါင်းလောင်းသံ ကျယ်ကျယ်လောင်လောင်ကို ကြားရသည်။ မြေတောင့်သယ် ကွန်ဗေယာနှင့် အုတ်စိမ်းသယ် ကွန်ဗေယာများ စတင် လည်ပတ်သည်။ အုတ်ဖြတ်စက်ကို ကျော်လွန်ကာ ပြေးဝင်လာသော အုတ်စိမ်းများ အတွဲလိုက် အစုလိုက် ဖြစ်သည်။ သောက်လက်စ နွားတံဆိပ်ဆေး

www.burmeseclassic.com

လိပ်တိုကို နောက်ဆုံး နှုတ်ဆက်ခြင်းအဖြစ် အားပါးတရ ရှိုက်သွင်းလိုက်သည်။ အာခေါင်ပင် စူးခနဲ ပူသွားသည်။ ဆေးလိပ်တိုကို လွှင့်ပစ်လိုက်ပြီး အုတ်စိမ်း နှစ်လုံး ကောက်ကိုင်လိုက်သည်။ စီရသည့် နေရာနှင့် လူနှင့် မလွတ်ချင်တော့။ တွဲ ရွှေ့ရဦးမည်။

"ကပ္ပလီ ဆင်းရွှေ့ကွာ၊ ကုတ် ဟိုဘက်မှာ သွားယူ"

ကပ္ပလီက အုတ်တင်တွဲပေါ်မှ လွှားခနဲ ခုန်ချလိုက်သည်။ ကုတ် သွားယူပြီး ရထားလမ်းနှင့် အုတ်တင်တွဲဘီးကြားသို့ ထိုးသွင်းကာ လူအားနှင့် ဖိချလိုက်သည်။ ကုတ်သဘောအရ တွဲ ရွှေ့သွားသည်။ ကုတ် ဆိုသည်မှာ နှစ်ကျပ်လုံးခန့် အလုံး ရှိ၍ ခြောက်ပေခန့် ရှည်လျားသော သံချောင်းကြီး တစ်ချောင်းသာ ဖြစ်သည်။

"ရပြီလား"

"အေး … တော်ပြီ"

သိပ်ရွှေ့လိုက်လို့ကလည်း မဖြစ်။ အုတ်စီရန် လူ ချောင်ချောင်ချိချိ နေရရုံသာ ရွှေ့ရသည်။ သိပ်ရွှေ့လျှင်လည်း အဝေးကြီး လှမ်းယူနေရသည်။

"ကပ္ပလီရေ … လေပေါင် မမီဘူး ထင်တယ်ကွ၊ အုတ်က ပျော့ပြီး ဖွာနေတယ်"

"အင်းဗျ၊ နေဦး"

ကပ္ပလီက ရွှံ့စ တစ်စကို ဖဲ့၍ စက်ထိန်းခန်းကိုင် ဘကြီးတင်မောင်ကို လှမ်းပစ်လိုက်သည်။ ဘကြီးတင်မောင် လှမ်းအကြည့်မှာ ကပ္ပလီက အုတ်စိမ်းတစ်လုံးကို ဖဲ့ပြ၊ လိမ်ပြ လုပ်ပြသည်။ လေပေါင်မိရဲ့လား၊ ပျော့တယ်၊ စီရမှာလား၊ လက်လွှတ်လိုက်ရမှာလား စသည့် မေးခွန်းများ၏ သင်္ကေတ ဖြစ်သည်။ လွှတ်လိုက်ရမှာလား ဆိုသည်

www.burmeseclassic.com

www.burmeseclassic.com


မှာ တွဲပေါ်သို့ မစီဘဲ ကွန်ဗေယာအတိုင်း ပါသွားစေ၍ အလေအလွင့် ဖြစ်စေသည့်သဘော။ လေပေါင် မမီသော အုတ်စိမ်းသည် တောက်လျှောက် ဒုက္ခပေးနိုင်သည်။ အခြောက်လှမ်းရုံထဲမှာ ပြိုနိုင်သည်။ မီးဖိုထဲမှာ ပြိုနိုင်သည်။ မီးဖိုထဲမှာ တွဲပြိုလျှင် သိပ်မလွယ်လှ။ ဘကြီးတင်မောင်က လေပေါင်ဂိတ်ကို ကြည့်သည်။ အုတ်ကို ကြည့်သည်။ မီတာဒိုင်ခွက်များ၊ ညွှန်တန်များကို စစ်ဆေးသည်။ နောက် အုတ်တစ်လုံးကို ယူ၍ ခါးချိုးကြည့်သည်။ နောက်မှ ကျေနပ်အားရဟန်ဖြင့် ခေါင်းညိတ်ပြသည်။ ဆက်လုပ်။ ကပ္ပလီနှင့် ရွှေသွားက ဆက်စီသည်။ လှမ်းဆွဲလိုက်၊ စီလိုက်။ နောက်အဆိုင်းက မောင်စိန်နှင့် မောင်လှိုင်။ အုတ်တင်တွဲ အလွတ်တစ်စီးကို တွန်းလာနေသည်။ သူတို့စီရမည့်တွဲ ဖြစ်သည်။ အုတ်တင်လှည်း တစ်တွဲမှာ အုတ် နှစ်ထောင့်သုံးရာ၊ နှစ်ထောင့်ငါးရာ၊ နှစ်ထောင့်ရှစ်ရာ စသည်ဖြင့် ဝင်အောင် စီရသည်။ အင်္ဂလိပ်လို အခေါ်တော့ ရှိသည်။ သူတို့ မသိ။ အရေအတွက်သာ ပြော၊ သူတို့ လုပ်တတ်သည်။

သူတို့အလှည့် ပြီးတော့ ၉ နာရီခွဲပြီ။ ဘာပဲဖြစ်ဖြစ် ၁၂ နာရီ မထိုးခင် မြေသယ်ယာဉ်များ မပျက်ဖို့ လိုသည်။ မြေကြီးကလည်း ကောင်းပါမှ။ စက်ကလည်း မပျက်ပါမှ။ လျှပ်စစ် ဓာတ်အားကလည်း မချွတ်ယွင်းပါမှ။ ကနေ့ည ၁၂ တွဲ ရမည် မှန်းထားသည်။ ၁၂ တွဲ ရလျှင် သူတို့ နောက်တစ်ကျော့ စီရဦးမှာ သေချာသည်။ သန်းညွှန့်က စက်ရုံရှေ့ ထင်းရှူးပင်ကို ဝင်းပတ်ထားသော အုတ်ခုံဆီသို့ ထွက်လာခဲ့သည်။ အုတ်ခုံစောင်းမှာ ပတ်လက် လှဲချလိုက်သည်။ မြင့်မား ဝေးလွင့်သော ကောင်းကင်ကို ကြည့်ရင်း မူးဝေသလို ခံစားရသည်။ အုတ်ခုံနှင့် ကျောပြင် ထိတွေ့မှု ရှသလို

www.burmeseclassic.com

www.burmeseclassic.com



အေးမြစွာ ခံစားရသည်။ အသက်ကို ဖြည်းဖြည်းကလေးရှူရင်း အမော ဖြေနေလိုက်သည်။

"တောက် ... ဆေးလိပ်တစ်လိပ်လောက် သောက်လိုက် ရရင်၊ အို ... နေနှင့်ဦး မနက်ဖြန်ဆို ..."

သန်းညွန့်မျက်စိထဲတွင် ငွေတွေ အထပ်လိုက် တွေ့နေရ သည်။ မနက်ဖြန်ဆို ငွေစုငွေချေး သမဝါယမအသင်းမှ ငွေထုတ် ပေးမည့်နေ့။ မိမိတို့ ကုန်ထုတ်ဌာနမှ ကိုယ်စားလှယ် ကိုခင်ရီက ကြော်ငြာသင်ပုန်းမှာ ကြေညာထားသည်။ သည်နှစ် သန်းအေး လှူ ရမှာ၊ အေးသိုက် နားကပ် ရွေးရမှာ၊ ကုန်ဝယ်စာအုပ်လည်း ရွေးရ ဦးမယ်။ မတင်ရီ ပေးရမှာက အဲ ... ဘယ်လောက်မှန်း မသိ။ အေးသိုက် မေးရဦးမည်။ အရင်းက ခုနစ်ရာ ဆိုလား ပြောတော့ ပြောသည်။ ဒါက သူ သိသလောက်။ အတိုးနှင့်ဆို မတင်ရီကတော့ ပြောသည်။ ဆပ်ပြီးတော့လည်း ပြန်ယူတာပေါ့။ ငွေရတုန်းတော့ မှန်မှန်ဆပ်ပေါ့ ဆိုလား။ အငယ်ကောင်တွေမှာလည်း အင်္ကျီ မရှိ။ အေးသိုက်ကလည်း ဘာ ဆိုလား ဝယ်ချင်သေးသတဲ့။ အရေးကြီးဆုံး က သမီးခင်ထွေးမဖို့ ထဘီကလေး၊ ရှင်မီးကလေး ဝယ်ပေးမှ ဖြစ် မည်။ သူ့ပဲ အားကိုးရမည် ထင်သည်။ ဟိုကောင်တွေက မိန်းမယူပြီး ပြေးကြမှာ။

ဆေးလိပ်သောက်ချင်မှု ချဉ်ခြင်းသည် အတွေးထဲမှ ငွေ စက္ကူများကို ဖြတ်ကျော်သွားသည်။ ဆေးလိပ် ထရှာမည် စိတ်ကူး ကြည့်သေးသည်၊ မရ။ ညောင်းရိကိုက်ခဲနေသော ခန္ဓာကိုယ်ကို မသယ် မကြွချင်တော့။ မှေးခနဲ အိပ်ပျော်သွားသည်။ မီးဖိုကြီးဆီမှ မီးထိုးသံ တဝုန်းဝုန်းက ကျယ်လောင်စွာ ထွက်ပေါ်နေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



သန်းညွှန့် ပြန်လာတော့ ၁၂ နာရီ ထိုးပြီးပြီ။ ညသည် မှောင်မည်းလွန်းသည်။ စက်ရုံနှင့် သန်းညွှန့် နေထိုင်ရာ အလုပ်သမား တန်းလျားနှင့်က ဝေးလှသည်တော့ မဟုတ်။ စက်ရုံဝင်းထဲမှာပင် ဖြစ်သည်။ မဝေး ဆိုသည့်တိုင် ၁၀ မိနစ်ခန့် လျှောက်ရသည်။ ကနေ့ ည သူတို့ ညဆိုင်းမှာ ၁၂ တွဲ မှန်းထားသော်လည်း ၁၀ တွဲသာ ရ သည်။ မြေကြီး ပြတ်၍ ဖြစ်သည်။ ထို့ကြောင့်လည်း သူတို့ နောက် ဆုံးတွဲကို မစီခဲ့ရ။ မစီခဲ့ရသည်ပင် ခပ်ကောင်းကောင်း။ အုတ်ခုံပေါ် တွင် ဘယ်လောက်ကြာအောင် အိပ်ပျော်သွားသည် မသိ။ ကပ္ပလီ လာနှိုးမှ နိုးသည်။ ရင်ထဲမှာ ချမ်းစိမ့်နေသည်။ ကိုယ်တွေ လက်တွေ ကိုက်ခဲနေသည်။ မျက်လုံးတွေက ပူနေသည်။ ကပ္ပလီ ယူလာသော အင်္ကျီကို ကပျာကသီ ကောက်စွပ်လိုက်ရသည်။

"ကပ္ပလီရေ ... ငါတော့ ဖျားချင်နေပြီကွာ"

"ဖျားမှာပေါ့၊ ခင်ဗျားက လေတိုးထဲ ချွေးတွေနဲ့ လာအိပ် နေတာကိုး"

ကပ္ပလီက ဓီးကုန်းဘက်ကို ပြန်သွားသည်။ ဓီးကုန်းလမ်းက မှောင်နှင့်မည်းမည်း။

ကပ္ပလီနှင့် သူ ရထားလမ်းမှာ လမ်းခွဲသည်။ သူ တန်းလျား ထဲ ရောက်တော့ အားလုံး အိပ်နေကြပြီ။

"အေးသိုက်ရေ ... အေးသိုက်"

တံခါးကို တဒုန်းဒုန်း ထုသံကြောင့် အေးသိုက် တံခါးဖွင့် သည်။ တံခါးအဖွင့်မှာတော့ တန်းစီ အိပ်နေကြပြီ ဖြစ်သော ကလေး များကို မြင်ရသည်။ မှိန်ယဲ့သော မီးလုံးရောင် နီကျင်ကျင်အောက်မှာ ပိုးတုံးလုံးကောင်လေးတွေနှင့်ပင် တူသေးတော့သည်။ ခြင်တွေက ညည်း

www.burmeseclassic.com

www.burmeseclassic.com



၍ သီးနေသည်။ အေးသိုက် တံခါးသာ ဖွင့်ပေးရသော်လည်း အိပ်ချင်စိတ်က ပြေသေးဟန် မတူ။

"ကိုသန်းညွှန့်ကြီး နောက်ကျလှချည်လား"

"မကျပါဘူးဟ၊ ငါ ဖျားလာတယ်၊ ရေနွေး ရှိသေးလား"

"ဘယ်ရှိပါ့မလဲ"

"အမိုးတို့ အိမ်မှာကော"

"အိပ်ရောပေါ့တော့်၊ အားနာစရာ တော့်ဟာကလည်း"

"အိမ်မှာ ဆရာမကြီးအိမ်က ဝယ်ထားတာ ဘာရှိလဲ"

"ဘာဆေးမှကို မရှိတာ၊ နေဦး တော်က ဘာဖြစ်တာတုံး၊ ဒီမှာ ခလောက်ကွန်ဒိုင် တစ်လုံးတော့ ရှိတယ်"

"ပေးဟာ"

အေးသိုက်က ထရုံကြားမှ စက္ကူထုပ်ကို ယူလာသည်။ ဆေးဖြူပြား တစ်ပြား ဖြစ်သည်။ ကိုဒါနင်။ သို့သော် ကိုဒါနင်လို့ မခေါ်တတ်။ ခလောက်ကွန်ဒိုင်ပဲ ခေါ်တတ်သည်။ ခလောက်ကွန်ဒိုင် ဆိုလျှင် သည်ဆေးမှန်း သန်းညွှန့်ကလည်း နားလည်ထားသည်။ မမှားနိုင်။ မှားစရာ မရှိ။ သည်ဆေးကို သည်လို ခေါ်လာတာ ကလေးခြောက်ယောက် ရပြီ။ သန်းညွှန့်က စောင်ပါးကလေးကို ခြုံလိုက်သည်။

"စောင် ထပ်ပေးပါဦးဟာ ... ချမ်းလိုက်တာ"

"နေဦး ... တင်ရွှေကြီးစောင် ယူပေးမယ်"

တင်ရွှေကြီးစောင် ဆိုပေသည့် တိုးလွင်နှင့် နှစ်ယောက်မှ တစ်ထည်။ ချမ်း၍ ခြုံသည့်စောင် မဟုတ်။ ခြင်ကိုက်၍ ခြုံသည့် စောင်။ အေးသိုက်က သန်းညွှန့်ခြေသလုံး မာခေါက်ခေါက်ကို နှိပ်ပေးသည်။ ပေါင်ရင်းကို ကြိတ်နင်းပေးသည်။ ခဏကြာတော့ သန်းညွှန့်

www.burmeseclassic.com

www.burmeseclassic.com



မေးခနဲ အိပ်ပျော်သွားသည်။ သန်းညွန့်ဘေးမှာ ဝင်ခွေရင်း အေးသိုက် မှေးနေလိုက်သည်။ စူးခနဲ လန့်အော်လိုက်သော ညငှက်တစ်ကောင်၏ အော်သံက အေးသိုက်အား လန့်နိုးစေသည်။

ငှက်ဆိုး။ ဖွဟဲ့၊ ဖွဖွ။

အေးသိုက်က ကြောက်လန့်တကြား မြည်တမ်းလိုက်သည်။ အယောင်ယောင်အမှားမှားပင် သန်းညွန့်နဖူးကို စမ်းလိုက်သည်။

ပူလိုက်တာ ချစ်ချစ်တောက်။ ဒသင်းကုန်းဘုန်းကြီးကျောင်းမှ တုံးမောင်းသံ ခပ်သဲ့သဲ့ကို ကြားရသည်။ ၄ နာရီ။ မိုးလင်းတော့မည်။ စင်စစ် ငှက်ဆိုးကို သူမ မတွေ့ခဲ့ဖူး။ ငှက်ဆိုး ဘယ်လိုကောင်လဲ သူမ မသိ။ သို့သော် သည်ကောင် အော်လျှင် လူ သေတတ်သည် ဟူသော အစွဲအလမ်းက အရိုးခိုက်နေပြီ။ အထူးသဖြင့် လူနာ ရှိသည့် အိမ်များက သည်ကောင်အော်သံ ကြားလျှင် အနည်းဆုံး ရင်ဖိုရ၊ မျက်လုံးပြူးရ၊ စိတ်မကောင်းဖြစ်ရနှင့် စိတ်ထိခိုက်ရသည်။ ခဏကလေး မှေးလိုက်မိသည့် မိမိကိုယ်ကိုယ်ပင် အေးသိုက် အပြစ်တင်နေမိသည်။ ဘာပဲဖြစ်ဖြစ် သူမ ရင်ထဲမှာ ငိုချင်နေမိသည်ကား အမှန်။ ဂီးခနဲ အော်လိုက်သော ငှက်ဆိုးသံက ကြီးစိုးနေသည်။ ခြင်တွေ ဝေ့ဝဲနေသော၊ ချွေးသီးချွေးပေါက်များ သီးထနေသော သန်းညွန့်မျက်နှာကိုသာ ငေး ကြည့်နေမိသည်။ သာရအင်္ကျီကလေးနှင့် တယုတယ သုတ်ပေးလိုက် သည်။ အဖျားက မကျချင်။ အို ... မနက်ဖြန် ပိုက်ဆံ ရမှပဲ လမ်းဆုံက ဆေးခန်းမှာ ဆေးထိုးပေးရဦးမည်။ မသကာ နှစ်ရက်ပေါ့။ ခွင့်လည်း သွားတောင်းရမည်။ ငွေစုငွေချေးပိုက်ဆံလည်း ငါပဲ သွား ထုတ်ရမှာပေါ့။ အေးသိုက် အကွက်ချနေမိသည်။ မိုးလင်းတော့မည်။ နောက်ဖေးချောင်ကို ရေနွေးတည်ရန် ထလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


(၃)

ငွေစုငွေချေး သမဝါယမအသင်းက စုငွေချေးငွေများ ထုတ်ပေးနေပြီ ဆိုသည့်သတင်း ရောက်လာချိန်၌ သန်းညွှန့် အဖျားကျသွားသည်။ အေးသိုက်ကို ကမန်းကတန်း လွှတ်သည်။ အေးသိုက်က ညနေစာကို အစောကြီးကတည်းက ချက်ထားသည်။ မည်း၍ ကြမ်းနေသော မျက်နှာ၌ သနပ်ခါးတွေ တင်း၍ ဖွေးနေသည်။ သန်းညွှန့်ပင် သူ့မိန်းမ မျက်နှာ ကြည့်၍ အဖျားတက်ချင်ချင် ဖြစ်သွားရသည်။

"နင် သွားတော့လေ၊ ပြန်လာရင် ဈေး ပြေးရဦးမှာ၊ တောက်… ကနေ့မှ ဖျားတယ်ကွာ၊ ငါပါ ဈေးလိုက်ချင်တာ"

"ဟုတ်ပ့ါတော် … တော်နဲ့ ကျုပ် ဈေးမသွားရတာ ကြာပြီနော်"

တော်နဲ့ ကျုပ် ဈေးမသွားရတာ ကြာပြီ ဆိုသည့်စကားကို သန်းညွှန့် ခံစားရသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ကြာခဲ့ပြီ။ သူများတွေလို တစ်လမျိုး၊ ကိုးသီတင်းမျိုးစာ ဝယ်ထားနိုင်သည် မဟုတ်။ တန်းလျားထဲက အိမ်ဆိုင်ကလေးနှင့်ပင် ပြီးရတာ များသည်။ ဆေးလိပ်၊ ဆီ၊ လက်ဖက်ခြောက်၊ ငရုတ်၊ ကြက်သွန်။ တစ်မတ်ဖိုး၊ ငါးမူးဖိုးအထိ ရသည်။ တစ်မတ်ဖိုး၊ ငါးမူးဖိုး ဝယ်လို့လည်း ရှက်စရာ မဟုတ်။ သူလို ကိုယ်လိုချည်း။ အေးသိုက် ထွက်သွားတော့ သန်းညွှန့် မှိန်း၍ ကျန်ရစ်ခဲ့သည်။ ကနေ့မှ လောရှည်နှင့် သန်းအေး က လွဲလျှင် အားလုံး အိမ်ပေါ်မှာ ရှိနေသည်။

လောရှည်နှင့် သန်းအေးက ဘိလပ်မြေအိတ် သွားထမ်းကြသည်။ ၄ နာရီပင် ထိုးခါနီးပြီ။ အေးသိုက်က မလာသေး။ ခိုင်းလိုက် သည်အတိုင်းချည်း။ နေ့းတုံ့နေ့းကန်နှင့်။ ပိုက်ဆံကော ရေ

www.burmeseclassic.com

www.burmeseclassic.com



တတ်ရဲ့လား မသိ။ လမ်းမှာ ကျပျောက်နေမှဖြင့်။ လွှဲစာနှင့် ဆိုတော့လည်း ဟိုလက်မှတ် သည်လက်မှတ် ထိုးရတာ ကြာနေတတ်သည်လည်း ရှိသည်။ သန်းညွန့်က ရောက်တတ်ရာရာ တွေးပူနေခြင်းသာ ဖြစ်သည်။ အေးစက်နေသော ဖန်ကျရေနွေး တစ်ခွက်ကို ကောက်မော့လိုက်သည်။ အာသာပြေသည်ဟု မထင်။ လမ်းဘက်သို့သာ မျှော်နေမိသည်။ သူကိုယ်တိုင်လည်း သွားနိုင်သည် မဟုတ်။ စောင်ပိုင်းကို ခြုံ၍ ထိုင်နေရသည်။ ကိုယ်တွေ၊ လက်တွေက ကိုက်နေဆဲ။ တိုးလွင်နှင့် သာရကလည်း အမေ့ကို မျှော်သည်။ မုန့်စိမ်းပေါင်းလား၊ မုန့်ကျွဲသည်းလား တစ်ခုခုတော့ ပါလာနိုင်သည်။ လခထုတ်သည့် ရက်များတွင် အမေ ဝယ်လာနေကျ ဆိုတာ သူတို့ သိသည်။ အခုလည်း လခထုတ်ရက် မဟုတ်သော်လည်း ပိုက်ဆံရမည့်နေ့ ဆိုတာ သူတို့ သိသည်။

ထိုစဉ် အေးသိုက်က အိမ်ပေါ် ပြေးတက်လာသည်။ အမောတကောမှ ချွေးတွေ၊ သံတွေနှင့် ဖြစ်သည်။ မျက်လုံးများက ပြူးဝိုင်းနေသည်။ တစ်ဖက်က အထုပ်တစ်ထုပ်ကို တဘက်ဟောင်းတစ်ခုနှင့် ပိုက်ထားရင်း ပြေးတက်လာခြင်း ဖြစ်သည်။

"ကိုသန်းညွန့်ကြီး ... ကိုသန်းညွန့်ကြီး"

အမေ ပြန်လာလျှင် မုန့်ပါလာမည် ဟူသော အသိဖြင့် မျှော်လင့်တကြီး စောင့်စားနေခဲ့သော တိုးလွင်နှင့် သာရတို့ပင် မုန့်ကို မေ့သွားသည်။ အော်ရင်း ပြေးတက်လာသော အမေ့ကို အထူးအဆန်းလို သူတို့ ငေးကြည့်နေသည်။

"ဘာဖြစ်တာလဲဟ နင့်ဟာကလည်း"

"မ ... မတင်ရီ ... နောက်က လိုက်လာလို့တော့"

www.burmeseclassic.com

www.burmeseclassic.com



"မတင်ရီ … ဘာဖြစ်လို့လဲ"

"ပိုက်ဆံ အတင်းလုတယ်၊ ကျုပ်က ကိုသန်းညွန့်ကြီးနဲ့ တွေ့မှ ယူပါ ဆိုတာ လူကြားထဲမှာ အတင်းလိုက်ပြီး တောင်းလို့"

"အခု ဘယ်မှာလဲ"

"နောက်မှာ … ကျုပ်လည်း အတင်းပြေးလာခဲ့တယ်"

"နေပါဦး …. သူ့ ပိုက်ဆံက ဘယ်လောက် ပေးရမှာလဲ၊ ပေးစရာ ရှိရင် ပေးရမှာပေါ့၊ နင့်မှာ စာရင်း ရှိတယ် မဟုတ်လား"

"အို … ကျုပ်တို့ ယူလာတာက ခုနစ်ရာထဲပါတော်၊ အခု သူ တောင်းတာက နှစ်ထောင်ကျော်တော့"

"နှစ်ထောင်ကျော်တယ် ဟုတ်လား"

"အတိုးနဲ့ တွက်တာတဲ့"

သန်းညွန့် ငိုင်သွားသည်။ တိုးလွင်နှင့် သာရက အဖေ့ကို ကြည့်နေကြသည်။ ခင်ထွေးကမူ သနပ်ခါးထူထူကလေး လိမ်းထားရင်း အမေနှင့် ဈေးလိုက်ဖို့ ပြင်နေသည်။ ကနေ့ သူ့ဖို့ ထဘီ ဝယ်ရမည် မဟုတ်ပါလား။

"မအေးသိုက် … မအေးသိုက် … မနည်း မီအောင် လိုက်ရတယ်၊ တကတည်း ပြေးလိုက်တာ လုံးနေတာပဲ၊ ကိုသန်းညွန့် ရေ ရှင့်မိန်းမက ရှင့်ရှေ့မှာ ပေးမတဲ့၊ ဟင်း … ဟင်း …"

မတင်ရီက ပြောပြောဆိုဆို အိမ်ပေါ် တက်လိုက်လာသည်။ ခေါင်းခါခါ၊ လည်ခါခါ လှုပ်ရှားမှုတိုင်း၌ နားကပ်ရောင်က လက် လက်ထနေသည်။ လက်တစ်ဖက်က သားရေအိတ် ညိုမှိုင်းမှိုင်းတစ်လုံး ကို ကိုင်ထားသည်။ ပြီးမှ အခန်းပတ်လည်ကို ငဲ့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တန်းလျားခန်းလေးတွေကလည်း ကျဉ်းလိုက်တာ အသက်ရှူလို့တောင် မဝဘူး၊ ဟဲ့ ··· ဘယ်သူ ရေတစ်ခွက်လောက် ပေးစမ်းပါကွယ်၊ အဲ ··· နေ နေ"

သန်းညွှန့် ရင်ထဲမှာ ကျဉ်ခနဲ ခံစားရသည်။ ရေတောင်းပြီးကာမှ နေပါစေတော့ ဆိုသည်ကို သူ ဘဝင်မကျ။ အေးသိုက်ကမူ ငွေထုပ်ကလေးကို သိမ်းကျစ်ထားသည်။ သန်းညွှန့်ကိုပဲ ကြည့်နေသည်။

သန်းညွှန့်လည်း နဖူးမှာ ချွေးသီးတွေ တစ်လုံးချင်း သီးထလာသည်။ ရင်ထဲမှာ တုန်ယင် မောဟိုက်နေသည်။

"ကဲ ··· ဆိုပါဦးဗျာ"

မတင်ရီက အိတ်ထဲက စာရင်းစာရွက်ကို ထုတ်သည်။ စာရွက်ကို သန်းညွှန့်ရှေ့ ချပြသည်။

"ကဲ ··· စာရွက် ပြမနေနဲ့ဗျာ၊ ပြောသာ ပြောပါ"

"ဒီလိုလေ ကိုသန်းညွှန့်ရဲ့၊ ရှင်တို့ ချေးတာ ခုနစ်ရာလေ၊ နှစ်ကျပ်တိုး ဆိုတော့ တစ်လ တစ်ရာ့လေးဆယ်၊ ဆယ်လ ဆိုတော့ အတိုးကချည်း ထောင့်လေးရာ၊ တိုးရင်းပေါင်း နှစ်ထောင့်တစ်ရာလေ၊ ဟင်း ··· ဟင်း ··· ဒါတောင် အတိုးအပေါ် အတိုး မဆင့်ပါဘူး၊ ဟင် သူများဆို ဘယ်ရလိမ့်မတုံး"

"နှစ်ထောင့်တစ်ရာ ··· ဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ တစ်ခုတော့ ရှိပါတယ်၊ ကျွန်မကလည်း လုံးခနဲ ယူသွားတော့လည်း မကောင်းဘူး ဆိုတာ သိပါတယ်၊ လိုချင်သရွေ့ ပြန်ယူထားပေါ့၊ ကနေ့တော့ မယူနဲ့ဦးနော်၊ မနက်ဖြန်လာယူလှည့်၊ ငါးရာ ယူယူ၊ တစ်ထောင် ယူယူ ဒါက သပ်သပ် ရှင်း

www.burmeseclassic.com



သွားအောင် အရင်ငွေသာ အရင်ဆပ်လိုက်၊ ရုံးရှေ့မှာ ငွေထုတ်တုန်းက မအေးသိုက်နဲ့တောင် အချေအတင် ဖြစ်ရသေးတယ် လူကြားတာပေါ့''

''နှစ်ထောင့်တစ်ရာတော့ မပေးနိုင်ဘူးဗျာ၊ ကျွန်တော်တို့မှာလဲ ...''

''မပေးနိုင်လို့တော့ မရဘူး ကိုသန်းညွန့်၊ ဆယ်လတောင် စောင့်ခဲ့ရတာ၊ ခု ငွေတစ်ခါ ထုတ်မှ တစ်ခါ ငွေမြင်ရတာ၊ ကျုပ်က နောက်ထပ် ဘယ်ငွေကို မျှော်ပြီး စောင့်ရဦးမှာလဲ''

''ဟုတ်တော့ ဟုတ်ပါတယ် ဒါပေမဲ့''

''ကိုင်း ... ဒါပေတွေ ဘာတွေ မဲ့မနေနဲ့၊ မိုးလည်း ချုပ်တော့မယ်၊ မြန်မြန် လုပ်''

''မဟုတ်သေးပါဘူးဗျာ၊ ကျွန်တော် ရှင်းပါဦးမယ်၊ ကျွန်တော်လည်း နေကောင်းတာ မဟုတ်ဘူး၊ ဆေးဖိုးဝါးခ၊ ကလေးတွေ အဝတ်အစားဖိုး၊ နောက် သန်းအေးကို မြောက်ပိုင်းအလျှုမှာ ထည့်ဖို့ ရှိသေးတယ်ဗျာ၊ တောင်းပန်ပါတယ်''

''လူ ဆိုတာကတော့ လူ့ကိစ္စတွေနဲ့ချည်းပေါ့ရှင်၊ ဒါတွေသာ လိုက်ငဲ့နေရင် ဘယ်အလုပ်လုပ်လို့ ရတော့မလဲ၊ ဒါတွေ မပြောပါနဲ့၊ ကိုင်း ... မအေးသိုက် လုပ်ပါ''

အေးသိုက်က သန်းညွန့်ကို ကြည့်သည်။ မျက်ရိပ်ဝန်း၌ စိုစွတ်နေသည်။ အသံမထွက်ဘဲ ငိုနေသော ဇနီးသည်ကို မချိတင်ကဲ ကြည့်ရသည်ကိုက ဝေဒနာ။ သူသည်ပင်လျှင် ခံစားနေရသည်။ အကျည်းအကျပ်ထဲ ရောက်နေသည်။ စိတ်အစဉ်က ထွက်ပေါက် ပိတ်မိနေသော ကြွက်ကဲ့သို့ လူးလာဆန်ခတ် လှုပ်ရှားနေသည်။ သန်းညွန့်က

www.burmeseclassic.com

www.burmeseclassic.com



ငွေထုပ်ကို ယူလိုက်သည်။ ကလေးတွေက စူးစူးရဲရဲ ကြည့်နေကြသည်။ အဝတ်စကို ဖြေလိုက်တော့ စက္ကူတစ်ရွက်နှင့် ငွေစက္ကူများ။ သန်းညွန့်က စာရွက်ကို ဖတ်ကြည့်လိုက်သည်။ ငွေပေးပြေစာ ဖြတ်ပိုင်း။ စာရွက်ထိပ်မှာ ၂၀ ဆိုသော အင်္ဂလိပ်ဂဏန်းကို ထင်ထင်ရှားရှား ရေးထားသည်။ လ ၂၀ ဖြတ်တောက်ရန် ဆိုသည့်သဘော။ နှစ်နှစ်နီးပါး။ သည် နှစ်နှစ်နီးပါးတွင် လစာကျန် အနည်းငယ်နှင့် ရှန်းရဦးမည်။

"မတင်ရီရယ် ကျုပ်သမီးကိုလည်း ကြည့်ပါဦးတော်၊ တောင်းပန်တာပါ၊ အကုန်လုံးတော့ ယူမသွားပါနဲ့"

တစ်ချိန်လုံး ငြိမ်သက်နေခဲ့သော အေးသိုက်က ဝင်ပြောသည်။ နေ့လယ်က လိမ်းထားသော သနပ်ခါးဖွေးဖွေး အလယ်တွင် ချွေးစီးကြောင်းများကြောင့် ကွက်ကျားရိုက်နေသည်။ လွင့်ခြောက်နေသော ဆံစများက ဖွာထွက်နေသည်။

"ကျုပ် ပြောပါပကော၊ မနက်ဖြန် လာပြန်ယူလှည့်လို့၊ ရှင်တို့ အခုလို လက်ခက်ရင် ပေးရမှာတောင်…"

"မလုပ်ပါနဲ့တော်၊ မနက်ဖြန် ငွေတစ်ထောင် ပြန်ပေးပါဦး၊ ရှိကြီးခိုးပါရဲ့"

သန်းညွန့်က ငွေ ၂၀၀၀ ကို ပေးလိုက်သည်။ တုန်ယင်နေသော လက်ချောင်းများက ငွေစက္ကူများကို စွန့်လွှတ်လိုဟန် မရှိ။ အုတ်စိပ်းလို လေးလံသော ထုထည်ကို ကိုင်မခဲ့သော လက်ချောင်းသန်သန်ကြီးများသည်ပင် ငွေစက္ကူအနည်းငယ်ကို မနိုင်တော့သည့်ဟန် ယိမ်းခါနေသည်။

"ကျေးဇူးပါပဲရှင်၊ ရော့ …. ရော့ …. ကလေးတွေ မုန့်ဖိုး"

www.burmeseclassic.com

www.burmeseclassic.com



မတင်ရီက တိုးလွင်နှင့် သာရကို တစ်ကျပ်စီ ပေးသည်။ မည်သည့်နည်းနှင့် ရသည်ပင် ဖြစ်စေ ငွေတစ်ကျပ်စီ ရသဖြင့် မြူးတူးစွာ ပြေးဆင်းသွားသည်။ မတင်ရီ ပြန်သွားတော့ နှစ်ဦးသား ငိုင်ကျန်ရစ်သည်။ ငွေ လေးရာပဲ ကျန်တော့သည်။ နားကပ် ဝယ်ဖို့၊ ထဘီဝယ်ဖို့၊ စာအုပ် ရွေးဖို့၊ လှူဖို့ သည် ငွေလေးရာနှင့်။ ပြီးတော့ လပေါင်း ၂၀ ထမင်းစားဖို့ ကျန်သေးသည်။

အေးသိုက်ကမူ ငိုနေဆဲ။ ထဘီစနှင့် မျက်ရည် သုတ်ဆဲ။ သန်းညွန့်က ခေါင်းအုံး ညစ်ထေးထေးပေါ်သို့ ခေါင်းချလိုက်သည်။ ထိုအခါမှ အေးသိုက် လှူးလဲထသည်။ သူ့ယောကျ်ား နေမကောင်းပါလား။ နဖူးကို စမ်းကြည့်လိုက်သည်။ ပူသည်။ မည်သို့ပင် ဖြစ်စေ ခလောက်ကွန်ဒိုင် တစ်ပြားတော့ ဝယ်ထားရဦးမည်။ ညဘက် ငှက်ဆိုး လာချင်လည်း လာနိုင်သေးသည်။ ဘာပဲဖြစ်ဖြစ် သည်ညတော့ သူမ အိပ်လိမ့်မည် မဟုတ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# ယိမ်း

www.burmeseclassic.com

www.burmeseclassic.com

# ယိမ်း

## (၁)

''ဘယ့်နှယ့် နေသေးလဲ ... အေး''

ဖနီးသည်၏ အခြေအနေကို ကြည့်ရင်း အခြေအနေ မထူးခြားမှန်း အကဲခတ်မိသည်။ ကျွန်တော် မရှိခင် ထူးခြားချက်ကလေးများ ဖြစ်လေရော့သလားဟုသာ မေးရခြင်း ဖြစ်သည်။ သားငယ်က အခုတလော ချူချာလှသည်။ မကြာခဏ ဖျားနေသည်။ ဆေးတိုက်၊ ဆေးခန်း ပြေးလိုက်၊ သက်သာသွားလိုက်။ သို့သော် လုံးလုံးလျားလျား ပျောက်သွားသည်တော့ မဟုတ်။ အခုလည်း မနေ့ညနေက ကျောပူ၊ ခေါင်းပူထရာက အဖျားဆက်ဝင်နေသည်။ တိုင်းရင်းဆေး ကောင်းသည် ဆို၍လည်း တိုင်းရင်းဆေး။ အင်္ဂလိပ်ဆေး ဆိုလို့လည်း အင်္ဂလိပ်ဆေး။ သိပ်တော့ မထူးခြား။ ညနေကတော့ ဖော့ကန်က ဆေးခန်းတစ်ခုသို့ ပြေးရသည်။ ပေးလိုက်သည့် ဆေးများကို တစ်ညလုံး တိုက်သည့်တိုင် မသက်သာလှ။ ကျွန်တော်ကော ဖနီးသည်ပါ စောင့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေသည့်တိုင် ကိုယ်ပူ မကျ။ တအီအီနှင့် တစ်ညလုံး လူးလိမ့်နေသည်။ တစ်ခုခုကိုတော့ ဆုံးဖြတ်ရတော့မည်။

ကျွန်တော်က ကလေးဆေးရုံ တင်ချင်သည်။ ဇနီးသည်က ခပ်အင်အင်။ ကလေးဆေးရုံက ဝေးသည်။ သွားရလာရ ခက်သည်။ ပြီးတော့ အိမ်လည်း စိတ်မချ။ အဆိုးရွားဆုံးက ကျွန်တော့်ကို တစ်ယောက်တည်း ထားခဲ့ရမှာ ဖြစ်သည်။ မချက်တတ် မပြုတတ်နှင့် ကျွန်တော် ဒုက္ခရောက်မှာ စိုးရှာသည်။ ဤကဲ့သို့သော အကြောင်းကြောင်းသော အကြောင်းတို့ကို တွက်ဆ၍လည်း ငွေကုန်ချင်လည်း ကုန်စေရော့ သဘောဖြင့် အပြင်ဆေးခန်းများတွင် ကုခဲ့သည်မှာ ကြာပြီ။ ဆေးရုံ မတက်ဖြစ်ခဲ့။ အောင်ဆန်းဆေးခန်း၊ ဖော့ကန်ဆေးခန်း စုံပြီ။ အင်းစိန်က ဆရာဝန်နှင့် ကုဖူးသည်။ အနာနှင့်ဆေး မတည့်၍ပဲလား၊ လူနာနှင့်သမား မအပ်စပ်၍ပဲလား မသိ၊ တရှောင်ရှောင်ဖြစ်နေသည်မှာ တစ်လကျော်ပြီ။

သားငယ်က ပိန်လွန်းလှသည်။ ဇနီးသည်က ဆိုလျှင် ကလေးကို ကြည့်၍ စိတ်ဆင်းရဲနေသည်။ သတ္တဝါတစ်ခု ကံတစ်ခုပဲ ဟု နှစ်သိမ့်စေရသည်။ ကြာတော့လည်း မိခင်ပါ လုံးပါးပါးမှာ စိုးသည်။ သူ့မှာက လူနာကလေးအတွက် တစ်ဖက်၊ ကျန်ကလေးများ ဝေယျာဝစ္စ၊ အိမ်ဗာဟီရ၊ နောက်ပြီး ကျွန်တော့်အလုပ်ချိန် အမီ ချက်ရပြုတ်ရ။ ညဘက်လည်း အိပ်ရေးပျက်၊ နေ့ခင်းဘက် ဆေးစောင့်တိုက်။ သို့ကြောင့်လည်း ဆုံးဖြတ်ချက်တစ်ခု ချလိုက်ရသည်။ ဇနီးကိုပင် မပြောတော့ဘဲ အလုပ်ထဲ ပြေး၍ အကျိုးအကြောင်း ရှင်းပြကာ ခွင့်ဆယ်ရက် ယူခဲ့သည်။ စောစော ပြန်လာကာ ကျွန်တော့်အား ဖန်ရီနေသော မျက်ဝန်းများဖြင့် ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ မောင်ရယ်၊ အေးလည်း စိတ်ညစ်လှပြီ၊ အိပ်ချင်တာလဲ အရမ်းပဲ၊ မောင် ခဏ ပြန်လာတာလား"

"မဟုတ်ဘူး အေးရယ်၊ ခွင့်ယူလာတာ ဆယ်ရက်တောင် ယူခဲ့တယ်"

"ဟာ ... မောင်ကလည်း ခွင့်မယူပါနဲ့ကွယ်"

"အေး ပင်ပန်းနေတာ မောင် မကြည့်ရက်လို့ပါ၊ မောင် တစ်လှည့်ပေါ့၊ ဒီမနက် ဘာထူးသေးလဲ၊ အန်သေးလား"

"မအန်ဘူး၊ အေးလည်း ကြည့်နေတာ ကော်ဖီရောင် အန်တာတို့၊ ဝမ်းသွားတာတို့ ပါလာရင် သွေးလွန်တုပ်ကွေး ဖြစ်မှာ စိုးလို့"

"မနေ့ညနေက ဆရာဝန်က ဘာပြောသလဲ"

"ဆရာဝန်က ကလေးဆေးရုံ တင်ခိုင်းတယ် မောင်ရဲ့"

"အေးကလည်း မတင်ချင်ဘူး၊ ဒါကြောင့် မောင့်ကိုတောင် မပြောတာ"

"ဟာ ... မဟုတ်တာ၊ မင်းကလည်း ဆရာဝန်က လိုအပ်လို့ ညွှန်းတာကို ထိန်ချန်ထားတာ ကလေးကို သတ်သလို ဖြစ်နေမှာပေါ့ အေးရဲ့၊ ကိုင်း ... မယ်မင်းကြီးမ အပိုတွေ လုပ်မနေနဲ့၊ အထုပ်ပြင်၊ ၁၀ နာရီ ၄၂ ရထားနဲ့ သွားမယ်၊ လုပ် မြန်မြန်"

"မောင်ရယ် ချက်ဖို့ ပြုတ်ဖို့၊ နောက် ... ထမင်းပို့ဖို့"

ဘာမှ မပြောသာတော့လည်း အေးက သူ့အဝတ်အစားများ၊ ကလေးအဝတ်အစားများ ရွေး၍ ခြင်းထဲ ထည့်သည်။ ကြိမ်ခြင်းထဲသို့ ဓာတ်ဘူး၊ ရေခဲဘူး၊ ရေခွက်၊ မျက်နှာသစ်ခွက်၊ မျက်နှာသုတ်ပဝါ၊ ဆေးပုလင်း၊ ထမင်းဘူး၊ သွားပွတ်တံ၊ သွားတိုက်ဆေး၊ ရေအိမ်သုံးစက္ကူ မဂ္ဂဇင်းများ စသည်ဖြင့် ရှာဖွေထည့်ရသေးသည်။ ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com


အိပ်ရာခင်း၊ စောင်များ သေသေသပ်သပ် ထုပ်ပိုးသည်။ ဇနီးသည်ကား စုဆောင်းထုပ်ပိုးဆဲ။ သားငယ်ကို ကျွန်တော် ကြည့်နေမိသည်။ မှိန်းနေသည်။ မျက်နှာကလေး ချောင်သွားလိုက်တာ ဖြူရော်ရော်ကလေး။ ပိန်သွယ်သော လက်ချောင်းကလေးများ၊ နိမ့်ချိုင့်သော မျက်ဝန်းနှင့် ခြောက်သွေ့နေသော နှုတ်ခမ်းများက ဝေဒနာဖိစီးမှုကို ပြနေသည်။

"မပြီးတော့ဘူးလားကွာ"

"ပြီးပါပြီ မောင်ရဲ့ ... ပိုက်ဆံ ထည့်နေလို့ပါ"

ဘူတာရုံကို ရောက်တော့ ၁၀ နာရီခွဲပြီ။ ဘာပဲဖြစ်ဖြစ် ထိုနေ့က ဆေးရုံတင်ဖြစ်သွားသည်။ ဆရာဝန်က အားနည်းရာက ဖြစ်သော ရောဂါတစ်မျိုးကို ညွှန်းသည်။ ဆေးရုံမှာ တစ်ပတ်ခန့် တက်ရောက်ကုသရမည်ဟု ဆိုသည်။ ဇနီးသည်၏ ရှုံ့မဲ့နေသော မျက်နှာကို အားပေးရင်း ကျွန်တော် ပြန်လာခဲ့သည်။ ညနေစာ ပြန်ချက်ကာ ထမင်းလာပို့ရဦးမည်။

"မောင် ... ညနေ စောစောလာခဲ့နော်"

ဇနီးက ဆေးရုံဝကို လိုက်ပို့ရင်း ဆိုသည်။ ဆေးရုံတင်ဖြစ်သွားသည်ကိုပင် ဝမ်းသာ၍ မဆုံး။

(၂)

ညနေ ၄ နာရီ ဆေးရုံပေါက် ရောက်နိုင်အောင် ချက်ရ၊ ပြုတ်ရ၊ သွားရ၊ လာရသည်မှာ လွယ်လှသည် မဟုတ်။ မြို့ပတ်ရထားနှင့် သွားလျှင် ဂျင်မခါနာဘူတာမှာ ဆင်းရသည်။ ကုန်းပေါ် တက်လိုက်လျှင် ဆေးရုံ ရောက်သည်။ ကျွန်တော်တို့ နေသည့် ဂေါက်ကွင်း (ဒညင်းကုန်း)နှင့်က တစ်နာရီလောက် စီးရသည့်ခရီး။ ကလေးက

www.burmeseclassic.com

www.burmeseclassic.com


ဆေးရုံသစ်ကြီး၏ အပေါ်ဆုံးထပ်မှာ ဖြစ်သည်။ ညှော်သည်လက်မှတ်ကို ဂိတ်ဝတွင် ပြ၍ အပေါ်ထပ်သို့ တက်လာခဲ့သည်။ မောလိုက်သည့် ဖြစ်ခြင်း။ အေးက သံတံခါးဝက စောင့်နေရှာသည်။

"ဘယ်လို နေသေးလဲ ... အေး"

"သက်သာပါတယ်၊ နည်းနည်းတော့ အဖျားရှိ သေးတယ်၊ တစ်ညလုံး ဆရာဝန်တွေ လာကြည့်ကြတယ်၊ အားရှိလိုက်တာ မောင်ရယ်"

"အေးကို မောင် ပြောတာ အဲဒါပေါ့ကွ၊ သားကော ..."

"အိပ်နေတယ်"

သားခုတင်ကို ရောက်တော့ ထမင်းချိုင့်၊ ယိုးဒယားဆွဲခြင်းကို ချ။ ဓာတ်ဘူးကို ထုတ်၊ ဗီရိုပေါ် တင်။ ညှော်ချိန် ဖြစ်သဖြင့် ခုတင်တိုင်းမှာ လူတွေ အပြည့်။ သူ့ကလေး၊ ကိုယ့်ကလေး မေးကြ၊ မြန်းကြ။ ရောဂါအကြောင်း၊ ဝေဒနာအကြောင်း။ ဖြုတ်စဖျင်းတောင်း အသံဗလံများ လုံးထွေးနေသည်။ ငိုမဲ့နေသော မျက်နှာများ၊ အလို မပြည့်သော မျက်နှာများ၊ ဝမ်းနည်းရိပ်လွှမ်းသော မျက်နှာများ၊ ရယ်မောဝမ်းသာ ရှိနေသော မျက်နှာများသည် အခန်းလေးတစ်ခုအတွင်း ပြည့်နှက်လျှက် ရှိသည်။

"မောင် ... ဘာတွေ ငေးနေတာလဲ"

"မဟုတ်ပါဘူးကွာ၊ ဆေးရုံ ဆိုတာ မစည်ကားအပ်တဲ့ နေရာမို့လား၊ အဲဒါကို တွေးနေမိတာ၊ ဒါထက် အေးတို့ စားတော့လေ"

"မောင် ပြန်ရဦးမှာ"

"အမယ်လေး ... မောင်ကလည်း အစောကြီး ရှိသေးတယ်၊ ဘာလဲ ၆ နာရီ ထိုးပြီးမှ ပြန်ရမယ် ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com


"ရထားချိန်နဲ့ သွားရမှာ အေးရ"

"နေပါဦး၊ ဆေးရုံပေါ်မှာ တစ်ညတာ အတွေ့အကြုံလေး ပြောချင်လို့ပါ မောင်ရဲ့"

"ကဲ … ဆိုပါဦးဗျာ၊ ဆေးရုံပေါ်မှ ဇာတ်လမ်းကလေး ဘာလေး"

"ညတုန်းက ည ၁၀ နာရီမှာ ဆေးတစ်ခါ ထိုးတယ်၊ မနက် အစောကြီး ဆေးတစ်ခါ လာထိုးတယ်၊ အေးလည်း တစ်ည လုံး မအိပ်ပါဘူး၊ ဒီမှာက ကလေးအမေတွေ စုပြီး ဟိုအကြောင်း၊ သည်အကြောင်း ပြောနေကြရတာ"

"မောင် ပြောတာ အဲဒါပေါ့ အေးရ၊ ကလေးဆေးရုံက ဆရာဝန်တွေ၊ ကျွမ်းကျင်မှုတွေ၊ စက်ကိရိယာတွေ အားလုံး ပြည့်စုံ ပြီးသား၊ နောက်တစ်ခါ ဖြစ်ရင် ဒီကိုသာ လာတော့"

"ဖွဟဲ့ … မောင်ကလည်း ပေါက်ကရ"

အေးက ထမင်းချိုင့်ကို တစ်ဆစ်ချင်း ဖြုတ်။ ဓာတ်ဘူးထဲ မှ ရေနွေးငွေ့၊ ဖွန်းကလေးနှင့် ဟင်းကို နည်းနည်းချင်း လိုက်မြည်းကြည့်။

"အမယ် … မောင့်ကို အေးက အထင်သေးနေတာ၊ ကြည့် စမ်း … ချက်တတ်လိုက်တာ"

"မောင့် အစွမ်းချည်း မဟုတ်ရပါဘူးဗျာ၊ ဘေးခန်းက ဒေါ်ညွှန့်ရီတို့၊ မထွေးတို့လည်း ခိုင်းရပါသေးတယ်၊ ငါး ကိုင်ပေး တာ မအေးမြင့်၊ ငရုတ်သီး ထောင်းပေးတာက မခင်ဝင်း၊ ဆီသတ် တာက .."

"လုပ်တော့မယ် မောင်က၊ မမဝင်းရေ … ဟောဒါ အေး အမျိုးသားလေ၊ သူကိုယ်တိုင် ချက်လာတာတဲ့၊ စားကြည့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com


ဖနီးသည်က ပြောပြောဆိုဆို သူ့ခုတင်ရှေ့မှ ဖြူဖြူသွယ်သွယ် ကလေးမိခင်တစ်ယောက်ကို မိတ်ဆက်ပေးသည်။ သူ့မှာလည်း သူ့ညှော်သည်တွေနှင့် သူ။ လုံးလည်လိုက်နေသည်။

"ဪ ... အေးအမျိုးသားလား၊ တော်သေးတာပေါ့၊ မမဝင်းတို့ဆို ညီမလေး ရှိနေလို့ တော်သေးတာ၊ အမျိုးသားက မချက်တတ်ဘူး"

အမျိုးသမီးထု၏ မျက်လုံးများက ကျွန်တော့်ထံ ရောက်လာကြသည်။ ဘာပဲဖြစ်ဖြစ် ရှက်သလိုလို ဖြစ်သွားရသည်က အမှန်။

"အေးကလည်း လုပ်တော့မယ်၊ လူတွေ ဝိုင်းကြည့်ကုန်ပြီ"

"အမယ် ... မောင်က ရုပ်ပါစတားတောင် ဖြစ်သေး၊ မမဝင်းက သိပ်သဘောကောင်းတာ၊ ညရေးညတာ သူပဲ ကူညီနေတာ"

မမဝင်း ဆိုသူက ပြုံးပြ၍ အလိုက်သင့် ပြုံးပြလိုက်ရသည်။

"ယောဒီဘေးခုတင်က မလှလှစိန်တဲ့၊ ရန်ကင်းမှာ နေသတဲ့"

"တစ်ညတည်းနဲ့ တော်တော် သိနေပါလား အေးရ"

အေးအကြောင်း ကျွန်တော် သိသည်။ စပ်စပ်စုစု မေးတတ်မြန်းတတ်သည်။ ခင်တတ်မင်တတ်သည်။ အခုလည်း တစ်ညတည်း အိပ်ရသေးသည်။ ပတ်ဝန်းကျင်နှင့် ရင်းနှီးနေပြီ။

"ဪ ... တစ်ညတည်းပေမဲ့ ဘယ်သူမှ မအိပ်ကြဘူး မောင်ရဲ့၊ မိန်းကလေးသဘာဝကိုက တစ်ယောက်နဲ့တစ်ယောက် စပ်ကြစုကြကိုး"

"ဆိုစမ်းပါဦး"

"ဟိုဘက်ထိပ် ထောင့်က မိန်းမကတော့ အထာနဲ့ သိလား၊ ခပ်ကျောကျောနဲ့၊ နေဦး ... တိုက်ရိုက် သွားမကြည့်နဲ့ဦး၊

www.burmeseclassic.com

www.burmeseclassic.com



ဖြည်းဖြည်းချင်း ကြည့်၊ သူက ဘယ်သူ့ကိုမှ မရောဘူး၊ ကြွားတာလည်း အရမ်းပဲ"

မျက်လုံးကို ဝင့်ကြည့်လိုက်ရသည်။ ခေတ်မီအသုံးအဆောင်များနှင့် တန်ဆာဆင်ထားသော သူ့နေရာကလေးမှာ ဆေးရုံတက်နေသည်နှင့် မတူ၊ ပျော်ပွဲစား ထွက်လာသလားဟု ထင်မှတ်ရသည်။ လူနာကလေးငယ်ကို အိမ်ဖော်နှင့် တူသူက ပွေ့ချီထားသည်။ သူမကမူ ဝတ္ထုတစ်အုပ်ကို ဟန်အပြည့်နှင့် ဖတ်နေသည်။

"တကယ့်ကို သနားဖို့ကောင်းတာက မောင့်နောက်က"

မောင့်နောက်က ဆိုလို့ နောက်ဘက်သို့ လှည့်ရသေးသည်။ ဘယ်သူ့ကိုမှ မတွေ့။ ခုတင်ကလေးပေါ်တွင် ပုဆိုးအနွမ်းပိုင်းကလေး အုပ်ထားသော ကလေးငယ်တစ်ဦး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။ ကလေးကား ပိန်လွန်းလှသည်။ သို့သော် ဖြူဖြူဖွေးဖွေးကလေးနှင့် ချစ်စရာ။

ရေချိုင့်ဟောင်းကလေး တစ်လုံး၊ ဆေးပုလင်း နှစ်လုံးတွင် ဆေးပြားအချို့ကို မြင်ရသည်။

မတ်ခွက်ဟောင်းကလေး တစ်လုံး၊ ရေပုလင်း ဖြစ်ဟန်တူသော ပုလင်းထဲတွင် ရေ မရှိ။

"ကလေးပဲ တွေ့ပါလား"

"ဟုတ်တယ်၊ အဲဒါ ပြောမလို့၊ သူ့အမေက အဝတ်အင်္ကျီလျှော်သွားလျှော်တယ်"

"ဘယ်လို"

"အဝတ် လျှော်တာလေ၊ တခြား လူနာတွေရဲ့အညစ်အကြေးတွေ ဘာတွေ လျှော်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ကွာ၊ တစ်ဖက်တစ်လမ်းက သူ့ဝင်ငွေ သူ ရှာတာပဲ၊ သနားစရာမှ မဟုတ်တာ"

"မဟုတ်ဘူး မောင်၊ သူ့ဝင်ငွေ သူ ရှာတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ရှာပြီးရင် ရတဲ့ ပိုက်ဆံကို မုန့် ဝယ်စားပစ်သတဲ့၊ ရုပ်ရှင် သွားကြည့်ပစ်သတဲ့"

"ဟဲ့ ... ကလေးကို ဆေးရုံမှာ ထားပြီး ရုပ်ရှင်သွားကြည့်ပါ့မလားကွာ"

"အေးလည်း မသိဘူး၊ ဘေးက အစ်မတွေ ပြောတာပဲ၊ ပြီးတော့ ဆေးရုံအောက်က ဈေးတန်းကို ခိုင်းရင်လည်း သွားသတဲ့၊ တစ်ခါခိုင်း ပြားငါးဆယ်"

"ပြားငါးဆယ်တော့ တန်ပါတယ်ကွာ၊ မောင်တောင် တက်လာရတာ ညောင်းတယ်"

"ညကလည်း ၁၀ နာရီထိုးမှ ပြန်လာတယ်၊ အခန်းထဲက အားလုံးက ညည်းကလေး ထားပြီး ဘယ်သွားနေတာလဲ ဆိုတော့ သူက အေးအေးဆေးဆေးပဲ လမ်းသွားလျှောက်တာတဲ့လေ"

"အို ... ကျုပ်မပြည့်ဘူးလားကွာ"

"ဘယ်ဟုတ်မလဲ၊ ကောင်မလေးကိုက တစ်မျိုးနဲ့ တူပါတယ်၊ ပြီးတော့ မောင် တွေ့ရင် အံ့သြသွားမယ်၊ ကလေးအမေသာ ဆိုတယ်၊ မောင် ယုံမှာ မဟုတ်ဘူး"

"တကယ့် ငယ်ငယ်လေး"

ထိုနေ့က ပြန်သာလာရသည်။ တကယ့် ငယ်ငယ်လေး ဆိုသော သူမကို မတွေ့ခဲ့ရ။ ကျွန်တော် ပြန်လာတော့ မှောင်မည်နေပြီ။ ကလေးငယ်ကား အိပ်ပျော်ဆဲ။ မိခင် မရှိမီ သဘာဝများ

www.burmeseclassic.com

www.burmeseclassic.com



က နှစ်ခြိုက်စွာ အိပ်ပျော်စေရန် သိပ်ထားလေရော့သလားဟု တွေး နေမိသည်။

ထိုညက မိုးကြီးချုပ်မှ အိမ်ရောက်သည်။

(၃)

သည်နေ့ ဆေးရုံ မသွားမီ ဟီးနိုးဂိတ် လဟာပြင်ဈေးမှ မုန့်ဘူး နှစ်ဘူး ဝင်ဝယ်သည်။ ဇနီးသည်ဖို့ရော သားစားဖို့ပါ ကိတ်မုန့် နှစ်လုံး ထပ်မံ ဝယ်သောအခါ ထမင်းချိုင့်က တစ်ဖက်၊ မုန့်အိတ်က တစ်ဖက်နှင့် မနိုင်မနင်း ဖြစ်နေရသည်။

နံပါတ်(၈)ဟီးနိုးပေါ် ရောက်မှ ပြန်ဆင်း၍ သီးသန့်ကား ပေါ် ပြန်တက်ရသည်။ ဆေးရုံ ရောက်တော့ အေးက ရေချိုးခန်းမှာ အဝတ် သွားလျှော်နေသည်။ ခဏ ထိုင်စောင့်နေရင်း သားငယ်ကို ကြည့်နေမိသည်။ အရုပ်တစ်ရုပ်နှင့် အလုပ်ရှုပ်နေသော သားငယ်ကား ကျွန်တော် လာသည်ကိုပင် မသိကျိုးကျွံ။ မျက်နှာကလေး ပြန်ပြည့် လာသော သားငယ်ကို ကြည့်ရင်း သားသမီးများအပေါ် မိဘတို့၏ ကျေးမွေးမပျက်၊ ဆောင်ရွက်စီမံရသည့် အဖြစ်ကို တွေးနေမိသည်။

"လေထဲ ဆောက်တဲ့ တိုက်ကလေးနဲ့များ အကြိုက်ပေး တဲ့စကား ကျွန်မကို ထားမတဲ့ သူ လှည့်စား"

ကျွန်တော့်နောက်မှ သီချင်း ဆိုရင်း အပြေးကလေး ဝင် လာသော လူရိပ်ကို တွေ့ရသဖြင့် အတွေးစ ပြတ်သွားသည်။ မိန်း ကလေး တစ်ဦး။ တကယ့် ငယ်ငယ်လေး။ ဇနီးသည် ပြောသော တကယ့် ငယ်ငယ်လေးကား သူမပင် ဖြစ်ရမည်။ ဆံပင်က ကုပ်ဝဲ ဖြစ်သည်။ အင်္ကျီလက်တို ဘေးခွဲနှင့် ယောကျ်ားလေးလို ဝတ်ထား

www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ ကြွပ်ဆတ်ဆတ် မာကျောကျောဟန်ကလေးနှင့်မို့ ပိုမို သွက်လက်သလို ထင်ရသည်။ လက်ထဲတွင် ရေညှစ်ပြီးသား အနီးစများကို ကိုင်ရင်း ပတ်ဝန်းကျင် မည်သူ့ကိုမျှ အရေးမထားသည့် ဟန်ဖြင့် အဝတ်စများကို ပြတင်းပေါက် ဘောင်ပေါ်သို့ တင်ထားကာ ကြိုးတန်းပေါ်သို့ တစ်ထည်ချင်း ယူလှမ်းနေသည်။ ဝေဒနာရှင် ကလေးငယ် တစ်ဦး၏ မိခင်နှင့် မတူ။ ပြဇာတ် ကနေသော မင်းသမီး တစ်ဦးနှင့် တူနေသည်။ အမူအယာက သွက်လက်ချက်ချာနေသည်။ အိပ်ပျော်နေသော ကလေးအား ကုန်း၍ နမ်းလိုက်ရင်း …

"မေ့သမီးလေး အိပ်လိုက်တာတော်၊ အိပ် … အိပ် … သမီးရေ၊ မေမေ သွားရဦးမယ်"

ကျွန်တော့်ရင်ထဲ ကျဉ်သွားသည်။ စိတ်မကောင်းခြင်းများစွာလည်း ဖြစ်ရသည်။

ကျွန်တော် ဆေးရုံသို့ လာတိုင်း သူမ မရှိ။ သူမကို တွေ့ရသည် မရှိ။ အိပ်ပျော်နေသော ကလေးကိုသာ တွေ့ရသည်က များသည်။ ယခုလည်း သူမ သွားစရာ ရှိနေသည် ဆိုလာသောအခါ ရင်ထဲမှာ တင်းသွားရသည်။ သို့သော် မိမိနှင့် ရင်းနှီးသူ မဟုတ်။ စိတ်ကို အသာလျှော့ချရသည့် အခိုက်မှာပင် ဘေးမှ အမျိုးသမီးတစ်ဦးက လှမ်းမေးသည်။

"ယိမ်း … ဒါက ဘယ်လဲ၊ ညည်းဟာ တစ်မနက်လုံး အခုမှ တွေ့ရတယ်၊ အခုတစ်ခါ ထွက်ဦးမလို့လား"

ယိမ်း … ယိမ်းတဲ့လား။ သူကလေးနာမည် ဖြစ်သည်။ ရှားရှားပါးပါး အမည်။ သည်နာမည်မျိုးကို မည်သည့် မိခင်က ပြည့်ခေါ်ခဲ့သနည်း။ သူ မွေးဖွားရာ အရပ်၊ သူ့မိဘ၊ သူ့မျိုးရိုး၊ သူ့ဝတ်ဝန်း

www.burmeseclassic.com


ကျင်ကား အဘယ်နည်း။ အဘယ်သို့နည်း။ ထို့နောက် သူ့ကလေး ငယ်၏ ဖခင်။ မေးခွန်းပေါင်းများစွာ ရင်ထဲ၌ လှုပ်ခတ်သွားရသည်။

"မြို့ထဲ သွားမလို့၊ ပိုက်ဆံ သွားချေးမလို့၊ ကနေ့ ဆေးဝယ် ရမှာလေ"

မြို့ထဲမှာ ပိုက်ဆံ သွားချေးမလို့ ဆိုပါလား။ မြို့ထဲမှာ အသိမိတ်ဆွေ ရှိသည့် သဘောလား။ ဒါမှမဟုတ် ...။

"ဆေးက ဘယ်လောက်ကျလို့တုံး"

ကရုဏာသက်သွားဟန် ရှိသော အမျိုးသမီးက လှမ်း မေးသည်။

"ဆယ့်ရှစ်ကျပ်တောင်၊ ယိမ်းမှာက ရှစ်ကျပ်ပဲ ရှိတာ မမရဲ့"

"မြို့ထဲ သွားချေးတော့ ရပါ့မလား"

"ထင်တာပဲ၊ ဒီမှာ ရှိတဲ့ ရှစ်ကျပ်ကလည်း အကြွေး လိုက် သိမ်းရဦးမှာ"

သူက အကြွေးလိုက်သိမ်းရဦးမှာ ဆိုသည်မှာ ဟိုက ခိုင်း၊ ဒီက ခိုင်း၊ အဝတ်လျှော်ခကလေးတွေ လိုက်စုရဦးမှာကို ဆိုလိုဟန် တူသည်။ ထိုစဉ်မှာပင် အေးက ရေစိုဖြင့် ပြန်ဝင်လာသည်။

"မောင် ရောက်နေတာ ကြာပြီလား"

ရေစိုအဝတ်များကို ခံပေါ် တင်ရင်း မေးသည်။

"မမအေးက လုပ်တော့မယ်၊ ယိမ်းကိုတော့ မခိုင်းဘူး၊ ပိုက်ဆံ နှမြောလိုက်တာ အရမ်းပဲ"

ယိမ်းက လှမ်းပြောခြင်း ဖြစ်သည်။

"မမ နိုင်တဲ့ အလုပ်မို့ပါကွယ်၊ နောက် ခိုင်းမှာပေါ့"

"ဆေးဖိုး လိုနေတာ မမအေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် မနေသာတော့။

''လိုတဲ့ ဆေးဖိုး အစ်ကို ပေးမှာပေါ့၊ ဘာမှ မပူနဲ့၊ ဒါပေမဲ့ ကလေးတော့ ဂရုစိုက်ဦးမှပေါ့၊ ကလေးက ရောဂါ ဖြစ်နေတဲ့ကြား က မအေက အနားမှာ မရှိတော့ ဘယ်ကောင်းမလဲ''

ယိမ်းက ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

''သမီးအနားမှာပဲ နေရင် ယိမ်းရော သမီးပါ ငတ်သွား မှာပေါ့''

မျက်လုံးများစွာက ယိမ်းကို ကြည့်နေကြသည်။ နားများက ယိမ်း၏အသံကို နားစွင့်နေကြသည်။

ကျွန်တော်ကိုယ်၌ပင် တွေတွေကလေး ဖြစ်သွားရသည်။

''မိဘဆွေမျိုးတွေကော မလာကြဘူးလား၊ စားဖို့သောက် ဖို့ကော''

ယိမ်း မျက်နှာကလေး တည်သွားသည်။ ဆံစ မျှင်မျှင် ကလေးများကမူ နော့နော့ကလေး လွင့်ပျံနေသည်။ အပြစ်ကင်းစင် သည့် မျက်နှာကလေးပေါ်တွင် သောကလှိုင်းရိပ်များ စွန်းထင်းပေ လူးသွားသည်။

''ယိမ်းတို့က နယ်ကပါ၊ သမီးလေးနဲ့ ရန်ကုန် ရောက် လာတာ မကြာသေးပါဘူး၊ ကမာရွတ်က ဒေါ်ကြီးကတော့ တစ်ခါ တစ်ခါ လာပါတယ်''

အေးက အဝတ်စိုများ လှမ်းစမို့ ခုတင်ဘေးက ခုံလွတ်မှာ ဝင်ထိုင်သည်။

''မောင်က ယိမ်းနဲ့ စကားကောင်းနေတာလား၊ ယိမ်း ကနေ ဘယ်မှ မသွားနဲ့၊ မမတို့နဲ့ ထမင်းစား ကြားလား''

www.burmeseclassic.com

www.burmeseclassic.com



"မမရယ် ယိမ်းလည်း ဘယ်သွားချင်ပါ့မလဲ၊ အစ်ကိုက ဆေးဖိုး ပေးမယ်၊ မမက ထမင်းကျွေးမယ် ဆိုတော့ ယိမ်း အား နာတယ်"

ကျွန်တော် တစ်ဆယ်တန် ငွေစက္ကူတစ်ချပ်နှင့် မုန့်ထုပ် တစ်ထုပ် ခွဲဝေပေးလိုက်သည်။ ယိမ်းက မျက်ရည်စများ လိမ်းကျံနေ သော မျက်ဝန်းများကို မမြင်နိုင်စေရန် ခေါင်းကလေးကို ငုံ့ထားသည်။

"ကျေးဇူးတင်ပါတယ် အစ်ကို၊ ကမာရွတ်က အဒေါ် ဆိုတာ ကလည်း တကယ်တော့ ဘာမှ တော်တာ မဟုတ်ပါဘူး၊ ပြီးတော့ သူကိုယ်တိုင်ကလည်း ဆင်းရဲပါတယ်"

"ယိမ်းမှာ မိဘတွေကော ရှိသေးလား"

အေးက ကရုဏာသက်စွာ မေးသည်။

"မရှိတော့ဘူး မမ၊ ရွာမှာက အစ်မဝမ်းကွဲ တစ်ယောက် တော့ ရှိတယ်"

"ယိမ်း ရန်ကုန် ရောက်လာတာက"

"ရန်ကုန် ရောက်လာတာ သူ့အဖေ(ကလေးဘက် ငဲ့ပြ သည်)နဲ့ပါ"

"သူ့အဖေကော ဒီမှာ မရှိဘူးလား၊ နယ်မှာလား၊ လာတာ မတွေ့လို့"

"သေသွားပြီလို့ ပြောပါတော့"

ကျွန်တော် အံ့ဩစွာ မော့ကြည့်မိသည်။ ယိမ်းက ရိပ်မိ သွားသည်။

"ဟုတ်တယ် အစ်ကိုရဲ့၊ သေသွားပြီလို့ပဲ ယိမ်း မှတ်ထား တယ်၊ ယိမ်းတို့ သားအမိနှစ်ယောက်ရဲ့ ဘဝထဲမှာ သူ သေသွားပြီ

www.burmeseclassic.com

www.burmeseclassic.com


ပေါ့၊ အခြား တစ်နေရာမှာတော့ ရှင်ချင် ရှင်နေမှာပေါ့လေ ဟင်း… ဟင်း…"

"ယိမ်းရယ် သမီးလေး ရှိပါသေးတယ်"

"ဘာဖြစ်သလဲ မမရယ်၊ သမီးလေး ကြီးလာရင်လည်း နင့်အဖေ သေပြီပေါ့၊ မဆန်းပါဘူး"

သူ မဖြေချင်တာမှန်း သိ၍ ဆက်မမေးတော့။

သို့သော် မေးချင်တာလေး တစ်ခုကိုတော့ ရအောင် မေး လိုက်ရသေးသည်။

"ယိမ်းလို့ ဘာဖြစ်လို့ မှည့်တာလဲ"

"အမေက ယိမ်းမင်းသမီးလို့ ပြောတယ်၊ ပြီးတော့ လှလည်း လှသတဲ့၊ သူ့ဘဝကို သူ မြတ်နိုးလို့လား မသိဘူး၊ ယိမ်းလို့ ပေးသွား တာပဲ"

"နေပါဦး ယိမ်းရယ်၊ မေးပါရစေဦး၊ ဆေးရုံက ဆင်းရင် ဘယ်မှာ နေ၊ ဘာ လုပ်စားမှာလဲ"

အေးက မိန်းမသားပီပီ ရှေ့ရေးကို တွက်တွက်ဆဆ ရှိပုံ ရသည်။

"ရွာပြန်ရမှာပေါ့၊ ဒါပေမဲ့ ယိမ်း ရွာကို မပြန်ချင်ဘူး"

"အို … မပြန်လို့ ဘယ်ဖြစ်မလဲ၊ ပြန်ပါ ယိမ်းရယ်"

"ယိမ်း နေတတ်ပါတယ်"

အေးက ဘာမှတော့ ပြန်မပြော။ ကျွန်တော်ကမူ စိတ် နောက်ကျူနေသည်။ မေးခွန်းများစွာ စေ့စေ့ငုငု မေးချင်သည့်တိုင် မမေးနိုင်တော့။

"ကဲ … ထမင်းစားရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ယိမ်းက သူ့နေရာသို့ ပြန်သွားသည်။ ဇနီးက ယိမ်းဖို့သတ်သတ် ခူးသည်။

"မောင်ပါ စားလိုက်ပါလား"

"မောင် မဆာသေးပါဘူးကွယ်"

အေးက ထမင်းကိစ္စ အလုပ်ရှုပ်နေစဉ် ဆေးရုံအပေါ်ထပ် ပြတင်းဝမှ ပတ်ဝန်းကျင်ကို လှမ်းကြည့်နေမိသည်။ ဟိုးအောက်မှာ လူသေးသေးကလေးတွေ သွားလာနေကြသည်။ ယိမ်း၏ဘဝကိုလည်း ငှက်ကြည့်အသွင် ရိပ်ခနဲ တွေ့ခဲ့ရသည်။ ယိမ်းဘဝကား သေးနုပ်ရုံမက မှုန်ဝါးမှိုင်းဝေနေသည်။

သည်လိုနှင့် အေး ဆေးရုံမှာ နေစဉ် တစ်ပတ်အတွင်း ယိမ်းနှင့် ထိတွေ့နေရသည်။ ယိမ်းဘဝကို နားလည်ခွင့် ရနေရသည်။ တစ်ခါတစ်ခါ တစ်နေ့လုံး မရှိ။ တစ်ခါတစ်ခါ ရုပ်ရှင်ကြည့်ချင်ကြည့်နေတတ်သည်။ သမီးလေးနှင့် ချော့မြူနေတတ်သည်လည်း ရှိသည်။ ဈေးတစ်ခါ ခိုင်း ပြားငါးဆယ်နှင့် အပြေးအလွှား ဝယ်နေသည်လည်း ရှိသည်။ သားငယ် နေမကောင်းသဖြင့် ဆေးရုံက ဆင်းသည့်နေ့က ယိမ်း ငိုသည်။ အေးက ယိမ်းဖို့ ထဘီ နှစ်ထည်၊ ကလေးအင်္ကျီလေးထည် ပေးသည်။ ကျွန်တော်က နှစ်ဆယ်တန် တစ်ချပ် ပေးသည်။ ယိမ်းက မျက်ရည်တို့ ဖြိုးဖြိုးဝေလျက်။

"ယိမ်း ... လိမ်လိမ်မာမာ နေနော်၊ လာလည်လို့လည်း ရတယ်၊ မြို့ပတ်ရထား စီးလာရင် ဂေါက်ကွင်းဘူတာမှာ ဆင်းမေးလိုက်ရင် ရတယ် သိလား"

ယိမ်းက ဆေးရုံအောက်အထိ လိုက်ပို့သည်။ ဆည်းဆာ ပျော့ပျော့ ရောင်စဉ်တန်းများပင် ကတ္တရာလမ်းပေါ်သို့ နှမ်းလျစွာ

www.burmeseclassic.com

www.burmeseclassic.com



ကျနေပြီ။ အငှားကားတစ်စီး ငှားပြီး ကားထွက်မည် ပြုသောအခါ ယိမ်း ကျန်ရစ်ခဲ့ရာ အပေါ်ထပ်သို့ မှန်းဆကြည့်လိုက်ရသေးသည်။ မရပါ။ ခန့်မှန်း၍သာ ရသည်။ ယိမ်း၏ ဘဝကိုပါ တစ်ဆက်တည်း မှန်းဆကြည့်မိသော်လည်း မရခဲ့ပါ။

ကျွန်တော်သည် အုတ်စက်ရုံ(၄)မှ ကုန်ချောဖြန့်ဖြူးရေးဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ နံနက် ၅ နာရီခွဲခန့်တွင် အလုပ်ရုံသို့ ရောက်ရပါသည်။ ၆ နာရီတွင် တစ်နေ့တာ ဖြန့်ဖြူးရမည့် အုတ် ခွဲတမ်းကို ယူပြီးလျှင် အလုပ်ရုံခွဲ(၃) ကုန်ချောဖြန့်ဖြူးရေးဌာနသို့ သွားရောက်ကာ ကားစာရင်း၊ လူစာရင်း စသည်တို့ကို ရယူရပါသည်။ ယနေ့လည်း ကုန်ချောတာဝန်ခံ အရာရှိထံမှ ခွဲတမ်း ရယူခဲ့ပြီးနောက် ပြင်ပအုတ်ကားများ တန်းစီထားရာ ကားတန်းကြီးဆီသို့ ကျွန်တော် ထွက်လာခဲ့ပါသည်။

"ဒီနေ့ ဆလက ၁၂ စီး ရမယ်၊ တိုကင်တွေ လာယူလှည့်ပါ"

"ပုဂ္ဂလိက ဘယ်နှစီး ရမလဲ ဆရာ"

"ပုဂ္ဂလိက အုတ်ခွဲတမ်းမှာ နှစ်ဦး ရမယ်၊ ဦးသုန္ဒရနဲ့ ဦးမောင်မောင်လွင်"

"ကျွန်တော်တို့ကား စီနီယာ တစ် ဆရာ"

"ကျွန်တော်တို့က နှစ်"

အုတ်ကားသမားများ ကျွန်တော့်ကို ဝိုင်းနေသည်။ ဒါကလည်း ထုံးစံ။ စင်စစ် အုတ်ကားများသည် ပြင်ပမှ ပုဂ္ဂလိကပိုင်ကားများ ဖြစ်သည်။ အုတ်၊ သဲ၊ ကျောက် သယ်ယူနိုင်သော ပက်လက်ထရပ်ကားများ ဖြစ်သည်။ ကားတစ်စီးတွင် လုပ်သား လေး၊ ငါးယောက်

www.burmeseclassic.com

www.burmeseclassic.com



ပါတတ်သည်။ ခရီးအနီးအဝေးအလိုက် ကားခ တောင်းရသည်။ ကားခ ဆိုသည်မှာလည်း သူတို့ပါးစပ်ထဲမှာ ရှိသည်။ အတည် မဟုတ်။ တောင်းချင်သလောက် တောင်းသည်။ များသောအားဖြင့် အုတ်ဝယ်ယူသောသူများမှာ ငွေကြေးပြည့်ဝသူများ ဖြစ်သဖြင့် ကားခဈေးကို ဆစ်မနေကြ။ ပေးကြသည်ချည်း။ ထို့ကြောင့်လည်း အုတ်ကားလောကသားအချို့ ငွေရှင်နေကြသည်။ ပင်ပန်းကြသလောက် ငွေကြေးရကြသည်။ ဖဲကလေး ရိုက်၊ အရက်ကလေး တစွပ်စွပ် သောက်နိုင်သူများလည်း ရှိသည်။ ကားသမားတိုင်း သည်လိုတော့ မဟုတ်။ သို့သော် အများစုကား သည်ပုံစံ။

"ဆလက ကားသုံးစီး အရင်စာရင်း ပေးပါ"

ကားအမှတ်စဉ် ကားနံပါတ်များနှင့် ဂိတ်ဝင်ခွင့်၊ ပစ္စည်းတင်ဆောင်ခွင့် ပြေစာများ ထုတ်ပေးလိုက်သောအခါ လုံခြုံရေးဝန်ထမ်းများက ကားများ ဝင်နိုင်ရန် ဂိတ်တံခါးမကြီးကို ဖွင့်ပေးသည်။ ထုံးစံအတိုင်း ယာဉ်ပေါ် ပါသည့် လူပို၊ ပစ္စည်းပိုများ ပါမပါ စစ်ဆေးသည်။

ကျွန်တော်က ကုန်ထုတ်ပြေစာများကို ထုတ်ယူမည့်သူများအား ထုတ်ပေးဆဲ လုံခြုံရေးဝန်ထမ်းက လာပြောသည်။

"ဆရာ ··· ဒုတိယကားပေါ်မှာ မိန်းကလေးတစ်ယောက် စက်ရုံထဲ ကားနဲ့ ဝင်မလို့တဲ့၊ ဂိတ်ပတ်ထဲမှာ မပါဘူး"

"ဂိတ်မှာပဲ ထိုင်ခိုင်းထား၊ မဝင်စေနဲ့၊ ကား ပြန်ထွက်လာမှ ပြန်လိုက်လို့ ပြော"

"ကျွန်တော် ထိုင်ခိုင်းထားတယ်၊ ကျွန်တော့်ဂိတ်ထဲမှာ"

ကျွန်တော်က ခေါင်းကိုသာ ညိတ်ပြလိုက်သည်။ ဒါမျိုးက မဆန်း၊ ကားပေါ်က ဒရိုင်ဘာဘေးတွင် မိန်းကလေးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ပါခြင်း ဆိုသည်မှာ ကားလောကတွင် ထူးခြားသည် မဟုတ်။ ဒုတိယ အကြိမ် ကားများ သွင်းရန် ဂိတ်မှ ထွက်လိုက်သောအခါ လုံခြုံရေး ဂိတ်ရှေ့ ထိုင်ခုံတွင် မိန်းကလေးတစ်ယောက် ဝင်ထိုင်နေသည်ကို တွေ့ရသည်။ နံနက်ခင်း နေခြည်နုနုအောက်တွင် သန့်စင်လတ်ဆတ် နေရမည့်အစား နွမ်းလျနေသည့် အလှမျိုးနှင့် ဖြစ်သည်။

ဆံပင်ကို ချရားပွင့်သဏ္ဌာန် ကောက်ထားသည်။ နှုတ်ခမ်းနီ(အညိုရောင်ရင့်ရင့်) ဆိုးထားသည်။ မျက်လုံးများကား ဖန်နေသည် ထင်ရသည်။ မျက်လွှာကိုကား ငိုက်ချထားသည်။ စောစောစီးစီး အုတ်ကားပေါ်တွင် ပါလာသည့် မိန်းမလှလေးများကို မကြာခဏ မြင်ဖူးသော်လည်း သူကလေးကား အလှဆုံးဟု ဆိုရမည်။ သူမက စက်ရုံဘက်မှ ထွက်လာတော့မည့် ကားများကို မျက်လွှာပင့်ကြည့်လိုက်သည်။ သွက်လက်ချက်ချာသော၊ ဝင်းဖန့်ကြည်လင်သော မျက်နှာကလေးကို တစ်ပြည့်တဝ တွေ့ရသည့်အခါ…

"အို … ယိမ်း"

နှုတ်မှ ထွက်သွားသည် မဟုတ်။ ရင်ထဲက ခေါ်လိုက်ခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေ သူမကိုယ်တိုင်ပင်လျှင် ကျွန်တော့်ကို တွေ့မြင်ပြီး ဖြစ်ပေလိမ့်မည်။ မခေါ်ချင်၍ နှုတ်မဆက်ချင်၍သာ ရှိရလိမ့်မည်။ ကျွန်တော်၏ရင်၌ ဆူဝေသွားသည်။ ဘာပဲဖြစ်ဖြစ် မေးခွန်းပေါင်းများစွာ မေးကာ သူမဘဝကို စောကြောချင်သေးသည်။

"ယိမ်း ဆေးရုံက ဆင်းပြီးတော့"

"သမီးကလေးကကော"

"ရွာကို မပြန်ဘဲ ဒီမှာ"

"အဆင်ပြေရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



''အိမ်ထောင်ပြုလိုက်တာလား''

''ဘာလုပ်စားနေလဲ''

''အခု အုတ်ကားပေါ်''

သူ့ရှေ့မှာ ဖြတ်လျှောက်ရမှာကို ဝန်လေးနေမိသည်။ ထို့ကြောင့် ရုံးခန်းတွင်းသို့ ပြန်ဝင်လိုက်ရသည်။ ထိုစဉ် စက်ရုံတွင်းမှ ကားများ ထွက်လာသည်။ ကျွန်တော်သည် ရုံးခန်းတွင်း မှန်ပြတင်းဝမှ ကြည့်နေမိသည်။ ကားခေါင်းထဲသို့ ယိမ်း တက်သွားသည်ကို မြင်နေရသည်။ ဒရိုင်ဘာက ယိမ်း၏ပါးကို ချစ်စနိုး လိမ်လိုက်သည်ကိုပါ တွေ့နေရသည်။

ဒုတိယအသုတ် ကားများ ဝင်ပြီးသွားသည့်တိုင် ကျွန်တော်သည် တစ်စုံတစ်ခုကို ပြင်းထန်စွာ ခံစားနေရသည်။ ဆေးရုံမှာ တွေ့၍ ခွဲခဲ့ရသည်ပင် နှစ်နှစ်ကျော်ကာလတော့ ရှိခဲ့ပြီ ထင်သည်။ သည်ကြားထဲ ယိမ်းနှင့် တစ်ခါမှ မတွေ့ရ။ လိပ်စာ ပေးခဲ့သည့်တိုင် သူမသည်လည်း တစ်ခါတစ်ခေါက် မရောက်လာခဲ့။ သည် နှစ်နှစ်အတွင်းမှာပင် ဘဝမည်မျှ ယိမ်းခဲ့သည် မသိရ။

မည်သို့ပင်ဆိုစေကာမူ အေးကို ယိမ်းနှင့် တွေ့ခဲ့ရကြောင်း၊ ကျွန်တော့်ကိုပါ နှုတ်ဆက်ကြောင်း၊ အေးကိုလည်း ရှင်လန်းအားရ နှုတ်ဆက်ကြောင်း၊ အိမ်ထောင်ပြုသွားပြီ ဖြစ်ကြောင်း၊ သူ့သမီးကလေးပင် တော်တော်ကြီးနေပြီ ဖြစ်ကြောင်း အိပ်ရာဝင်စကားများ အဖြစ် ယနေ့ည ပြောပြရပါဦးမည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# မှိုင်းပြာရောင် လွင်ပြင်ကို ဖြတ်သန်းခြင်း

www.burmeseclassic.com

www.burmeseclassic.com

# မှိုင်းပြာရောင်လွင်ကို ဖြတ်သန်းခြင်း

(၁)

သားရေပတ်ပြား ပတ္တားလိုင်းသည် အထက်မှ အောက်သို့လည်းကောင်း၊ အောက်မှ အထက်သို့လည်းကောင်း လျင်မြန်သော အဟုန်ဖြင့် လည်ပတ်လျက်ရှိသည်။

စက်နှင့်အပြိုင် ရေပတ္တားလိုင်းပေါ်သို့ ကျောက်မီးသွေးတုံးကြီးများ တင်ပေးနေသော အာဘလူမောင်သည် ဘေးဘီကိုပင် မကြည့်အား။ ကျောက်မီးသွေးများကိုသာ အဆက်မပြတ် တင်ပေးနေသည်။ ပတ္တားလိုင်းအတိုင်း ပါသွားသော ကျောက်မီးသွေးတုံးများက ထိပ်ဆုံးသို့ရောက်သည်နှင့် သံဆန်ခါ ကြိတ်စက်ကြီးထဲသို့ ဝုန်းခနဲ ဝုန်းခနဲ ကျသွားသည်။ ကျယ်လောင်သော ကျောက်မီးသွေး ကျသံကြောင့် ကျောက်မီးသွေးကြိတ်စက် ပတ်ဝန်းကျင်တွင် ဆူညံနေသည်။ ဆူညံနေသည့် အသံများ ကြားကပင် သူ့အာရုံတွင် အသံတစ်ခုကို ကြားလိုက်ရသည်။

"ဗျို့ ... အာဘလူမောင် မနားသေးဘူးလား၊ ထမင်းစားဆွဲတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားဆွဲတော့မယ် ဆိုသည်မှာ ထမင်းစားဥသြကို ဆိုလိုခြင်း ဖြစ်သည်။ သူ လှည့်အကြည့်မှာတော့ ခပ်လှမ်းလှမ်းတွင် ရပ်နေသော အလုပ်ရုံခွဲမှူး ရှိနေသည်။ လူငယ်တစ်ဦးပီပီ ချက်ချက်ချာချာ ရှိသည်။ မွန်မွန်ရည်ရည် ရှိသည်။

"ဟော ... ဆရာပါလား၊ ရေနွေးကြမ်းတွေ ရှိတယ်၊ မနားနိုင်သေးဘူး ဆရာရေ၊ ကနေ့ သုံးတန်လောက် ချမလားလို့"

"သုံးတန်လောက် ချတာလည်း ချတာပေါ့ဗျာ၊ ထမင်းလေး ဘာလေးတော့ အချိန်နဲ့ စားဦးဗျ၊ အသက်ကြီးပြီ မဟုတ်လား"

အသက်ကြီးပြီ။ သည်စကားစုကို အဘလူမောင် မကြားချင်ဆုံး။ အထူးသဖြင့် အသက်အကြောင်း မတွေးချင်။ သူ အလုပ်လုပ်နိုင်သေးသည်။ သူ့ကိုယ်သူ ယုံသည်။ ရုံးက ပင်စင်ဌာနမှာ သူ့အမည်တန်းစီဇယားတွင် ပါသည့်နေ့က အဘလူမောင် အိပ်၍ပင် မပျော်။ စား၍ပင် မဝင်။ ထိုနေ့က သူ့ဇနီး မပိုင်ကပင် မေးယူရသည်။

"ကိုလူမောင် ဘာဖြစ်တာလဲ"

အိမ်ရှေ့တွင် ငူတူတူ ထိုင်နေသော အဘလူမောင်သည် ဘာကိုမျှ မကြားတော့သလို အဝေးတစ်နေရာကို ငေးနေသည်။ မုန့်ရည်အိတ်ကို ကျောက်ပျဉ်ဖြင့် ဖိနေသော မပိုင်က သူ့ယောက်ျားကို နားမလည်နိုင်သလို ကြည့်လိုက်သည်။

"ဟိုလူကြီး"

"ဟော"

"တော် ဒီနေ့ ဘာဖြစ်လာတာတုံးလို့"

"ဘာမှ မဖြစ်ပါဘူးဟာ၊ ငါ့နာမည် ရုံးက ဘောမှာ တွေ့ခဲ့လို့"

www.burmeseclassic.com

www.burmeseclassic.com


"ဘာသဘောလဲ"

"ပင်စင်နီးတဲ့ လူတွေတဲ့ဟာ"

"အလိုတော် သူများတွေ ပင်စင် လိုချင်လို့မှ လျှောက်ကြသေးဆို"

"နင် မသိပါဘူးဟာ"

"မသိလို့ မေးတာပေါ့တော်၊ တော့်ဟာကလည်း"

"ငါ ပင်စင် မလိုချင်သေးဘူးဟာ"

သည်လို ဆိုတော့လည်း မပိုင် စိတ်မကောင်း။ သူ့ယောက်ျား အကြောင်း သူပဲ သိသည်။ နှစ်ပေါင်းများစွာ ဘဝ၏ကျဉ်းမြောင်းသော နေရာများကို သူနှင့်အတူ ဖြတ်သန်းခဲ့ရသူ ဖြစ်သည်။ ရိုးသားခြင်းမှ လွဲလျှင် သူ ဘာမျှ နားမလည်။ အလုပ်နှင့် ဘဝ၊ ဘဝနှင့် အလုပ်။ ခွေးရေယှက်တင် ပြုနိုင်သူ ဖြစ်သည်။

"ကိုလူမောင်ရယ် နှစ်ပေါင်း အစိတ်၊ သုံးဆယ် တော်လည်း လုပ်ခဲ့ပြီပဲ၊ သားတောင် လူပျိုကြီးဖားဖား ဖြစ်နေမှပဲ၊ အနားယူပါဦး တော်"

"ငါ အနားယူရင်"

"ဘာလဲ တော်က ဆင်းရဲမှာ စိုးလို့လား"

"ဆင်းရဲတာ ငါ မကြောက်ပါဘူး၊ ငါက အလုပ် လုပ်နေရတဲ့ ဘဝကို မစွန့်ချင်ဘူး"

"ကိုလူမောင်ရယ် တော့်ဥစ္စာ"

မပိုင် ပြောသလို ဆိုတော့လည်း ဟုတ်သလိုလို။ သည်စက်ရုံကြီး၊ သည်မိခင်ကြီး၏ ညှံ့သက်သော၊ နွေးထွေးသော ရင်ခွင်သည် ပြင်ပလောကသို့ အဘလူမောင် ပြေးမထွက်ချင်သေး။ အသွား

www.burmeseclassic.com

www.burmeseclassic.com



များသည် ယခုအခါ အကြည်ဓာတ် ကင်းမဲ့လျက်ရှိသည်။ နေပူ၊ ဆီပူဒဏ်ကြောင့် မည်းနက် ပိန်လှီနေသော ကရုဏာ လက်ချောင်းများသည် သား၏ ပညာရေးအတွက် ဆိုလျှင် ရွှေရည်ငွေရည်များပင် ထွက်အံ့နိုးနိုး။ တလောကတော့ မပိုင် အကြီးအကျယ် ဖျားသည်။ ဆိုင်ကလည်း မထွက်နိုင်ခဲ့။ ထိုအခါ အဘလူမောင်၏ လစာကလေးဖြင့် ခြစ်ခြစ်ခြုတ်ခြုတ် ဖြစ်ခဲ့ရသည်။ ခက်သည်က ချေးငွေကလည်း မကျသေးခြင်းပင် ဖြစ်သည်။ လ ၂၀ ဆပ်ခဲ့ရာ နောက်ထပ် ခြောက်လလောက် ဆပ်ရဦးမည်။ မပိုင် အကြော် ပြန်ကြော်နိုင်သည်မှာလည်း မကြာလှသေး။

"ဘယ်လောက်တောင် ကျလို့လဲ သားရဲ့"

"၄၀ လောက် ကျတယ် အဖေ၊ ဆရာမက ကျွန်တော် တစ်ယောက်တည်း ကျန်တော့တယ် ... တဲ့"

"မယူလို့ ရရင်လည်း မယူပါနဲ့လား သားရယ်၊ ကျောင်းစိမ်းပုဆိုး သားမှာ ရှိတယ် မဟုတ်လား"

"ဟာဗျာ ... မယူလို့ မရဘူး အဖေ၊ ကျွန်တော် ယူမယ်လို့ ပြောထားတာ မယူရင် ရှက်စရာကြီး"

"မဟုတ်သေးပါဘူး သားရယ်၊ မလိုအပ်လို့ မယူတာ ရှက်စရာ မဟုတ်ပါဘူး"

အဘလူမောင် ဖျောင်းဖျကြည့်သည်။ ညှိုးငယ်သွားသော သားငယ်၏ မျက်နှာရိပ်ကို သူ ခံစားနေရသည်။ သားမျက်နှာကို အညှိုး မခံချင်။ သား ပညာရေးတွင် အနှောက်အယှက် အဖြစ်မခံချင်။ မနက်ဖြန် အရေးပေါ်ချေးငွေ တင်ကြည့်ဦးမည်။ မရလျှင် တစ်ယောက်ယောက်ဆီက ... ။

www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထုသည် အားကောင်းလျက် ရှိလာပြီ။ ရေနံဆီမှန်အိမ်၏ မီးရောင်ပျော့ပျော့အောက်တွင် မပိုင်က မနက်အတွက် ပြင်ဆင်နေသည်။ အဘလူမောင် ပင့်သက်ကို ရှိုက်တင်လိုက်သည်။

(၃)

လူအောင် ကနေ့ ကျောင်းမတက်ချင်။ ကနေ့မှ မဟုတ်။ ခါတိုင်းလည်း တက်ချင်ခဲ့သည် မဟုတ်။ ကျောင်းကို စိတ်ကုန်နေတာ ကြာပြီ။ သူငယ်ချင်းတွေနှင့် ရောက်တတ်ရာရာ သွားချင်နေသည်။ ပေါ့ပါးသော လိစကလေး တစ်စလို လွင့်မျောနေချင်သည်။ အဖေကတော့ စာ ဆိုမှ စာ။ ကျောင်း ဆိုမှ ကျောင်း။ တတ်နိုင်သမျှ ဖြည့်ဆည်းပေးသည်။ သို့အော် လူအောင်ကလည်း ပါးသည်။ အဖေတို့ရှေ့မှာ မခုတ်တတ်သည့် ကြောင်။

"သားရယ် အဖေတို့ကို ကြည့်စမ်း၊ စက်ရုံထဲမှာ ကာယအားကို သုံးပြီး ပင်ပန်းတကြီး လုပ်နေရတာ ပညာရဲ့တန်ဖိုးကို မသိခဲ့လို့ပါ၊ အဖေတို့ ငယ်ငယ်က အခုလို လောကဓာတ်ကျောင်း မထွန်းကားခဲ့၊ ရှိတဲ့ကျောင်းတွေကိုလည်း မနေနိုင်၊ ပညာ သင်ဖို့ ငွေ ရှိမှ တင့်တယ်တဲ့ခေတ်၊ ဒီတော့ ကျောင်းနဲ့ အဖေတို့ ဝေးရတာ ဘာဆန်းလို့လဲ၊ အခု သားတို့ခေတ်မှာ ကိုယ့်စာ၊ ကိုယ့်ကျောင်း၊ ကိုယ့်ယဉ်ကျေးမှုတွေနဲ့ ကျောင်းတွေကလည်း အပြည့်၊ ဆရာဆရာမတွေကလည်း အပြည့်၊ ကြိုးစားစမ်းပါ သားရယ်၊ သား ဆိုတာ ဖအေထက် သာရတယ်ကွ မှတ်ထား"

အဖေက သည်သို့ ဆိုမြဲ ဖြစ်သည်။ လူအောင် အမေ့ကိုတော့ သနားသည်။ တတ်နိုင်သလောက်လည်း ကူညီချင်သည်။ သို့

www.burmeseclassic.com

www.burmeseclassic.com


သော် လမ်းထိပ်က အကြော်တဲသို့ သူ တစ်ခါမျှ မရောက်ဖူး။ သူ ရှက်သည်။ အကြော်သည်မသား အဖြစ် လူရှေ့မှာ ရပ်မပြချင်ပြီ။ ကျောက်မီးသွေး အလုပ်သမားနဲ့ အကြော်သည်မသား ဖြစ်ရခြင်းကို သူ့ဘဝသူ သုံးသပ်မိတိုင်း နာလှသည်။ အဆိုးရွားဆုံးက သူ့သတင်းများ ကျောင်းသို့ ရောက်တတ်ခြင်းပင်။ ဆရာမက လူအောင်ကို မကြာခဏ ဆုံးမသည်။ လူအောင် ဆင်းရဲမှန်း သိ၍ ကျောင်းလခလွတ် လျှောက်ခိုင်းသည်။ လူအောင်က မလျှောက်။

"ကျောင်းလခ ကျွန်တော် တတ်နိုင်ပါတယ် ဆရာမ"

"မဟုတ်သေးဘူး တပည့်၊ မင်း စဉ်းစားဦး၊ မင်းမှာ မိဘတွေက အိုလှပြီလို့ ဆရာမ ကြားတယ်၊ မင်းအိမ်မှာ ဘာမှ မလုပ်ဘူးဆို၊ နောက် မအေက ဈေးရောင်းတာတောင် မင်း ဝိုင်းမကူဘူးဆို၊ မင်း ကလေး မဟုတ်တော့ဘူး လူအောင်၊ ဒီခေတ်မှာ ရိုးရိုးသားသား ရှာဖွေစားသောက်တာ ရှက်စရာ မဟုတ်ဘူးကွ၊ မိဘမှန်း မသိတာ၊ လေလွင့်နေတာတွေသာ ရှက်ဖို့ ကောင်းတာ၊ မင်း ကြည့်စမ်း၊ စာမေးပွဲတိုင်းမှာ ကျတယ်၊ ကျောင်းက အိမ်စာ မှန်မှန် မလုပ်ဘူး၊ ဒီအတိုင်းဆို မင်း စာမေးပွဲကြီးမှာ အလားအလာ မကောင်းနိုင်ဘူး"

မသိ မဟုတ် သိသည်။ နားမလည် မဟုတ် နားလည်သည်။ သို့စဉ်လျက် လူအောင် ပြောင်းလဲမသွားခဲ့ပေ။

ဒုတိယခေါင်းလောင်းထိုးအပြီး စာသင်၍ အရှိန်ရနေဆဲပင် ကားတစ်စီး ကျောင်းဝင်းအတွင်း ဝင်လာသံ ကြားရသည်။ ကျောင်းသားကျောင်းသူများ၏ မျက်လုံးပေါင်းများစွာက ကားဆီသို့ စူးစမ်းကြသည်။ ကားစိမ်းစိမ်းကြီး၏ တံခါးဘေးမှာ စက်ရုံတံဆိပ်စာတန်း ထင်းခနဲ။

"စက်မှုကြွေမြေ၊ အုတ်စက်ရုံ အမှတ်(၃)"

www.burmeseclassic.com

www.burmeseclassic.com


ကားပေါ်က လူတစ်ယောက် ဆင်းလာသည်။ မှိုင်းပြာရင့်ရောင် အလုပ်သမား ဝတ်စုံကို ဝတ်ဆင်လာသော်လည်း အင်္ကျီက စုတ်ပြဲပေါင်းနွမ်းနေပြီ။ ကုပ်မှသည် ကျောပြင်နေရာသည် ဖြူဖွေးပါးလျနေပြီ။ လွတ်နေသော အသားစိုင်များက မည်းညစ်ပျော့တွဲလျက်။ ကျောက်မီးသွေးမှုန်များက ခေါင်းမှ ခြေ အထိ။

"ဒီအခန်းက ကိုးတန်းအခန်းလား ဆရာမ"

ဆရာမက ခေါင်းညိတ်ပြသည်။

"ကျွန်တော် ကိုးတန်းက မောင်လှအောင်ရဲ့ ဖခင်ပါ၊ ကျွန်တော့်သားနဲ့ ခဏ တွေ့ပါရစေ"

"ဪ ... ဟုတ်ကဲ့၊ မောင်လှအောင်ရေ ဒီမှာ မင်း အဖေ ရောက်နေတယ်"

လှအောင် တစ်ကိုယ်လုံး တောင့်တင်းသွားသည်ဟု ထင်မိသည်။ လည်ပတ်နေသော နွေးထွေးသည့် သွေးများ အေးစက်သွားသည်ဟု ထင်သည်။ အာရုံကြောအဖွဲ့အစည်းများ ထုံထိုင်းသွားကာ ခံစားမှု တဒင်္ဂ မဲ့သွားသည်ဟုပင် ထင်သည်။ ပြာဝေသော မျက်လုံးများက ရှက်ရွံ့စိတ်ဖြင့် ကျဉ်းမြောင်းသွားသည်။ အခန်းအပြင်ဘက်မှ ဝေးရာသို့ လျှောက်လာခဲ့သည်။

"အဖေ ဘာလာလုပ်တာလဲ"

"အဖေ ကျောက်မီးသွေးတိုက်ရင်း သားတို့ကျောင်းကို ဝင်ခဲ့တာလေ၊ ကျောက်မီးသွေးတွဲတွေ အင်းစိန်ဘူတာကို ရောက်နေတယ် သားရ၊ အဲဒါ စက်ရုံကို သယ်နေရတာ၊ မနေ့က သား ပြောတာလေ၊ ကျောင်းစိမ်းဖိုး ဆိုတာ အဖေ ရလာပြီ သား၊ စာရင်းပိတ်သွားပြီလား၊ ဆရာမကို အဖေ တောင်းပန်ပေးမယ်လေ"

www.burmeseclassic.com


"ဟာ … မပြောပါနဲ့၊ အဖေသာ ပြန်ပါဗျာ"

"ပြန်မှာပါ သားရယ်၊ သားက ရှက်လို့လား"

"အဖေက လာရင်လည်း အင်္ကျီလဲပြီးမှ လာရောပေါ့"

"ကျောက်မီးသွေး တိုက်ရတဲ့ အလုပ်သမားက အင်္ကျီပုဆိုး ကောင်းကောင်း ဝတ်လာလို့ ဘယ်ရမလဲ သားရဲ့၊ ဒါက တို့စက်ရုံ ယူနီဖောင်းပဲ၊ ဂုဏ်မငယ်ပါဘူးကွာ"

"ယူနီဖောင်းပေမဲ့ အစုတ်ကြီး ဆိုတော့"

"ယူနီဖောင်းအစုတ်ကြီးရဲ့တန်ဖိုးကို သား မသိသေးဘူးနဲ့ တူတယ်၊ သား ကိုးတန်း ရောက်လာတာ ဒီ ယူနီဖောင်းအစုတ်ကြီးရဲ့ ကျေးဇူးပဲ သား"

အဘလူမောင်က ပြောပြောဆိုဆို သားအနားမှ ထွက်လာခဲ့သည်။ လူအောင်သည် ငွေစက္ကူများကို ကိုင်၍ ခပ်ငူငူကြီး ကျန်ရစ်ခဲ့သည်။ အဖေ့ကျောပြင် ပြောင်မည်းမည်းကို စုတ်ပြတ်နေသော အင်္ကျီအောက်မှာ တွေ့ရသည်။ အဖေ ရပ်နေသော နေရာမှာ ကျောက်မီးသွေးမှုန်တွေက ဖိနပ်ရာအတိုင်း ထင်းခနဲ ကျန်ရစ်ခဲ့သည်။ အတန်းထဲ ပြန်အဝင်တွင်ကား ကျောင်းသားအားလုံးက ဝိုင်းကြည့်နေသည်။

"အဲဒါ မင်းအဖေလား မောင်လူအောင်"

"ဟုတ်ပါတယ် ဆရာမ"

"အေးကွယ် … ပင်ပင်ပန်းပန်းနဲ့ တပည့်ရဲ့ပညာရေးကို မိဘကောင်း ပီသစွာ ပံ့ပိုးနေတဲ့ မိဘရဲ့ဂုဏ်ကျေးဇူးကို နားလည်ပါကွယ်"

လူအောင် ဆရာမကို မော့ကြည့်လိုက်သည်။ ဆရာမ၏ ကရုဏာမျက်လုံးများကို သူ မမြင်ဖူးသလို စိုက်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com


ရှိန်းမြဆွတ်ပျံ့သော ခံစားမှုတစ်ခု ရင်ဝယ် တိုးထိသွားစဉ်မှာပင် အချိန် ပြောင်း ခေါင်းလောင်းထိုးသံ ကြားလိုက်ရသည်။

(၄)

အာဘလူမောင်သည် မိမိလက်တွင်းမှ စာကို မယုံနိုင်သလို ကြည့်နေမိသည်။ စာလာပေးသော ရုံးအကူဝန်ထမ်း လုလင်လှထွန်းကိုပင် ပြန်မေးယူရသည်။

"လူလေး မင်းများ မှားနေသလားကွယ်"

"မမှားပါဘူး အာဘရာ၊ ကျောက်မီးသွေးဌာနက ဦးလူမောင် ကိုယ်ပိုင်အမှတ် ၈၀၃၅၁၂ ဆိုမှပဲ အာဘပဲပေါ့"

"အေး ... အေး"

"ကဲ ... အေး ... အေး ဆိုရင် ဒီမှာ စာ ရကြောင်း လက်မှတ်ထိုး"

အာဘလူမောင်က စာ ရစဉ်ကပင် အစအဆုံး ဖတ်ပြီး ဖြစ်ပါလျက် ဖတ်၍ မဝနိုင်အောင် အကြိမ်ကြိမ် အထပ်ထပ် ဖတ်နေမိသည်။

*ဦးလူမောင်၊ ပညာသည် ထုတ်လုပ်ရေး အဆင့်(၃)၊ ကျောက်မီးသွေးဌာန၊ ကိုယ်ပိုင်အမှတ် ၈၀၃၅၁၂ သည် တစ်ဖက် ဖော်ပြပါ အစီအစဉ်များအရ ကျင်းပမည် ဖြစ်သော စက်ရုံမှူး၏ တီထွင်ကြံဆမှုနှင့် အထူး ကြိုးစားသော ဝန်ထမ်းများ ဂုဏ်ပြုပွဲသို့ မပျက်မကွက် တက်ရောက်ရန် ဖိတ်ကြားအပ် ပါသည်။*

www.burmeseclassic.com

www.burmeseclassic.com


စာပါ အကြောင်းအရာမှာ တိုတောင်းသော်လည်း အဘလူမောင်၏ ရင်တွင်း၌ ယိမ်းခါနေသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ မှသည် ယနေ့အထိ ပေးအပ်သော တာဝန်ကို ကျေခဲ့သည်ချည်း။ မရွံ့မဆိုင်း ဦးဆွေးဆံမြွေ အမှုထမ်းခဲ့သည်ချည်း။

၁၉၅၃ ခုနှစ် စက်ရုံဆောက်လုပ်ရန် မြေညှိစဉ်ကပင် အဘလူမောင် ပါဝင်ခဲ့သူ ဖြစ်သည်။

ထိုစဉ်က အုတ်စက်ရုံအမှတ်(၁) မဟုတ်သေး။ နိုင်ငံတော်အစိုးရ အုတ်နှင့် အုတ်ကြွပ်စက်ရုံ။ အုတ်ကြွပ်ပါ ထုတ်လုပ်ခဲ့သည်။ ထိုစဉ်က အဘလူမောင်သည် အုတ်ကြွပ် အတန်းအစား ရွေးရသူ ဖြစ်သည်။

ထို့နောက် အုတ်စက်များ တိုးချဲ့ဆောက်လုပ်ကာ ခေတ်မီစက်ကြီးများ၊ ခေတ်မီ မီးဖိုကြီးများဖြင့် ထုတ်လုပ်လာနိုင်သော်လည်း သူက သည်စက်ရုံမှာပင် လိုလိုချင်ချင် နေခဲ့သည်။ အဘလူမောင်တို့စက်ရုံက လွန်ခဲ့သည့် အနှစ် ၃၀ က ဆောက်လုပ်ခဲ့သဖြင့် စက်အရန်ပစ္စည်းများ မရနိုင်တော့ပြီ။ ထိုကုမ္ပဏီပင် နိုင်ငံခြားတွင် မရှိတော့။ တကူးတက မှာလျှင် ရနိုင်သော်လည်း စရိတ်က ကြီးသည်။ ထိုအခါ စက်ရုံမှ ပြည်တွင်းတွင် ရနိုင်သော အရန်ပစ္စည်းများကို တီထွင်ရသည်။ ဥပမာ ဓာတ်ရထား အရန်ပစ္စည်းများ၊ မီးဖို အရန်ပစ္စည်းများ၊ ပင်မအုတ်ထုတ်စက် အရန်ပစ္စည်းများ အားလုံးလိုလိုပင် ပြုပြင်ထိန်းသိမ်းရေး ဝန်ထမ်းများ၊ လျှပ်စစ်ဝန်ထမ်းများ၏ တီထွင်ကြံဆမှုမှ အသီးအပွင့်များ ဖြစ်သည်။

အဆိုးဆုံးက လောင်စာပြဿနာ။ အလုပ်ရုံခွဲ(၁) မီးဖိုများမှာ ကျောက်မီးသွေးသုံး မီးဖိုများ ဖြစ်သည်။ အစက်ချ မီးဖိုများ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com


သည်။ အဆိုင်းသုံးဆိုင်း လည်ပတ်နေသော မီးဖိုကြီးအတွက် အဆိုင်းအသီးသီး အသင့် သုံးနိုင်ရန် ကျောက်မီးသွေးမှုန့်များကို အာဘလူမောင်တို့ ကြိတ်ခွဲပေးရသည်။ ကြိတ်ပြီးသား အမှုန့်များကိုလည်း မီးဖိုကြီးပေါ် စက်ဖြင့် တင်ပေးရသည်။ တစ်ခါတစ်ရံ မီးသွေး ပြတ်သွားသည့်အခါလည်း ရှိသေးသည်။ ထိုအခါ ဆီကို လောင်စာအဖြစ် သုံးသောအခြား အလုပ်ရုံခွဲများသို့ လှမ်းမျှော်လို့က မဖြစ်။ ယခုအခါ ကျောက်မီးသွေးကို ပြည်တွင်းက ရသည်။ ယခင်က နိုင်ငံခြားမှ လာသောကျောက်မီးသွေးကို ထီးတန်းဆိပ်ကမ်းမှာ သွားသယ်ရသည်။ ပြည်တွင်း ကျောက်မီးသွေးကမူ ကလော-အောင်ပန်းဘက်က လာသည်။ တမူး-ကလေးဝမှလည်း လာသည်။ မုံရွာဘက်မှလည်း ရသေးသည်။ ဘယ်ကပဲ လာလာ အဘ လူမောင် သူ့တာဝန်ကိုသူ ကျေခဲ့သည်ချည်း ဖြစ်သည်။

အဘလူမောင်အဖို့ ဂုဏ်ပြုခံရသည် ဖြစ်စေ၊ ဂုဏ်ပြု မခံရသည် ဖြစ်စေ လုပ်သက်တစ်လျှောက် အပြစ်ကင်းစွာ ဖြတ်သန်းခဲ့သူဖြစ်သည်။ မကြာမီ သူ ပင်စင်ခံစားရတော့မည် ဖြစ်သည်။ သူ့ရင်ထဲမှာ တစ်ခုပဲ ရှိသည်။ သားကိစ္စ။ သားကို အဘလူမောင် အားကိုးသည်။ လူအောင်က အားကိုးရာ မရောက်။ ကြည့်။ သည်နှစ် စာမေးပွဲကျသည်။ ရည်းစားကလည်း ထားလိုက်ချင်သေးသည်။ ဂစ်တာ ဆိုတာလည်း တီးလိုက်ချင်သေးသည်။ ကျောင်းကိုလည်း ဟုတ်တိပတ်တိမတက်ချင်။ သည်နှစ် ကျတာတော့ မတတ်နိုင်ပြီ။ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရုံက လွဲလို့ သူ ဘာမျှ တတ်နိုင်သည် မဟုတ်။ နောက်နှစ်မှာ ပိုပြီး ကြိုးစားဖို့ပဲ လိုသည်။ ခက်သည်က သည်ကောင်က ကျောင်းစကား မပြောတော့ ခက်သည်။

www.burmeseclassic.com

www.burmeseclassic.com


"သား .... ကျောင်း ဆက်မတက်တော့ဘူး ဆိုရင် အဖေတို့ စက်ရုံမှာ အလုပ် ဝင်လုပ်ပါလား"

"အလုပ်ကြမ်း လုပ်ရမှာလား အဖေ"

"ဟ ... မင်း ၁၀ တန်း မအောင်ရင် အလုပ်ကြမ်းပဲ လုပ်ရမှာပေါ့ကွ၊ နောက်တော့လည်း အရည်အချင်းအလိုက် တက်သွားတာပေါ့၊ အဖေတို့စက်ရုံမှာ ဘွဲ့ရပြီးသား ကလေးတွေတောင် ကြုံရာ ဝင်လုပ်နေကြတာ ပြည့်လို့"

"အလုပ်ကြမ်းတော့ မလုပ်ချင်ဘူး အဖေရာ"

ဘုရား ... ဘုရား ...။ အဘလှမောင် ဘုရားတလိုက်မိသည်။ ရင်ထဲမှာ နင့်ခနဲ၊ စူးခနဲ၊ သိမ့်ခနဲ၊ ခါခနဲ ခံစားရသည်။

တစ်နေ့တော့ သား နားလည်အောင် သူ ကြိုးစားရဦးမည်။

ဂုဏ်ပြုအကြောင်းကြားစာကို ကိုင်ရင်း အဘလှမောင် ငိုင်နေသည်မှာ မည်မျှ ကြာသည် မသိ။ သတိ ပြန်ဝင်လာတော့ အောင်မောင်းပင် မီးသွေးချနေပြီ။

(၅)

မှိန်ဖျော့ဖျော့ခန်းမကြီးအတွင်းဝယ် နောက်ခံစားတမ်းကိုသာ မီးများများ ပေးထားသည်။ အောက်ခံအလုပ်သမားအပြာပေါ်တွင် ရွှေရောင်စာလုံးများက မီးရောင်ဖြင့် လှပနေသည်။ ငြိမ့်ညောင်းသော တေးသံက ခန်းမကြီး တစ်ခုလုံးကို ညှို့ယူ ဆွဲငင်ထားသည်။ ညီညာလှပစွာ ခင်းကျင်းထားသော စားပွဲဖြူဖြူကလေးများ၏ စားပွဲခင်း အနားစကလေးများက တလူလူ တလွင့်လွင့်။

www.burmeseclassic.com

www.burmeseclassic.com


ခမ်းနားကျယ်ပြန့်သော ခန်းမကြီး၏ စင်မြင့်တွင် ဆုများကို စီရရီ စီခင်းထားသည်။ အဘလူမောင်ပင် ခန်းမထဲသို့ ဝင်ရန် တွန့်နေသေးသည်။

"လာ ... သားကြီး"

လူအောင်က ကပ်ပါလာသည်။ ဤကဲ့သို့ ခမ်းနားထည်ဝါသည့် ဂုဏ်ပြုပွဲမျိုး လူအောင် မတွေ့ခဲ့ဖူး။ ကျောင်းသားတစ်ယောက်အဖို့ အဆန်းတကျယ် မြင်ကွင်းမျိုး ဖြစ်နေသည်ကား အမှန်။ ဂုဏ်ပြုခံ ဝန်ထမ်း တော်တော်များများ နေရာယူလျက် ရှိသည်။ ပြာမှိုင်းသော ဝတ်စုံများဖြင့် သစ်လွင်နေကြသည်။ အဘလူမောင်ပင် သစ်လွင်သော မှိုင်းပြာရင့်ဝတ်စုံကို အမြတ်တနိုး ဝတ်လာခဲ့သည်။ သေတ္တာထဲမှာ တယုတယ သိမ်းထားသော သည် တစ်စုံကိုတော့ အကြောင်းရှိမှ ဝတ်သည်။

"လာဗျို့ ... ဦးလူမောင်၊ ဪ သားပါ ခေါ်လာသလား"

"ဟုတ်ကဲ့ ဆရာ၊ သားကို မနည်း ရအောင် ခေါ်လာတာ၊ ကနေ့ အလုပ်သမားတွေရဲ့ ဘဝကို ပြချင်လွန်းလို့"

မကြာမီ အခန်းအနားမှူးက အစီအစဉ် စတင်ဖွင့်လှစ်ကြောင်း ကြေညာသည်။ တစ်ခန်းလုံး ငြိမ်သက်လျက်ရှိသည်။ လင်းလက်သော မီးပွင့်ရောင်စုံများသည်ပင် ငြိမ်သက်စွာ လှပနေသည်။ အခန်းအနားမှူး၏ ကြည်လင်သော အသံက ခန်းမအတွင်း ပျံ့နှံ့လျက်ရှိသည်။

"အခု ပထမဦးစွာ ချီးမြှင့်ခံရမယ့် ရဲဘော်ကတော့ ဘဝတူ အလုပ်သမားများ အတုယူဖွယ်ရာ ပေးအပ်တဲ့တာဝန်ကို မဆိုင်းမတွ ရှုပ်ရှုပ်ချွံချွံ တာဝန်ထမ်းဆောင်ခဲ့တဲ့ ကျောက်မီးသွေးဌာနက ကိုယ်ပိုင်အမှတ် ၈၀၃၅၁၂ ရဲဘော်လူမောင်ပဲ ဖြစ်ပါတယ်၊ စက်ရုံမှူးရဲ့

 www.burmeseclassic.com 

ဂုဏ်ပြုအထူးဆုကြီးကိုပါ ချီးမြှင့်မှာ ဖြစ်ပါတယ်၊ ရဲဘော်လူမောင် စင်မြင့်ပေါ်ကို ကြွပါ ခင်ဗျား''

ခါတ်ပုံ မီးပွင့်များ လက်လက်ထသွားသည်။ တစ်ခဲနက်သော ဩဘာသံများက ခန်းမကြီးပင် ပွင့်ထွက်သွားမလို ထင်ရသည်။ လူအောင်ပင် ကြက်သီးမွေးညင်းထသွားသည်။ ရင်တွင်း၌ တစ်ခါဖူးမျှ မခံစားဖူးသော ခံစားမှုတစ်မျိုးက ပုတ်နိုးလျက်ရှိသည်။ အဖေ့ကို တစ်ခါဖူးမျှ အထင်တကြီး မရှိခဲ့သော လူအောင်။ သည်တစ်ခါတော့ စင်မြင့်ပေါ်က အဖေ့ကို သနားကြင်နာစွာ ငေးမောကြည့်နေမိသည်။ ကျောက်မီးသွေးမှုန့်များကြားမှ အဖေ့ချွေးစီးကြောင်းများ၊ ကျောက်မီးသွေးရာ ယင်ကျန်ရစ်သော ဖိနပ်ရာ၊ ကျောက်မီးသွေး ဂေါ်ပြား ကိုင်ရဖန် များသဖြင့် မာကျောတင်းတောင့်နေသော လက်ဖဝါးများကို သူ မြင်ယောင်လျက်ရှိသည်။ သူ့အဖေသာမက ဆုရ အလုပ်သမားများ ဆုယူနေသည်ကိုပင် တငေးတမော ကြည့်နေမိသည်။

ကနေ့အလုပ်သမားတွေရဲ့ ဘဝဟာ ငါ ထင်သလို အောက်ကျနောက်ကျ မဟုတ်ပါလား။ ငါသာ တကယ့်ဘဝနဲ့ ဝေးနေတာ၊ အလုပ်သမားရဲ့သားဟာ အလုပ်သမားဘဝကို မမြတ်နိုးတတ်ရင် …။

တစ်ဦးပြီးတစ်ဦး ဆုလက်ခံယူနေကြသည်။ ထမင်းစားပွဲပြီးတော့ ညဥ့်နက်နေပြီ။ အိမ်အပြန်ခရီးတွင်ကား လူအောင်က အဖေ့ ဂုဏ်ပြုချီးမြှင့်လွှာကို တယုတယ ပိုက်ပွေ့လျက်။

(၆)

ရွှန်းပြက်သော လရောင်အောက်တွင် အဘလူမောင်၏ အိမ်စုကလေး ငြိမ်သက်လျက်ရှိသည်။ အဘလူမောင်သည် ထမင်းစားပြီးစမို့ အိမ်ရှေ့

www.burmeseclassic.com



ကွပ်ပျစ်ကလေးပေါ်တွင် အနားယူလျက်ရှိသည်။ ကနေ့ ကျောက်မီးသွေး သယ်ရတာကို ပင်ပန်းသည်ဟု ထင်သည်။ ရထားတွဲက နေ့တွက်နှင့် စောင့်ဆိုင်းခ ပေးရသည်မို့ တတ်နိုင်သလောက် မြန်မြန်သယ်ရသည်။ လူငယ်များက သူ့ကို ဦးစားပေးသော်လည်း သူ ထိုင်မနေချင်။ နိုင်သလောက် လုပ်သည်။ ကနေ့တော့ နေကလည်း ပူ၊ မီးသွေးကလည်း များသဖြင့် တစ်ကိုယ်လုံး ကိုက်ခဲနေသည်။ စိမ့်အေးသော လေပြည်ကလေး အနေ့ာမှာ အဘလူမောင် မှေးခနဲပင် ဖြစ်သွားသည်။ မပိုင်ကမူ ဘူးသီးချောင်းကလေးများကို စိတ်ရှည် လက်ရှည် လှီးဖြတ်နေသည်။ သစ်သား စဉ်းတီတုံးကလေးပေါ်သို့ ဓားကျသံက ညဥ့်ကို ပိုမိုပျင်းတွဲစေသည်။

"အဖေ"

လူအောင်က ဘူးစင်အောက် ထိုင်ခုံကလေးပေါ်မှာ ထိုင်ရင်း လှမ်းခေါ်သည်။ အဘလူမောင်ကမူ ငြိမ်သက်ဆဲ။

"အဖေ"

"ဘာလဲ ... သား"

မပိုင်က ဘူးသီး လှီးရင်းက လှမ်းမေးခြင်း ဖြစ်သည်။ အဘလူမောင်လည်း လွန့်လူးနိုးထလာသည်။

"ဘာလဲ ... သား"

"အဖေနဲ့ စကားပြောချင်လို့"

"ဟေ"

မပိုင်ကမူ သားအဖ စကားပြောသကို နားစွင့်ရင်း ဆေးလိပ်တို ကောက်ဖွာနေလိုက်သည်။

"သား ... အဖေတို့စက်ရုံမှာ အလုပ်လုပ်ချင်တယ် အဖေ"

www.burmeseclassic.com

အဘလူမောင် ဝုန်းခနဲ ထလိုက်သည်။ ကိုက်ခဲနေသော အကြောများ၊ အသွေးများပင် သက်သာသွားသလို ရှိသည်။

"ဘာ … သား အလုပ် လုပ်ချင်လို့ ဟုတ်လား"

"ဟုတ်တယ် အဖေ"

"အလုပ်ကြမ်း သား လုပ်နိုင်ပါ့မလား၊ နောက် ကျောင်းက တစ်ပိုင်းလက်စနဲ့"

"သား ညကျောင်းတက်ဖို့ စဉ်းစားထားတယ် အဖေ၊ သား အလုပ်ကြမ်း လုပ်နိုင်ပါတယ်"

"ဟုတ်ရဲ့လားကွာ"

အဘလူမောင်က သားဖြစ်သူကို မယုံကြည်နိုင်သလို စိုက်ကြည့်လိုက်သည်။ လရောင်က ဘူးရွက်များကြားမှ လူအောင့်မျက်နှာပေါ်သို့ စွန်းထင်းလျက်ရှိသည်။ သဲကွဲစွာ မမြင်ရသော်လည်း လူအောင်မျက်နှာကလေး ဝင်းပနေသည်ဟု ထင်သည်။ လူအောင်က ဘာမျှ မပြောတော့ဘဲ သူ့အမေ ရှိရာသို့ ထသွားလိုက်သည်။

"ပေး … အမေ၊ သား လှီးပေးမယ်"

မပိုင်က အဘလူမောင်ကို လှမ်းကြည့်လိုက်သည်။ အဘလူမောင်ကမူ ပြည့်ဝန်းသော လမင်းကို ငေးမောနေသည်။ သိမ်ဖြူတစ်ဆုပ်ကြားမှ လမင်းက ရှန်းထွက်နေသည်။ လမင်းက ရှန်းထွက်သလား၊ သိမ်ဖြူတစ်ဆုပ်က ရွှေ့လျားနေသလား အဘလူမောင် မသိသော်လည်း မကြာမီ ရှန်းပြက်သော လမင်းကို ကြည်ကြည်စင်စင် မြင်ရတော့မည် ထင်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

တန်းလျား

www.burmeseclassic.com

www.burmeseclassic.com

# တန်းလျား

တန်းလျားအမှတ်(၄)၊ အခန်းအမှတ်(၁)။
ကိုတိုးမောင်၊ ကုန်ထုတ်ဌာန။

''အမေ''

''အမေ''

တိုးမောင်က အမေ၏ နဖူးပေါ် လက်ဖြင့် စမ်းလိုက်သည်။ ချွေးစီးများဖြင့် အေးစက်နေသည်။ နဖူးထက်မှ ဇရာအရေးအကြောင်းများက ဘဝကို ဖြတ်သန်းခဲ့သော ကာလအပိုင်းအခြားကို ဖော်ပြနေဟန်ရှိသည်။ အမေ၏ ပိန်သွယ်သော လက်ချောင်းများက အာရုံကြောများ ပြတ်တောက်နေဟန် အသိမဲ့လျက်။ တိုးမောင်က ဘေးမှ ဝိုင်းအုံနေသော လူများကို မော့ကြည့်လိုက်သည်။ အခန်းနီးချင်းများ၊ မိတ်ဆွေသင်္ဂဟများနှင့် ခင်မင်ရင်းနှီးသူအချို့က လူမမာကို ငေးစိုက်နေကြဆဲ။

''ဦးလေးတင် ခေါ်ကြည့်ပါဦးဗျာ''

www.burmeseclassic.com

www.burmeseclassic.com


ခေါင်းရင်းပိုင်းတွင် ဆေးအိတ်တစ်အိတ်နှင့် ထိုင်နေသော ဦးလေးတင်က ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်သည်။ လှမမာ ၏ လက်ကောက်ဝတ်ကို မကိုင်လိုက်သည်။ တိုးတိုးသဲ့သဲ့ကလေးသာ တိုးထိနေသော သွေးပေါက်များ၏ တွန်းထိုးမှုကို ခံစားရသည်။ အသက် ဓါတ်နှင့် ရုပ်ခန္ဓာတို့ ပူးယှက်နေဆဲ ဆိုသည်ကိုမူ သူ သိနေသည်။

''သိပ်မောနေတယ် ထင်ပါရဲ့ကွယ်၊ မစိန်ရွှေ ... မစိန်ရွှေ''

''အမေ''

တိုးမောင်က သူ့ဇနီးကို လှမ်းကြည့်လိုက်သည်။ သမီးကြီးနှင့် ဇနီးသည်တို့က မျက်ရည်များ ရစ်ဝိုင်းနေသည်။ အသံထွက်အောင် ငိုဖို့ စောင့်ဆိုင်းနေကြပုံရသည်။

''ဒီလို ကြည့်နေလို့ ဘယ်ဖြစ်မလဲ၊ ဆေးရုံ တင်ရမှာပေါ့၊ အဘွားကြီး တော်တော် မောနေတယ်''

လှမမာကြည့်နေသော လူတစ်ယောက်က ဝင်ပြောသည်။

တိုးမောင်က ဦးလေးတင် မျက်နှာကို အားကိုးတကြီး ကြည့်သည်။

''နေပါဦးကွယ်၊ ငါလည်း ဆေးတိုက်ထားပါတယ်၊ သည်း ခြေဆေးလေးလည်း ခွံ့ထားပါတယ်၊ အင်း ... ပျက်ချိန်တန်တော့ ပျက်ရတာပဲဟဲ့၊ လူ ဆိုတာ စက်ရုပ်လိုပါပဲကွာ၊ သံပတ် ကုန်ရင် ရပ်သွားရတာပါပဲ''

ဦးလေးတင် စကားအဆုံးမှာ တိုးမောင်၏ဇနီး မခင်ဝင်းက တအား ငိုချလိုက်သည်။

''အမေရဲ့ ... သမီးတို့ကို ကြည့်ပါဦး အမေရဲ့''

www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ ... ဟဲ့ ... မဆုံးသေးပါဘူးကွယ်၊ ဒီလို မငိုပါနဲ့၊ စိတ်လည်သွားရင် ဘဝကူး မကောင်းဘဲ နေပါ့မယ်"

အမေဒေါ်သန်းရင်က ဝင်တားသည်။ ဘေးက အမျိုးသမီးများကလည်း ဖျောင်းဖျသည်။ တိုးမောင်က အမေ့နှလုံးနေရာကို လက်ဖဝါးနှင့် ဖိကပ်ထားလိုက်သည်။ နှလုံးခုန်သံက နရီ မမှန်တော့။ ထိတစ်ချက် မထိတစ်ချက်။ တိုးမောင်၏ မျက်ဝန်းမှ မျက်ရည်တို့ အိုင်ကျင်းဖွဲ့လျက် ရှိသည်။ အမေ ရှိစဉ်က သူတို့ဘဝကလေးမှာ မိခင်ကောင်း ပီသစွာ ရှာဖွေ ကျွေးမွေးခဲ့သောအမေ။ တိုးမောင် သိတတ်စ ကတည်းက အဖေ မရှိတော့။ အမေ့ကိုသာ အဖေ၊ အမေ့ကိုသာ အမေ။ တန်းလျားကျဉ်းမြောင်းသော ဘဝရိပ်မှာ အမေနှင့် သူ အတူ နေခဲ့စဉ်က အမေက နှပျိုဆဲ။ နောက်အိမ်ထောင်ပြုမည် ဆိုက ပြုနိုင်သည်။ သို့သော် အမေက တိုးမောင်ကို ငဲ့သည်။ နောက်အိမ်ထောင် မပြုခဲ့။ အမေ့ဆွေမျိုးသားချင်းများနှင့် ပင်လယ်ပိုင်းမှာ သားအမိ နှစ်ယောက် နေခဲ့ရသည်။

သည့်နောက် သူသည် စက်ရုံမှာ အလုပ်ရသည်။ တန်းလျားကလေး နေခွင့်ရသည်။ သည်မှာက ရေ၊ မီး မပူရ။ အခန်းကလေးတွေ ကျဉ်းတာတစ်ခုပဲ ပြောစရာ ရှိသည်။ နောက် သူ မိန်းမရတော့ အမေက ချွေးမကို သမီးလေးလို ချစ်သည်။ ကလေးတွေ ရတော့ မြေးတွေနှင့် ပျော်သည်။

အမေက သူ့အသက် ဘယ်လောက် ရှိမှန်းလည်း သိသူ မဟုတ်။ မှန်းကြည့်သည်ကပင် ခုနစ်ဆယ်ကျော်လောက် ရှိမည်။ အမေ မမာတာ တစ်နှစ် ပြည့်တော့မည်။ တိုးမောင်က သူ့စာ

www.burmeseclassic.com

www.burmeseclassic.com



ကလေးထဲမှ ဆေးထိုး၊ ဆေးတိုက်၊ ခါတ်စာ ဝယ်ကျွေး စသည်ဖြင့် ပြုစုသည်။ မခင်ဝင်းကလည်း တော်ရှာသည်။ ယောက္ခမ ဖြစ်သော်လည်း မအေအရင်းကဲ့သို့ ပြုစုသည်။ ကျင်ကြီးကျင်ငယ်က အစ အညစ်အကြေးကို မရွံမရှာ သုတ်သင်ပေးသည်။ တလောကတော့ ဆေးရုံ တင်လိုက်ရသေးသည်။ ဆေးရုံမှာ တစ်လလောက် ကြာသည့် အခါသော်ကား စရိတ်ထောင်းခြင်းနှင့် မသက်သာခြင်းတို့ကြောင့် ပြန်ခေါ်လာရသည်။ အိမ်မှာ တိုင်းရင်းမြန်မာ ဆရာနှင့် ကုသကြည့်သည်။ အမေကား အားနည်းလှသည်။ ဆရာဇီဝက ဆေးသော်မှ မတိုးနိုင်တော့ပြီ။

ညက ပိုဆိုးလာသည်။ ညနာရီပြန်နှစ်ချက်လောက်မှာ အမောဖောက်လာသည်။ သည်နေ့တစ်နေ့လုံး အမေ ငြိမ်သက်သွားသည်။ တစ်ခါတစ်ရံ ထွက်လာတတ်သော ချွဲနှင့် သလိပ်များကို သမီးကြီးက သန့်စင်ပေးသည်။ ကော်ဖီပင် မဝင်တော့။ အေးစက်နေသော ကော်ဖီချိုင့်ကို သားငယ်က လှမ်းလှမ်းဆွဲသည်။ တစ်လုံးတည်းသော ဖိဝအား မီးလုံးအောက်တွင် အမေ့မျက်နှာမှာ ငြိမ်းအေးစွာ ငြိမ်သက်နေသည်။ ဦးလေးတင်က ဘုရားစင်မှ ကြေးစည်ကို ဖြုတ်လိုက်သည်။ ကြေးစည် လက်ကိုင်ဘုကို ဆနေရင်း …

"တိုးမောင်ရေ … မင်းအမေ ဘဝကူး ကောင်းအောင် ကြေးစည်သံလေး ပေးမယ်ကွာ၊ စိတ်မကောင်း ဖြစ်မနေနဲ့၊ ကြေးစည်သံ ကြားရင် ဘုရားကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်ကျေးဇူးတော်ကို စိတ်ရောက်သွားနိုင်တယ်"

"နောင်"

www.burmeseclassic.com

www.burmeseclassic.com



အမေ့လည်ချောင်းက တရွရွ လှုပ်နေသည်ဟု ထင်သည်။ တစ်ခုခု ပြောချင်ပုံ ရသည်။ တိုးမောင်က နားရွက်နှင့် အမေ့ပါးစပ်နား ကို ကပ်ကာ နားထောင်သည်။

"အမေ၊ အမေ"

အမေ့လက်များက ဖျာနှင့် ထိကပ်နေရာမှ အားယူနေဟန် လှုပ်ရှလာသည်။ စောင်းရွဲ့နေသော မျက်ဝန်းမှာ မျက်ရည်ကြောင်း တစ်ကြောင်း နားထင်စပ်သို့ စီးကျလာသည်။

"အမေ"

ဦးလေးတင်က ဘုရားစင်မှာ ဖယောင်းတိုင် သုံးတိုင် မီးညှိ ပူဇော်လိုက်သည်။ အမေ့ခေါင်းရင်းတည့်တည့်မှာ ထိုင်လိုက်ရင်း ကြေး စည်ကို သာသာကလေး ရိုက်ပေးလိုက်သည်။

"နော်"

"သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခဝိနာသနေ၊
သတ္တဓမ္မေစ ဗမ္ဘာင်္ဂျ၊ မာရသေနာပမဒ္ဒနေ။
..........................
ဗောဇ္ဈင်္ဂါ သတိ သင်္ခါတော၊
ဓမ္မနံ ဝိစယော တထာ၊
ဝိရိယံ ပီတိ ပဿဒ္ဓိ"

"အမေ"

အမေကား စင်းမှေးသော မျက်လုံးများကို ငြိမ်သက်စေ လျက်၊ ထွက်သက်ဝင်သက် ဟူသော နာမ်သဘောကို ခွာစေလျက် တိုးမောင်နှင့် မိသားစုကို ထားရစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

"အမေ"

ဦးလေးတင်က တရားတော်များ ရွတ်ဖတ်နေရင်း လူမမာကို စမ်းကြည့်လိုက်သည်။

"မစိန်ရွှေ ဆုံးသွားပြီကွယ့်"

ဘုရားစင်ပေါ်မှာ ထွန်းညှိထားသော ဖယောင်းတိုင်များပင် တိုသွားပြီ။ ပူလောင်သော မီးအရှိန်ကြောင့် ပျော်ဆင်းသွဲ့သော ဖယောင်းရည်များ လိမ့်ဆင်းလာသည်။

**တန်းလျားအမှတ် (၂)၊ အခန်း (၆)။**
**ကိုကုလား၊ လျှပ်စစ်ဌာန။**

ကိုကုလားသည် ဇနီးဖြစ်သူ မနီကို အကဲခတ်လိုက်သည်။ နှုတ်ခမ်းတွေ ခြောက်၍ အက်ကွဲနေသည်။ ဖြူဖပ်ဖြူရော်လည်း ဖြစ်နေသည်။ အထွေးလိုက် ကျွတ်နေသော ဆံပင်စတို့ကို ဘီးဖြင့် ဖြီးသင်နေသည့် ဇနီးက သူ့ကို အကဲခတ်နေမှန်း ရိပ်မိသွားသည်။

"ဘာကြည့်တာလဲ"

"ဩော် ... နင့်ကို ကြည့်ရတာ မသက်သာလို့ပါဟာ"

"မနက်ဖြန်တော့ မွေးမယ် ထင်တာပဲ၊ ဘုရားသိကြားမလို့ မနက်ဖြန် မမွေးပါစေနဲ့တော်"

"ဘာဖြစ်လို့လဲ"

"မနက်ဖြန် စနေနေ့လေ"

"အောင်မယ်လေး စနေ ဘာဖြစ်လဲဟ၊ တို့ ဗိုလ်ချုပ် အောင်ဆန်း စနေသားပဲ"

www.burmeseclassic.com

www.burmeseclassic.com


မနီက စကား ဆက်မပြောတော့ဘဲ အသာအယာ ထ လိုက်သည်။

"ကျွတ် ... ကျွတ်"

ကိုကုလား ဖိနပ်ချွတ် ခါးပန်းပေါ် ခေါင်းတင်လိုက်သည်။ ညဆိုင်း ဖြစ်၍ ၃ နာရီတွင် အလုပ်ဝင်ရမည်။ ညကလည်း တစ်မှေး မှ မမှေးလိုက်ရ။ မနီက အိမ်ရှေ့ဆင်းရင်း ဗန်းကလေးနှင့် နေလှန်း ထားသည့် ဆန်လွတ်နနွင်းမှုန့်ကို လက်နှင့် ယက်လိုက်သည်။ အိမ် ပေါ် ပြန်တက်မည် အလုပ်မှာ ခါးထဲက စစ်ခနဲ ထိုးသလို ခံစား ရသည်။

အိမ်ပေါ် အသာအယာ တက်ရင်း နောက်ဖေး မီးဖို ချောင်ဘက် လျှောက်လာခဲ့သည်။ ပထမတော့ ကိုကုလားကို နှိုး မည် ကြံသေးသည်။ နှိုးမနေတော့။ အလုပ်သမား အိပ်ရေးပျက် မှာ စိုးသည်။ နောက်ဖေးက သစ်သားတန်းကို ကိုင်လိုက်ရင်း ခါး ကို ညွတ်ထားလိုက်သည်။ နေသာသလို ရှိတော့မှ အသာလေး ထိုင် ချလိုက်သည်။

"အမေရ ... ဒေါ်ကြီးမလှမြိုင်က ပိုက်ဆံကို အမေ လာ ယူမှ ပေးမယ်တဲ့၊ သမီးကို ပေးရင် လမ်းမှာ ကျမှာ စိုးလို့တဲ့"

သမီးက အိမ်ခန်းထဲ ဝင်လာရင်း ပြောသည်။

"အမေ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး၊ သမီး ဒီမှာ ကြည့်စမ်း၊ ဒေါ်ကြီး မခင်စန်းရီကို သွားခေါ်၊ အမေ ခါးနာလို့လို့၊ နောက် အိမ်ရှေ့က နနွင်းမှုန့်ဗန်းကိုလည်း ကြည့်ဦး"

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့"

သမီးကြီး ဆင်းသွားတော့မှ အသာအယာ ထလိုက်ရပြန်သည်။ ဒီနေ့ညများ မွေးနေမလား။ ကနေ့ သောကြာ မွေးပါစေတော်။ ပရုပ်ဆီ၊ စမုန်နက်၊ အပ်ချည်၊ မောရိယမန်းဆေး သွေးဆေးတော့ ဝယ်ထားပြီးပြီ။ တောင်နံကြီးနှင့် မီးမကင်ဆေး မဝယ်ရသေး။ သမီးကြီးတုန်းကတော့ ဗိုက်နာပြီး မွေးသည်။ သည် ကလေးကတော့ ခါးကိုက် မွေးမည် ထင်သည်။ သားဖွားဆရာမ နော်မူဖောက လိုသေးသည်ဟု ဆိုသည်။ လမ်းများများ လျှောက်ခိုင်းထားသည်။ ဆရာမအိမ်နှင့် မဝေးသဖြင့် စိတ်တော့ မပူလှ။ ခရီးဝေး သွားနေမှာပဲ စိုးသည်။

"မိနီ ဗိုက်နာလို့လား၊ ငါ့လည်းအေ မုန့်ဟင်းခါးအိုးကြီးက တစ်ဖက်နဲ့ အခု ဘယ်လိုနေလဲ"

ခင်စန်းရီက အိမ်ပေါ် တက်လာရင်း မေးသည်။ ခင်စန်းရီ အသံကြောင့် ကိုကုလားလည်း နိုးသွားသည်။

"ကိုင်း ... မီးနေခန်း ပြင်ထားရင် ကောင်းမယ်၊ ထဘီ ဟောင်းလေး ဘာလေး လဲလိုက်ဦး၊ ဆေးတွေကော ဝယ်ထားသလား၊ ရေနွေးလေး ဘာလေးလည်း တည်ထား၊ နောက် ဝမ်းချူဖို့ ဆပ်ပြာ ရှာထား၊ အမယ်လေးတော် အိမ်ကလည်း ရှုပ်ပွနေလိုက်တာ တကာတဲ"

ခင်စန်းရီက အိမ်ခန်းတွင်းကို သန့်ရှင်းရေး လုပ်နေသည်။ ကိုကုလားက မနီကို ကြည့်နေသည်။

"ငါ ခွင့်သွားယူဦးမယ်၊ နင် နေလို့ ရပါ့မလား"

"ရပါတယ်၊ မခင်စန်းရီ ရှိနေသားပဲ"

www.burmeseclassic.com

www.burmeseclassic.com


ကိုကုလားက လေကားထစ်မှ ပြေးဆင်းသွားသည်။ ထိုအခါမှ မနီ သတိရသည်။ အိမ်ရှေ့ကို ထွက်လာခဲ့သည်။ ခါးကတော်တော်ကို ကိုက်လှပြီ။

"ကျွတ် ... ကျွတ် ... ကိုကုလားရေ မလှမြိုင်ဆီက ပိုက်ဆံ ဝင်ယူခဲ့ပါဦး၊ သမီးကို စိတ်မချလို့တဲ့၊ မပေးလိုက်ဘူး"

"အေး ... အေး"

ကိုကုလားက အဝေးမှ လှမ်းပြောသည်။ သူတို့မှာ မွေးဖွားခါနီး အချိန်အထိ လက်ထဲမှာ ငွေ မရှိ။ မလှမြိုင်ဆီက အတိုးနှင့် ယူဖို့ ပြောထားသည်။ ဘာပဲဖြစ်ဖြစ် ပိုက်ဆံကုန်မှာတော့ သေချာသည်။ သူ့ဇနီး အားရှိအောင်သာ ပြောရသည်။ ကနေ့ည သန်းခေါင်ကျော်မှ မွေးလျှင် စနေဖွားကလေး ဖြစ်မှာ စိုးရသည်။ သည်လိုနှင့် စက်ရုံမှ ခွင့်တစ်ပတ် ယူခဲ့သည်။ ထိုညက ၁၁ နာရီ ထိုးသည် အထိ မိနီ မမွေးသေး။ အခန်းချင်းကပ်မှ အမျိုးသမီးများလည်း အိမ်ပေါ် ရောက်နေပြီ။ ဆရာမ နော်မူဖောလည်း ရောက်တာ ကြာပြီ။ မမွေးနိုင်သေး။ ည ၁၂ နာရီ ထိုးရန် တစ်နာရီသာ လိုတော့သည်။ ဒီအတောအတွင်း မွေးပါစေဟုသာ အိမ်ရှေ့ခန်းမှာ ထိုင်ရင်း ဆုတောင်းနေရသည်။

မနီ၏ညည်းသံက ပိုမိုကျယ်လောင်လာသည်။ ညသည် ပိုမို နက်ရှိုင်းလာသည်။ မီးနေခန်းအတွင်းမှ တွန်းထိုးလှုပ်ရှားသံ၊ ညည်းသံ၊ စုပ်သပ်သံ၊ အားပေးသံများကိုသာ ကြားနေရသည်။ မကြာမီ လူ့လောကသို့ ရောက်လာတော့မည့် သူ့ရင်သွေးငယ်၏ အသံကိုသာ နားစွင့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com


"မိနီ … အားတင်းထားနော်၊ ဘာမှ မဖြစ်ဘူး"

"ဆရာမ … ရတယ်နော်၊ ဒီဘက်က စိတ်ချ"

"နည်းနည်းလေး … တင်းလိုက်ပါဦး မနီရဲ့"

"ဟော … ရပြီ … ရပြီ"

"အူ … ဝဲ"

"မွေးပြီဟေ့၊ ယောက်ျားလေးဟေ့၊ နာရီ … နာရီ … ဆရာမ နာရီ ကြည့်ပါဦး"

"၁၂ နာရီ ၆ မိနစ်တိတိ၊ စနေသားပေါ့"

ဆရာမအသံက အခန်းပြင်သို့ လွင့်ပျံလာသည်။

၁၂ နာရီ ၆ မိနစ်။ ယောက်ျားလေး။ စနေသား။ ကိုကုလား က ပီတိနှင်းများ ဝေသော အသံဖြင့် အားလုံး ကြားအောင် အော် လိုက်သည်။

"စနေသားလည်း ချစ်ရတာပါပဲဗျာ"

မီးနေနံ့ရိုင်းစူးစူးက ထောင်းခနဲ ထသွားသည်။ ညသည် အားကောင်းဆဲ။

တန်းလျားအမှတ် (၃)၊ အခန်းအမှတ် (၂)။
ဦးအောင်မင်း၊ အုတ်ကြွပ်ရွေး၌အနေ။

"ကိုင်း … ကိုင်း … လာကြဗျို့၊ နေပါဦး ကိုစောခင် ကြီးကော"

"လာပါလိမ့်မယ်၊ ထမင်းစားနေတယ် ထင်ပါရဲ့"

"အားလုံး ဖိတ်တာ ဘယ်နှယောက်လဲ"

www.burmeseclassic.com

www.burmeseclassic.com


"ကျုပ်တို့ လူကြီး ခြောက်ယောက်နဲ့ လူငယ် လေးယောက် ဆိုပါတော့၊ လူလည်း သိပ်မလိုသေးဘူးလေ"

"ဟုတ်ပါတယ်၊ ကော်မတီလေး ဖွဲ့ပြီး လုပ်ရမှာ ဆိုတော့ လူ သိပ်မလိုသေးပါဘူး"

"သမီးရေ ... ရေနွေး ချပါဦးဟေ့"

ဦးအောင်မင်းက သမီးဖြစ်သူကို လှမ်းပြောလိုက်ရင်း ဖိတ်ကြားထားသော ရပ်ကွက်လူကြီးများကို နေရာချပေးသည်။ ဖိတ်ထားသူများအနက် ဦးချမ်း၊ ဦးတင်ဝင်းနှင့် ဦးစံပုတို့သာ ရောက်သေးသည်။ လူငယ်ထဲမှ ကိုခင်ဝင်း၊ ကိုလှကြည်တို့ မလာသေး။

"ကိုင်း ... ရေနွေး သောက်ကြဗျာ၊ အမြည်းကတော့ ထန်းလျက်ပဲဗျို့"

"ခေါ်ရတဲ့ ကိစ္စက"

"ဩော် ... ဒီလိုပါ၊ ကျွန်တော်နဲ့ ဦးတင်ဝင်း မနေ့က ဦးပဉ္ဇင်းလေးကျောင်း ရောက်တယ်၊ ဘုန်းကြီးက ကျုပ်တို့ ဓမ္မာရုံမှာ တရားပွဲလေး လုပ်ချင်သတဲ့၊ နောက်ပြီး ကထိန်သင်္ကန်းလေးလည်း ကပ်နိုင်အောင် ကျုပ်တို့ တစ်ပါတည်း စီစဉ်လိုက်ချင်တယ်"

"ကောင်းတာပေါ့ဗျာ၊ ကျုပ်တို့ဓမ္မာရုံလည်း မြက်တွေက ကျားခိုလို့တောင် ရပြီဗျ၊ လူကြီးတွေ ရှိလျက်နဲ့ ဓမ္မာရုံ မစည်ကားတာ မကောင်းဘူးပေါ့ဗျာ"

"အဲဒါပေါ့ဗျာ၊ ဓမ္မက တရား၊ ရက္ခိတက စောင့်ရှောက်ခြင်း၊ တရားတော်ကို စောင့်ရှောက်ခြင်း ဆိုတဲ့ အဓိပ္ပာယ်ပေါ့"

"သာဓုဗျာ ... သာဓု ... သာဓု"

www.burmeseclassic.com

www.burmeseclassic.com


ညနေစောင်းပြီ။ ဖိတ်ကြားထားသူများ စုံလင်သောအခါ ဦးအောင်မင်းက အစည်းအဝေး စတင်ကြောင်း ပြောသည်။

"ကနေ့အစည်းအဝေးကတော့ စောစောက ပြောသလိုပေါ့ဗျာ၊ လာမယ့်လပြည့်နေ့မှာ ကျုပ်တို့စက်ရုံဝင်းထဲကဓမ္မာရုံမှာ ကထိန်သင်္ကန်းကပ်မယ်၊ နောက်ညပိုင်းတရားပွဲ လုပ်မယ်ဗျာ၊ အဲဒါ ဓမ္မာရုံဝေယျာဝစ္စ၊ နောက်တရားပွဲဖြစ်မြောက်ရေးနဲ့ ကထိန်သင်္ကန်းကို စုပေါင်းအလှူငွေကလေးနဲ့ လုပ်နိုင်ဖို့ ကျွန်တော်တို့ ဝိုင်းဝန်းကြိုးစားကြဖို့ပေါ့"

ဦးချမ်းက ကွမ်းရွက်ကို ထုံးတို့ရင်း ပါးစပ်ထဲသို့ ကွမ်းသီးစိတ်များကို ပစ်သွင်းလိုက်သည်။

"ကောင်းပါတယ်ဗျာ၊ စုပေါင်းမှလည်း ရမှာကိုး၊ ဓမ္မာရုံကမြက်တွေကိုတော့ ကိုခင်ဝင်းတို့ လူငယ်တွေကပဲ ရှင်းကြစေချင်တယ်၊ ကောင်းတာက ဓမ္မာရုံကို ခြံခတ်၊ ဥပုသ်နေ့တွေမှာ ဖွင့်ပေး၊ ဆွမ်း၊ ပန်း၊ ရေချမ်း ကပ် ဆိုရင် ဝမ်းမြောက်စရာပေါ့ဗျာ"

ဦးတင်ဝင်းက ရေနွေးပူပူကို မှုတ်သောက်နေရာမှ ရေနွေးခွက်ကို ချလိုက်သည်။

"ဘုန်းကြီးပင့်ဖို့၊ သင်္ကန်းဖိုး ကောက်ဖို့ ကျွန်တော်နဲ့ ကိုသိန်းလွင်က တာဝန်ယူ လုပ်ပါ့မယ်၊ သင်္ကန်းဒွိစုံ ဆိုရင် လေးရာလောက်ပဲ ရှိမယ် ထင်တယ်"

"ပေါ်ပလင် သင်္ကန်းလောက်ပေါ့ဗျာ၊ ဒီနှစ် စမှာ ဆိုတော့ အရှိန်ယူတဲ့ သဘောပေါ့၊ ဒါထက် ဘာကျွေးမလဲ"

"ကျွေးတာကတော့ ငွေရတဲ့ အခြေအနေပေါ်မှာ စဉ်းစားရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ကိုင်း ... ဆွေးနွေးကြဗျာ"

"ကျွန်တော်ကတော့ အဖွဲ့ငယ်လေးတွေ လုပ်လိုက်ချင်တယ်၊ ဥပမာ ငွေ ကောက်ခံရေး၊ ဆွမ်းကွမ်းကိစ္စ ဝယ်ယူရေး၊ ဘဏ္ဍာရေး စသဖြင့်ပေါ့လေ"

ကိုခင်ဝင်းက အကြံပေးသည်။

"မောင်ခင်ဝင်း အကြံပေးတာ ကောင်းပါတယ်၊ ဘကြီးသဘောကတော့ အဖွဲ့ကလေးတွေ ဖွဲ့နေရင် လူတွေ သိပ်ကုန်နေပါ့မယ်၊ ဒီနှစ်က အစ ဆိုတော့ ပင်တော့ပင်ပန်းမယ်၊ ဘကြီးတို့ မင်းတို့နဲ့ပဲ လုပ်ကြတာပေါ့၊ ဘာသာရေး သာသနာရေး ဆိုတော့ လူတွေလည်း တဖြည်းဖြည်း ပါလာကြမှာပါပဲ"

"ဒီလိုတော့ မဟုတ်သေးဘူး ထင်တယ် ကိုချမ်းရ၊ အခုကတည်းက လူငယ်တွေကို တာဝန်ပေးပြီး သာသနာပြုလုပ်ငန်းတွေမှာ လုပ်ရှားခိုင်းရမှာပေါ့"

"လုပ်နိုင်ရင်တော့ ကောင်းတာပေါ့ဗျာ၊ ရက်က ကပ်နေလို့ ပြောတာပါ"

"ကျွန်တော် အကြံတစ်ခု ပြုပါရစေ၊ ဘကြီးသန်း ပြောတာလည်း မှန်ပါတယ်၊ လူငယ်တွေနဲ့ တန်းလျားထဲက လူတွေကိုလည်း အလျဉ်းသင့်သလိုထည့်ပြီး တာဝန်ပေးသင့်ပါတယ်၊ ရက်ကပ်နေတယ် ဆိုပေမဲ့ လိုပါသေးတယ်၊ ဒီတော့ မနက်ဖြန်မှာ လူငယ်တွေရော လူလတ်ပိုင်းတွေရော ဖိတ်လိုက်ရင် ပိုပြီး အင်အားပြည့်သွားမယ် ထင်တယ်"

"အေး ... အဲဒါလည်း ကောင်းတယ်၊ မနက်ဖြန် အားလုံးကို စုရုံးဖိတ်လိုက်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း … ထန်းလျက်နဲ့ လက်ဖက်သုတ်လည်း သုံးဆောင်ကြပါဦးဗျာ"

ညဏ်အမှောင်သည် စက်ရုံကို ဖြန့်လျှားချလိုက်ပြီ။ ဘကြီးသန်းက ရေနွေးတစ်ခွက် ကောက်ကိုင်လိုက်သည်။

**တန်းလျားအမှတ် (၅)၊ အခန်းအမှတ် (၃)။**

**ကိုလှတင်၊ အမျိုးအစား စစ်ဆေးရေးဌာန။**

ဝုန်းခနဲ ကျကွဲသံက သိမ့်သိမ့်ခါသွားသည်။ ပန်းကန်စင် ပြိုလဲသွားသံ ဖြစ်သည်။ ကိုလှတင်က မှုးရီဝေနေသော မျက်လုံးများဖြင့် မအေးရွှေကို စိုက်ကြည့်လိုက်သည်။

"နင် … တစ်ခါလာ ဒီဟာင်းပဲ ချက်တတ်သလား"

"အော် … ရှင်က ဘယ်လောက် ပေးလို့လဲ၊ ရှင့်လခနဲ့ ကလေး သုံးယောက်နဲ့ ကျောင်းစရိတ်နဲ့ ဒါပဲ ရမှာပေါ့"

"တစ်ခါတလေ ကောင်းတာ ရှာဝယ်ချက်မှပေါ့၊ နင်လည်း မိန်းမပဲ၊ နားလည်ရမှာပေါ့"

"သိပ်နားလည်တာပေါ့၊ ကျုပ်လည်း စားချင်တာပေါ့၊ ကလေးတွေကိုလည်း ကျွေးချင်တာပေါ့၊ ဒါပေမဲ့ ကျုပ်က ဘယ်သွားရှာရမလဲ"

"တောက် … စာရင်းမရှိ၊ ဇယားမရှိ၊ နည်းနည်းမှ အသုံးမကျတဲ့ မိန်းမ"

"ကျုပ် ရှင်းပြပြီးပါကော၊ ရှင် မကျေနပ်ရင် တွက်ကြည့်ပါလား"

www.burmeseclassic.com

 www.burmeseclassic.com 

"တော် … နင့်ပါးစပ် ပိတ်ထားစမ်း"

ကိုလှတင်က အိမ်ရှေ့ခန်းသို့ ထွက်သွားသည်။ ထမင်းလုံးများ၊ ပန်းကန်ကွဲများ၊ ကြွေဇွန်းကျိုးများ၊ ဟင်းစများဖြင့် ဖရိုဖရဲဖြစ်နေသော ထမင်းစားခန်းကို မအေးရွှေသည် ဝမ်းပန်းတနည်း ကြည့်ရင်း ကျန်ရစ်ခဲ့သည်။

သူ့ယောကျ်ား ကိုလှတင်က အရက်မူးလာလျှင် ဆိုးသည်။ အရက် မမူးလျှင်လည်း ဆိုးတာပါပဲလေ။ ဇနီးတစ်ယောက်ရယ်လို့ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ မရှိ။ သားသမီးရယ်လို့ ထွေးထွေးပိုက်ပိုက် မရှိ။ အရက်က အမြဲမူးလာသည်ချည်း။ မူးလာလျှင်လည်း သွေးဆိုးသည်။ စင်စစ် ကိုလှတင်နှင့် မအေးရွှေက အသက် ထက်ဝက်လောက် ကွာသည်။ ပြီးတော့ ကိုလှတင်က မိန်းမ သုံး၊ လေးဆက်ရဖူးသူ။ မအေးရွှေက အပျို။ သူတို့ချင်း ညားတော့ မအေးရွှေမိဘများက ကြည်ထားသည်။ မအေးရွှေက လင်ကို တစ်ရွာမှတ်ကာ မိဘကို စုံကန်၍ လိုက်လာခဲ့သည်။ ညားခါစ သုံး၊ လေးနှစ်မှာတော့ မဆိုးဟု ဆိုရမည်။ နောက်ပိုင်းကျမှ ဇာတိရုပ် ပေါ်လာသည်။

သည်လိုနှင့် ကလေးသုံးယောက်သာ ရခဲ့သည်။ သမီးအကြီးမက လေးတန်း ရောက်ပြီ။ စာရယ်လို့ ကောင်းကောင်း မကြည့်ရ။ ညဘက် ရောက်လျှင် မူးပြီး ရမ်းတတ်သော သူ့အဖေကို ကြောက်၍ အိမ်ရှေ့ခန်းကို ပို့ထားရသည်။ အငယ်နှစ်ယောက်ကလည်း မအေကို တွယ်ကပ်နေတတ်သည်။ စိုပြည်လှပခဲ့ဖူးသော သူမသည် ပိန်ချုံးလျက် အရိုးငေါငေါ ထွက်နေပြီ။ လူ ဆင်းရဲသည်ထက် စိတ်ဓာတ် ဆင်းရဲခြင်းဒဏ်က ဖိစီးသည်။ မူးလာတိုင်းလည်း ပတ်ဝန်းကျင်မှ လူကြီး

www.burmeseclassic.com

www.burmeseclassic.com



သူမများ၊ သူငယ်ချင်းများက ဖျောင်းဖျတာတာသည်၊ မရ။ ပိုဆိုးသည်က ဖဲပါ ရိုက်လာခြင်း ဖြစ်သည်။ အရက်သောက်ပြီး မူးလာတာကမှ တော်သေးသည်ဟု တစ်ခါတစ်ရံ တွေးမိသည်။

အရက်ကို အလွန်ဆုံး သောက် တစ်ပုလင်းပေါ့။ တစ်ပုလင်းဆို ၁၅ ကျပ်လောက် နေမှာပေါ့။ ဖဲရိုက်တာက တစ်ရာလည်း ဟုတ်၊ တစ်ထောင်လည်း ဟုတ်။ ပြီးတော့ သူ ရိုက်တတ်တာလည်း မဟုတ်။ သည့်ထက် ဆိုးတာက ည တစ်ချက်၊ နှစ်ချက်ထိ စိတ်မချနိုင်ဘဲ မျှော်နေရသည့်ဒုက္ခ ဖြစ်သည်။ အိမ်မှာ ရှိသည့် ပစ္စည်းကလည်း အကောင်းရယ်လို့ မရှိတော့။ စုငွေ ထုတ်တုန်းက ဝယ်ထားသည့် ပန်းကန်ခွက်ယောက်များနှင့် မှန်ဗီရိုလေးမှာ ကွဲပြဲနေပြီ။ ကလေးကျောင်းနေဖို့၊ စာအုပ်ဖိုးသာ မရှာ ရှိမည်။ အရက်ဖိုးကတော့ မှန်မှန်ရှိသည်။

အဆိုးရွားဆုံးက ပတ်ဝန်းကျင်ကို အားမနာတတ်ခြင်း ဖြစ်သည်။ ပတ်ဝန်းကျင် အိမ်ခန်းများကလည်း ပြောလှပြီ။ မအေးရွှေ မျက်နှာကြောင့် သည်းခံရတာ များလှပြီ။ တာဝန်မှူးကိုယ်တိုင် လာရောက် ရှင်းရသည်က အကြိမ်ကြိမ်။ ရပ်ကွက် ပြည်သူ့ကောင်စီက သတိပေးတာကတော့ ထပ်နေပြီ။ ညအချိန်မတော် ဝုန်းဒိုင်းကြဲနေသည်ဆိုတော့လည်း ပတ်ဝန်းကျင်က ငြူစူလာသည်။

"အေးရွှေ"

အိမ်ရှေ့ခန်းမှ ကျယ်လောင်သော ခေါ်သံကြောင့် အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ ရှူးရှူးဝါးဝါး အော်ငိုလိုက်သော ရင်ခွင်ထဲမှ ကလေးငိုသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးရွှေ"

"ရှင် ဘာ ဖြစ်နေတာလဲ၊ ပတ်ဝန်းကျင်ကို အားနာဦး မှပေါ့"

"နင် ... ထူးပါလား၊ နင့်နား ဘာဖြစ်နေလို့လဲ၊ ငါ ... တယ် ... ဒီမှာ ကြည့်စမ်း"

မအေးရွှေက လှမ်းကြည့်လိုက်သည်။

"သောက်ရေအိုးမှာ ရေ မရှိဘူး၊ ဘုရားပန်းတွေ ခြောက်လို့၊ နင် ... ဘယ် လင်ငယ်နဲ့ သွားနေတာလဲ"

"ရှင် မိုက်ရိုင်းလှချည်လား၊ ကလေးက တစ်ဖက်နဲ့ ချက်ရ ပြုတ်ရ လျှော်ရဖွပ်ရ၊ ရေလောက်တော့ ရှင်လည်း ခပ်ရမှာပေါ့"

"ငါ ခပ်ရမယ် ဟုတ်လား၊ ခပ်တယ်ကွာ"

ကိုလှတင်က သောက်ရေအိုးကို တွန်းလှဲလိုက်သည်။ အစိတ်စိတ်အမြွှာမြွှာ ကွဲသွားသော အစအနများက ပြန့်ကျဲသွားသည်။ မအေးရွှေက ဝမ်းပန်းတနည်း ငိုချလိုက်သည်။ ရှိသမျှပစ္စည်း မှန်သမျှ ပျက်စီးတာထက် သတ်သတ် ရမ်းကားနေခြင်းကိုကား ခံပြင်းလှသည်။

"ရှင် ပစ္စည်းတွေကို လုပ်မနေနဲ့၊ ကျုပ်ကိုသာ သတ်လိုက်"

မအေးရွှေက တအား ကျုံးအော်လိုက်သည်။

"သတ်မယ် ... သတ်မယ်"

"သတ် ... သတ်"

မအေးရွှေ အော်သံနှင့် ကလေးငိုသံက ကမ္ဘာ ပျက်သလား ထင်ရသည်။ သတ်မယ်၊ သတ်မယ်ဟုသာ ကြိမ်းဝါးနေသော်လည်း

www.burmeseclassic.com

www.burmeseclassic.com


ကိုလှတင် ထနိုင်တော့မည် မဟုတ်ပါ။ ခေါင်းငိုက်စိုက်ကျနေပြီ။ အိမ်ရှေ့ တန်းလျားမှ သမီးကြီးက မျက်နှာငယ်ကလေးဖြင့် လှမ်းကြည့်နေသည်။ မအေးရွှေက တအီအီ ငိုဆဲ။

တန်းလျားအမှတ် (၆)၊ အခန်းအမှတ် (၆)။
ကိုဆယ်မောင်၊ အုတ်ခြောက်သယ်ဌာန။

ငါးညှီနံ့က တန်းလျားတစ်ခုလုံး ညှီစို့စို့ နံလျက်ရှိသည်။ ကိုဆယ်မောင်၏ အခန်းရှေ့မှာ လှန်းထားသော ကွန်က အနံ့ထွက်နေခြင်း ဖြစ်သည်။ တစ်တန်းလျားလုံးက နံသည်ဟု ဆိုသော်လည်း ကိုဆယ်မောင်ကမူ ငါးညှီနံ့ကို မွှေးသည်ဟုပင် ထင်သည်။ သူ့မိန်းမ မပေါက်စကလည်း သည့်နှယ် ဖြစ်သည်။

''ယူကြဦးမလား တော်တို့၊ ငါးတွေ လတ်တယ်နော်''

တန်းလျားရှေ့ ဖိနပ်ချွတ်မှ တစ်လိုင်းလုံး ပေါက်အောင် ကျူးအော်လိုက်သော အသံက အောင်မြင်လှသည်။

''ငါးရံ့တွေ၊ ငါးခူတွေ ပါတယ်နော်၊ ကိုဆယ်မောင်ရေ ရေချိုးပါတော့လား''

ဝယ်သူကို အော်ရင်း လင်ကိုလည်း ပြောလိုက်သေးသည်။ ကိုဆယ်မောင်က နွားတံဆိပ် ဆေးလိပ် တစ်လိပ်ကို ဖွာနေလိုက်သည်။ မပေါက်စက ရေစိုနေသော ပလိုင်းထဲမှ ငါးများကို ဒန်ဇလုံကြီးကြီးထဲသို့ ပြောင်းရွှေ့ထည့်လိုက်သည်။ လက်မောင်းလောက် ငါးရံ့ကြီး သုံးကောင်နှင့် ငါးခူကလည်း နှစ်ပိဿာကျော်ကျော် ရှိမည် ထင်သည်။ သံချေး အလိမ်းလိမ်း ကပ်နေသော ချိန်ခွင်ဟို ယူ

www.burmeseclassic.com

 www.burmeseclassic.com 

လိုက်ရင်း ဓာတ်ခဲဟောင်း ငါးလုံးကို တစ်ဖက်တွင် ထည့်လိုက်သည်။ ဓာတ်ခဲတစ်လုံးကို ငါးကျပ်သား သတ်မှတ်ထားသဖြင့် ငါးလုံး ဆိုတော့ အစိတ်သား ရှိမည်။ ငါးရံ့ကြီး တစ်ကောင်ကို တင်ကြည့်လိုက်သည်။ အစိတ်သား နည်းနည်းပဲ သာသည်။ နောက် တစ်ကောင် ထပ်ချိန် ပြန်သည်။

"နင် ဘယ်ဈေးနဲ့ ရောင်းမလို့လဲ၊ ငါးရံ့ဈေးက တက်နေ တာနော်"

ကိုဆယ်မောင်က မပေါက်စကို မေးသည်။ မပေါက်စက ပြန်ဖြေမနေဘဲ ငါးများကိုသာ ချိန်နေလိုက်သည်။ သူ့ဟာသူလည်း စိတ်ထဲက တွက်နေလိုက်သည်။ ခဏနေမှ "ကျပ် သိပါတယ်၊ တော့်ဟာတော် နေစမ်းပါ"ဟု ပြောလိုက်သည်။ နောက် "ကဲ.. ဆေးလိပ်ချည်းပဲ သောက်မနေနဲ့၊ ရေချိုးတော့၊ အလုပ် ဝင်ရဦးမှာမို့ လား"ဟု ဆက်ပြောသည်။

"ဘယ်နှနာရီလောက် ရှိပြီလဲ"

"တစ်ချက်ထိုးတော့မယ်"

ကိုဆယ်မောင်က ပက်လက်ကုလားထိုင်မှ ထလိုက်သည်။ ရေချိုး၊ ထမင်းစားပြီး ခဏကလေး မှေးလျှင် ရသေးသည်။ ၃ နာရီ အလုပ်ဝင်ရမည်။ မနက် ညောင်တုန်းဘက် သွားဖို့ ကိုတင်ဝင်းတို့နှင့် ညှိထားပြီး ဖြစ်သဖြင့် နည်းနည်းကလေး အိပ်လိုက်မှ ဖြစ်မည်။ မနက် ဆိုလျှင် ၅ နာရီလောက် ထွက်ကာ ကွန်ပစ်နေကျ။ ပြည်ရထား လမ်းဘေးရိုးတစ်လျှောက် ဆိုလျှင် သိပ်စောစော ထဖို့ မလို။ အင်းစိန် တစ်ဖက်ကမ်းလို၊ ညောင်တုန်းလို၊ ပန်တိုင်လို ခရီးဝေး သွားလျှင်

www.burmeseclassic.com

 www.burmeseclassic.com 

နံနက် ၃ နာရီလောက်တွင် ထရသည်။ ဆေးလိပ် လေး၊ ငါးလိပ်ကို ပလတ်စတစ်နှင့် ထုပ်ထားရသည်။ မီးခြစ်ကို ကျောက်၊ ဓာတ်ဆီ၊ မီးစာ စစ်ဆေးထားရသည်။ ဆေးလိပ်နှင့် မီးခြစ်က မပါ၍ မဖြစ်။ နံနက် ၃ နာရီ ကိုတင်ဝင်း လာနှိုးလျှင် အင်းစိန်သို့ လိုင်းကား ရှိသေးသည် မဟုတ်။

ကုန်စိမ်းကားနှင့် လိုက်ရခြင်း ဖြစ်သည်။ နေပူစပ်ခါး ပိုက်ကွန် တစ်လက်နှင့် ပလိုင်းကို လွယ်ကာ တစ်နေကုန် တစ်နေခန်း သွားနေရခြင်း ဖြစ်သည်။ ခါးတွင် ကွန်တစ်လက် ကြိုးနှင့် သိုင်းကာ ပူးချည်ထားသေးသည်။ ကွန်ကျဲ ဖြစ်သည်။ ကွန်စိတ်ကတော့ သွားရင်းလာရင်း ပစ်ဖို့ ကိုင်ထားရသည်။ ရသည့်အခါလည်း ရသည်။ မရသည့် နေ့လည်း ရှိသည်။ တစ်ခါတလေ တစ်ကောင်ဆို တစ်ကောင်မျှ မရတာပင် ရှိသည်။ မတတ်နိုင်၊ ရေထဲက ငါးကို ပိုင်စိုးနိုင်သည် မဟုတ်။ သည်နှစ် ငါးဈေး ကောင်းသဖြင့် ကွန်နှစ်လက်ဖိုးပင် ကျေပြီး ပြီ။ ကိုဆယ်မောင် ရေချိုးက ပြန်လာတော့ မပေါက်စ ထမင်းပွဲ ပြင်ပြီးပြီ။ ထမင်းပွဲကို လှမ်းကြည့်လိုက်သည်။ ခရမ်းသီးနှင့် အာလူးကို ရောမွှေထားသည့် ဟင်းတစ်ခွက်။

"မနေ့က ငါးပြေမတွေ မချက်ဘူးလားဟ"

"မချက်နိုင်ပေါင်တော်၊ မနေ့က ရောင်းလိုက်ပါရောလား"

"တစ်ခါတလေ အလကား ရတာပဲဟာ ချက်စမ်းပါဦး"

"မလုပ်ပါနဲ့ ကိုဆယ်မောင်ရယ်၊ ကျုပ်တို့ စားလိုက်ရင် ပိုက်ဆံ ဘယ်ရတော့မလဲ"

"ဟေ"

www.burmeseclassic.com

www.burmeseclassic.com


ငါးညှီနံ့ သင်းနေသော အခန်းကျဉ်းကလေးထဲမှ ခရမ်းသီးဟင်းခွက်က ကိုဆယ်မောင်ကို မော့ကြည့်ရင်း လှောင်နေသယောင်။

**တန်းလျားအမှတ် (၃)၊ အခန်း အမှတ် (၁)။**
**ကိုလှမြင့်၊ လိုင်းမှူး၊ ရုံးဌာန။**

ဌာနခွဲစာရေးကြီး ကိုလှမြင့်သည် ဇနီးလည်း မရှိသေးသော လူပျိုလူလွတ် ဖြစ်သည်။ စာကလေး ပေကလေး နည်းနည်းပါးပါး ရေးသဖြင့် စာရေးဆရာကြီးဟု အချို့က ခေါ်လေ့ရှိသည်။ သည်အခါ အပြုံးကလေးဖြင့် တုံ့ပြန်တတ်သဖြင့် လူချစ်လူခင် များသည်။ သည်တန်းလျားမှာ သူ နေခဲ့တာ ကြာပြီ။ ရုံးကလည်း လိုင်းမှူးတာဝန် ပေးထားသည်။ လိုင်းမှူးတာဝန် ယူထားရသဖြင့် တန်းလျားမှာ နေသည့် အလုပ်သမားများ၏ဘဝကို စာနာစိတ်ဖြင့်သာ သူ ကြည့်လေ့ရှိသည်။

သည်လိုင်းမှာက လူအမျိုးမျိုး ရှိသည်။ စရိုက်အဖုံဖုံ ဖြစ်သည်။ သူ နေသည့် တန်းလျားက အလယ်တည့်တည့်မှာ ရှိသဖြင့် တန်းလျားအားလုံးကို သူ စီးကြည့်နိုင်သည်။ ကနေ့လည်း ပက်လက်ကုလားထိုင်ကို ထုတ်၍ သရက်ပင်ရိပ်မှာ ဖြန့်ခင်းလိုက်သည်။ လက်ထဲမှာ ဂုဏ်တော်ပုတီး။ မျက်စိကို စုံမှိတ်ကာ စိတ်ကို သန့်ရှင်းသွားအောင် ထိန်းထားလိုက်သည်။

သို့သော် မရ။ တန်းလျားထဲမှာ အာရုံကို ဆွဲငင်စုစည်းလို့ ရနိုင်သည် မဟုတ်။ အေးငြိမ်းတိတ်ဆိတ်သည့် ရပ်ဝန်း မဟုတ်။ ငြိမ်းအေးသည့်ဒေသ မဟုတ်။ တန်းလျားသည် တန်းလျားသာ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



၏။ အရောင်အသွေး စုံသော၊ ဘဝ စုံသော၊ စရိုက် စုံသော သည် တန်းလျားကိုပင် ဘဝဟု တစ်ခါတစ်ခါ သူ ခေါ်ချင်သည်။ စိတ်ကူး တည့်သည့်အခါ တန်းလျားကို ဘဝနှင့် ယှဉ်၍ ဝတ္ထုလေးတစ်ပုဒ် ရေးလိုက်ဦးမည်ဟုလည်း တွေးထားလိုက်သည်။ ကိုလှမြင့်က ပက် လက်ကုလားထိုင်မှ ထလိုက်သည်။ ဂုဏ်တော်ပုတီးကို တိုက်ပုံအင်္ကျီ ထဲ ထည့်လိုက်သည်။ ကြမ်းတမ်း ခက်ထန်သော၊ နူးညံ့ သွဲ့ပျောင်း သော ဝိရောဓိ အစုံတို့၏ ဖြစ်စဉ်သဘောကို ကိုလှမြင့် ဆင်ခြင်နေမိ သည်။ သရက်ရွက်များ ကြွေကျနေသည်။ တန်းလျားထဲမှ ကလေး အချို့ သစ်ရိုပ်ကို ပြေးဝင်လာသည်။ တန်းလျားထဲမှ ရောင်စုံဘဝများ ကား တောက်ပနေဆဲ ဖြစ်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# စီးမျောနေသော အပူလှိုင်းများ

www.burmeseclassic.com

www.burmeseclassic.com

# စီးမျောနေသော အပူလှိုင်းများ

(၁)

ခင်မောင်မြင့်က နာရီကို ကြည့်လိုက်ရင်း သမ်းဝေလိုက်သည်။ ညဉ့်နက်လှပြီ။ ည ၁၂ နာရီခွဲ အုတ်စိမ်းတွဲကို အခြောက်လှမ်းဖို့ အတွင်းသို့ ထည့်ခဲ့ပြီး မီးခေါင်းများကို စစ်ဆေးနေခဲ့သည်မှာ မည်မျှ ကြာသွားသည် မသိ။ တွဲက ၂၄ နာရီလျှင် ၁၂ စီးနှုန်း ဖြစ်သဖြင့် နှစ်နာရီ တစ်စီး တွဲသွင်းနေရသည်။ အခုလည်း ည ၂ နာရီခွဲဖို့ နီးနေပြီ။

အုတ်စိမ်းတွဲကို အခြောက်လှန်းဖိုထဲ ထည့်၍ အခြောက်လှန်းဖိုထဲမှ ခြောက်ပြီးသား တွဲတစ်တွဲကို မီးဖိုတွင်းသို့ ထည့်ရတော့မည် ဖြစ်သည်။ ဝင်းသိန်းကို လှမ်းကြည့်လိုက်သည်။ ဝင်းသိန်းနှင့် လှထွန်းက ရေနွေးအိုး တစ်အိုးနှင့် လေကောင်းနေသည်။ စိန်အေးက တော့ မီးခေါင်းတွေကို စစ်ဆေးနေသည်ဟု ထင်သည်။ စိုးမြင့်က မဂ္ဂဇင်းဟောင်း တစ်အုပ်ကို ဖတ်ကောင်းဆဲ။

"တွဲသွင်းရအောင်ဟေ့"

"မြန်လှချည်လား"

www.burmeseclassic.com

www.burmeseclassic.com



''၂ နာရီ ခွဲတော့မယ်''

''ခွဲပါစေဦးဗျာ၊ ထည့်တာပေါ့''

ခင်မောင်မြင့်က ရေနွေးအိုးဆီသို့ ထလာရင်း ရေနွေးကျကျ တစ်ခွက်ကို သောက်လိုက်သည်။ ရေနွေးက ဖင်ကပ်ပဲ ကျန်သည်။ တစ်ခွက်ပင် မပြည့်ချင်။ ရေနွေးခွက်က လက်ဖက်ဆီဖြင့် မည်းညစ်နေသည်။ ရေနွေး နည်းနည်းကို အာသာပြေ သောက်လိုက်ရသဖြင့် နေသာသွားသည်။ ဒီနေ့ည အိပ်ချင်စိတ်ဖြင့် မူးရီနေသည်။ သည် တစ်ပတ်လုံး ညဆိုင်းကျသည်။ ပြီးခဲ့သည့် သုံးရက်ကတည်းက အိပ်ရေးပျက်ခဲ့သူမို့ ကနေ့ညတွင် ခဏကလေး မှေးလိုက်မည် ကြံသေးသည်။ သို့သော် အဆိုင်းခေါင်းဆောင်က စ၍ အိပ်လျှင် မသင့်တော်မှန်း သူ သိသည်။ အိပ်ချင်စိတ်ကို ဖြေဖျောက်နေရသည်။ မကြာမီ မိုးလင်းတော့မည်။ စက်ရုံနှင့် မဝေးလှသော လက်ဖက်ရည်ဆိုင်ကလေးမှာလည်း ၄ နာရီလောက်ဆို ဖွင့်မည် ထင်သည်။ ဆိုင် ဖွင့်မှ ကော်ဖီတစ်ခွက် ပြေးသောက်လိုက်မည်ဟု တေးထားသည်။

''ကိုင်း ... သွားရအောင်''

ဝင်းသိန်းက ခါးပတ်ကို တင်းတင်းပတ်ရင်း အော်လိုက်သည်။

''အစ်ကို နေခဲ့ပါ၊ ကျွန်တော်တို့ သွင်းလိုက်မယ်''

''ရပါတယ်ကွာ၊ ငါ လိုက်ခဲ့မယ်''

''နေခဲ့ပါဗျာ ရပါတယ်၊ ကျွန်တော်တို့ လေးယောက်တောင် ဥစ္စာ''

ခင်မောင်မြင့်က ခေါင်းညိတ်ပြလိုက်ရသည်။ သူတို့ချည်းလုပ်နေကျ ဖြစ်သည်။ သို့သော် တွဲတွေက အသစ်တုန်းကနှင့် မတူ။

www.burmeseclassic.com

www.burmeseclassic.com



လေးလှသည်။ အချို့အတွဲများ ဆိုလျှင် လူ ငါးယောက် တွန်းလို့ ပင် မရွေ့ချင်။ လေးသည်ကိုလည်း ပြော၍ မရ။ အုတ်စိမ်းက ၂၀၀ လောက် တင်ထားသည်။ တွဲအလေးချိန်နှင့် ပေါင်းလိုက်လျှင် နင့်ခနဲ လေးသည်။ အုတ်ကလည်းအုတ်စိမ်း ဆိုတော့ လေးသမှ ဝီခေါ်နေသည်။

သို့သော် ဘီးကောင်းသော တွဲများလည်း ရှိသေးသည်။ ဘီးကောင်းလျှင် တွန်းလို့ သက်သာသည်။ စက်ပြင်ဝန်ထမ်းကလည်း တတ်အားသမျှ ပြုပြင်ပေးတတ်သည်။ သို့သော် ထောင့်မစေ့နိုင်။ စက်ရုံပိုင်းမှ စက်မှုဆိုင်ရာ ချွတ်ယွင်းမှုများကို သွားရောက်ပြင်ဆင်ရ သည်က ရှိသေးသည်။ ထိုအခါ ဘီးလောက်ကို မကြည့်နိုင်။ အခု လည်း လေးသည့် တွဲနှင့် တွေ့လျှင် လူတစ်ယောက်စာ သိသိသာသာ သက်သာနိုင်သဖြင့် သူ လိုက်မည် ပြောခြင်း ဖြစ်သည်။ သို့သော် သူ ပင်ပန်းနေသည်ကို ဝင်းသိန်းတို့ သိသည်။ ထို့ကြောင့် ထားခဲ့ခြင်း ဖြစ်သည်။

ခင်မောင်မြင့်က ခုံတန်းရှည်ပေါ်တွင် ထိုင်ချလိုက်သည်။ စားပွဲကြမ်းကြမ်းမှာ မှုလသစ်သားအရောင်ပင် မပေါ်ချင်တော့။ အိုး မည်းဖြင့် ပေလူးနေသည်။ ညသည် ပျင်းတွဲတွဲဖြင့် ရှည်လျားလှသည်။ မီးခေါင်းများဆီမှ သဘာဝဓာတ်ငွေ့ မီးခေါင်းများ၏ ဓာတ်ငွေ့တွန်း ကန်အားကို တဝေါဝေါ ကြားနေရသည်။ သဘာဝဓာတ်ငွေ့ ဖြစ် သဖြင့် လောင်အား ကောင်းသည်။

မကြာသေးမီကမှ သဘာဝဓာတ်ငွေ့ဖြင့် မီးထိုးခြင်း ဖြစ် သည်။ သဘာဝဓာတ်ငွေ့နှင့် ပတ်သက်၍ သိပ်နားလည်သေးသည် တော့ မဟုတ်။ သို့သော် သူ မီးဖိုဌာနမှာပင် လုပ်သက် ၁၀ နှစ်

www.burmeseclassic.com

www.burmeseclassic.com


ကျော်ခဲ့ပြီ။ ယခင်က အက်ဖ် အို ခေါ် မီးထိုးဆီ တစ်မျိုးဖြင့် မီးထိုးခြင်း ဖြစ်သည်။ ဆီကို လှောင်ကန်ထဲမှာ သိုလှောင်ထားကာ ပိုက်ဖြင့် သယ်ယူ၍ လေအားနှင့် မှုတ်လိုက်သည့်အခါ ဆီမှုန်ကလေးများ ဖြစ်ပေါ်စေသည်။ ထိုအမှုန်ကလေးများကို မီးရှို့လိုက်သောအခါ မီးတောက်မီးလျှံများ ရသည်။ ဤနည်းဖြင့် မီးထိုးသည်။

ယခု သဘာဝဓာတ်ငွေ့ဖြင့် မီးထိုးခြင်းမှာလည်း သည်သဘောသာ ဖြစ်သည်။ သဘာဝဓာတ်ငွေ့က ပို၍ အဆင်ပြေသည်။ သဘာဝဓာတ်ငွေ့သုံး မီးခေါင်းများ နိုင်ငံခြားမှ မရမီ ပြည်တွင်း(စက်ရုံတွင်း)မှာပင် တီထွင်တပ်ဆင်ထားခြင်း ဖြစ်သည်။ သာယာဝတီ ပန်းကန်စက်မှ နိုင်ငံခြား မီးခေါင်းအချို့ ယူ၍ မီးစမ်းထိုးကြည့်သည်။ အဆင်မပြေ။ ထိုအခါ ယခင်က ဆီဖြင့် ထိုးသော မီးခေါင်းကိုပင် စက်ရုံမှ လုပ်သားများနှင့် တာဝန်ရှိသူများက ပြုပြင် တီထွင်ကာ သဘာဝ ဓာတ်ငွေ့သုံး မီးထိုးခေါင်း အဖြစ် သုံးရသည်။

မည်သို့ပင်ဖြစ်စေ ဆီးဈေးကပ်ခြင်း၊ ဆီတွင် ရေပါခြင်း၊ မီးသေခြင်း၊ မီးအားကျခြင်း၊ တက်ခြင်း၊ ဆီလိုက်နည်းခြင်း၊ များခြင်း၊ ဆီခဲခြင်း၊ ဆီသွက်ခြင်း စသည့် ချွတ်ယွင်းချက်အချို့ ပျောက်ကွယ်သွားပြီ။ သဘာဝဓာတ်ငွေ့ ဖြစ်သဖြင့် လှိုင်လှိုင်ကြီး သုံးနိုင်သည်။ သို့သော် သတိတော့ ရှိနေရသည်။ ယုတ်စွအဆုံး ဆေးလိပ်မီးခြစ်က အစ သတိနှင့် ကိုင်တွယ်ရသည်။ အဆိုင်းခေါင်းဆောင် ဖြစ်သဖြင့် မိမိအဆိုင်းမှ ပြဿနာ အတက်မခံချင်။

ဝင်းသိန်းတို့ဘက်ဆီမှ အခြောက်လှန်းရုံ တံခါး ပိတ်သံ သဲ့သဲ့ကို ကြားလိုက်ရသည် ထင်သည်။ တဝေါဝေါ ဆူညံနေသည့်

www.burmeseclassic.com

www.burmeseclassic.com



ကြားက အပူပေး၊ အပူဖြန့် ပန်ကာများ လည်ပတ်သံ၊ မော်တာများ လည်ပတ်သံ၊ မော်တာ သားရေကြိုးများ တအီအီ အော်သံကြားမှာ နားက ကျင့်သားရနေသဖြင့် သိနေခြင်း ဖြစ်သည်။ အုတ်စိမ်းများ အုတ်ကျက်ဘဝ ရောက်အောင် ဆောင်ရွက်ရသည်မှာ မီးဖိုဌာနတာဝန် ဖြစ်သည်။ အုတ်စိမ်းများကို ကုန်ထုတ်ဌာနမှ ထုတ်လုပ်ပြီးသည့်အခါ မီးဖိုဌာနသို့(အုတ်တွဲအလိုက်) အပ်ရသည်။ ထိုအခါ အုတ်စိမ်းတွဲများကို မီးဖို အဆိုင်းခေါင်းဆောင်များက တစ်တွဲချင်း စစ်ဆေးရသည်။ မြေကြီးတွင် ရေပါဝင်မှု များခြင်း၊ ပျော့ခြင်း၊ ဖွယ်ခြင်း၊ ဖွာခြင်း၊ အပြစ် အနာအဆာများ ပါခြင်း၊ လေပေါင် မမိခြင်း၊ ဂဝံကျောက်ငယ်များ သီးထနေခြင်း စသည်တို့ကို စစ်ဆေးရခြင်း ဖြစ်သည်။

သည် အချက်များကို တစ်တွဲချင်း လိုက်ကြည့်ရသည်။ မကြိုက်သည့်တွဲ ဆိုလျှင် ဖယ်ထားပိုင်ခွင့် ရှိသည်။ မဖယ်ခိုင်းပြန်လျှင်လည်း သူတို့ပဲ ထိတာ များသည်။ ကြည့်မကောင်းသည့် အုတ်တစ်တွဲ လက်ခံမိပြီ ဆိုပါစို့။ ယင်းတွဲကို အခြောက်လှန်းဖိုအတွင်း သွင်း၍ အခြောက်ခံရသည်။ ရေပါဝင်မှု များသော တွဲမှာ အခြားတွဲများ ခြောက်သော်လည်း သူမှာ မခြောက်နိုင်။ ရေငွေ့ မစင်သော တွဲကို မီးဖိုထဲ သွင်းလို့ ရသည် မဟုတ်။ နောက်တစ်ခုက အခြောက်လှန်းရုံကဲမှာ ပြိုကျနိုင်သည်။ မီးဖိုတွင် အဆင့်နှစ်ဆင့် ရှိသည်။ အခြောက်လှန်းဖိုနှင့် မီးဖို ဟူ၍ ဖြစ်သည်။ အခြောက်လှန်းဖိုရော မီးဖိုပါ ဥမင်လိုဏ်ခေါင်းသဏ္ဌာန် ဖြစ်သည်။ ဥမင်မီးဖိုဟု ခေါ်သည်။ ဥမင်ထဲသို့ မီးရထားလမ်း(အုတ်တွဲ သွားသည့် လမ်း)က တိုးလျှိုပေါက်

www.burmeseclassic.com

 www.burmeseclassic.com 

ဖောက်လုပ်ထားသည်။ အုတ်စိမ်းတွဲက အခြောက်လှမ်းဖိုထဲသို့ အရင်ဝင်သည်။ အခြောက်လှမ်းဖို အတွင်းရှိ အပူငွေ့ဖြင့် အုတ်များကို ခြောက်သွေ့စေသည်။ တစ်နည်းအားဖြင့် ရေ မပါအောင် အခြောက်ခံခြင်းဖြစ်သည်။ အပူငွေ့ကို မီးဖိုကြီးမှ ကြီးမားသော ပိုက်များဖြင့် သယ်ယူကာ ရရှိစေသည်။ ထိုအခြောက်ခံပြီး တွဲကို အခြောက်လှမ်းဖို့ တစ်ဖက်မှ ထုတ်၍ မီးဖိုကြီး၏ အဝင်ဘက်မှ ပြန်သွင်းရသည်။

ရေ မပါသော အုတ်ခြောက်တွဲမှာ မီးဖိုထဲသို့ သွင်းကာ မီးထိုး၍ ရသော အခြေအနေ ဖြစ်သည်။ မီးဖိုကြီးမှာ မီးခေါင်းများဖြင့် တစ်ဖက်တစ်ချက်(မီးခေါင်း ၁၂ ခေါင်းခန့်)မီးထိုးထားသည်။ အုတ်တွဲက ရထားလမ်းဖြင့် မီးထဲကို တရွေ့ရွေ့ ဖြတ်သွားရသည်။ တစ်ဖက်ထိပ်သို့ ရောက်လျှင် အုတ်ကျက် ရပြီ။ အုတ်တွဲ တရွေ့ရွေ့ သွားဖို့ ဟိုက်ဒရောလစ် တွဲတွန်းစက်က တွန်းပေးသည်။

ဥပမာ နှစ်နာရီ တစ်စီး ဆိုလျှင် နှစ်နာရီစာ တစ်တွဲ ထွက်ရန် မသိမသာ တွန်းပေးသည်။ မီးဖိုထဲမှာ စုစုပေါင်း ၂၅ စီး ဆံ့သည်။ ၂၅ စီးစလုံးကို တွဲတွန်းစက်က တွန်းပေးရသဖြင့် သေချာရသည်။ သိပ်မြန်လို့လည်း မဖြစ်၊ နှေးလို့လည်း မရ။

ခင်မောင်မြင့်က ခုံတန်းရှည်ပေါ်က ထလိုက်သည်။ မီးခေါင်းများဆီသို့ လျှောက်လာခဲ့သည်။ မီးခေါင်းများမှာ သဘာဝဓာတ်ငွေ့မီးတောက်ကို လိုက်ကြည့်သည်။ အချို့မီးခေါင်းများတွင် မီးက စူးမနေဘဲ ဖွာထွက်နေသဖြင့် မီးအားကို ချိန်ပေးရသေးသည်။ မီးပေါက်များကြားမှ အုတ်တွဲများကို ငုံ့ကြည့်လိုက်သည်။ လိမ္မော်ရောင် မီးရဲရဲကြားမှ အုတ်ခဲများ လှုပနေသည်ဟု ထင်သည်။

www.burmeseclassic.com

ခပ်လှမ်းလှမ်း အဝေးမီးဖိုထိပ်မှာ ဝင်းသိန်းတို့ကို လှမ်းမြင်နေရသည်။ လူ လေး၊ ငါးယောက် မီးဖိုထဲသို့ တွဲသွင်းနေခြင်း ဖြစ်သည်။ ကြီးမားလေးလံသော မီးဖိုတံခါးကြီး ပိတ်သံကို ပွဲတင်သံအဖြစ် တုန်ခါသွားအောင် ကြားလိုက်ရသည်။

ခင်မောင်မြင့်က သူတို့ ရှိရာသို့ လျှောက်ခဲ့သည်။ ချွေးတွေ သံတွေနှင့် ရွှဲနေသော လှထွန်းက ဟိုက်ဒရောလစ် တွဲတွန်းစက်ကို ချိန်နေသည်။

"အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ ဒွာယာထဲမှာ တွဲပြိုသေးတယ်"

အခြောက်လှန်းဖိုကို အင်္ဂလိပ်လို ဒရိုင်ယာဟု ခေါ်သည်။ ခင်မောင်မြင့်က အခြောက်လှန်းဖို ဘေးတံခါးများ(စစ်ဆေးရေးတံခါး) ဆီသို့ သွားကာ သံမဏိတံခါးရွက်ကို ဖွင့်လိုက်သည်။ အပူငွေ့ တော်တော်များများ မျက်နှာမှာ လာဟပ်သည်။ အတွင်းသို့ တတ်နိုင်သမျှ ငုံ့ကြည့်လိုက်သည်။

တွဲပေါ်မှ အုတ်ခြောက်အချို့ အခြောက်လှန်းဖို နံရံနှင့် ထိစပ်နေသည်။ တွဲပေါ်မှ အုတ်များမှာ စီကတည်းက စေတီပုံ အပေါ်သို့ ရှူးသွားသည့်ပုံ စီရသည်။ အောက်ခြေ ခိုင်ခိုင်ဖြင့် ပြိုမကျစေရန် ဖြစ်သည်။ ယခုအခါ အနေအထား ပျက်၍ ဘေးနံရံကို ထိနေခြင်း ဖြစ်သည်။ သိပ် အများကြီးတော့ မဟုတ်။

"တစ်တွဲချင်း သန့်ရှင်းရေး လုပ်ကြကွာ"

"အထဲမှာ ထုနဲ့ ထည်နဲ့ ပြိုမကျပါစေနဲ့ ဆုတောင်းရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



အနားတွင် ရောက်နေသော ဝင်းသိန်းကို ပြောခြင်း ဖြစ်သည်။ ဝင်းသိန်းက အတွင်းသို့ မျှော်ကြည့်လိုက်သည်။

''ခုထိတော့ တွဲထုတ်ရတာ ပေါ့ပါးသေးတယ်''

မှန်သည်။

ခုထိ တွဲထုတ်ရတာ ပေါ့သေးသည်။ တွဲပြီးသည်ဟု ဆိုနိုင်ရုံသာ ရှိသည်။

ရထားလမ်းပေါ်သို့ ထုနှင့် ထည်နှင့် ကျလာပါက ဆွဲထုတ်၍ ရနိုင်တော့မည် မဟုတ်။

''နောက်တွဲက ၄ နာရီ ကျော်မှနော်''

''အင်း''

''သွားမယ်၊ မင်းတို့ ခဏ လှဲလေ၊ ငါ ခဏ လိုက်ကြည့်လိုက်ဦးမယ်၊ စိန်အေး ရေနွေး တည်ထားကွာ''

ခင်မောင်မြင့်က အော်လိုက်ရင်း ဟိုက်ဒရောလစ် တွဲတွန်းစက်ဆီသို့ လျှောက်သွားသည်။ မကြာခဏ ကြည့်ပေးရသည်။ တွဲတွန်းစက်က မီးဖိုတွင်းရှိ တွဲများကို တဖြည်းဖြည်းချင်း ရှေ့တိုးအောင် တွန်းပေးရသဖြင့် အရေးပါသော စက်ကိရိယာ ဖြစ်သည်။

သူ့မှာ အများဆုံး တွန်းနိုင်သောဝန် ရှိသည်။ ၄၀၀ ပီအက်စ်အိုင် ဖြစ်သည်။ တစ်ခါတလေ မတန်တဆ တွန်းရသည့်အခါ ၅၀၀ ကျော်သွားတတ်သည်။ ထိုအခါမျိုးတွင် တွဲတွန်းစက် ပျက်စီးသွားနိုင်သည်။ ရုပ်ကောက်သွားနိုင်သည်။ ယခုလည်း ခင်မောင်မြင့်က တွဲတွန်းစက်ကိရိယာနှင့် မောင်းတံများကို သေချာစွာ စစ်ဆေးသည်။ ဖိအားခွက်တွင် ၃၄၀ ပီအက်စ်အိုင်ကို ပြလျက် ရှိသည်။ ခင်မောင်မြင့်က

www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီအိတ်ထဲမှ အဝတ်စုတ်ဖြင့် စက်ခုံပေါ်က စက်ဆီများ၊ ဖုန်များကို ပြောင်သွားအောင် သုတ်လိုက်သည်။ အပူငွေ့များက မီးဖိုပတ်ဝန်းကျင်မှာ သိပ်သည်းနေသည်။

(၂)

သည်ည ခင်မောင်မြင့် အလုပ်ဝင်သည့်အချိန် စောသည်။ စင်စစ် ည ၁၀ နာရီမှ ဝင်ရမည် ဖြစ်သည်။ အတိအကျ ပြောရလျှင် ည ၁၀ နာရီမှ နံနက် ၆ နာရီဆိုင်း ဖြစ်သည်။ သူသည် မီးဖိုဌာန၏ ခေါင်းဆောင် ဖြစ်သည်။ သည် ဥမင် မီးဖိုများ တည်ဆောက်စဉ်ကတည်းက လုပ်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် သည်မီးဖိုကြီး၏ သဘောသဘာဝကို သူ သိသည်။ စက်ရုံ အကြီးအကဲများကလည်း သူ့ကို အားကိုးသည်။ စင်စစ်အားဖြင့် သူတို့ဌာနမှာ အဆိုင်း လေးဆိုင်း ရှိသည်။ ခွင့် ယူသူနှင့် ပေါင်းလျှင် လူ ၂၀ ကျော်သည်။ သို့သော် အများစုမှာ လူသစ်များသာ ဖြစ်သည်။ လူဟောင်းအချို့ ဆေးခွင့်ယူထားသည်။ အချို့ ပင်စင်နှင့် ထွက်ကုန်ပြီ။ မိမိ၏ အတွေ့အကြုံကို မိမိတစ်ဦးတည်း သိနေ၍ မပြီး။ လူသစ်များနှင့် သူ့အောက်က ဝန်ထမ်းများကို အလျှင်းသင့်သလို သင်ကြားရသေးသည်။ သဘောသဘာဝကို ရှင်းပြရသေးသည်။ ယခု သဘာဝဓာတ်ငွေ့ဖြင့် မီးထိုးသောအခါ လောင်စာ အမျိုးအစားသာ ပြောင်းသော်လည်း မီးဖို၏သဘာဝက ပြောင်းသည် မဟုတ်။

"အားလုံး ကောင်းတယ် ကိုခင်မောင်မြင့်၊ ဒါပေမဲ့ ပွတ်ရှားက ဒုက္ခပေးချင်တယ်၊ အော်တိုစတော့လည်း ပျက်နေတယ်၊ ရပ်လိုက် တွန်းလိုက် လုပ်နေရတယ်"

www.burmeseclassic.com

 www.burmeseclassic.com 

''စက်ပြင်ကို အကြောင်းကြားသေးသလား''

''ပြီးပြီ၊ မနက်ဖြန် မနက်မှ လုပ်ပေးမယ် ပြောတယ်''

ည ၉ နာရီခွဲပြီ။ ဒုတိယဆိုင်း(ညနေ ၂ နာရီမှ ည ၁၀ နာရီဆိုင်း)ကို တာဝန်ခံ ကိုကြိုင်က တာဝန်ချိန် ကုန်ဆုံးပြီ ဖြစ်သဖြင့် ညဆိုင်းတာဝန်ခံ ခင်မောင်မြင့်ကို အခြေအနေ ရှင်းပြနေခြင်း ဖြစ်သည်။

''ဒရိုင်ယာကော''

''အခြောက်လှန်းဖို့လား၊ နည်းနည်းတော့ ပြိုသေးတယ်''

''ကောင်းပြီလေ၊ ထားခဲ့''

အဆိုင်းပြောင်း လက်မှတ်ထိုးပေးလိုက်သည်။ လက်ခံရမည့် ပစ္စည်းနှင့် စာရင်းကို လိုက်စစ်ကြည့်လိုက်သည်။ အားလုံးအတိ။ စားပွဲတွင် ထိုင်လိုက်ကာ ညဆိုင်းတာဝန်ချဇယားနှင့် ဖြစ်စဉ်ကို ရေးသွင်းလိုက်သည်။ မကြာမီ ဝင်းသိန်းနှင့်စိန်အေး ရောက်လာသည်။ စိုးမြင့်နှင့် လှထွန်းတို့ ရောက်လာတော့ ၁၀ နာရီကျော်ပြီ။ သူတို့ကိုလည်း အပြစ်တင်၍ မရ။ ဟိုး … သာခုကန်ရွာက အလုပ်ဆင်းရခြင်း ဖြစ်သည်။ ကုန်းကြောင်း လျှောက်ရသည်မှာ တစ်နာရီခွဲခန့် ကြာသည်။ ထို့ကြောင့် နည်းနည်းကျဉ်းကျဉ်း နောက်ကျသည်ကို လက်ခံရသည်။ မီးဖိုမှာက လူမရှိ။ ဝန်းထမ်းပြည့် ဆင်းပါမှ။ သည်လိုနှင့် ည ၁၀ နာရီခွဲတွဲ၊ ည ၁၂ နာရီခွဲတွဲတို့ကို သူတို့သွင်းပြီးသွားသည်။ ရေနွေးပင် သုံးအိုးကုန်ခဲ့ပြီ။

''ဝင်းသိန်းရေ ပွတ်ရှာကို သွားကြည့်ဦးဟ''

ပွတ်ရှာခေါ် တွဲတွန်းစက်ကို သည်နေ့ည မကြာခဏ စစ်ဆေးနေရသည်။ ဝင်းသိန်းက တွဲစက် ရှိရာ အနောက်ဘက်ထိပ်ကို သွားသည်။ မီးဖို ဟိုဘက်ထိပ်၊ သည်ဘက်ထိပ်ပင် တော်တော် ဝေး

www.burmeseclassic.com

www.burmeseclassic.com


သည်။ ဥမင်ရှည်ကြီး ဖြစ်သဖြင့် အလျားချည်း ၂၆၂ ပေ ရှည်သည်။ မီးဖိုကြီးကို အကြမ်းအားဖြင့် သုံးပိုင်း ဆစ်ပိုင်းကြည့်နိုင်သည်။ အပူနွေးဖုံ၊ မီးထိုးဖုံ၊ အအေးဖုံ ဟူ၍ ဖြစ်သည်။ မီးဖိုကြီးကို ထမင်းအိုး တည်ခြင်းနှင့် ပုံနှိုင်းရလျှင် ပိုရှင်းသည်။ ထမင်းအိုး ဆူဝေစေရန် အပူပေးခြင်း၊ ထမင်းအိုး ဆူပွက်ခြင်းနှင့် ထမင်းအိုး နှပ်ခြင်း ဟူသည့် သဘောမျိုးသာ ဖြစ်သည်။

မီးဖိုတွင်းသို့ ဝင်လျှင်ဝင်ချင်း ပေ ၈၀ ခန့် နေရာကို အပူနွေးဖုံ၊ မီးခေါင်းများ မီးထိုးနေသော အပူဆုံး နေရာကို မီးဖုံ(မီးဖုံက ပေ ၇၀ ခန့် ရှိသည်။) နောက် နှပ်ဖုံ ဖြစ်သည်။ ညသည် အပူငွေ့များဖြင့် မွန်းကျပ်နေအောင် လောင်မြိုက်နေသည်။ တဝေါဝေါ ဆူညံနေသံများကြောင့် စကားပြောလျှင် အော်ပြောနေရသည်။

"ပွတ်ရာက ဂီယာ မဝင်ဘူး၊ အော်နေတယ်"

ဝင်းသိန်းက ပြေးလာရင်း ပြောသည်။

"ခလုတ် ဖွင့်ထားသလား"

"ဖွင့်ပြီးသား၊ ဒါပေမဲ့ တအား အော်နေတယ်"

"ချိန်ခွက်ကို မကြည့်ခဲ့ဘူးလား"

"မကြည့်ခဲ့ဘူး၊ ကျွန်တော်တော့ ဗျော်နဲ့ ရတယ်တောင် ထင်လို့ ပြေးလာတာ"

ခင်မောင်မြင့်က ဝင်းသိန်းစကား မဆုံးမီ ထ ပြေးနှင့်ပြီ။ သူ့နောက်မှ လှထွန်း၊ စိန်အေး၊ စိုးမြင့်။ ခင်မောင်မြင့်က တွဲတွန်းစက် ဒိုင်ခွက်ကို ကြည့်လိုက်သည်။ ဒိုင်ခွက်ပေါ်မှ နာရီက ည ၁၂ နာရီ ၁၄ မိနစ်ကို ညွှန်ပြနေသည်။ သူ့နာရီနှင့် တိုက်လိုက်သည်။ တစ်မိနစ်

www.burmeseclassic.com


ပဲ ကွာသည်။ တွန်းစက်ညွှန်တံက ၅၅၀ ပီအက်အိုင်မှာ ပြနေသည်။ အန္တရာယ်အနီကွက်ထဲမှာ ငြိမ်သက်နေသည်။ ခလုတ်ကို ပိတ်လိုက်သဖြင့် တွန်းစက်တွင်းမှ အော်သံ ရပ်သွားသည်။

"တွဲတွေ ရှေ့မတိုးတော့ဘူးဟေ့၊ မီးဖိုထဲမှာ တွဲပြိုနေပြီနဲ့တူတယ်၊ ဝင်းသိန်း ခွဲမှူးကို သွားနှိုး၊ စိန်အေးက တာဝန်မှူးကို အကြောင်းကြား"

ဝင်းသိန်းနှင့် စိန်အေးက ပြေးထွက်သွားသည်။ ခွဲမှူးက ရိပ်သာထဲမှာ နေသည်။ သည်သို့ ကိစ္စအရေးပေါ်လျှင် နိုးရမဲ့ ဖြစ်သည်။ အဆင့်ဆင့် အစီရင်ခံရသည့်သဘော ဖြစ်သည်။

"ကိုလှထွန်း ခေတ်မီး သွားထုတ်ဗျာ၊ ဗီရိုထဲမှာ ခေတ်ခဲအသစ်တွေ ရှိတယ်၊ ရော့ … သော့"

"ခေတ်မီးက ဘာလုပ်ဖို့လဲ"

"တွဲတွေ ဘာဖြစ်နေသလဲ ဆိုတာ အန္တရာယ်ဂါရောင်းထဲ ဆင်းကြည့်ရမှာပေါ့"

ခင်မောင်မြင့်၊ လှထွန်းနှင့် စိုးမြင့်တို့က မီးဖို သည်ဘက်ထိပ်ကို ပြန်လာခဲ့သည်။ လှထွန်းက ဗီရိုထဲမှ ခေတ်မီး ထုတ်နေစဉ် ခင်မောင်မြင့်က ချွတ်ထားသော စစ်ဖိနပ်အဟောင်းကို ကောက်စွပ်လိုက်သည်။ နောက် ရေနွေးတစ်ခွက်ကို ကျိုက်ချလိုက်သည်။ နောက် ခွဲမှူးနှင့် တာဝန်မှူး လာမည့် စက်ရုံပေါက်ကို မျှော်နေလိုက်သည်။ စင်စစ် မြေအောက်လိုဏ်ခေါင်းမှ တစ်ဆင့် မီးဖိုကြီး၏ အောက်ထဲသို့ ဆင်းကာ မီးဖုံအတွင်းရှိ အုတ်တွဲများ၏ အောက်ပိုင်းအခြေအနေကို ဝင်၍ စစ်ဆေးရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


အန္တရာယ်ကြီးလှသည်။ မီးဖို၏အောက် ၁၀ ပေအနက်မှာ မြေအောက်လိုဏ်ခေါင်း ရှိသည်။ ဒါကလည်း ဥမင်မီးဖို တည်ဆောက်ပုံတွင် ပါဝင်သော နည်းစဉ်တစ်ခု ဖြစ်သည်။ မီးဖိုတွင်းရှိ တွဲများ၏ ပြစ်ချက်များကို စစ်ဆေးရာ၌ ဥမင်တွင်းသို့ လူ ဝင်၍ ရသည် မဟုတ်။ စင်တီဂရိတ် ဒီဂရီ ၁၀၀၀ ကျော်သော ဥမင်တွင်းသို့ လူ ဝင်လျှင် ပြာဖြစ်ရုံသာ ရှိသည်။ ထိုအခါ စမ်းဆေးရန် မြေအောက်လိုဏ်ခေါင်းတွင်းသို့ ဆင်းကာ စစ်ဆေးသောနည်းကို သုံးရသည်။

လိုဏ်ခေါင်းမှာ မှောင်ပိန်းနေတတ်သည်။ မီးအပူ တိုက်ရိုက် ဝင်မလာနိုင်သော်လည်း အတော်အသင့် ပူသော အပူငွေ့များ ရှိသည်။ မြေအောက်တွင်းရှိ လေကလည်း သန့်ချင်မှ သန့်နိုင်သည်။ တစ်နှစ်နေလို့ တစ်ခါ ဝင်ရသည် မဟုတ်။ ဘာပဲဖြစ်ဖြစ် အန္တရာယ်ရှိနိုင်သည်။ ခွဲမှူး ရောက်မလာသေး။ ခင်မောင်မြင့်က ဖြစ်စဉ်ဇယားတွင် မှတ်ချက်များ ရေးသွင်းလိုက်သည်။

ည ၁၂း ၁၄။ ဟိုက်ဒြောလစ် တွဲတွန်းစက် ချွတ်ယွင်း။
စက် ရပ်ထား။ ၅၅၀ ပီအက်အိုင် ရှိ။
အဆင့်ဆင့် သတင်းပို့။

(၃)

တာဝန်မှူးနှင့် ခွဲမှူးသာမက စက်မှူဌာနမှ အင်ဂျင်နီယာပါ ပါလာသည်။ အားလုံးက မြေအောက်သို့ ဆင်းကာ ဖြစ်ပျက်မှု၏ အကြောင်းရင်းကို စစ်ဆေးစေချင်ကြသည်။ သို့သော် ခင်မောင်မြင့် တစ်ယောက်တည်း ဆင်းမည် ဆိုသည်ကိုမူ ခွင့်မပြု။

www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ်၊ ကျွန်တော် တစ်ယောက်တည်း ဆင်းမယ်"

"မလုပ်ပါနဲ့၊ နှစ်ယောက် ဆင်းပါ၊ တစ်ယောက်ကို တစ်ယောက် ကူညီနိုင်တာပေါ့"

ခွဲမှူးက ကန့်ကွက်သည်။ ခင်မောင်မြင့်က ဝင်းသိန်းကို လှမ်းကြည့်လိုက်သည်။ လိုက်မလား ဆိုသည့် သဘော။ ဝင်းသိန်း ခေါင်းညိတ်ပြသည်။

"ကဲ ... လာ ဝင်းသိန်း ဆင်းမယ်"

ခင်မောင်မြင့်က ဓာတ်မီးကို စမ်းဖွင့်လိုက်သည်။ ဝင်းသိန်းက မြေအောက်လိုဏ်ခေါင်းသို့ ဆင်းသော သံမဏိအဖုံးကြီးကို ဆွဲမလိုက်သည်။ ခင်မောင်မြင့်က သံလှေကားအတိုင်း ဓာတ်မီး ကိုင်ကာ တစ်ထစ်ချင်း ဆင်းသည်။

"သတိထားဟေ့"

ခွဲမှူးအော်သံကို ကြားရသည်။ သူ့နောက်မှာ ဝင်းသိန်းက ဆင်းလိုက်လာသည်။ လိုဏ်ခေါင်းအောက်ခြေသို့ မရောက်နိုင်သေး။ ခဏအကြာတွင် ခြေထောက်က တစ်စုံတစ်ခုနှင့် ထိတွေ့သည်။

ရေ။ မှန်သည်။ မြေအောက်မှ စိမ့်ထွက်နေသော ရေများက ဒူးဆစ်မြုပ်ခန့် ရှိနေသည်။ ရေထဲမှာ ရပ်နေရင်း ဝင်းသိန်းကို ဓာတ်မီး လှမ်းထိုးပြလိုက်သည်။

"ရေထဲ ဆင်းရင် ခုန်မချနဲ့၊ အုတ်ကျိုးတွေ ရှိမယ်"

နှစ်ဦးစလုံး သံမဏိအဖုံးဆီသို့ ဓာတ်မီးနှင့် ထိုးပြရင်း မော့ကြည့်လိုက်သည်။ ငုံ့ကြည့်နေသော မျက်နှာများကို မြင်နေရသည်။

"လာဟေ့"

www.burmeseclassic.com

www.burmeseclassic.com


ခင်မောင်မြင့်က မီးဖုံ ရှိရာသို့ တဖြည်းဖြည်း စမ်းသွားလိုက်သည်။ အောက်မှာ ချွန်ထက်သော အုတ်ခဲကျိုးများက ရေထဲ မြုပ်နေသည်မို့ စစ်ဖိနပ် ပါသော်လည်း ထိန်းပြီး သွားနေရသည်။ မီးဖုံဘက် ရောက်လေ မည်းမှောင်လေ ဖြစ်သဖြင့် ဝင်းသိန်းကို စောင့်ခေါ်နေရသည်။ ခြေထောက်အောက်က ရေက ပူနွေးနေသည်။ သူတို့ခေါင်းပေါ်မှာ ရထားလမ်း။ ရထားလမ်းပေါ်မှာ အုတ်တွဲများ။ တစ်တွဲနှင့်တစ်တွဲ ထိကပ်ကာ တန်းစီနေသည်။

အုတ်တင်တွဲများ၏ ဝမ်းဗိုက်ပိုင်းများကို တွေ့နေရသည်။ သူတို့ မီးဖုံအောက်သို့ ရောက်ပြီး မီးတောက်မီးလျှံများကို တိုက်ရိုက် မမြင်ရသော်လည်း အပူဓာတ်က လိုဏ်ခေါင်းတွင်းမှာ ပူလောင်နေသည်။ ကျယ်လောင်သော မီးထိုးသံ တဝေါဝေါက အောက်မှာ ညံစီနေသည်။

"မီးဖုံ ဟိုဘက်ထိပ်ကို ငါ သွားမယ်၊ မင်း ဒီမှာ နေရဲသလား"

"ရတယ်၊ ကျွန်တော် သွားမယ် ဓာတ်မီး ပေး"

"နေပါစေ၊ ငါ သွားမယ်၊ ငါက လူပျို၊ မင်းက ကလေးခြောက်ယောက်နဲ့"

ခင်မောင်မြင့်က နောက်လိုက်သော်လည်း ဝင်းသိန်းရင်ထဲမှာ ခံစားရသည်။ ခင်မောင်မြင့်က ခေါင်းဆောင် ပီသသူ ဖြစ်သည်။ အလုပ် ဆိုလျှင် သူက စလုပ်လိုက်ရမှ။ ဓာတ်မီးကို ကိုင်ကာ ရှေ့သို့ တိုးသွားလိုက်သည်။ ရှေ့သို့ တိုးသွားလေ မီးဖုံတည့်တည့် အောက်ပိုင်း ရောက်လေလေ ဖြစ်သဖြင့် ပူလောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုခင်မောင်မြင့် ပူသလား"

"အေး … တော်တော်ပူတယ်၊ ရတယ်"

ခင်မောင်မြင့်က လှမ်းအော်လိုက်သည်။ မီးဖုံထိပ်မှ တွဲကို စတင် စစ်ဆေးလိုက်သည်။ လက်နှိပ်ဓာတ်မီးဖြင့် တွဲဝမ်းဗိုက်ပိုင်းကို စေ့စေ့စပ်စပ် လိုက်ထိုးနေခြင်း ဖြစ်သည်။ အဓိကမှာ ဘီးများ။ နောက် ဝင်ရိုး။ ဘီးများက သံကြွပ်ဘီးများ ဖြစ်သည်။ တစ်ခါတစ်ရံ ဘီးများ ကွဲနေတတ်သည်။ အလေးချိန်ကြောင့် ကွဲတာမျိုး ရှိသလို မီးအပူကြောင့် ကွဲတာလည်း ရှိသည်။

စင်စစ် အုတ်တင်တွဲများမှာ မီးဖိုကြီး၏ အပေါက်ဝနှင့် ကွက်တိ ဝင်နိုင်ရန် တည်ဆောက်ထားခြင်း ဖြစ်သည်။ တွဲပေါ်မှာ မီးခံအုတ်ဖြင့် ကြမ်းခင်းထားသည်။ ထိုကြမ်းခင်းပေါ်မှာမှ အုတ်စီရခြင်း ဖြစ်သည်။ ထိုမီးခံအုတ်ကြမ်းခင်း အကျယ်သည် မီးဖိုအပေါက်နှင့် ဝင်ဆံ့ရုံသာ(တစ်ဖက် လက်သန်းတစ်လုံးခန့်သာ)တည်ဆောက်ထားသည်။

ထို့ကြောင့် အပေါ်မှ မီးထိုးလျှင် အောက်သို့ (တွဲအောက် ဘီးဆီသို့)မီး ရောက်နိုင်သည် မဟုတ်။ မီးက အုတ် စီထားသော အုတ်သားကိုသာ ထိုးခြင်း ဖြစ်သည်။ သို့သော် အချို့ တွဲများတွင် မီးခံအုတ် ဘေးသားများ ပဲ့ကျနေတတ်သဖြင့် လက်သန်း တစ်လုံးခန့် မကတော့ဘဲ လက်သီး တစ်ဆုပ်ခန့် ကွာဟနေတတ်သည်။ ထိုအခါ အောက်သို့ အပူ စီးဝင်တတ်သည်။ သည်လိုနှင့် တစ်တွဲချင်း စစ်ဆေးလာခဲ့သည်။

"ဝင်းသိန်းရေ တွေ့ပြီဟေ့၊ ဒီမှာ ဘီး ပဲ့နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက လက်နှိပ်ဓာတ်မီးနှင့် သေသေချာချာ ထိုးကြည့်လိုက်သည်။ ဘီးက တော်တော်ကလေး ပဲ့နေသည်။ ဘီးပဲ့က ထစ်ခံနေသဖြင့် တွဲတွန်းစက်က တွန်းသော်လည်း မရွေ့နိုင်ခြင်း ဖြစ်သည်။ ဝင်းသိန်းက ခင်မောင်မြင့် အနားသို့ ကပ်လာသည်။ ဓာတ်မီးထိုးပြသော နေရာကို ကြည့်လိုက်သည်။ ဘီးက ထမ်းထားသော ဝန်ကို မနိုင်တော့ဟန် ကွဲအက်လျက် နိမ့်ကျနေသည်။

"ဂျိုက်ထောက်ပြီး ဘီး လဲရမယ်၊ ညတွင်းချင်း စက်ပြင်ဆရာ ခေါ်ရမယ်၊ နေဦး ငါ တွဲကို မြေဖြူနဲ့ မှတ်လိုက်ဦးမယ်"

ခင်မောင်မြင့်က တွဲကို မြေဖြူနှင့် ကြက်ခြေခတ်လိုက်သည်။

"သွားကြမယ်"

ဝင်းသိန်းကို ခေါ်လိုက်သည်။ မည်းမှောင်နေသဖြင့် ခင်မောင်မြင့်၏ ခါးပတ်စကို ကိုင်လိုက်ရင်း ရှေ့သို့ တစ်လှမ်းချင်း တိုးလိုက်သည်။ ပြစ်ချက်ကို တွေ့ပြီ။ အပေါ် ပြန်တက်ဖို့ပဲ ရှိတော့သည်။ ပြစ်ချက်ကလည်း သိပ်ကြီးကြီးကျယ်ကျယ် မဟုတ်။ စက်ပြင်သမားကို ခေါ်၊ တွဲအောက်မှာ ဂျိုက်ထောက်၊ တွဲကို မြှင့်၊ ဘီးသစ်တစ်လုံး တပ်၊ ဘီးဟောင်း ဖြုတ်လာခဲ့ရုံ။ ဒါပဲ ဖြစ်သည်။ အလွန်ဆုံး နာရီဝက် တစ်နာရီ။

"တော်သေးတာပေါ့၊ မီးဖုံထဲမှာ တွဲပြိုသလားလို့"

ဝင်းသိန်းက လျှောက်လာရင်း ပြောသည်။ ခင်မောင်မြင့်က စကားမပြန်နိုင်သေး။ တွဲတစ်တွဲချင်းကို စစ်ဆေးနေဆဲ။ သည်လိုနှင့် သံလှေကားအနီးသို့ ပြန်ရောက်ပြီ။ သို့သော် ပြန်မတက်သေးဘဲ အသက်ကို ဝအောင် ရှူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဝင်းသိန်းရေ မင်း နေခဲ့၊ ငါ မီးဖုံ ဒီဘက်ထိပ်က တွဲ တစ်တွဲကို မသကာဘူး၊ ရထားလမ်းနဲ့ ဘီး ကြားမှာ တစ်ခုခု ကျနေ သလိုပဲ၊ ငါ ထပ်ကြည့်လိုက်ဦးမယ်"

ဝင်းသိန်းကတော့ အစိုးရိမ် ကြီးရန်ကောဟု တွေးလိုက် သည်။ မှောင်ထဲမှာ စမ်းလျှောက်သွားသော ခင်မောင်မြင့်ကို စောင့် နေလိုက်သည်။

"ဝင်းသိန်းရေ ... ဟောဒီမှာ ဒါမှ တကယ့်ပြဿနာဟေ့"

"ဘာဖြစ်လို့လဲ"

"သဲကာဗာ ပြုတ်ကျနေတာဟ"

ခင်မောင်မြင့်၏ တအားအော်လိုက်သံက လိုဏ်ခေါင်းတွင်း မှာ တုန်ခါသွားသည်။ တဝေါဝေါ ဆူညံနေသည့်ကြားမှပင် ပြက်ပြက် ထင်ထင် ကြားနေရခြင်း ဖြစ်သည်။ သဲကာဗာ ဆိုသည်မှာ မီးဖိုကြီး ၏ အတွင်းဘေးနံရံတစ်လျှောက် သဲ ထည့်ထားသည့် ရေတံလျှောက် သဏ္ဌာန် ခွက်ရှည်ကြီး ဖြစ်လေသည်။ သည် သဲရေတံလျှောက် တပ် ဆင်ရခြင်းမှာ တွဲအောက်သို့ အပူ မစီးကူးစေရန် တပ်ထားရသော အပူကာပစ္စည်းတစ်မျိုး ဖြစ်သည်။

အခုလို ရေတံလျှောက်သဏ္ဌာန် သဲခွက်၏ ဘေးကာသံပြား ရှည်ကြီး ပြုတ်ကျနေပြီး ရထားလမ်းနှင့် ဘီး ကြားမှာ ကျနေသည်။ ဒါဆိုလျှင် ပြစ်ချက် နှစ်ချက်အနက် သဲကာဗာ ပြုတ်ကျခြင်းက ပိုမို ကြီးမားသည်။ သဲကာ သံပြားရှည်ကြီးက အတွင်းမှာ မည်မျှ လိမ် ကောက်နေသည်ကို သိနိုင်မည် မဟုတ်။ လူနှင့် ဆွဲထုတ်လို့ကလည်း ရနိုင်မည် မဟုတ်။ မီးခေါင်းများအားလုံး မီးသတ်ရမည်။ တစ်ပက်

www.burmeseclassic.com

www.burmeseclassic.com


ခန့် အအေးခံကာ ပြင်ဆင်ရမည်။ ခင်မောင်မြင့် ပြန်ရောက်လာတော့မှ ဝင်းသိန်း သံလှေကားအတိုင်း အပေါ် တက်လိုက်သည်။ ဝင်းသိန်း တော်တော်လေး တက်ပြီးမှ သံလှေကားပေါ် တက်လိုက်သည်။

(၄)

ခင်မောင်မြင့်က မြေအောက် စစ်ဆေး တွေ့ရှိချက်များကို အစီရင်ခံရသည်။

ခွဲမှူးနှင့် စက်မှုအင်ဂျင်နီယာက စက်ရုံမှူးထံ ညတွင်းချင်း တယ်လီဖုန်းဖြင့် ဆက်လက် သတင်းပို့သည်။ စက်ရုံမှူးထံမှ မီးဖိုရပ်ခွင့် ရသည်နှင့် သဘာဝဓာတ်ငွေ့မီးခေါင်းများ အားလုံးကို မီးသတ်လိုက်သည်။ သဘာဝဓာတ်ငွေ့ ဘားကို ပိတ်လိုက်ခြင်းဖြင့် ဓာတ်ငွေ့ဖြတ်တောက်လိုက်ခြင်း ဖြစ်သည်။ မီးခေါင်းများ ငြိမ်းသွားသဖြင့် ဆူညံနေသည့် အသံအချို့အဝက် ငြိမ်ဆိတ်သွားသည်။ အပူဖြန့် ပန်ကာများ လည်ပတ်သံကမူ ကြားနေရဆဲ။ ခေါင်းတိုင်ကြီး၏ လေဆွဲပန်ကာကို ဖွင့်လိုက်သည်။ အပူငွေ့များ ခေါင်းတိုင်ကြီးမှ ထိုးထွက်သွားနိုင်ရန် ဖြစ်သည်။

"ခင်မောင်မြင့် ဒီညတော့ မင်းတို့အဖွဲ့ ဂရုစိုက်ကွာ၊ မနက်မှပဲ လူ ထပ်ချပေးမယ်၊ မင်းတို့လည်း ပင်ပန်းနေပြီ၊ မင်း ဦးဆောင်ပြီး ခိုင်းကွာ၊ ကြားလား"

တစ်ပတ်ခန့် သို့မဟုတ် ငါးရက်ခန့် အအေးခံမှ အေးမည်ဖြစ်သော မီးဖိုတွင်းသို့ သူတို့ ဝင်ရဦးမည်။ အေးသည် ဆိုသော်လည်း ဒီဂရီ ၁၀၀ ကျော် ပူနေဦးမှာ ဖြစ်သည်။ မီးဖိုတွင်းမှ တွဲပေါင်း ၂၅

www.burmeseclassic.com

www.burmeseclassic.com


တွဲကို ဟိုဘက်ထိပ်၊ သည်ဘက်ထိပ်မှ တစ်စီးမကျန် ဆွဲထုတ်ရမည်။ လုံး၀ အေးသွားသည်အထိ စောင့်နေ၍ မဖြစ်။ တတ်နိုင်သလောက် အပူခံကာ ဝင်ရောက် ဆွဲယူရမည် ဖြစ်သည်။ သံမဏိကြိုးများ၊ သံချိန်များဖြင့် လူအင်အားကို သုံးကာ တွဲများ ဆွဲထုတ်ရမည်။ အချို့အဖွဲ့က မြေအောက်သို့ ဆင်းကာ ဘီးကွဲနေသည့် တွဲကို ဘီးသစ် လဲပေးရဦးမည်။ ပူပူလောင်လောင် ကြားမှာပင် ကောက်လိမ်သွားသော သံကာဗာကို ပြန်လည် တပ်ဆင်ရမည်။ ခင်မောင်မြင့်က နာရီကို ကြည့်လိုက်သည်။

နံနက် ၃ နာရီ ခွဲတော့မည်။ ဝင်းသိန်းတို့ကို အနားယူခိုင်းလိုက်သည်။ ခွဲမှူးနှင့် အင်ဂျင်နီယာကမူ ဆွေးနွေးနေကြဆဲ၊ ခင်မောင်မြင့်က စက်ရုံအပြင်ဘက်သို့ ထွက်လာခဲ့သည်။ သူ့မျက်စိများ ဖန်ရီနေသည်။ နောက်ထပ် အနည်းဆုံး လေး၊ ငါးရက် အိပ်ရေးပျက်ဦးမှာ သေချာသည်။ နေ့မီးညမီး ဆက်ကာ ပင်ပန်းနေလိမ့်ဦးမည်။ စက်ရုံပေါက်မှ ပင်လယ်ကဗွီးပင်ကို ပတ်ဝိုင်းထားသော အုတ်ခုံပေါ်မှာ ထိုင်ချလိုက်သည်။ ပင်လယ်ကဗွီးရွက် ချွန်မြမြကို လေတိုးသံ တစီစီကို ကြားနေရသည်။

ခင်မောင်မြင့်က မီးဖိုကြီးဆီသို့ လှမ်းကြည့်လိုက်သည်။ မီးဖိုတံခါးကြီးများကို အပူငွေ့ ထွက်သွားစေရန် ဟင်းလင်းဖွင့်ထားသဖြင့် တိုးလျှိုပေါက် မြင်နေရသည်။ မီး ငြိမ်းသတ်ထားသော်လည်း လိမ္မော်ရောင် စူးရဲနေသော အုတ်တွဲများက အလျှံတညီးညီး လောင်မြိုက်နေဆဲ။ ခွဲမှူးနှင့် အင်ဂျင်နီယာ စက်ရုံအပြင် ထွက်လာသည်။ အုတ်ခုံပေါ်မှာ ထိုင်နေသော ခင်မောင်မြင့်ကို ပြုံးပြရင်းက နှုတ်ဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ... ခင်မောင်မြင့် တို့ သွားမယ်၊ စိတ်ချမယ်ဟော့"

"ဟုတ် ... ဟုတ်ကဲ့၊ ဟိုး"

"ဘာလဲကွ"

"အော် ... မိုးလင်းရင် ကျွန်တော် အိမ်ခဏ ပြန်ချင်တယ် ဆရာ၊ ချက်ချင်း ပြန်လာပါ့မယ်၊ ဒီမှာက အနည်းဆုံး လေး၊ ငါးရက် နေရဦးမှာ ဆိုတော့"

"အေးလေ"

"ကျွန်တော် အမေ့ကို ပြန်ပြောချင်တယ်၊ အမေက စိတ်ပူ တတ်လို့ပါ ဆရာ"

"အေး ... အေး ကောင်းတာပေါ့ကွာ၊ ပြီးတော့ ပြန်လာ ပေါ့၊ တို့လည်း ပြန်လာမှာပါ"

အမေ့ကိုတော့ ပြန်ပြောမှ ဖြစ်မည်။ အမေက စိတ်ပူတတ် သည်။ စီးမျောနေသော အပူလှိုင်းများကြားမှာ ပင်ပန်းကြီးစွာ လုပ်ကိုင် ရမှာ သူ မကြောက်သော်လည်း သူ့ကြောင့် အမေ ရင်ပူမနေစေချင်။ အရှေ့ဘက် မိုးကောင်းကင်ကို မျှော်ကြည့်လိုက်သည်။ ပန်းသွေးနု ဆည်းဆာရည်များ ဖိတ်အန်ကျနေပြီ။ အပ်ချုန်ရွက် လေတိုးသံက ပိုမိုကျယ်လောင်လာသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# ပွဲသွားကြည့်မယ်

www.burmeseclassic.com

www.burmeseclassic.com

# ပွဲသွားကြည့်မယ်

ညသည် မှောင်မည်းပိန်းပိတ်နေသည်။ စောင်းလျှားပင်တောကို ဖြတ်သန်း တိုက်ခတ်လာသော လေကိုးသံ တရှဲရှဲက ညကို ပိုမို ချောက်ချားစေသည်။ ကျယ်ပြန့်ဝန်းလျားသော ဘုန်းကြီးကျောင်းပရဝုဏ်၏ တံတိုင်းဖြူဖြူနိမ့်နိမ့်ကို ဘုန်းကြီးကျောင်း အပေါ်ထပ်မှ အောင်မောင်း မြင်နေရသည်။ ပြတ်ပြတ်ထင်ထင် မဟုတ်။ ဝိုးတဝါးမျှသာ ဖြစ်သည်။ သူ့စိတ်အစီအစဉ်သည် တံတိုင်းဖြူဖြူ၏ ဟိုမှာဘက်တွင် ပြေးလွှားနေသည်။ သူသာ မဟုတ်၊ စံထွန်းအေးသည်လည်း သည့်နှယ်။ သူ့ဘေးမှ စံထွန်းအေးကို ကြည့်လိုက်သည်။ ခြုံစောင် ခပ်နွမ်းနွမ်းကို ခေါင်းမြီးခြုံကာ အိပ်နေသည်။ အိပ်နေသည် ဆိုခြင်းထက် အိပ်ချင်ယောင်ဆောင်နေတာက ပိုမှန်သည်။

သူ့တစ်ယောက်ကျော်မှာက တိုးမြင့်။ တိုးမြင့်ကမူ ထန်းလျက်ခဲ တစ်လုံးကို ကျောင်းနံရံ မှီရင်း စုပ်နေသည်။ အောင်မောင်းက ခါးပန်းကို ခေါင်းအုံး မှေးတင်လိုက်ရင်း ဘုန်းကြီးကျောင်း ပတ်

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင် တစ်ခုလုံးကို အကဲခတ်နေသည်။ မှောင်ကြီးမည်းမည်းတွင် သိမ်အိုကြီးသည် ခပ်စောင်းစောင်း ရပ်လျက်။ ကြယ်ရောင်ဖျော့ဖျော့တွင် ချောက်ချားဖွယ်ပင် ကောင်းသည်။ သည် သိမ်အိုကြီးသည်ပင် သရဲခြောက်သည် ဆိုလား။ သူကတော့ တစ်ခါမျှ အခြောက်မခံရသေး။ သူနှင့် ရွယ်တူ ကိုရင်စန္ဒာဝရကမူ တွေ့ဖူးသလိုလို ပြောဖူးသည်။ သူနှင့်ပင် နပမ်းလုံးသည် ဆိုလား။ သိပ်တော့ မယုံ။

သို့သော် သူလည်း ညဘက် သိမ်နား သွားရဲသည် မဟုတ်။ အခုလည်း သူတို့ပစ်မှတ်သည် သိမ်အိုကြီး မဟုတ်။ ဆွမ်းစားဆောင်သာ ဖြစ်သည်။ ဆွမ်းစားဆောင်မှ မီးရောင်မှိန်မှိန်နီနီကို တွေ့ရဆဲ။ ဦးပဥ္စင်းကြီး မကျိန်းသေးသည်မှာ သေချာသည်။ ဆရာတော်ကြီးကမူ ဘုရားရှိခိုး အမျှဝေပြီးသည်နှင့် ကျောင်းမကြီးပေါ်တွင် ကျိန်းနေကျ။

အခုလောက်ဆို ဆရာတော်ကြီး ကျိန်းလောက်ပြီ။ ဆရာတော်ကြီးအခန်းမှ မီးရောင် မမြင်ရတော့။ ဆွမ်းစားဆောင်တွင် ကျိန်းသော ဦးပဥ္စင်းကြီးသာ ကျိန်းလျှင် သူတို့လုပ်ငန်း စရတော့မည်။ စလည်း စချင်လှပြီ။ သူတို့ သွားရမည့် နေရာသည် နီးလှသည် မဟုတ်။ အဝေးကြီး။ အဝေးကြီးမှ လေးမိုင်လောက် ရှိမည်။ မုန်းချောင်းကို ဖြတ်ရဦးမည်။ နောက် မိုးမလင်းမီ ကျောင်းကို ပြန်ဝင်ရမည်။ လွယ်သည့်ကိစ္စတော့ မဟုတ်။

"စံထွန်းအေး"

စံထွန်းအေးထံမှ ထူးသံ မကြားရ။ အောင်မောင်းက လေသံဖြင့် ထပ်ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စံထွန်းအေး"

"ဟေ"

"တိုးတိုး လုပ်ပါဟ၊ တိုးမြင့်ကို ခေါ်လိုက်"

စံထွန်းအေးက တိုးမြင့်ကို လက်တို့သည်။ သုံးယောက်သား မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။ မှောင်ကြီးထဲမှာ တစ်ယောက်ကို တစ်ယောက် ဝိုးတဝါး မြင်နေရသည်။

"သွားကြတော့မလား"

"ဦးပဥ္စင်းကြီးမှ မကျိန်းသေးတာ"

"အေးကွာ၊ ၁၀ နာရီလောက်မှ ကျိန်းရင် သွားလို့ မလွယ်ဘူး"

"ဒါဖြင့်"

"ဒီလို လုပ်"

တိုးမြင့်က ထန်းလျက်ခဲ ငုံထားရင်း ပြောသဖြင့် စကားက သိပ်မပီသ။

"ကျောင်းနောက်ဖေးက ထွက်မယ်၊ လှေကားက ဆွဲနေတယ်၊ အဲဒါတော့ သတိထားရမယ်"

အောင်မောင်းက နည်းနည်း တွေသွားသည်။ ကျောင်းနောက်ဖေးက ထွက်။ ထွက်ပါပြီတဲ့။ ကျောင်းရှေ့ကို ပြန်ဖြတ်ရဦးမည်။ ဘေးပေါက်တွေကလည်း မဖြတ်ရဲ။ မြေပါးကင်းပါး ရှိနိုင်သည်။ နောက်တစ်ခုက ကျောင်းခွေးတို့ မြင်မည်။ ဟောင်မည်။ မဟောင် ထားဦး၊ ရုတ်ရုတ်သဲသဲ ဖြစ်နိုင်သည်။ ထိုအခါ ဦးပဥ္စင်းကြီးက ချောင်းကလေး တဟန့်ဟန့်နှင့် တောင်ဝှေး ဆွဲကာ လိုက်လံ

www.burmeseclassic.com

www.burmeseclassic.com


ကြည့်လိမ့်မည်။ ထို့နောက် ထို တောင်ဝှေးဖုကြီးသည်ပင်လျှင် သူတို့၏ ကျောပြင် အသီးသီးသို့ အသက အသက ရောက်လာပေလိမ့်မည်။

"မရဘူး၊ မရဘူး၊ သွားမလုပ်နဲ့၊ ခွေးဟောင်လိမ့်မယ်၊ တို့ကို ခွေးတွေ မဟောင်တောင် ဟိုဘက်ကျောင်းက ခွေး ဟောင်မှာ သေချာတယ်"

"အေး ... ဟုတ်သားဟ"

သုံးယောက် ခေတ္တ ငြိမ်သွားသည်။ ဆွမ်းစားကျောင်းဆီသို့ မျက်လုံးအစုံက စူးစိုက်နေကြသည်။ ထိုစဉ်မှာပင် ကျောင်းမကြီးဘုရားဆောင်ဘက်မှ ဒင်ခနဲ နာရီသံ တစ်ချက် ကြားရသည်။

"၈ နာရီခွဲကွ၊ တို့ သွားမှာနဲ့ ပွဲထွက်မှာနဲ့"

စင်စစ် သူတို့ဘုန်းကြီးကျောင်းသည် ရွာလမ်းမကြီးဘေးမှာ မဟုတ်။ အတွင်းပိုင်းနည်းနည်းကျသည်။ ထို့ကြောင့်လည်း ပွဲခင်းဘက် သွားသော ရွာသားများကို သူတို့ မမြင်နိုင်။ ရွာသားများက သွားချင်မှလည်း သွားကြမည်။ ခရီးက ဝေးသည်။ နောက် သည့်ထက် ဆိုးသည်က ရုံဝင်ခ၊ ဖျာခ။ ရွာမှာ ကြည့်ချင်ပွဲကို တခုတ်တရ ငွေကုန်ကြေးကျခံကာ ကြည့်နိုင်သူက ရှားသည်။ ပိုက်ဆံတတ်နိုင်သူများကလည်း သည်မျှ ဝေးလံလျှင် မသွားကြ။ သွားလျှင်လည်း လှည်းနှင့်သာ သွားကြပေလိမ့်မည်။ ထို့ကြောင့် ပွဲသွားဖော်ကို သူတို့ မျှော်၍ မရ။ သူတို့ချည်း သွားရမည်။ အောင်မောင်းက ခရီးစဉ်ကို တွက်နေသည်။

"ဟော ... ဦးပဥ္စင်းကြီး ကျိန်းပဟ"

www.burmeseclassic.com

www.burmeseclassic.com


တိုးမြင့်က အားရဝမ်းသာ ပြောလိုက်သဖြင့် ငုံထားသော ထန်းလျက်ခဲပင် ဒေါက်ခနဲ ကျသွားသည်။ မှန်သည်။ ဆွမ်းစားဆောင်မှ မီး မရှိတော့။ အိပ်မောကျအောင် ခဏတော့ စောင့်ရမည်။ အောင်မောင်းက သူ့အိတ်ထဲက ပိုက်ဆံအကြွေတွေကို ထုတ်လိုက်သည်။ ပြတင်းသို့ ကျနေသော အလင်းရောင်ပါးပါးကို အားပြု၍ အကြွေများကို ရေတွက်လိုက်သည်။ အားလုံး ၂ ကျပ် ပြား ၄၀။

"နှစ်ကျပ်နဲ့ ပြားလေးဆယ်၊ ရုံဝင်ခက ဘယ်လောက်"

"ကလေး တစ်ကျပ် ဆိုတော့ တစ်ကျပ် လိုတယ်"

"ဘယ်ဟုတ်မလဲ၊ ပြားခြောက်ဆယ်ပဲ လိုတာပေါ့"

"ဘယ်က ရမလဲ"

အောင်မောင်းက အကြွေများကို သိမ်းကျုံးကာ ထည့်လိုက်သည်။

"ဝင်ဖို့ မပူနဲ့၊ စားဖို့ပဲ ပူ"

တိုးမြင့်က ခါးမှာ ပတ်ထားသော လွယ်အိတ်ကို ပုတ်ပြသည်။

"ဒီထဲမှာ ငှက်ပျောသီး သုံးလုံး၊ ထန်းလျက် ဆယ်လုံး၊ အုန်းသီးခြမ်း တစ်ခု၊ သီးသီးမှည့် နှစ်လုံး၊ စောင်းလျားချို့ လေးလုံး ပါတယ်"

"ဟုတ်ပြီ၊ သွားစို့"

အောင်မောင်းက ဦးဆောင်ကာ ထသည်။ ပျဉ်များက တစ်ချက် နင်းလိုက်တိုင်း ကျွီခနဲ ကျွီခနဲ မြည်သည်။ တစ်ယောက် လက် တစ်ယောက် ကိုင်ရင်း လှေကားဆီသို့ လာကြသည်။ လှေကား

www.burmeseclassic.com

www.burmeseclassic.com



အုတ်ခုံပေါ်မှ ပတ်ဝန်းကျင်ကို သိမ်းကျုံးအကဲခတ်လိုက်သည်။ အရာဝတ္ထု အားလုံး မှောင်ထဲမှာ ဝပ်စင်းလျက်။ လှုပ်ရှားမှု လုံးဝ မရှိ။ ယုတ်စွအဆုံး ကျောင်းခွေးများပင် တစ်ကောင်တမြီးမျှ မတွေ့ရ။ ပုစဉ်းရင်ကွဲသံများကမူ ပိုမိုဆူညံလာသည် ထင်ရသည်။ ကျောင်းလှေကားမှ ကျောင်းဝသို့ ပြေးသွား၍ မဖြစ်။ ပုံမှန် ထွက်ရသည်။ ကြယ်သီးစေ့များ မပါသော ရင်ကွဲအင်္ကျီများ အကြားသို့ အညာလေတစ်ချက် တိုးဝင်သွားသည်။

"ညကျရင် အေးတော့ အေးမှာနော"

"လမ်းလျှောက်ရင်း ချွေးတောင် ထွက်ဦးမယ်၊ လာစမ်းပါ"

အောင်မောင်းက အစီအစဉ်ကို အပျက်မခံနိုင်။ ကျောင်းဝသို့ ရောက်ပြီ။ ရွာအနောက်ဘက်တံခါးသို့ သွားသည့် လမ်းမကို မြင်ရပြီ။ လမ်းဘေး တဲတချို့ မအိပ်သေး။ တဲထဲမှ မီးရောင်လက်လက်ကလေးများ ကြားတွင် ပြောင်မည်းသော မျက်နှာများကို မြင်နေရသည်။ နေ့လယ်က ပူခဲ့သည့် နေကြောင့် ဖုန်ထူထူက ပူနွေးနေသေးသည်။ ဖုန်နွေးနွေးကြားသို့ ခြေမျက်စိ မြုပ်ဝင်သွားသဖြင့် ခံစားရသော ရသကို သူတို့ ကြိုက်သည်။ စံထွန်းအေးက ပုဆိုး ကောက်ခြုံသည်။

"တစ်ရံရောအခါက မောင်မယ်နှစ်ဦးရယ် ကြည်နူးလို့ရယ်"

"တိုးမြင့် … ငွေညွှန့်စိန်ဓာတ်စက်မှာ ဓာတ်ထုပ်အသစ်ရောက်လို့တဲ့ဗျ၊ ရန်ကုန်က ဝယ်လာတဲ့ ဓာတ်ပြားတွေ ငါ တွေ့ခဲ့တယ်"

"ငါ နားထောင်ရပါတယ်၊ စိန်အောင်မင်း ဓာတ်ထုပ်ပါ ငမိုးရိပ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com


"×××× ညဥ့်လွှာရုံအောက်မယ် ×××× ခင့်ကိုသာ မောင့်မှာ စွဲမိတယ် ××××"

သူတို့သုံးယောက် အနောက်ဘက် ဆူးတံခါး ရောက်ချိန်တွင် ဂါတ်တဲကုန်းဆီမှ ၉ နာရီ သံချောင်းခေါက်သံ ကြားရသည်။

(၂)

ကုန်းဓောင်း။

မြေလတ်ဒေသမို့ ရာသီဥတု ပူသည်ကလွဲလျှင် သာတောင့်သာယာ ရှိသည်။ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း ဖြစ်သဖြင့် လယ်ယာ၊ ချောင်းမြောင်း၊ ယာခင်း၊ ကိုင်းခင်းတို့ဖြင့် ကြွယ်ဝသည်။ ဧရာဝတီနှင့် မုန်းချောင်းတို့၏ အကြား၌ တည်ရှိသဖြင့်လည်း မြောင်းရေသောက် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ သီးနှံများတို့ ထွက်သည်။ မြောင်းပေါင်ထိပ် သရက်ပင်တန်းမှ ရေနံချောင်း ရေနံမြေကို(ဟိုးအဝေးမှာ) ခပ်ရေးရေး မြင်နေရသည်။ မိုးတိမ်တောင်တို့ ကင်းစင်သည့် လများတွင် မှိုင်းမှိုင်းညို့ညို့ ဆိုင်းစို့စို့ ပုပ္ပားကို မှုန်တရီ တွေ့ရတတ်သည်။

စံထွန်းအေးတို့၊ အောင်မောင်းတို့ကို သည်မှာ မွေးသည်။ စံထွန်းအေးကား အမေ မရှိတော့။ အဖေ ရှိသေးသည်။ သည်မှာမဟုတ်။ တစ်နယ်တကျေးမှာ။ ရောက်သည့်အခါလည်း ရောက်လာတတ်သည်။ သူသည်ပင်လျှင် ဘယ်လိုက ဘယ်လို ဘုန်းကြီးကျောင်းရောက်လာရသည်ကို သိပ်မမှတ်မိချင်။ အဖေနှင့် သူ ရွာထဲက တဲငယ်တစ်ခုတွင် နေခဲ့ဖူးသည်။ အဖေက သူရင်းငှားဘဝနှင့် ယာထဲမှာလည်း နေဖူးသည်။ သည့်နောက် သူ့ကို သည်ကျောင်းမှာ ထားပြီး

www.burmeseclassic.com

www.burmeseclassic.com


ထွက်သွားသည်။ တစ်နှစ်၊ နှစ်နှစ် နေတော့ ပြန်လာ၊ ပြီးတော့ ပြန်ပျောက်သွား။ ဘာလုပ်မှန်းလည်း မသိ။ ချောက်ဘက်မှာ လက်သမားနောက်လိုက် လုပ်သည်ဟုလည်း ပြောသည်။ လက်သမားပညာ တတ်သည်ဟုလည်း မသိ။

နောက်မိန်းမ ရနေသည်ဟုလည်း ကြားရသည်။ ကိစ္စတော့ မရှိ။ ဒါက ပြဿနာ မဟုတ်။ သည်မှာက သူ့အတိုင်းအတာနှင့် သူ့အဆင်ပြေသည်။ ဦးဇင်းကြီး အလှူခံပေးသော အင်္ကျီ သုံး၊ လေးထည် ရှိသည်။ စားစရာက မပူရ။ နေစရာကလည်း ကျောင်းကြီးတစ်ခုလုံး နေပါလေ့။

တစ်ခါတစ်ခါတော့ အဖေ့ကို လွမ်းသည်။ နေမကောင်းသည့်အခါ အဖေ့ကို သတိရသည်။ လိုက်သွားရအောင်ကလည်း လိုက်ပို့မည့်သူ မရှိ။ ကုန်းဇောင်းက ဟိုဘက် မော်တော်နှင့် ကူးလျှင် ရေနံချောင်း။ ရေနံချောင်းက ကားစီးလျှင် ချောက်။ သည်လောက်တော့ သိသည်။ သည့်ထက်တော့ မပို။ ဦးဇင်းကြီးက သူ သိပ်လွမ်းမှန်း သိလျှင် လူကြုံနှင့် မှာထားပါတယ်ကွာဟု ဖျောင်းဖျတတ်သည်။

အောင်မောင်းဘဝက ပိုဆိုးသေးသည်။ အဖေရော အမေပါ မရှိ။ ငယ်စဉ်ကပင် ဆုံးပါးကြပြီ။ ငဖဲ-စေတုတ္တရာဘက် ထင်းတိုက်သွားရင်း ငှက်မိ၍ ဆုံးသည်ဟု မှတ်ထားသည်။ ထိုစဉ်က ဒဟပ်သား၊ သန်းသား လှည်းတစ်စီးတိုက်မှ ၁၀-၁၅ ကျပ် အနိုင်နိုင်။ ဒါကြောင့်လည်း ထင်းတိုက်လှည်းသမားဘဝနှင့်သာ အရိုးဆွေးသွားသည်။ ငွေစ အနည်းအကျဉ်းနှင့် ဘဝကို ရင်းသွားရသော အဖေနှင့် အမေကို အောင်မောင်း တစ်ခါတစ်ခါတော့ သတိရသည်ပိုတော့

www.burmeseclassic.com



ရှိသည်။ ဈေးကို ဆွမ်းခံထွက်ရင်း ခေါက်ဆွဲဆိုင်ရှေ့ ထင်းလှည်းချနေသည်ကို တွေ့ရသည့်အခါ မျက်ရည်စို့ရတတ်သည်။

အခု အောင်မောင်းအသက် ၁၂ နှစ် ကျော်ပြီ။ ဆရာတော်ကြီးကလည်း ချစ်သည်။ ဆရာတော်ကြီးက ချစ်ခင်ကြင်နာခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်းကို စည်းခြားထားသည်။ အမြင်မတော်လျှင် ရိုက်သည်။ ရိုက်လျှင်လည်း သက်သာသည် မဟုတ်။ ကျောင်းတိုင်မှာ ခါးပန်းကြိုးစည်း၍ ရိုက်သည်။ ကျက်သရေခန်းထိပ်က ထားဝယ်ကြိမ်ကို ကြိုးနီကွင်းကလေး တပ်၍ မြင်သာအောင် ချိတ်ပြထားသည်။ ရိုက်ပြီဆိုလျှင် ခံပေရော့ တစ်ပတ်။ သိပ်ပေရော့ နှနွင်း။ ထို့ကြောင့်လည်း ဆရာတော်ကြီးကို ချစ်ကြောက်ရိုသေကြသည်။ အမိအဖသဖွယ် တုပ်ကွရိုကျိုးကြရသည်။

တိုးမြင့်ကတော့ နည်းနည်း တော်သေးသည်။ အဖေရော အမေပါ ရှိသည်။ ညံကန်ရပ်ကွက်ထဲမှာ နေသည်။ သို့သော် ဆင်းရဲသည်။ သို့အတွက် သူ သည်ကျောင်း ရောက်လာခြင်း ဖြစ်သည်။ သူနေချင်သည်က အတန်းကျောင်း ဖြစ်သည်။ သို့သော် သူ့ဘဝနှင့် သူ့အကြောင်း ဘုန်းကြီးကျောင်း ရောက်လာတော့လည်း သူ ပျော်ပါသည်။ အတန်းကျောင်းသားအချို့နှင့် ဆွမ်းခံရင်း တွေ့သည့်အခါ ဘုန်းကြီးကျောင်းသား ဘာညာ စသည်ဖြင့် စတတ်ကြသည်။ ထိုအခါ ဘုန်းကြီးကျောင်းသား ထိလျှင် သူ မခံတတ်။ တစ်ခါက အတန်းကျောင်းသား တစ်စုနှင့် သူ တစ်ယောက်တည်း ရန်ဖြစ်ဖူးသည်။ သူ ပစ်လိုက်သော ကျောက်ခဲက ကျောင်းသားတစ်ဦး၏ ခေါင်းကို သွေးခြင်းခြင်း ရဲသွားစေခဲ့သည်။ ထိုစဉ်က ဆရာတော်ကြီး ရိုက်သည့်

www.burmeseclassic.com



ဒဏ်ကို သူ ကျေကျေနပ်နပ် ခံယူသည်။ မျက်ရည်များ၊ တုန်ယင်အက်ကွဲသော အသံများ၊ တဆတ်ဆတ် ခါနေသော လက်များကို ပူးယှက်လျက် လျှောက်ဖြစ်အောင် လျှောက်လိုက်သေးသည်။

"တပည့်တော်ကို စော်ကားတာ ခံနိုင်ပါတယ် ဘုရား၊ အခု သူတို့က ဘုန်းကြီးကျောင်းသား အားလုံးကို …"

ဆရာတော်ပင် ကြိမ်ချက် ဆိုင်းသွားသည်။ ကရုဏာမျက်လုံးများပင် သူ့ကို ကြည့်ခြင်း ခံနေရသည်။ တစ်စုံတစ်ခုသော လှိုင်းသည် ဆရာတော်ကြီး ရင်တွင်း၌ ရိုက်ခတ်သွားသည်ဟု ထင်သည်။ ဘုရားဆောင်ဘက်သို့ ပြန်ကြွတော်မူသည်။ အခုတော့လည်း တိုးမြင့်မှ တိုးမြင့်။ ကျက်သရေခန်း သော့ကိုင်ပင် ဖြစ်နေပြီ။ သို့ကြောင့်လည်း ကနေ့ည ရိက္ခာမှူးတာဝန်ကို သူ ယူခြင်း ဖြစ်သည်။

ကုန်းဇောင်းမှာက တစ်နှစ်နေလို့ ပွဲတော်ချိန် နှစ်ခါလား လုပ်သည်။ တစ်ခုက မြစေတီဘုရားပွဲ။ တစ်ခုက သာသနာ့ဗိမာန်ဘုရားပွဲ။ နှစ်စဉ် တန်ဆောင်မုန်းလတွင် ကျင်းပလေ့ရှိသည်။ တရားပွဲ၊ ရုပ်ရှင်၊ ကြည့်ချင်ပွဲ၊ ခြင်းဝိုင်း၊ ဘော်လီဘောပွဲ စသည်ဖြင့် စည်ကားလှသည်။ အမိန့်ရသည့်နှစ် ဆိုလျှင် နွားဒုံးပြိုင်ပွဲများကို မျှော်ရသည်။ ကျွဲတီ၊ ကပြည့် သည်ဘက်မှာ လက်ပံနွယ်၊ ဇီးတော၊ ကျောင်းစု၊ နည်းနည်း သွားလျှင် ရှောက်တော၊ ပွင့်ဖြူ နောက်ဆုံး စလင်းကုသိန္နာရုံဘုရားပွဲ။ ဆင်ဖြူကျွန်းချောင်းထဲ ပွဲတော်အထိ သွားနိုင်သည်။

ဘာပဲဖြစ်ဖြစ် သည်နယ်မှာ သည်နှစ် နာမည်ရသည့် ဇာတ်မှာ စိန်မောင်ဇာတ် ဖြစ်သည်။ သည်ဇာတ်က အရင် ကုန်းဇောင်းမှာ

www.burmeseclassic.com

www.burmeseclassic.com


ဗလာကသည့် ဓာတ် ဖြစ်သည်။ သူတို့ကျောင်းဘုရားပွဲများတွင် သုံး၊ လေးချီ ကဖူးသည်။ အထူးသဖြင့် ပြဇာတ်မင်းသား ရဲတင့်နှင့် လူရွှင်တော် ညိုချောကို တစ်ရွာလုံးက ကြိုက်သည်။ တလောကတော့ စိန်မောင်ဇာတ် နားလိုက်ပြီလိုလို၊ မကွေး၊ မင်းဘူးဘက်တောင် တက်ကသလိုလို ကြားရသေးသည်။ သည်နှစ်မှ ဖြုန်းစားကြီး ပြန်ပေါ်လာသည်။ ရုံနှင့်ပင် ကနေပြီ။ ဖလံတောဘုရားပွဲမှာ ရုံထိုးကခြင်းက စသည်ဟုလည်း ဆိုကြသည်။ ဖလံတောမှာ ကုန်းဓောင်းမှ လေးမိုင်ခန့် ဝေးသော မုန်းဆိပ်ရွာကြီးတစ်ရွာ ဖြစ်သည်။ အခု သူတို့ ပွဲကြည့်ဖို့ လာခြင်းသည် ဖလံတောသို့ ဖြစ်သည်။ နေ့လယ်ဘက်ကတည်းက သူတို့ တိုင်ပင်ထားကြသည်။ ဖလံတော သွားမည်။ မုန်းကို ဖြတ်ရမည်။ ဖြတ်ဖို့က လှေ ရှိသည်။ သို့မဟုတ် လူကူးသည့်နေရာ ရှိသည်။ လူကူးဆိပ်(နွေတွင် ရေတိမ်သည်)မှ မုန်းကျင်းကို ဖြတ်တက်လိုက်လျှင် ဖလံတောကို ရောက်သည်။ ပွဲကြည့်ပြီး လင်းအားကြီး ကျောင်းသို့ ပြန်ဝင်ရမည်။

တစ်ခုတော့ ရှိသည်။ တိုင်ပင်စဉ်ကလည်း ထည့်တွက်ပြီး ဖြစ်သည်။ သွားရမည့် လမ်းခရီး ဖြစ်သည်။ ဖလံတောသို့ သွားရန် သူတို့မှာ အဖော် ရှိသည် မဟုတ်။ ရှိပါကလည်း သူတို့လို ခိုးထွက်ရသူများအဖို့ ရှောင်ရမည်သာ ဖြစ်သည်။

အဖော် မပါဘဲ သုံးယောက်လည်း သွားရမည့် သည်ခရီးတွင် နာမည်ကြီး သူဌေးတန်းသင်္ချိုင်းကို လည်းကောင်း၊ ဓာတ်လမ်းပေါင်း များစွာတို့ဖြင့် ထုံမွှမ်းသော လက်ပံသုံးပင်ကို လည်းကောင်း သူတို့ မကျွမ်းကျင်သော မုန်းချောင်းပြင်ကျယ်ကို လည်းကောင်း

www.burmeseclassic.com


ဖြတ်သန်းရမည့် ဒုက္ခများလည်း ရှိသေးသည်။ ညသည် ပိန်းပိတ်နေဆဲ။ လေအဝှေ့၌ ဆိုင်းသံသဲ့သဲ့ကိုပင် ကြားသယောင် ထင်ရသည်။ စံထွန်းအေးက သီချင်းကို ဟစ်၍ အော်ရာမှ သတိပေးလိုက်သည်။

"မြန်မြန်လာကြဟေ့"

(၃)

သူဌေးတန်းသင်္ချိုင်း။

စင်စစ် သူဌေးတန်း(ရပ်ကွက်အမည်)ဆိုသော်လည်း သက်ကယ်မိုး၊ ထရံကာ ဆင်းတောင့်ဆင်းရဲ လက်လုပ်လက်စားများ နေသော ရပ်ကွက် ဖြစ်သည်။ သူကြီးဟောင်း တစ်ဦးက "ငါ့ရွာသားတွေ ဆင်းရဲလှတယ်၊ သက်ကယ်တန်း ပျောက်၊ သူဌေးတန်း ရောက်"ဟု အမည်ပေးခဲ့ရာမှ သူဌေးတန်းဟု တွင်ခဲ့သည်ဟု ဆိုသည်။ သည် ရပ်ကွက်သည် ရွာမကြီး၏ အနောက်ဘက်တွင် ရှိသဖြင့် သူဌေးတန်း ပြီးလျှင် သူဌေးတန်းသင်္ချိုင်းနှင့် ဆက်စပ်နေသည်။ သည် သင်္ချိုင်းကို သူတို့ မလွဲမသွေ ဖြတ်သန်းရပေမည်။ သင်္ချိုင်းထိပ်က ညောင်ပင်မှာ နံနက်စောစော အမေ ဒေါ်ရင်မြရင် အကြော်တဲ ရှိသည်။ ညောင်ပင်က အိုမင်းလှပြီ။ ညောင်ရွက်လေတိုးသံက တဝေါဝေါဆူညံလျက် ရှိသည်။ တိုးမြင့်က စံထွန်းအေးနှင့် အောင်မောင်းကြားသို့ ဝင်လိုက်သည်။

"မကြောက်ပါနဲ့ကွာ ··· ယောက်ျားတွေပဲ"

စံထွန်းအေးက တံ့ခနဲ ရပ်လိုက်သည်။ မှောင်မည်းနေသော မှတ်ဆိတ်ဖွားဖွား ညောင်ပင်ကိုင်းကိုင်းရှေ့က ဖြတ်ဖို့ သူ ဝန်လေးနေပုံ ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို လုပ်ကြမလဲ"

နွေလယ်ခင်းက အားတင်းထားသော ရဲဆေးသည် ဘယ်ရောက်သွားမှန်းပင် မသိ။

"ဒီလို လုပ်"

အောင်မောင်းက ခါးတောင်းကျိုက်သည်။ ကျန်နှစ်ဦးကလည်း လိုက်လုပ်သည်။

"နေဦး ဘယ်လို လုပ်မှာတုံး"

"ပြေးမယ်လေ"

"တစ်ယောက်ယောက် နောက်ကျန်နေရင်ကော"

"ဟ … မကျန်အောင် ပြေးပေါ့"

"ချီး … မကျန်အောင် ဘယ်လို ပြေးလို့ ရမလဲဟ"

"ညှိပြေးမယ်၊ ရင်ပေါင်းတန်းပေါ့၊ ဂူတွေဘက်ကို မကြည့်နဲ့"

သည်လိုနှင့် ညောင်ပင်သည် ဟိုးဝေးဝေးမှာ ကျန်ရစ်ခဲ့သည်။ မောလိုက်သမှ ချောင်းတဟွတ်ဟွတ် ဆိုးသည်ထိ။ တော်တော်နှင့် စကားပင် မပြောနိုင်။ သို့သော် ကန္တာရကို ကျော်လွှားခဲ့ပြီ။ အမောပြေသလောက် ရှိမှ တိုးမြင့်က မေးသည်။

"အခုလောက်ဆို ပွဲထွက်ပြီပေါ့နော်"

"အေး … ထွက်ရောပေါ့"

"ဘယ် ထွက်ဦးမလဲကွ၊ အခုမှ ၉ နာရီခွဲလောက်ပဲ ရှိဦးမှာ"

"ထွက်ပြီပေါ့ဟ"

www.burmeseclassic.com

www.burmeseclassic.com



"တောက် ... အော်ပဒါတော့ လွတ်ပြီပေါ့ကွာ"

"ပြဇာတ် မီရင် တော်ပြီပေါ့ဟ၊ ပြဇာတ်က ဇာတ်ကြမ်း ဆို ကောင်းမယ်"

"တစ်ကျပ်တောင် ပေးရတာ တန်အောင် ကြည့်ချင်တယ်ကွာ"

ထိုစဉ်မှာပင် လကွေးကွေးကလေး ပေါ်ထွန်းလာသည်။ လရိပ်ဝန်းမှ နွမ်းလျသော ရောင်ခြည်က အမှောင်ကို ရုပ်သိမ်းလိုက်သည်။ ကြည်လင်ဝင်းပခြင်း မရှိသော်လည်း လမ်းမကြောင်း ဖွေးဖွေးကို ကြိုမြင်နေရသည်။

"လထွက်လာပြီဟေ့"

"မုန်းကူးရင် အဆင်ပြေတာပေါ့"

"အေးကွ၊ မှောင်ကြီးထဲ ကူးရရင် လန့်စရာကြီး"

"လူကူးတဲ့နေရာ ငါ သိပါတယ်ကွာ"

"မင်း ကူးဖူးလို့လား"

"ဖလံတောက ဘကြီးစိန်အိမ်ကို ဆေးသွားယူတုန်းက ငါ လာရသေးတယ်လေ"

"အဲဒါက ထားဦး၊ ဟိုရှေ့မှာ လက်ပံပင်"

ပြာစင်သော မိုးကောင်းကင်ထက်သို့ ဖြောင့်တန်းစွာ ထိုးထွက်နေသော လက်ပံပင်အိုကို မြင်နေရသည်။ ကိုင်းများက အရုပ်ရုစ်မျက်နှာသို့ ချောက်ချားဖွယ် ဆန့်တန်းလျက်။ ကြီးမားသော ပါးပျဉ်းမြစ်ဆုံများက ကြက်သီးထဖွယ် ထင်ရသည်။ သည် အပင်အောက်မှ ဖြတ်သန်းရလျှင်...။ သူတို့ ခြေလှမ်းများပင် တုံ့နှေးသွားသည်။ လရောင်

www.burmeseclassic.com

www.burmeseclassic.com



က လက်ပံကိုင်းတံများကို မြေပေါ်၌ ထင်စေလျက်။ ဝေါခနဲ ထပျံပြေးသော ဆက်ရက်အုပ်ကြောင့် ပတ်ဝန်းကျင်ပင် တုန်ခါသွားသည်။

"နေဦးကွာ၊ ငါ မသွားရဲတော့ဘူး"

"ဟာ ... မင်းကလည်း လုပ်ပြီ၊ လာစမ်းပါ"

"နားထောင်စမ်း၊ တို့နောက်မှာ လှည်းသံ"

အားလုံး သမင်လည်ပြန် ကြည့်လိုက်ကြသည်။ ဟုတ်သည်။ နောက်မှာ လှည်းတစ်စီး လာနေသံ သိုးသိုးသဲ့သဲ့ ကြားနေရသည်။ ဖုန်တထောင်းထောင်းကိုပင် မြင်နေရသည်။ မကြာမီပင် အနား ရောက်လာသည်။ လှည်းပေါ်မှာ ကြံရိုးတွေ အပြည့်။

"ဘကြီး ကျွန်တော်တို့ လိုက်မယ်ဗျာ"

အောင်မောင်းက လှမ်းအော်သည်။ တိုးမြင့်နှင့် စံထွန်းအေးက အားကိုးတကြီး ကြည့်သည်။

"ကွေ့သင်ဟ၊ သည်နားသင်၊ ဟန္တား ဟ ... ဒီ"

'ကွေ့'မှာ မုန်းကျင်း(မုန်းသောင်စပ်)က ရွာကလေး ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် လက်ပံ သုံးပင်အား သူတို့သည် လှည်းကို အားထား၍ ကျော်ခွင့် ရပြီ။ သည်လိုနှင့် မုန်ကျင်းထဲ ရောက်သည်။ ဆိုင်းသံကိုပင် ကြားနေရပြီ။ မုန်းချောင်းရေပြင်ကျယ်ကို လရောင်၌ တစ်ဝန်းတလျား တွေ့နေရသည်။

"လာဟေ့"

စံထွန်းအေးက ရေထဲ စဆင်းသည်။ အောင်မောင်းက ခေါင်းဆောင်ပီပီ စံထွန်းအေးကို ကျော်လိုက်သည်။ ပြီးမှ တစ်လှမ်းချင်း၊ တစ်ရစ်ချင်း တိုး၍ တိုး၍ သွားသည်။ နောက်မှာတော့ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com


ခါး တစ်ယောက် ကိုင်လျက်။ သည်ရေပြင်ကျယ်ကိုပင် အချိန်ယူ ကူးရသည်။ ဟိုဘက်ကမ်း ရောက်တော့ မုန်းရေနှင့် မျက်နှာသစ်၊ ရေတ၀ သောက်၊ ငှက်ပျောသီး တစ်ယောက်တစ်လုံး စားလိုက်ကြသေးသည်။ အောင်နိုင်သူ စစ်သူကြီးများပမာ ကန္တာရကို သူတို့ ကျော်လွှားခဲ့ကြပြီ။ မုန်းကမ်းပါး မတ်စောက်စောက်ကို တက်ပြီးလျှင် ဖလံတော။ ရွာလယ်မှာ ပွဲကရာ ဇာတ်ရုံ။

"မြန်မြန် လုပ်ဟေ့"

ညသည် အေးမြဆဲ။

(၄)

ထိုညက သူတို့ ရုံထဲ ဝင်တော့ ည ၁၀ နာရီခွဲပြီ။ အော်ပရာလည်း ပြီးသွားပြီ။ သာစေက ခေါ်သည့် ဇာတ်လမ်းတိုလေးတော့ မီသည်။ သည့်နောက် ပြဇာတ်။ တိုးမြင့်ကတော့ ပြဇာတ်ဝက်မှာ အိပ်ပျော်သွားသည်။ ပြဇာတ်ပြီး အားလပ်ချိန်မှာ သူတကာလို မုန့် ထွက်မစားနိုင်။ သီးသီးမှည့် နှစ်လုံးကို ဇာတ်ရုံတိုင်နှင့် ကိုင်ခွဲ၍ စားကြသည်။ ဝန် ထွက်ပြီး နောက်ပိုင်းဇာတ်ထုပ် စချိန်မှာ သူတို့ ပြန်ဖို့ ပြင်သည်။ စံထွန်းအေးက မပြန်ချင်သေး။ ဖြစ်ချင်တာ ဖြစ်တော့၊ မိုးလင်းကြည့်မည်ဟု ဆိုသည်။ တိုးမြင့်က အိပ်ပျော်ဆဲ။

အောင်မောင်းလည်း မပြန်ချင်တော့။ သို့သော် မပြန်လို့က မဖြစ်။ မလင်းမီ ကျောင်းပြန်ဝင်ရမည်။ ၄ နာရီ ဆိုလျှင် ဆွမ်းစားကျောင်းမှ ဦးပဥ္စင်းကြီး နိုးလေ့ရှိသည်။ ထို့ကြောင့်လည်း အားလုံး လက်တို့၍ ပြန်လာကြရသည်။ ည ၂ နာရီကျော်ရုံပဲ ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



တော်သေးသည်၊ မုန်းဆိပ်မှာ ဆန်တင်သည့် ကားနှင့် အကြုံလိုက်ခွင့် ရသည်။ ကားက ကုန်းဓောင်းကို ဖြတ်၍ ဧရာဝတီမြစ်ဆိပ်သံကိုင်းသို့ ဆန်ပို့မည့်ကား ဖြစ်သည်။ သူတို့ ကျောင်းပေါ်ရောက်တော့ ၃ နာရီ။

(၅)

မနက်စောစော ကိုရင်ငယ်တစ်ပါး လာနှိုးမှ သူတို့ နိုးသည်။ ဆရာတော်ကြီး ခေါ်ခြင်း ဖြစ်သည်။ ပြီးတော့ သုံးယောက်စလုံး ခေါ်သည် ဆိုတော့ သူတို့ မျက်နှာလေးတွေ ငယ်သွားသည်။

"ဆရာတော်ဘုရားတော့ တို့ သွားတာ မသိပါဘူးနော်"

တိုးမြင့်က အားပေးသည်။

"ကိုင်း … ဆရာတော်က မေးရင် ဘူးခံကြ၊ စ ဖော်ရင် ဖော်တဲ့ကောင် အဆော်ပဲ"

အောင်မောင်းက ညှိထားသည်။ သည်လိုနှင့် ဆရာတော် ရှေ့ ရောက်သည်။ ဆရာတော်က ကွမ်းနီတပ် ကြိမ်ကို ဆ၍ ကိုင်ထားသည်။ တည်ကြည်ခံ့ညားသော မျက်နှာတော်ကို ဖူးရကတည်းက သူတို့ တုန်လှုပ်နေသည်။

"အောင်မောင်း"

"ဘုရာ့"

"ညက နင်တို့ ဘယ်သွားတုံး"

"ဖ … ဖလံတောပါ ဘုရား"

"ဘာသွားလုပ်တာတုံး"

"ပွဲ … ပွဲ သွားကြည့်မိပါတယ် ဘုရား"

"ကိုင်း … ဟိုနှစ်ကောင်ရော လာခဲ့ ရှေ့တိုး"

www.burmeseclassic.com

 www.burmeseclassic.com 

ထားဝယ်ကြိမ် ခါးပေါ်သို့ ကျတိုင်း အောင်မောင်း ကျိတ်ခံသည်။ သူ့ရင်တွင်းမှာ မတင်မကျ ဖြစ်နေသည့်အချက် ရှိသည်။ သူတို့ သွားတာ၊ ကျောင်းပြန်ဝင်တာ မည်သူမျှ တွေ့သည် မြင်သည် မဟုတ်။ ဒါဖြင့်...။ ဆရာတော်ကြီးက တစ်ယောက် ကြိမ် ၁၀ ချက်စီ ဆုံးမသည်။ ကြိမ်ချက်တိုင်းသည် အသားဆိုင်ထဲ မြုပ်ဝင်သွားသည်ဟု ထင်ရသည်။ တိုးမြင့်ကမူ စ ရိုက်ကတည်းက ငိုသည်။

(၆)

ကျောင်းအောက်တွင် တံမြက်လှည်းကသိုလ် နံနက်တိုင်း လာယူလေ့ရှိသော သူဌေးတန်းထဲမှ ရေထမ်းသမား ဦးတေက ကျောင်းပေါ်မှ ကြိမ်သံကို ကြားသည်နှင့် တံမြက်လှည်းခြင်းကို ရပ်လိုက်သည်။

ကြိမ်ချက်ဝင့်သံကို ကြားရတိုင်း သူ့ရင်ထဲမှာ မကောင်းရှာလှ။ တိုးမြင့်ငိုသံကို သူ ကြားသည်။

ညက သူ့တဲရှေ့မှ သီချင်းဆိုသံ ကြားသည်။ သည်အသံတွေကို သူ ကောင်းကောင်းရင်းနှီးသည်။ သီးချင်းက ဘာတဲ့၊ မောင်မယ်နှစ်ဦးဝယ် ကြည်နူးလို့ရယ် ဆိုလား။

သူ ထွက်ကြည့်လိုက်တော့ အောင်မောင်းတို့၊ စံထွန်းအေးတို့၊ တိုးမြင့်တို့။

ဆရာတော်ကြီး မသိအောင် ဖလံတော သွားတာ ဖြစ်သည်။ သည် ခရီးက ဝေးလှသည်။ နောက် မုန်းချောင်းကို အကာလ ည အခါ ကူးဖြတ်ရခြင်းသည် အန္တရာယ်။

အမိမဲ့သားများမို့ သူတို့မှာပါ စောင့်ရှောက်ရမည့် ဝတ္တရားရှိသည်။ လိုက်ခေါ်မည် ကြံသော်လည်း ဟိုးအဝေး ရောက်နှင့်ကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



မနက်မှ ဆရာတော်ကြီးကို လျှောက်မည်ဟု တေးမှတ်ထားခဲ့ခြင်းဖြစ်သည်။

ဦးတေက သက်မကို ချလိုက်သည်။ ပြီးတော့ တံမြက်စည်းကို ဆက်လှဲနေလိုက်သည်။ ကျောင်းပေါ်မှာ ကြိမ်သံတွေနှင့်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အရိပ်မဲ့ဆူး

www.burmeseclassic.com

www.burmeseclassic.com

# အရိုပ်မဲ့ဆူး

## (၁)

ကုန်ထုတ်ဌာန ရုံးခန်းအတွင်းမှ လှမ်းကြည့်လိုက်သည်။ အုတ်ညှစ်စက်ခေါင်းမှ အုတ်စိမ်းတောင့်ကြီးကို အလုပ်သမား သုံး၊ လေးယောက်က ဖြတ်ကြိုးနှင့် တိုက်ဖြတ်နေကြသည်။ အုတ်တောင့်ကြီးမှာ ရွှံ့တောင့်ကြီး ဖြစ်သော်လည်း လေအားနှင့် ညှစ်ထုတ်ထားသဖြင့် မာမာစေးစေး ဖြစ်သည်။ ဤစေးထန်းထန်း ရွှံ့တောင့်ကြီး ပြတ်လုပြတ်ခင် ဖြစ်နေသည်ကိုပင် မမြင်ဖူးသလို ငေးကြည့်နေမိသည်။

စင်စစ် သည်စက်ရုံသို့ ကျွန်တော် ရောက်သည်မှာ တစ်နှစ်ပင် မပြည့်သေး။ ကျောင်းက ဆင်းပြီးလျှင် ပြီးချင်း သည်လို စက်ရုံမျိုး တာဝန်ကျလာလိမ့်မည်ဟု မထင်ခဲ့။ အခုတော့လည်း အလုပ်ရုံခွဲမှူး တာဝန်နှင့် ရောက်လာရသော်လည်း အလုပ်တွင် မပျော်ပိုက်သည်က အမှန်။

www.burmeseclassic.com

www.burmeseclassic.com


"မင်းကွာ … အုတ်စက်မှာများ တာဝန်ကျရတယ်လို့"

အထည်စက်ရုံတစ်ခုမှာ ကျသော သူငယ်ချင်းများက မကြာမကြာ ဆိုကြသည်။ အဆိုးဆုံးက ဝေမာ့ဝေဖန်ချက်များပင် ဖြစ်သည်။ မကြာမီ လက်ထပ်ရတော့မည့် ချစ်သူ ဆိုတော့လည်း မိမိ၏ခင်ပွန်းလောင်းကို သည်လို စက်ရုံမျိုးမှာ တာဝန်ကျသည်ဟု ပြောချင်ပုံမရ။

"မောင်ရယ် အုတ်စက် ဆိုတာကြီးမှာများ ကျရတယ်လို့၊ ကျပါလား ဒိုပြင်စက်ရုံတွေ၊ အထည်စက်တွေ၊ စက်ရုံအသစ်တွေ၊ မောင်က ကံကို ဆိုးပါတယ်"

ထိုစဉ်က ကျွန်တော်ကိုယ်၌ပင် စိတ်ဓာတ် အကြီးအကျယ်ကျခဲ့သည်။ အုတ်စက် ဆိုသည်နှင့် ရွှံ့တွေ၊ ဗွက်တွေ၊ နွားတွေ၊ ရေအိုင်တွေ၊ မည်းညစ်ပေရေနေသော အလုပ်သမားတွေ၊ အုတ်လှန်းသည့် ကွင်းပြင် ပူပူလောင်လောင်၊ နောက် သူတို့ သားမယားတွေ၊ ကလေးတွေကို မြင်ယောင်နေမိခဲ့သည်။

ဖေဖေနှင့်မေမေကတော့ ဘာမျှ မပြောသော်လည်း စိတ်ထဲကောင်းကြပုံ မပေါ်။ သည်လိုနှင့် သည်စက်ရုံသို့ သတင်းပို့သည့်နေ့က စက်ရုံမှူးနှင့် တွေ့ရသည်။ အေးမြ သန့်ရှင်းသော အခန်းကျယ်ကြီးထဲတွင် ခံ့ညားစွာ ထိုင်နေသော စက်ရုံမှူးက အရာထမ်း ကြီးငယ်များနှင့် မိတ်ဆက်ပေးသည်။

"ကျွန်တော် စက်ရုံမှူး မင်းလွင်သိန်းပါ၊ ဒါက လက်ထောက်စက်ရုံမှူး ဦးတင်အေး၊ ဒါက ဦးလှထွတ်၊ စီမံရေးနဲ့ ဘဏ္ဍာရေးဌာနတွေ ကိုင်ပါတယ်၊ နောက် ဒါက …"

www.burmeseclassic.com

www.burmeseclassic.com


အရာရှိများနှင့် မိတ်ဆက်ပေးသည်။ မိမိလို ဘီအီးဘွဲ့ရ အများစုကို တွေ့ရတော့လည်း အားရှိရသည်။

"ဦးသွင်ဦးကိုတော့ ပရိုကူးယားမင့် ဒါမှမဟုတ် ပရိုဒတ် ရှင်း တစ်ခုခုကို ကိုင်ခိုင်းရမှာပဲ၊ ကျွန်တော်တို့စက်ရုံက ဝန်ထမ်း ၇၆၀ လောက် ရှိပြီး (ခ)အဆင့်စက်ရုံ ဖြစ်ပါတယ်၊ အုတ် ထုတ်လုပ် မှု နည်းစဉ်တွေကိုတော့ စက်ရုံထဲ ရောက်မှ လိုက်ပြရင်း ရှင်းပြပါ့မယ်"

ကျွန်တော်က စက်ရုံမှူးရုံးခန်းထိပ်ရှိ ထုတ်လုပ်မှုနည်းစဉ် ပုံစံကားချပ်များ၊ ကုန်ထုတ်လုပ်မှု ကိန်းဂဏန်းများ၊ စံပြလုပ်သား အမည် စာရင်းများ၊ စက်ပစ္စည်း မှာယူသည့် ပစ္စည်းစာရင်းများ အား လုံးကို တစ်ခုချင်း လိုက်ကြည့်နေမိသည်။

စိတ်ထဲတွင် မတင်မကျ ဖြစ်နေသော အကျိတ်အခဲတစ်ခု ကျေပျက်သွားသည်။ ကျွန်တော် ထင်ခဲ့သည့် လက်ပေါက် အုတ်လုပ် ငန်းမျိုး မဟုတ်။ ခေတ်မီ ယန္တရားစက်များဖြင့် ထုတ်လုပ်သည့် စက်ရုံကြီး တစ်ရုံ။ စက်ရုံက ဝေးလွန်းလှသည်။ ကျွန်တော် နေထိုင် သော မြို့တွင်းနှင့် ဆိုလျှင် တောင်စွန်းနှင့် မြောက်စွန်း။ သွားရလာရ သည်ကပင် ပင်ပန်းလှသည်။ အခုတော့လည်း ကျင့်သားကလေး နည်း နည်းပါးပါး ရပြီဟု ဆိုနိုင်သည်။ သည့်နောက်တော့ ကုန်ထုတ်လုပ် မှုဌာနကို ကိုင်ရသည်။ အလုပ်ရုံခွဲ သုံးခု ရှိသည့်အနက် ခွဲ(၁)မှာ တာဝန်ယူရသည်။

ကုန်ထုတ်ဌာန ဆိုတော့လည်း ကုန်ထုတ်ဝန်ထမ်းများနှင့် တိုက်ရိုက် နီးနီးကပ်ကပ် နေရသည်။ ချွေးတွေသံတွေနှင့် စက်နှင့် ပြိုင် လုပ်ကြရသူများမို့ အမြဲတမ်း ပေရေနေကြသူများ ဖြစ်သည်။
www.burmeseclassic.com

 www.burmeseclassic.com 

တော်သေးသည်။ ကုန်ထုတ်လုပ်မှု ခွဲမှူးရုံးခန်းကလေး သီးသန့် ရှိသည်။ နာရီ၊ ရေစစ်အိုး၊ တယ်လီဖုန်း၊ နိုင်ငံခြား စက်ပစ္စည်းကုမ္ပဏီတစ်ခုမှ ပြက္ခဒိန် လှလှကလေးများ၊ မှန်စားပွဲကြီးတစ်လုံး၊ နောက်ကတ်တလောက်များ၊ စာရင်းဇယားများ ထားရန် ကျွန်းစာအုပ်စင်၊ ကျွန်းဗီရိုများနှင့် သပ်သပ်ရပ်ရပ်ကလေး ဖြစ်သည်။ တော်ရုံတန်ရုံကိစ္စမရှိလျှင် ကျွန်တော် အပြင်မထွက်။ တင်လာသမျှ စိစစ်၍ လက်မှတ် ထိုးပေးလိုက်သည်ချည်း။ စက်ဆီနံ့၊ ကတ္တရာနံ့၊ ရွှံ့စေးနံ့တွေကို ကျွန်တော် ခံနိုင်သေးသည် မဟုတ်။

အခုလည်း အုတ်ညှစ်စက်ခေါင်းက လေပေါင် မမိဟု ဆိုသည်။ အုတ်ညှစ်စက်ခေါင်းကို ဖွင့်ထုတ်ရမည်ဟုလည်း ဆိုသည်။ အထဲက လွန်သွားကို စစ်ဆေးဖို့ စက်မှုဆိုင်ရာ ခွဲမှူးထံ အကြောင်းကြားထားသည်ဟု စိတ်မှူးတစ်ယောက်ကတော့ မနက်က ပြောသည်။ ထုတ်လုပ်လက်စ ရွှံ့တောင့်ကြီးကို ဖြတ်ဓားနှင့် ကြိတ်လှီး ဖြတ်ချနေသည်ကို ရုံးခန်းမှန်နံရံမှ မြင်နေရသည်။ မကြာမီ ရွှံ့တောင့်ကြီး ကြမ်းပြင်ပေါ်သို့ ပြတ်ကျသွားသည်။ အလုပ်သမား နှစ်ယောက်က ချွေးတွေကို အင်္ကျီစဖြင့် သုတ်လိုက်ကြရင်း တစ်ယောက်ကိုတစ်ယောက် ပြုံးကြည့်နေကြသည်။

သူတို့ကိုယ်သူတို့ ခွဲစိတ်ခန်း ဝင်ရမည့် ဆရာဝန်များလို ဝင့်ကြွားနေသည်။ ရွှံ့တောင့်ကြီးကို ဖြတ်ချလိုက်ခြင်းကိုပင် မကြာမီ ခွဲစိတ်တော့မည့် လူနာကို မေ့ဆေးပေးလိုက်သလို ယူဆနေကြပုံရသည်။ မကြာမီ မြေညှစ်စက်ခေါင်းကို ဖြုတ်ကြတော့မည်။ စွဲထားသော နတ်ခေါင်းများကို ပြုတ်တူ အကြီးစားကြီးများဖြင့် ဖြုတ်ရန် ပြင်ဆင်

www.burmeseclassic.com

နေ့ဆဲတွင် ကျွန်တော် အခန်းအပြင်သို့ ထွက်လာခဲ့သည်။ အုတ်တွန်းလှည်းများပေါ်တွင် အုတ်ခြောက်များ တင်နေသော အလုပ်သမားများက ရယ်ပြကြသော်လည်း ကျွန်တော် မတုံ့ပြန်မိ။

အလုပ်သမား ဝတ်စုံများကို မသေမသပ် ဝတ်ထားကြသော အလုပ်သမားအချို့ကမူ အုတ်တင် ဓာတ်ရထားမှ လက်ကိုင်ဘီးကို ဘယ်ညာ လှည့်ကြည့်နေသည်။ ဝင်းခနဲ ဝင်းခနဲ လက်သော လျှပ်စစ်မီးပွင့်ကြားမှာ တစ်စုံတစ်ခုကို သူတို့ ရှာဖွေနေကြဟန် ရှိသည်။

"ဟော … ဆရာပါလား၊ ထရန်စဖားကားက စတီယာရင်တွေ ခါနေလို့ ဆရာရေ၊ ကာဘွန် ဘရပ်ရှ်တွေ လဲရလိမ့်မယ် ထင်တယ်"

ကျွန်တော်က အသိအမှတ်ပြုကြောင်းလောက်သာ ခေါင်းညိတ်ပြလိုက်ရသည်။ စင်စစ် သိပ်နားလည်သေးသည် မဟုတ်။ ထရန်စဖားကားလို့ ခေါ်သည့် အုတ်တင်ဓာတ်ရထားဖြင့် အုတ်စိမ်းများကို အခြောက်လှန်းရုံဆီကို သယ်ဆောင်ကာ စင်မြင့်များတွင် အကန့်လိုက် အခြောက်လှန်းရသည်ကိုတော့ သိသည်။

စင်စစ် အုတ်စိမ်းများတွင် ပါဝင်သော ရေငွေ့များ ထွက်သွားနိုင်ရန် သဘာဝလေဖြင့် လေသလပ်ခံခြင်းတစ်မျိုး ဖြစ်သည်။ ရေငွေ့ကုန်မှ မီးဖိုထဲ ပြန်စီရသည်။ ထိုအခါတွင်လည်း ဓာတ်ရထားများဖြင့်ပင် မီးဖိုဆီသို့ပြန်လည်သယ်ဆောင်ရသည်။ ဓာတ်ရထားများကောင်းမွန်ရေးသည် ကုန်ထုတ်ဌာန၏ အဓိကကျသော လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။

စက်ရုံပြင်ပသို့ ထွက်လိုက်သည်နှင့် ခပ်လှမ်းလှမ်းက ထုံးဖြူဖြူ စေတီများ၊ ပြည်ရထားလမ်းနေရာကလေးကို ပျပျရေးရေး မြင်နေရ

www.burmeseclassic.com

www.burmeseclassic.com


သည်။ မီးဖိုကြီး၏ ဘေးလမ်းတစ်လျှောက် ကျောက်မီးသွေးရုံဆီသို့ ထွက်လာခဲ့သည်။ ထရက်တာ တစ်စီးက ကျောက်မီးသွေးမှုန့်များကို မီးဖိုကြီးဘေးမှာ ချနေသည်။ ကျောက်မီးသွေး အလုပ်သမားနှစ်ယောက်ကား မည်းညစ်နေသည်။ တစ်ကိုယ်လုံး မှောင်နေသဖြင့် ရယ်လိုက်မှ သွားကလေး အဖွေးသား တွေ့ရသည်။

မည်းညစ်ညစ် ကျောက်မီးသွေးမှုန့်များ ကပ်ငြိနေသော သူတို့ နောက်ကျောမှာ ချွေးကြောင်းလေးတွေ စီးဆင်းနေသည်။ အားနှင့်ထိုး၍ ထိုး၍ ကော်လိုက်သော မီးသွေးမှုန့်များက ထုနှင့်ထည်နှင့် ကျနေသည်။ မီးသွေးမှုန့် အစလေးများ လွင့်ပျံ့နေသဖြင့် နောက်သို့ အသာဆုတ်လိုက်ရသည်။

''တစ်ယောက်ကို နှစ်စီး ချရတယ် ဆရာ၊ နှစ်ယောက်ဆိုတော့ လေးစီးပေါ့၊ ပြီးခါနီးပါပြီ''

အလုပ်သမားတစ်ယောက်က လှမ်းအော်ပြောသည်။ တစ်စီးဆိုသည်မှာ ထရက်တာ နောက်တွဲယာဉ်နှင့် တစ်စီးကို ပြောခြင်း ဖြစ်သည်။ ကျွန်တော် စက်ရုံဘက်သို့ ပြန်လှည့်ခဲ့သည်။ ကျောက်မီးသွေးမှုန့်များကား လွင့်ပျံ့လျက်။

(၂)

ကျွန်တော် ရှိနေသည့် ရုံးခန်းတွင်းမှာ အလင်းပျံ့လျက်ရှိသည်။ စက်ရုံမီးဖိုကြီးဆီမှ မီးထိုးသံ တချန်းချန်းကို ကြားနေရသည်။ ကျောက်မီးသွေး အစက်ချသည့် မောင်းတံက နရီကိုက်မှန်မှန် လှုပ်ရှားနေသဖြင့် ပျင်းရိလေးတွဲ့ဖွယ် ကောင်းလောက်အောင် ချွဲချွဲအီအီ မြည်နေပြီး

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သည်။ မီးဖိုပေါ်သို့ပင် မရောက်တာ ကြာပြီ။ စင်စစ် ကျွန်တော် တာဝန်ယူရသည့် အလုပ်ရုံခွဲ(၁) မီးဖိုသည် ကျောက်မီးသွေး လောင်စာ သုံး မီးဖို ဖြစ်သည်။

မီးဖိုကို ပုံစံသေ တည်ဆောက်ထားပြီး မီးပုံးများကို ရွှေ့ပြောင်းစေသော နည်းဖြင့် မီးထိုးသည်။ ထို့ကြောင့် မီးဖို၏ တစ်ဖက်တွင် အုတ်စီနေသည့်အခါ အခြားတစ်ဖက်တွင် မီးထိုးလျက် ရှိသည်။ ဤနည်းဖြင့် မီးက ရှေ့ပြေးနောက် အုတ်က လိုက်စီဖြင့် လည်ပတ်စေသည်။ မီးဖိုကြီး၏ အပေါ်ပိုင်းတွင် မီးပုံးများ ရှိသည်။ ယင်း မီးပုံးများတွင် ကျောက်မီးသွေးမှုန့်များ ထည့်၍ အစက်ချပေးခြင်းဖြင့် လောင်အားကို မြှင့်တင်ပေးသည်။

အစက်ချရင်း လျော့ကျသွားသော မီးသွေးမှုန့်များကို မီးဖို ဝန်ထမ်းက လိုက်ဖြည့်ပေးရသည်။ အစက်ချခြင်း မှန်မမှန်၊ မောင်းတံများ ပြုတ်မပြုတ်၊ မီးသွေး လျော့မလျော့ အစဉ် ကြည့်နေရသည်။ မီးသွေးက သက်ရင့် ဖြစ်လျှင် ကိစ္စမရှိ။ သက်နု ဖြစ်လျှင် ကျောက်မီး သွေးသာ ကုန်သည်။ မီးအားက ကောင်းမလာနိုင်။ ထိုအခါ လံထင်းများ၊ အိပ်ချ်ပီအို ခေါ် ဆီခဲများ ကူထည့်ပေးရသည်။ မီးအပူရှိန်ဒီဂရီ ၁၀၀၀ ဝန်းကျင် အစဉ် ရှိပါမှ။ သို့မဟုတ် အုတ်က ဖြူရော်ရော်။ အသံမသာ။ မီးပြည့်သော အုတ်မှ စောင်းထက် အသံသာ၊ နီနီရဲရဲ ကလေးနှင့် ခိုင်သည်။ မီးဖိုဝန်ထမ်းများ ပင်ပန်းကြသည်။ မီးအပူ ကျောက်မီးသွေး အမှုန့်တို့က အစဉ် ဒုက္ခပေးသည်။ မီးပေါက်အတွင်း မှ လူ ကျသွားလျှင်ကား ဆိုဖွယ်ရာ မရှိ။

"ဆရာရေ ... စက္ကူတော့ ထုတ်ရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com


"နောက်ကော်အတွက် သာကူစေ့ မှာထားတာ မရသေးဘူး"

မီးဖိုများတွင် အုတ်စိမ်း စီပြီးသည့်အခါ ပြင်ပလေများ မဝင်နိုင်စေရန်(လေစိမ်း မဝင်ရန်) စီပြီးသား အခန်းများတွင် စက္ကူဖြင့် ယာယီ ကာထားရသည်။

ပြီးမှ ပြင်ပမှ မီးဖိုကုန်းပေါက်ကြီးများကို အုတ်ဖြင့် ကာ၍ ရွှံ့ဖြင့် မံလိုက်ရသည်။ သို့သော် အခိုင်အခံ့ မဟုတ်။ အတွင်းက အုတ်ကျက်သည့်အခါ ဖြိုချလျှင် ရနိုင်ရန် လေလုံရုံ လုပ်ထားရခြင်း ဖြစ်သည်။ စက္ကူများ ကပ်သည့်အခါ ကော်များများ သုံးရသည်။ မီးဖိုအခန်းများက အကျယ်ကြီးတွေ ဖြစ်သည်။ စက္ကူချပ်ကြီးများတွင် ကော်ကို လက်ခုပ်နှင့် ကော်၍ သုတ်ရသည်။ ထိုအခါ သာကူစေ့ကို ကျိုရသည်။

"ထုတ်လေ ဦးအောင်သန်း"

ဦးအောင်သန်းမှာ ကျွန်တော်၏ လက်အောက်ရှိ စိတ်မှူးများထဲမှ အားထားရသူတစ်ယောက် ဖြစ်သည်။ အမြဲတမ်း အလုပ်ကို ဦးစားပေး လုပ်ဆောင်တတ်သူ ဖြစ်သည်။ သူ့အတွေ့အကြုံများမှ သင့်နီးရာရာများကို ကျွန်တော့်အား မသိမသာ ပြောပြရင်း တည့်မတ်ပေးသူလည်း ဖြစ်သည်။ သူနှင့် သူ့အောက် ဝန်ထမ်းများမှာ အလုပ် ကြိုးစားကြသူများ ဖြစ်သည်။ မဖြစ်စလောက် ရာထူးကလေးဖြင့် လုပ်ငန်းခွင်တွင် ပျော်ရွှင်ချမ်းမြေ့နေတတ်သော သည်လုပ်သားအိုကြီးကို တစ်ခါ တစ်ခါတော့ စေ့ငုနေမိတတ်သည်။

"ဦးအောင်သန်း ..."

www.burmeseclassic.com

www.burmeseclassic.com


ဦးအောင်သန်းက ပစ္စည်းထုတ်စာရွက်တွင် စက္ကူနှင့် သာကူစေ့ ထုတ်ရန် စာရင်းသွင်းနေရာမှ မော့၍ ကြည့်သည်။ ကြီးမားသော သွားကြီးများကို လှစ်ဟလျက် အမြဲပြုံးနေတတ်သူမို့ ခင်မင်စရာ ကောင်းသည်။

"ဦးအောင်သန်းက ဘယ်မှာ နေတာလဲ"

"ဗျာ"

တကယ်လည်း အံ့ဩသွားဟန် ရှိသည်။ စင်စစ် ဤစက်ရုံသို့ လွှန်ခဲ့သည့် ဆယ်လခန့်က ရောက်ရှိခဲ့သူ သူ၏ခွဲမှူးက ဘယ်မှာ နေသလဲဟု တစ်ခါမျှ မမေးဖူးသောကြောင့် ဖြစ်မည်။ ကျွန်တော် ကိုယ်တိုင်ကလည်း သူမှ မဟုတ်၊ မည်သူ့ကိုမှ မေးခဲ့ဖူးသည် မဟုတ်။ သည်နေ့မှ စိတ်လိုလက်ရ မေးသည်ကို သူ အံ့ဩရုံမက ဝမ်းပင် သာနေပုံရသည်။

"အော် … ဦးအောင်သန်း ဘယ်မှာ နေသလဲလို့ မေးတာပါ"

ဦးအောင်သန်း၏ မျက်နှာ ဝင်းပသွားသည်။ သူ့မှာ ပြောချင်တာတွေ ရှိမည်။

"ကျွန်တော် တန်းလျားမှာ နေပါတယ် ဆရာ"

"ကလေးတွေ ဘယ်နှယောက် ရပြီလဲ"

"ဟာ … ကလေးကတော့ များပြီလား ဆရာရေ၊ ခြောက်ယောက်၊ သမီးအကြီးမကတော့ အိမ်ထောင်ခွဲသွားပြီ ဆိုပါတော့"

"အိမ်ထောင်ခွဲသွားပြီ ဆိုတော့ ဒီစက်ရုံမှာပဲလား"

"မဟုတ်ပါဘူး ဆရာရယ်၊ မှော်ဘီမှာ နေကြပါတယ်"

www.burmeseclassic.com

www.burmeseclassic.com


ရုံးခန်း၏ ပြတင်းမှ လေအေးအေးကလေး တိုးဝင်လာသည်။ မိုးတွင်းစာ စုဆောင်းထားသော မြေနီမြေဖွယ်များကို ရွှေတောင်ကြီး တစ်တောင်လို မြင့်မြင့်မားမား မြင်နေရသည်။

''ဦးအောင်သန်း အခု လစာ ဘယ်လောက် ရသလဲ''

''ရှားပါးစရိတ်နဲ့ဆို လေးရာကျော်လောက် ရပါတယ်''

''ကလေး ငါးယောက်နဲ့ လူကြီး နှစ်ယောက် ဆိုတော့ လခနဲ့ အဆင်ပြေရဲ့လား''

''ဒီလိုပေါ့ ဆရာရယ်၊ ချွေတာရတာပေါ့''

''ခင်ဗျား ကြည့်ရတာတော့ ပျော်နေသလိုပဲ''

''ဆရာ ဘာပြောတာလဲ''

''အော် ... ဦးအောင်သန်းက အလုပ်ထဲကို မနက်အစော ကြီး လာရတယ်၊ ညနေလည်း နောက်ကျမှ ပြန်တယ်၊ ပိတ်ရက် လည်း ဆင်းတယ်၊ အလုပ် ဆိုလည်း အကုန် သိမ်းကျုံး လုပ်တယ်၊ ဒါ ပျော်လို့ပေါ့ မဟုတ်ဘူးလား''

''ဟာ ... ပျော်လို့ပေါ့ ဆရာရဲ့''

ဦးအောင်သန်း၏ ကျဉ်းမြောင်းသော မျက်လုံးများက တစ်စုံ တစ်ခုကို ပြန်မေးနေဟန် ရှိသည်။

''အလုပ်ထဲမှာ သံယောဇဉ် ဖြစ်နေတာ အမှန်ပဲ ဆရာ၊ တစ်ခါတစ်ခါ မိန်းမကတောင် တစ်မျိုး ထင်တယ်၊ ကျွန်တော်က တကယ်တော့ ပညာတတ်လို့ မဟုတ်ဘူး၊ ဟို အောက်သက်က လုပ် ရည်ကိုင်ရည်နဲ့ တက်လာရတာပါ''

''လုပ်သက် ဘယ်လောက် ရပြီလဲ''

www.burmeseclassic.com

www.burmeseclassic.com



"အနှစ် သုံးဆယ်နီးပါး ဆိုပါတော့၊ ဒီစက်ရုံကြီး စဆောက်တော့ မြေပေါက် မြေဖို့ မြက်ရှင်းက အစ လုပ်ခဲ့ရတာပါ"

"ကြာပြီပဲ"

"ဟုတ်ကဲ့ ကြာပါပြီ၊ ဒါကြောင့်လည်း သံယောဇဉ် ဖြစ်နေရတာပေါ့၊ တကယ်တော့ ဒီစက်ရုံကြီးက ကျွန်တော်တို့ အလုပ်သမားတွေရဲ့ ထမင်းကျွေးတဲ့ မိခင်လို့ ခေါ်ရမှာပေါ့"

နဖူးတွင် စို့တက်လာသော ချွေးများကို လက်ကိုင်ပဝါနှင့် ယောင်ယမ်း သုတ်လိုက်မိသည်။ စားပွဲပေါ်က ဒူးယားစီးကရက်ဘူးကို ကောက်ယူလိုက်ရင်း သူ့စကားတွေကို လိုလိုချင်ချင် နားထောင်နေမိသည်။

"ကျွန်တော်တို့စက်ရုံက စက်ရုံ သုံးခုမှာ ပထမဆုံး တည်ခဲ့တာ ဆရာရဲ့၊ နိုင်ငံခြားက စက်ဆရာတွေ လာတည်တော့ ကျွန်တော်တို့က ငယ်ငယ်ပေါ့"

မေးစင်းဟန်ရှိသော မျက်လုံးများက ငယ်စဉ်က ဘဝကို ပျံ့စီးသွားဟန် ရှိသည်။

"စက်ရုံက အိုမင်းလာလို့ စက်စွမ်းအား ကျသွားတယ် ဆိုပေမဲ့ အလုပ်သမားတွေရဲ့ လုပ်အားနဲ့ ပြန်ဖြည့်နေရတာ ဆိုတော့ အလုပ်သမားတွေက ပိုပင်ပန်းကြတယ်"

"အေးဗျာ၊ ကျွန်တော် သတိထားမိပါတယ်"

"ဗျာ ... ဆရာ သတိထားမိသလား၊ ဆရာ ... စိတ်မဆိုးနဲ့နော်၊ ကျွန်တော်က အဲ ... အလုပ်သမားတွေက"

"ပြောပါ"

www.burmeseclassic.com

 www.burmeseclassic.com 

"အော် ... ဆရာ သတိထားမိတယ် ဆိုရင် သူတို့ ဝမ်းသာကြမှာပါ"

သောက်လက်စ စီးကရက်ပြာတောင့် ရှည်မျောမျောကို အဓိပ္ပာယ်မဲ့ ကြည့်နေမိသည်။

လက်ဖျားကလေးတွေ တုန်ရင်နေသည်ဟု မိမိကိုယ်မိမိ သိနေသည်။

"ကျွန်တော်ကတော့ ကျွန်တော့်ကောင်လေးတွေကို ပြောထားပါတယ်၊ တို့ခွဲမှူးက အရာရှိ ဆိုပေမဲ့ တို့ဘဝကို နားလည်တယ်၊ စာနာတယ်၊ နောက် ..."

တော်သေးတယ်ဟု ဆိုရမည်။ တယ်လီဖုန်းခေါင်းလောင်းသံ ကျယ်လောင်စွာ မြည်ဟည်းသွားသောကြောင့် ဖြစ်သည်။

ထွက်ပေါက်တစ်ခု ရသွားသလို ခံစားလိုက်ရသည်။ ဦးအောင်သန်းက ဘာတွေ ဆက်ပြောနေသည် မသိ။ ပြောတော့ ပြောနေသည်။ တယ်လီဖုန်းနှင့် လုပ်ငန်းကိစ္စ ပြောနေရသော်လည်း တို့ဘဝကို စာနာတယ်၊ နားလည်တယ် ဆိုသော အသံကို ရူးရူးရှားရှား ကြားနေရသည်။ တယ်လီဖုန်း ပြောပြီးတော့ ဦးအောင်သန်း မရှိတော့။ များပြားလှသော အလုပ်ကိစ္စများထဲက တစ်ခုခုကို ရှာကြံ လုပ်နေပေရော့မည်။

ရုံးခန်းမှန်ချပ်များမှ အလုပ်သမားများ ရှိရာ လှမ်းကြည့်လိုက်သည်။

မြေဇလားတွင် မြေသယ်ယာဉ် တစ်စီး မြေကြီး လှန်ချနေသည်ကို တွေ့နေရသည်။ မြေဇလားမှ အလုပ်သမားတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



မြေကားပေါ်တွင် ကပ်ငြိနေသော မြေစိုင်ခဲများကို သံတူရွင်းဖြင့် ထိုးချနေသည်။

ကားက လေးဆယ့်ငါး ဒီဂရီ မ တင်ထားစဉ် တက်ရောက်နေသည်မို့ အန္တရာယ် ကြီးလှသည်။

"ပညာ မတတ်တဲ့ ကျွန်တော်တောင်၊ ပင်ပင်ပန်းပန်း လုပ်ရတဲ့ ကျွန်တော်တောင် ကိုယ့်အလုပ်ကို မိခင်လို့ သဘောထားနိုင်ရင် ဆရာက ပညာတတ်ပဲ"

"အလုပ်သမားတွေက သူတို့ကိစ္စတွေမှာ ဆရာ့ကို အားကိုးချင်ကြမှာပေါ့"

"ဘာပဲဖြစ်ဖြစ် သူတို့ ဆရာ့ကို စေတနာ မပျက်ကြပါဘူး၊ နောင်ကျရင် အလုပ်သမားတွေရဲ့ ဘဝနဲ့ ရိုးသားမှုကို ဆရာ နားလည်လာမယ် ဆိုတာ သိနေလို့ပေါ့"

မိမိလက်အောက်မှ ဝန်ထမ်းတစ်ဦး၏ ရိုးသားစွာ ဖွင့်ဟချက်များတွင် ဤစကားစုများ မပါဝင်သော်လည်း ဤအဓိပ္ပာယ်ဆောင်သော ထက်ရှသည့် လှံသွားများ ပါဝင်သည်ကား အမှန်။

သည်စက်ရုံသို့ ရောက်သည့်ကာလမှ ယနေ့အထိ အလုပ်သမားတို့၏ လူမှုရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး၊ သာရေး၊ နာရေး ကိစ္စရပ်များတွင် ကျဉ်းမြောင်းသော ရုံးခန်းတွင်းမှာ သီးခြားနေခဲ့ရင်း လျစ်လျူရှုခဲ့မိသည်ကို နက်နက်ရှိုင်းရှိုင်း တိုးထိခံစားနေရသည်။ စက်ဆီနံ့၊ ကိုယ်နံ့၊ ချွေးနံ့၊ ကတ္တရာနံ့၊ အမည်းဆီနံ့၊ ရွှံ့စေးနံ့ စသည့် အနံ့ပေါင်းစုံကို ရှောင်ရင်း ရိုးသားသော သူတို့၏ ဘဝများနှင့် ဝေးမှန်းမသိ ဝေးကွာလာခဲ့မိသည်။

www.burmeseclassic.com

 www.burmeseclassic.com 

ကြမ်းတမ်းသော လက်များ၊ အကြောပြိုင်းပြိုင်းထသော ရင်အုပ်များ၊ ချွေးဆီတို့ဖြင့် လူးကျံသော သူတို့မျက်နှာများကို ဖဲကြည့်ရင်း သူတို့၏ စေတနာများနှင့်ပါ အလှမ်းကွာလာသည့်အခါ ...

ရေအိုးစစ်မှ အေးစိမ့်သော ရေပေါက်ကလေး တစ်ပေါက် ပြုတ်ကျသွားသည်ကို မြင်လိုက်ရသည်။

(၃)

မြေညှိစက်ခေါင်းမှ ရှူးခနဲ လေမှုတ်ထုတ်သံ ရှည်ရှည်စူးစူးကို ကြားရပြီးနောက် စက်ရုံကြီးတစ်ခုလုံး အခိုက်အတန့်အားဖြင့် ဆိတ်ငြိမ်သွားသည်။ မြေညှိစက်ခေါင်း မောင်းသည့် အလုပ်သမား ဝန်ထမ်းက စက် ရပ်လိုက်ပြီးနောက် လေဘား အားလုံးကို ဖွင့်ချလိုက်သောကြောင့် ဖြစ်ဟန်တူသည်။ ခပ်လှမ်းလှမ်းမှာ မြေကြိတ်စက် လည်သံကို ကြားရသေးသည်။ နံနက် ၁၀ နာရီ ထမင်းစားချိန် နီးသဖြင့် လက်ကျန်မြေကြီးကို ကြိတ်နေခြင်း ဖြစ်သည်။ မကြာမီ ထမင်းစား ဥသြ ဆွဲတော့မည်။ အလုပ်သမားအချို့ ရေဘုံဘိုင်မှာ ခြေ၊ လက် ဆေးနေကြပြီ။ စက်ရုံနှင့် နီးသူများက ထမင်းပြန်စားကြသော်လည်း ဝေးသူများက ထမင်းချိုင့် ပါကြသည်။

"ဆရာ ထမင်း မစားသေးဘူးလား"

ဦးအောင်သန်းက ရုံးခန်းတွင်း ဝင်လာရင်း မေးခြင်း ဖြစ်သည်။

"ဟော ... ဦးအောင်သန်းပါလား၊ စားပြီးပြီလား"

"မစားရသေးဘူး ဆရာ၊ သွားစားတော့မလို့"

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်သန်းက ပြန်အထွက်တွင် ရုံးခန်းတံခါး စေ့ပိတ်သွားသည်။ ကျွန်တော် ထမင်းစားလျှင် ဖုန် အမှုန်များ မဝင်စေနိုင်ရန် ပိတ်ပေးသွားခြင်း ဖြစ်မည်။ ကျွန်တော်က ခြင်းထဲမှ ထမင်းဘူးကို ထုတ်ယူလိုက်သည်။ ဝင်းလက်နေသော နိုင်ငံခြားဖြစ် သံမဏိထမင်းဘူးကို ဖွင့်လိုက်သည့်အခါ ကြက်သားဆီပြန်ဟင်း နီရဲရဲက စားချင့်စဖွယ်။ မေမေက ကြက်ဥပြုတ် တစ်လုံးကိုပါ ထမင်းထဲမြှုပ်ပေးလိုက်သေးသည်။ လက်သုတ်ပဝါကို ပေါင်းပေါ် ဖြန့်ခင်းလိုက်ရင်း သံမဏိဇွန်းကို ထမင်း ဖြူဖြူဖွေးဖွေးများထဲမှ ကော်ထုတ်ယူလိုက်သည်။ ပထမဆုံး ထမင်းတစ်ဇွန်းကို စားရန် ပြင်ဆင်နေဆဲမှာပင်။

"ဆရာဟာ အေးတယ်၊ နေတတ်သလို နေတာပဲ ရှိတယ်၊ စာနာတတ်တယ်၊ အရာရှိ ဆိုပေမဲ့ တို့ဘဝကို နားလည်တတ်တယ်ဆိုတာ ..."

ကျွန်တော်က ဇွန်းကို အသာအယာ ဘူးထဲ ပြန်ထည့်လိုက်သည်။ နောက် ခတ်ဘူးနှင့် ထမင်းဘူးကို တစ်ဖက်စီ ကိုင်ရင်း ရုံးခန်း အပြင်သို့ ထွက်လိုက်သည်။

စက်ရုံဘေး ခပ်လှမ်းလှမ်းတွင် ထမင်းစားခန်း ရှိသည်။ အလုပ်သမား ၁၀ ယောက်ခန့် ထမင်းစားနေကြသည်ကို လှမ်းမြင်နေရသည်။ ခေါင်းတွေ ငုံ့ကာငုံ့ကာ အားပါးတရ စားနေကြသဖြင့် သူတို့ ကျွန်တော့်ကို မြင်ဟန် မတူ။ မည်းညစ်နေသော စားပွဲကြမ်းပေါ်သို့ ကျွန်တော့် ထမင်းဘူးကို တင်လိုက်သဖြင့် သူတို့ မော့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ဆရာ ဘာလုပ်ပေးရမလဲ"

အလုပ်ခိုင်းဖို့ လာသည်ဟု အလုပ်သမားကြီးတစ်ယောက်က ထင်ပုံရသည်။ သည်ထမင်းစားခန်းသို့ တစ်ခါမျှ မလာဖူးသည်ကို သူတို့ သိသည်။

"ခိုင်းဖို့ လာတာ မဟုတ်ပါဘူးဗျာ၊ အဘတို့နဲ့အတူ ထမင်းစားဖို့ လာတာပါ"

စားလက်စ လက်များ တွန့်ရုပ်သွားကြသည်။ အားလုံး တဒင်္ဂ မှင်သက်မိသွားကြသည်။ ကျွန်တော် လာတာ မကြိုက်ခြင်း မဟုတ်ဘဲ ကျွန်တော့်ကို အားနာ၍ ဖြစ်သည်ကို သိသည်။

"သုံးဆောင်ကြပါဗျာ၊ ကျွန်တော့်ဆီက ဟင်းလည်း စားကြပါ၊ အဘတို့ ဟင်းကိုလည်း ကျွန်တော် စားမှာပါ"

"ဟာ … ရပါတယ် ဆရာ၊ စားစမ်းပါ၊ ဟင်းကတော့ ဆရာ စားနိုင်မှာ မဟုတ်ပါဘူး၊ ဒါက ငါးကလေးဟင်း၊ ဒါက ပဲကြီးနဲ့ ဆူးပုပ်၊ ဒါက ငါးပြေမ၊ ဟောဒီမှာ ငါးခြောက်ကြော်"

"စားနိုင်ပါတယ်ဗျာ"

ကျွန်တော်က သူတို့ စားလက်စ ထမင်းဝိုင်းကို အကဲခတ်လိုက်သည်။ ဟန်ကောချိုင့် အဖုံးများတွင် ဟင်းများက အလျှံပယ်။ မည်းမှောင်နေသော ဟန်ကောချိုင့်ဟောင်းများ၊ ကြွေရည် ကွာနေသော ချိုင့်များ၊ ဒန်ချိုင့်ပိန်ပိန်များ၊ အုန်းမှုတ်ရေနွေးခွက်များ၊ တို့စရာ ဟင်းရွက်ပြုတ်အချို့၊ နောက် မြေရေနွေးအိုး မည်းမည်း။

ကျွန်တော်က သံမဏိ ထမင်းဘူးကို ပြန်ဖွင့်လိုက်သည်။ ကြက်သားဟင်းထဲမှ အသားကောင်းကောင်း တစ်ဖတ်ကို အသက်

www.burmeseclassic.com

www.burmeseclassic.com


အကြီးဆုံး အလုပ်သမားကြီး တစ်ဦး၏ စားလက်စ ထမင်းပန်းကန် ထဲသို့ ဦးချလိုက်သည်။

"သာဓုဗျာ … သာဓု"

အလုပ်သမားများ၏ မျက်ဝန်းများက ကျွန်တော့်ကို နား မလည်နိုင်စွာ ငေးစိုက်ကြည့်နေကြသည်။ ကျွန်တော်၏ မျက်နှာရိပ် မှာ ဆွတ်ပျံ့လာသော မျက်ရည်စအချို့ကို သူတို့ မြင်မိကြမည် ထင် ပါသည်။

"ကိုင်း … နေ့တိုင်း ကျွန်တော် ဒီမှာ လာစားမယ် အဘရာ"

"လာပါဗျာ၊ လာပါ၊ ကိုင်း … ဒီ ငါးခြောက်ကလေး သုံးဆောင်လိုက်ပါဦး"

နီရဲကြွပ်ရွနေသော ငါးခြောက်တုံးကလေးကို ကောက်ယူ လိုက်စဉ်မှာပင် ကျွန်တော့်ကို ငေးကြည့်နေဆဲ။

❑

www.burmeseclassic.com

www.burmeseclassic.com

ရွှေချိုင့်ထံ ဟိုကျွန်းက နေယွန်းလျှင် ပြန်ခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com

# ရွှေချိုင့်စံပဲ့ဟိုကျွန်းက နေယွန်းလျှင်ပြန်ခဲ့ပါ

(၁)

နွဲ့နွဲ့တို့ဖြင့် လိမ်းကျံသော ကမ်းရိုးတန်းသည် မှုန်မှိုင်းသော ဆည်းဆာ၏ အောက်ဝယ် လွမ်းမောဖွယ်ရာ လဲလျောင်းလျက် ရှိသည်။ ဧရာဝတီမြစ်ရေသည် ညိုညစ်ညစ် အရောင်ဆိုးလျက်။ ပျောင်းနွဲ့သော အပျိုမသို့ ရှိသည်။

လတ်ဆတ်သော မြစ်ဝကျွန်းပေါ် လေကား ညင်းနွဲ့နွဲ့။ ညိုမသည် မော်တော်လက်ရမ်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း သီချင်းတစ်ပုဒ်ကို ညည်းနေမိသည်။

စင်စစ် ဤသို့ သီချင်းညည်းနေရသည်မှာ ရေကြောက်သည့် စိတ်ကို တစ်ဒင်္ဂ ဖြေဖျောက်ခြင်းသာ။ ကနဦးတည်းက မြစ်ဝကျွန်းပေါ်ဒေသကို ညိုမ မလိုက်ချင်။ ပွဲငှားစာချုပ်ပေါ်ရှိ ကရမည့် နေရာသည် မြစ်ဝကျွန်းပေါ်ရှိ မြို့တစ်မြို့ ဆိုကတည်းက ညိုမ စိတ်က ခပ်ပျက်ပျက်။

www.burmeseclassic.com

www.burmeseclassic.com


"အမေ … ညိုမတော့ ဒီတစ်ချီ လက်လွှတ်ချင်တယ် အမေရယ်၊ ညိုမ မသွားချင်ဘူး"

သည်သို့ပင် အမေ့ကို ဆိုခဲ့သေးသည်။ သည်တုန်းက အမေက ဆေးပေါ့လိပ်ကို ရှဲနေအောင် ဖွာရင်း ဆိုသည်။

"ညည်း … အငြိမ့်ကမှ ထမင်းစားရတာလည်း သတိရပါဦး၊ ပြီးတော့ မောင်ကြည်ဆောင်က ခဏခဏ လာနေတဲ့ဥစ္စာ"

ဟုတ်တော့လည်း ဟုတ်သည်။ အရင်က အဖေသည် စက်ရုံတစ်ရုံမှ ညစောင့် အလုပ်သမား ဖြစ်သည်။ စက်ရုံပိုင် ကျဉ်းမြောင်းသော အိမ်ခန်းလေးထဲတွင် သားအဖ သုံးယောက် နေခဲ့ကြသည်။

အမေက ရပ်ကွက်ထဲမှာ ဟိုဟာလေး သည်ဟာလေး ရှာကြံ လုပ်တတ်သည်။ သည်တုန်းက ညိုမက အိမ်စောင့်။ အဖေ့လခကလေးနှင့် မလောက်မင ရှိသည့်ကြားက အဖေ ရုတ်တရက် အပြင်းဖျားသည်။

အပြင်ဆေးခန်း သွားဖို့ကလည်း လွယ်သည့်ကိစ္စ မဟုတ်။ အမေ အလုပ် လုပ်သည် ဆိုတာလည်း နှစ်ကျပ်၊ သုံးကျပ်မျှသာ ရသည်။ ဒါကလည်း ဆန်ဖိုး၊ ထင်းဖိုးနှင့် ပြီးသည်။

သည်မှာပင် အမေက လမ်းထဲရှိ ပြောအငြိမ့်ဆရာ ဦးငွေထံ အပ်သည်။ ညိုမက ဟိုစပ်စပ် သည်စပ်စပ် က တတ်တာလေးတွေ ရှိသည်။ ရုပ်ရည်ကလည်း သင့်သည် ဆိုတော့ ဦးငွေက အလွယ်တကူ လက်ခံသည်။

ပထမ ညိုမ ပြောအငြိမ့်ထိုင်ဝိုင်းကလေးတွေမှာ လိုက်ရသည်။ ညကြေး တစ်ဆယ်လောက် စ ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'မှုန်ရွှေရည်'လေး၊ 'ဆောင်းလရာသီ'လေးလောက်သာ က ရသေးသည်။

သည်နောက်တော့ အဖေ ဆုံးသွားသည်။ အဖေ သေတော့ အားကိုးရာ ရွှေတောင်ကြီး ပြိုသည်သို့ ရှိသည်။ စက်ရုံပိုင် အိမ်ခန်း ကလည်း ဖယ်ပေးလိုက်ရသည်။ သည်အချိန်တွင် အငြိမ့်ဆရာ ကို ကြည်ဆောင်နှင့် တွေ့ရသည်။

သူ့အငြိမ့်မှာ ညကြေး ၁၅ ကျပ်နှင့် ကူးလာဖို့ ပြောသည်။ စရန်အဖြစ် ကြိုတင်ငွေလည်း ပေးသည်။

ညိုမ အဖေကြီး ဦးငွေကို အကျိုးအကြောင်း ပြော၍ နှုတ် ဆက်ကန်တော့သည်။ သည်တုန်းက ညိုမ မျက်ဝန်းမှာ မျက်ရည်တို့ ဖြင့် ရွှန်းတောက်လျက် ရှိသည်။

"အေးလေ ... အဖေကြီး မတားပါဘူး၊ သမီးရဲ့ တိုး တက်မှုပဲကွယ်၊ သာဓု သမီး ... သာဓု"

သည်လိုနှင့် ကိုကြည်ဆောင်၏ 'လောကအားမာန်'အငြိမ့်အဖွဲ့ သို့ ရောက်ခဲ့ရသည်။ သည်အငြိမ့်မှာတော့ ညိုမ ယိမ်းသမ ဖြစ်သည်။

ရောက်စမို့ ပထမတော့ ကြောင်နေသေးသည်။ သည်စဉ် က အဖြစ်ကလေးတွေကို ညိုမ အမှတ်ရသည်။ စဉ်းစားရင်း ပြုံးရ သေးသည်။

စင်အောက် ယိမ်းတိုက်စဉ်က ချောမောခဲ့သော်လည်း စင် ပေါ် ရောက်တော့ သူများ ဗလာထဘီကို နင်းမိသည်က များသည်။

ကားလိပ်အချ ညိုမကို ခေါင်းခေါက်သူ၊ ဆဲသူ၊ ကျောင့် တုတ်သူတို့ဖြင့် ပွက်လောရိုက်ကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com


သည်တော့လည်း ရှက်ပြုံးကလေး ပြုံးရင်း ခေါင်းကလေး ငုံ့နေရသည်။ မငုံ့လို့လည်း မဖြစ်။ ဗလာထမီစကို နင်းမိခြင်းသည် အောက်မှ ပွဲကြည့် ပရိသတ်အဖို့ သိချင်မှ သိလိုက်မည် ဖြစ်သော်လည်း ရှေ့မှ အနင်းခံရသူအဖို့ တုံ့ခနဲ ဖြစ်သွားရသည်။

ကကြိုး ပျက်သွားတတ်သည်။ ယုတ်စွအဆုံး ခါးပတ်မခိုင်က ထဘီပင် ကျွတ်ကျသွားနိုင်သည်။

ရှေ့ကလူ တုံ့သွားသဖြင့် နောက်က ဝိုင်းပတ်ကရသူတို့လည်း အထိုက်အလျောက် စည်းချက် ပျက်သည်။

တစ်ခါက ဖြစ်ပျက်ခဲ့သော အဖြစ်သည် ညိုမ မမေ့နိုင်ခဲ့။ ညိုမ ကိုယ်တိုင် ထဘီကျွတ်ခြင်း ဖြစ်သည်။

ပတ်တုန်းက ခါးပတ်နှင့် သေချာစွာ ပတ်စည်းခဲ့ပါလျက် ခါးပတ်ကို သေချာစွာ မပတ်မိဟု ထင်သည်။

က ရင်း ထဘီမှာ တဖြည်းဖြည်း ပြေကျသည်။ သည်အထိ ဘာမှ မဖြစ်သေး။ ပရိသတ်ကလည်း မသိသေး။

ဘေးမှ ယိမ်းသမ ခင်မြရင်က "ဟော့ ကောင်မ .. ထဘီ.. ထဘီ"ဟု အော်တော့မှ ပရိသတ် သိသွားသည်။ သည်တော့လည်း တစ်ရုံလုံး ပွဲကျကုန်သည်။ ပတ်ပင် တုတ်ယူရသည်။

အခုတော့လည်း ညိုမ လုပ်သက်ကလေး ရလာသည်နှင့်အမျှ သည် အခက်အခဲကလေးတွေကို ကျော်ဖြတ်နိုင်ခဲ့ပြီ။ ပန်တျာ ကျောင်းဆင်း မဟုတ်သော်လည်း ယနေ့ အငြိမ့်လောကမှာ က နေကြသည့် က ကြိုးအားလုံးလိုလို ညိုမ ရနေပြီ။ ချားချားလည်း ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုး ဆိုလည်း ဖြစ်သည်။ ရင်လည်း လှုပ်တတ်ပြီ။ ယိုးဒယား သမင်လည်း လိုက်တတ်ပြီ။ ဗမာ သမင်လည်း လိုက်တတ်ပြီ။

ညိုမ၏ နာမည်ရလာမှု၊ ပြည့်ဖြိုးလာသော ကိုယ်ကာယ၊ လှပသော ရုပ်ရည်၊ ပရိသတ်၏ အားပေးမှုနှင့် လုပ်သက်တို့ကို အကြောင်းပြု၍ ညိုမ ညကြေး ၄၀ ကျပ်မှ ၅၀ ကျပ်သို့ တိုးလာသည်။ ကုပ်ထွက်မင်းသမီးလည်း ခေါ်၊ အလယ်ထွက်မင်းသမီးလည်း ခေါ်သည့် လက်ထောက် ခေါင်းဆောင်မင်းသမီးလည်း ဖြစ်ပြီ။ တစ်ခု ခက်သည်က ညိုမတို့အငြိမ့်သည် နှစ်စဉ် ပွဲချီ ကျဲသည်။ ထို့ကြောင့် မကြာခဏ အခြားအငြိမ့်သို့လည်း ခေါ်ကောက်လိုက်ချင်လည်း လိုက်ရသည်။ ကိုကြည်ဆောင်ကလည်း မချုပ်ချယ်။ က ခွင့် ပေးသည်။

"ထမင်းဟေ့နော် ... ထမင်း"

မော်တော်ပဲ့စင်ဘက်မှ အော်သံကြောင့် လွန်းယှက်နေသော အတွေးစ တို့ကို ပြန်လည် ရုပ်သိမ်းဆွဲယူလိုက်ရသည်။

"အမေ ထမင်း ယူလိုက်ဦးလေ၊ သမီး ရေချိုးလိုက်ဦးမယ်"

အမေက ဟင်းချိုင့်နှင့် သံပန်းကန် နှစ်ချပ်ကို ယူ၍ ထမင်း ထ ယူသည်။ ဇာတ်သူဇာတ်သားများအဖို့ ထမင်း စားချိန်၊ နားချိန် သတ်သတ်မှတ်မှတ် ထား၍ မရ။ ကားပေါ် ဖြစ်စေ၊ မော်တော်ပေါ် ဖြစ်စေ အခြေအနေအရ စားရ သောက်ရသည်။ ထမင်း ဝေသည့် ဘက်မှ ပွက်လောရိုက်သံ သောသောညံလျက် ရှိသည်။

ကျယ်ပြန့်သော မြစ်ပြင်အလယ်တွင် မော်တော်ငယ်သည် လှုပ်ရှားရုန်းကန်လျက် ရှိသည်။ အမှောင်ကား ကြီးစိုးခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



(၂)

နှင်းမှုန်ကြားမှ နေခြည်သည် မြစ်ရေပြင်၌ ဝင်းပနေသည်။ မော်တော်သည် မြစ်မကြီးမှ ဖယ်ကြဉ်၍ ချောင်းရိုးအတိုင်း ဝင်လာခဲ့သည်မှာ ကြာပြီ။ မိမိတို့ က ရမည့် ထန်းသုံးပင်ရွာသို့ ရောက်ဖို့ နီးပြီဟု ညိုမ ခန့်မှန်းသည်။

ချောင်းစဉ်တစ်လျှောက် ကလေးလူကြီး ကမ်းဦးညွှတ်လျက်။ မော်တော်ဘေး တစ်ဖက်တစ်ချက်မှ လောကအားမာန်အငြိမ့် စာတန်းပါ ပတ္တူကြားချပ်ကိုရော မော်တော်ဝမ်းထဲမှ အငြိမ့်သမတွေကိုပါ စူးရဲသော အကြည့်များဖြင့် ကြည့်နေကြသည်။

မော်တော်ပေါ်တွင်လည်း အလုပ်ရှုပ်နေကြပြီ။ မော်တော်ဦးထိပ်တွင် တပ်ဆင်ထားသော ဟွန်းမှ အသံ ထွက်ပေါ်လာသည်။ လူရွှင်တော် ကိုအာဝါး၏ အသံ။

"ထန်းသုံးပင်ကျေးရွာ၊ တောင်သူ ကျေးရွာတော်သားများနဲ့ အမိအဖ၊ ကိုကို၊ မမ၊ ဦးဦး၊ ဒေါ်ဒေါ်၊ ညီငယ်၊ ညီမငယ်၊ ကျောင်းတော်သူ ကျောင်းတော်သားများပါ မကျန်ပေါ့ ခင်ဗျာ"

ညိုမ ပြုံးမိသေးသည်။ ကိုအာဝါးသည် မိုက်ကရိုဖုန်းတစ်လုံး ရလျှင် သည်သို့ပင် အော်ချင်ဟစ်ချင်သူ ဖြစ်သည်။ အငြိမ့်သဘော၊ ဇာတ်သဘောအရ ဤသို့ပင် လူခေါ်ရသည်။ ရွာစဉ်တစ်လျှောက် ဤသို့ပင် ကြော်ငြာလှည့်ရမြဲ။ ထိုအခါ ထိုတာဝန်ကို ကိုအာဝါးက လိုလိုချင်ချင် ယူမြဲ။

"ဟုတ်ကဲ့ ... ကနေ့ အပေါ်ယံ ရွှေမှုန်ကြဲ အတွင်းသားက ကျီးအာသီး ဆိုတဲ့ အယောင်ဆောင် အနုပညာ မဟုတ်၊

www.burmeseclassic.com

www.burmeseclassic.com



စစ်မှန်တဲ့ အနုပညာကို ရှေ့တန်းတင်လို့ လောကအားမာန် အငြိမ့်အဖွဲ့ကြီးဟာဖြင့် မိဘပြည်သူတို့ရဲ့ ရင်ခွင်ထဲကို နွေးထွေးစွာ ဝင်ရောက်လာပါပြီလို့ နော်ဗျာ"

"ခေါင်းဆောင်မင်းသမီးမှာဖြင့် လူငယ် ကာလသားတို့ အကြိုက် အရှေ့တိုင်း၊ အနောက်တိုင်း အကတွေနဲ့အတူ နာမည်ကြီး ရေပန်းစားနေတဲ့ မိမာယာ"

"ဟုတ်ကဲ့ … မိမာယာကပဲ အပြိုင်ကြဲမလား၊ ဟာသလူရွှင်တော် အာဝါး၊ ညှပ်စိ၊ ပေါက်ကြီး၊ ဂန့်ဂါးတို့ကပဲ အနိုင် နွှဲမလား ဆိုတာကိုတော့ဖြင့် ကန္နေညှ ထန်းသုံးပင်ကျေးရွာ ဖွံ့ဖြိုးရေးရုံတော်ကြီးမှာ အမိအဖများ ကြွရောက် အကဲဖြတ်ကြဖို့ ဖြစ်ပါတယ်၊ ကန္နေညှ သာဝကမှာ 'ပေါက်ပင်စိမ်းစိမ်း ကျေးစိမ်းစိမ်း' ပြဇာတ်မှာ သူစိမ်းဆန်သော နွေ၊ နောက်ပိုင်းမှာ မင်းသားချော ဖန်တျာအောင်မင်းရွှေရဲ့ အဆိုအငို၊ အပြော၊ ရသ စုံလင်စွာနဲ့ တင်ဆက်မယ့် 'မြစိမ်းသိုက်'၊ ကန္နေညှမှာဖြင့် ဖျာ သုံးကျပ်၊ ကုလားထိုင် လေးကျပ်၊ လူကြီးရုံဝင်ခ‥"

သည်လိုနှင့် ရွာဆိပ်သို့ မော်တော် ဆိုက်သည်။ အလုပ်သမားများ ဇာတ်သေတ္တာများကို ထမ်းချစဉ် ညိုမတို့ ကုန်းပေါ် တက်၍ အနားယူသည်။ ဟိုအဝေးတွင် ပြောင်းခင်းစိမ်းစိမ်းနှင့် ဆွတ်ပျံ့ဖွယ် တောင်ယာမီးခိုးတို့ အူလျက် ရှိသည်။

"ကိုင်း … ကိုင်း … ကောင်မလေးတွေ ဟို လှည်းပေါ်တက်"

ပတ်တီး ခေါင်းဆောင် ရေနံမြေ စိန်တင်ဝင်းက အော်သည်။ နေရာတကျ စီစဉ်ပေးသည်။ ညိုမ အမေ့ကို တွက်တို့၍

 www.burmeseclassic.com 

လှည်းပေါ် တက်သည်။ ခေါင်းဆောင် မင်းသမီးကိုလည်း လှမ်းခေါ်သည်။

"လာလေ … မမ မာယာ"

"သွားနှင့် သွားနှင့်၊ ဟိုမှာလေ … ကိုအောင်နီ၊ အရေးထဲမှာ ဒီ အရည်ပဲ သောက်ချင်နေသေးတယ်"

ခေါင်းဆောင်မင်းသမီးက သူ့လင် ပြဇာတ်မင်းသားကို မြည်တွန်တောက်တီးရင်း ကျန်ရစ်သည်။ သည်လိုနှင့် မီးခွင်လှည်း၊ ကားခွင်လှည်းနှင့် မီးစက်လှည်းတို့ အရင် ထွက်သည်။ ဆိုင်းလှည်းကားအလုပ်ရှုပ်ဆဲ။

(၃)

ညက ပထမပွဲချိ ကသည်။ ညနေ ၃ နာရီ အမေ နိုးမှ ညိုမ နိုးသည်။ ထရမ်းပက် မှုတ်သံ၊ စန္ဒရား ခေါက်သံ၊ သီချင်း တိုက်သံ၊ အော်ဟာစ် ဆူညံသံ၊ ငြင်းခုန်သံတို့အကြား နှစ်ခြိုက်စွာ အိပ်တတ်ခဲ့သည်မှာ ကြာပြီ။ နေ့ခင်း ထမင်းစားပြီးသည်မှ အိပ်လိုက်သည်မှာ အမေ နိုးမှ နိုးသည်ကိုသာ ကြည့်။ ညိုမ မျက်နှာ သစ်ပြီး ပေါင်ဒါကလေး ဖို့သည်။ ပြီး ဇာတ်ခုံပေါ် တက်သည်။

ရှေ့စည်း ကန့်လန့်ကာ နောက်တွင် ယိမ်းသမများ ယိမ်းတိုက်နေသည်။ ကိုတင်ဝင်းက သံပတ္တလားကို ခေါက်ပေးသည်။ ခြောက်လုံးပတ်ဆရာ ကိုလှထွန်းက ပါးစပ်နှင့် ဒိုးဆစ် လိုက်ပေးသည်။

ကိုလှထွန်းဘေးသို့ ညိုမ ကျုံ့ကျုံ့ကလေး ဝင်ထိုင်ရင်း ယိမ်းတိုက်တာ ကြည့်သည်။ လိုတာလေးတွေ ဖြည့်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com


"လာပြီ ... လာပါပြီ၊ လောကအားမာန် လာပါပြီ၊ နှင်းဆမ်းတဲ့ ပန်းလို ရွှင်လန်းစေကြောင်း ဆုတောင်းပါသည်"

"ထူး .. ပထူး၊ ဗြိပေါင်း ... ဗြိပေါင်း"

"ပြောင်း..တူ..ပေါင်း၊ တူဗေ(တပ်ဗေ)[၂] တူး.. ပို.. တူး"

ကိုလှထွန်းက ပါးစပ်နှင့် ဒိုးဆစ် လိုက်ပေးသည်။ နေ့ခင်းနေ့လယ် ယိမ်းနွှေးသည့်အခါ ဤသို့ပင် ပါးစပ်နှင့် လိုက်ပေးရသည်။

"မနော့အလှ ဆန်းဇာတာ ဝေစရာအညီ၊ သောက နွမ်းစရာ သွေ့ခွာပြီ၊ လောကအားမာန် စေတနာသည်"

"ပတပ် ... ပတပ် ... ပတပ် .... ဗေထိုးတိန်း"

"ပတပ် ... ပတပ် ... ပတပ် .... ဗေထိုးတိန်း"

ကိုလှထွန်း ဒိုးဆစ်အလိုက်တွင် ညိုမ ဝင်ပြောသည်။

"အစ်ကိုလှထွန်းကလည်း မေ့နေပြန်ပါပြီ၊ ပတပ် ဗေထိုးတိန်း မဟုတ်ပါဘူး၊ အဲဒီနေရာမှာ လော့်ဒိုးလေ၊ တိုးဗေ တပ်ဗေ၊ တိုးဗေ တပ်ဗေ ဂျိမ်း ဂျိမ်း မဟုတ်ဘူးလား လို့"

"ဟ ... မိငွေးက ပတပ် ဗေတိုး တိန်း ဆိုတာကိုးဟ၊ ခါတိုင်း လော့်ဒိုး ဝင်တာ ငါလဲ သိသားပေါ့"

"ဘယ်ကလာ ..."

မည်သည့် ကကွက် ကကြိုးမဆို ဒိုးဆစ်သည် အသက်ဖြစ်သည်။ ဒိုးဆစ်သည် အခရာ ဖြစ်သည်။ ဒိုးဆစ်သမား သတ်၍ မျက်ရည်ကျရသော အငြိမ်းသမတွေ ဒုနဲ့ ဒေး။ ဒိုးဆစ်သမား ညစ်၍ တောင်တစ်လှမ်း မြောက်တစ်လှမ်း ဖြစ်ရသည့် မင်းသမီးတွေ အများ။ ဒိုးဆစ်သမားကို ဆက်ဆံရာ၌ မင်းသမီးတို့ ပျော့ပျောင်းလေ့ ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ကဲ၊ ပြီးပြီလားဟေ့၊ နင်တို့ ပြီးရင် ပြဇာတ် စီးရအောင်"

လူငယ် ကိုအောင်နီက ဖိုင်တွဲ တစ်တွဲနှင့် ဇာတ်ခုံပေါ် တက်လာရင်း ပြောသည်။ ကိုတင်ဝင်းက ပတ္တလား သိမ်း၍ ဇာတ်စင်အောက်သို့ ဆင်းသွားသည်။ ယိမ်းသမများ၊ လူကြမ်းများ၊ လူရွှင်တော်များ အားလုံး ဝိုင်းထိုင်ကြသည်။

ဤသို့ ထိုင်၍ ဒါရိုက်တာက ဇာတ်လမ်း ကြောင်းပေးသည်ကို ဇာတ်စီးသည်ဟု ခေါ်သည်။ စင်စစ် ပြဇာတ်ဟောင်း ဆိုလျှင် စီးရန် မလို။ ယခုပြဇာတ်က အသစ် ဖြစ်၍ စီးရခြင်း ဖြစ်သည်။

စင်စစ် ယခုပြဇာတ်က ကိုယ်ပိုင် မဟုတ်။ သူများပြဇာတ်။ နယ်ခြား မြေခြား ဖြစ်လျှင်၊ တစ်နည်း ပြသနာ မတတ်နိုင်လျှင် ဤသို့ပင် ခိုးကြမြဲ။

"ပထမ ရှာတာမှာ အောင်သိန်းနဲ့ ဓားစိန်တင် ထွက်၊ မင်းတို့က လူဆိုးတွေ၊ မင်းတို့ဂိုဏ်းက ဘိန်းဖြူဂိုဏ်း၊ ရန်ကုန်မှာ အနေ မချောင်တော့တဲ့အကြောင်း၊ ဆရာကြီး ပေးထားတဲ့ လုပ်ငန်းတာဝန်ဝတ္တရားတွေလည်း မအောင်မြင်တဲ့အကြောင်း လမ်းပေါ်မှာ ပြောနေရမယ်၊ အဲဒီမှာ ညိုမ ဝင်လာရမယ်၊ ညိုမ ဆေးကျောင်းသူ၊ နာမည်က 'ဖြိုး'မှတ်ထားနော်၊ အဲဒီမှာ ကိုသိန်းလွင်တို့က ပထမဆုံး အခန်းလည်း ဖြစ်၊ ပရိသတ်ရဲ့ စိတ်ဓာတ်ကို ဆွဲငင်လှုပ်ခါပစ်ရမယ့် အခန်းမျိုး ဖြစ်တော့ကာ သဘောကတော့ ဇာတ်အဖွင့်ဟာ ဆွဲဆောင်မှု ရှိသွားရမယ်ပေါ့ဗျာ၊ ဒီတော့ တီးဝိုင်းက (ဟော့တ်)လေးတွေ တီးပေးဖို့ လိုမယ်၊ ပြီးတော့ လှဝင်း …"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကားလိပ်ချရမယ့် နေရာတွေမှာ နောက်ဆုံး စကားလေးတွေ မှတ်ထား ကြားလား၊ ကားလိပ်ချ မလောနဲ့၊ အဲ ... ဆက်ပြောမယ်၊ အဲဒီမှာတင် ..."

"နေပါဦး၊ ညီမက ဘယ်အခန်းက ပါရမှာလဲ"

ခေါင်းဆောင်မင်းသမီး မာယာ၏အသံ။ သူ့ လင်တော်မောင် ပြဇာတ်မင်းသား လူငယ်အောင်နီကို ခပ်ရှုးရှုး ကြည့်ရင်းက မေးသည့်အသံ။

"နေစမ်းပါဦးကွာ၊ အလုပ်လုပ်နေရင် မင်းတို့ ရှုပ်ပြီ၊ မင်းအခန်း ရောက်လာရင် မင်းကို ပြောမှာပေါ့"

"ဟုတ်ကဲ့ ... အမိန့်တော် ချစမ်းပါဦး"

စင်စစ် ခေါင်းဆောင်မင်းသမီးသည် ပြဇာတ်တွင် ပြဇာတ်မင်းသမီး ဖြစ်လေ့ရှိသည်မှာ ထုံးစံ။

သို့သော် ညိုမကို ပြဇာတ်မင်းသမီး တင်ပေးနေသည်မှာ ရှုံဖန်ရှံခါ။

ဒါကို မာယာ မခံချင်။

သူ့လင်အကြောင်း သူပဲ သိသည်။ ညိုမကလည်း ညုလွန်းချွဲလွန်းသည်ဟု ထင်သည်။

သည့်အတွက် လင်တော်မောင်နှင့် တကျက်ကျက်။ သည်တစ်ခါတော့ သည်းခံနိုင်မှုတာသည် ဒေါသနှင့် မာန်မာန၏ ရိုက်ပုတ်မှု လှိုင်းဒဏ်ကို မခံနိုင်တော့။ ပြင်းထန်သော စကားလုံးများအဖြစ် ပွင့်ထွက်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ကိုအောင်နီ၊ ကျုပ်က ကချင်လွန်းလို့ နန့်နန့် တက်ပြီး ပြောနေတာ မဟုတ်ဘူးရှင့် သိရဲ့လား၊ ပြဇာတ် မကရရင် စောစောတောင် အိပ်ရသေးတယ်၊ ကျုပ် ရတဲ့ ညကြေးလည်း ပွန်းတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ လမ်း မဟုတ်လို့ ပြောနေတာ၊ မတရားလို့ပြောနေတာ၊ ကျုပ်က နတ်ကနား ကတဲ့မင်းသမီး မဟုတ်ဘူး၊ ပွဲခွင် ထွက်ခါနီးမှ ဇရုတ်ဇရက် ထွက်လာရတဲ့ မင်းသမီး မဟုတ်ဘူးရှင့်"

"မင်း တော်ရင် ကောင်းမယ်၊ ဒါ အလုပ်ခွင်၊ အလုပ်လုပ်နေတာ၊ မင်း သူများကို ဘာမှ ထိခိုက်ပြောနေစရာ မလိုဘူး"

"ဩော် ... အလုပ်ခွင်တဲ့လား၊ ရှင်က နာသေးသလား၊ ဒီမယ် ကိုအောင်နီ၊ မိမာယာတို့က ပြောရင် အဲသလိုပဲ ပြောတတ်တယ်၊ ရှင် လုပ်တာ များပြီ၊ *ဒုဋ္ဌဝတီမှာ သာတဲ့လ* မှာလဲ ဒီလိုပဲ၊ *ဆောင်းမှာ ပွင့်သည့် ချစ်နှင်းဆီ* မှာလဲ ဒီအတိုင်းပဲ"

"*ရွက်ကြွေတောက ပန်းတေလေ* မှာ မိန်းမပျက်တောင် လုပ်ခိုင်းသေး၊ ဟင်း ... ဟင်း ... ဘာတဲ့၊ ရှင်က ပြောသေးတယ်၊ အနုပညာတဲ့၊ လုပ်ငန်းခွင် တဲ့ ... ထွီ၊ အနုပညာ ... အနုပညာနဲ့ သူများ ခြင်ထောင်ထဲ ဝင်တာလား အနုပညာ"

ပြောပြောဆိုဆို မာယာ ဇာတ်ခုံအောက်သို့ ဆင်းသွားသည်။ ဇာတ်စင်ခင်း ပျဉ်ပြားပင် ဝုန်းခနဲ လှုပ်ခါကျန်ရစ်သည်။

ညိုမ ဒါတွေ ဇာတ်စင်ပုဏ္ဏားကွယ်ဘေးမှာ ထိုင်နေရင်း အကုန်လုံး မြင်နေရသည်။ အကုန်လုံး ကြားနေရသည်။ ဒါကြောင့်လည်း ဇာတ်သမ အစ ပချုပ်သည် အဆုံးလို့ တနင့်တပိုး စော်ကားမှုတွေ ရှိနေခြင်း ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



မာယာ၏ ခြေလှမ်းတိုင်း နင့်ခနဲ နင့်ခနဲ ခံစားနေရသည်။ အနုပညာကို ဖန်ဆင်းကြသူများကိုယ်တိုင် အနုပညာပင်စည်ကို ခုတ်လှဲနေကြပါပကော။

ဤသို့ပင် စော်ကားမှုတွေ များပြီ။

ညှိုမ သည်းခံသင့်သလောက် ခံခဲ့ပြီ။ ယေ်စဉ်ကပင် ပြုစုပျိုးထောင်လာရသော၊ မိမိ ချစ်မြတ်နိုးသော ဤအနုပညာကို ခုံမင်တွယ်တာလွန်း၍သာ ဖြစ်သည်။

တစ်ကြိမ်မက၊ နှစ်ကြိမ်မက အကြိမ်ကြိမ် ရှိပြီ။

အခုလည်း ... ကြည့်။ မိမိနှင့် မိမိ၏ အနုပညာကိုသာမက မိမိ၏ဘဝကိုပါ စော်ကားလာပြီ ...။

လောက၌ ဝတ်ရည်တို့ဖြင့် လည်းကောင်း၊ သင်းရနံ့တို့ဖြင့် လည်းကောင်း ထုံမွှမ်းသော ပန်းကလေးတစ်ပွင့်သည် ရှိသည် ဆိုပါစို့။

ထိုဝတ်ရည်သင်းရနံ့တို့ဖြင့် ပြီးသော ပန်းပွင့်ငယ်ကို ဖန်ဆင်းသည့် မဟာဘူတ သဘာဝအင်အား တစ်ရပ်သည်လည်း ရှိသည် ဆိုပါစို့။

ထိုဝတ်ရည်ကိုမှ ခုံမင်မက်မောစွာ စုပ်ယူ စားသုံးတတ်သော ပျား၊ ပိတုန်း၊ လိပ်ပြာတို့သည်လည်း ရှိသည် ဆိုပါစို့။

သို့ဆိုလျှင် ခန်းခြောက်သွားရသော ဝတ်ရည်များ၊ ကြွေကျမြေခ ရသော ပွင့်ချပ်လွှာများအတွက် မည်သူတွင် တာဝန်ရှိပါသနည်း။ ဖန်ဆင်းသူ သဘာဝလော။ ယိမ်းနွဲ့ကလူ မြူဆွယ်သည့် ပန်းပွင့်ငယ်လော။ အရောင်အသွေး စုံသည့် ပန်းပွင့်ငယ်ကိုမှ လိုက်လံ ရွေးချယ်သောက်စားကြူးသည့် ပျားပိတုန်းတို့လော။

www.burmeseclassic.com



မည်သို့ပင်ဆိုစေ။ နုစဉ်အခါက ညိုမ ပွင့်ချပ် တစ်လွှာ၊ ဝတ်ရည် တစ်စက် ကြွေခဲ့ဖူးပါ၏။ ညိုမ၏ ဘဝဖြစ်စဉ်တွင် သည် အဖြစ်သည် ပွဲဦးပဏာမ အော်ပရာ ဖြစ်သည်။ သည် အော်ပရာတွင် ညိုမက မင်းသမီး၊ မင်းသားက ကိုကို။

(၄)

ကိုကိုက အငြိမ့်တွင် တီးဝိုင်းခေါင်းဆောင် ဖြစ်သည်။ စန္ဒရား တီးသူ ဖြစ်သည်။ စန္ဒရားကို သင်္ကေတနှင့် တီးတတ်တာကိုက တစ်ပန်း သာသည်။ ထို့ကြောင့်လည်း ဇာတ်နှင့် အငြိမ့်တွေက ကိုကို့ကို ဆိုလျှင် အချိန်မရွေး ဝင်စေ ထွက်စေ ဖြစ်သည်။ ညိုမတို့အငြိမ့် ကို ကိုကို ရောက်လာတော့ ဇာတ်ဆရာက ကိုကို့ကို အားကိုး စကား ဆိုသည်။ စင်စစ် ကိုကိုသည် ဘယ်ဇာတ်က ဘယ်လို ဖြစ်၍ ဘယ်လို ရောက်လာသည်ကို ညိုမတို့ မသိ။ သိဖို့လည်း မလို။ ဒါက သူ့ကိစ္စ။

"စိတ်ချပါ ကိုကြည်ဆောင်၊ ကျွန်တော်က အနုပညာသမား သတ်သတ်ပါ၊ ညကြေး ဘာကြေး အကြောင်းမဟုတ်ပါဘူး၊ စာချုပ် တွေ ဘာတွေလည်း မလိုပါဘူး၊ အနုပညာသမား ဆိုတာကလည်း ခက်သားဗျ၊ ထမင်းတစ်လုပ်၊ ရေတစ်မှုတ်လောက်နဲ့ ပြည်သူကို သူ့ အနုပညာ ပစ္စည်းတွေ တင်ပြနေရရင် ကျေနပ်ရတာပဲ မဟုတ်လား"

သည်သို့ပင် ကိုကို ဆိုဖူးသည်။ ကိုကို ရောက်လာတော့ သီချင်း အသစ်တွေ၊ တီးလုံး အသစ်တွေ၊ အော်ပရာ အသစ်တွေ ထွင်သည်။ ခေတ်မီ မီးမောင်းရောင်စုံ ဆလိုက်တွေကို သုံးစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကို တင်ပြသော 'ပုဂံသား ငရွှေသား' နှင့် 'ကိုကိုးကျွန်းက အုန်းသီးလေ့' အော်ပရာမှာ လူကြိုက်များလှသည်။

ကိုကို ရောက်လာမှ မည်သူမှ နားမနေရ။ မင်းသားကလည်း မင်းသားအလျောက်။ မင်းသမီးကလည်း မင်းသမီးအလျောက်။ ယုတ်စွအဆုံး မီးထိုး၊ ကားဆွဲက အစ အရင်တုန်းကလို ဖြစ်သလို မဟုတ်။ အနုပညာနှင့် ပေါင်းစပ်စေသည်။ အတတ်ပညာနှင့် ရောယှက်စေသည်။

မီးထိုးတာတွေက အစ အရောင် ယူတာတွေ အဆုံး ကိုကို့ခြေ၊ ကိုကို့လက် ဖြစ်သည်။ တစ်ခါကလည်း ညိုမကို ပြောဖူးသည်။

"တို့ အနုပညာသည် ဆိုတာ သိပ်အရေးကြီးတယ်၊ တို့ လူမျိုးက ပတ်မသံ ကြားရင် နေနိုင်ကြတာ မဟုတ်ဘူး၊ ဗေထိ ဆိုတဲ့ အသံ ကြားတာနဲ့ ကချင်၊ ခုန်ချင်၊ ပွဲကြည့်ချင်တဲ့ လူမျိုး၊ ဒါကိုပဲ နယ်ချဲ့က အခွင့်ကောင်း တစ်ရပ်လို အသုံးချပြီး အနုပညာနဲ့ သွေးခွဲခဲ့ဖူးတယ်၊ ရှမ်း-မြန်မာ ချစ်ကြည်ရေး အားနည်းအောင် အနော်ရထာနဲ့ စောမွန်လှရဲ့ နားငြောင်းကျချောင်းဘေးက အလွမ်းလေးတွေကို ဖောင်းပေး ကခိုင်းတယ်၊ ညိုမ ကြားဖူးမှာပေါ့၊ ချင်းကလေး ဖဝေး ဆိုတာလေ၊ ဖဝေးကို နတ်နဲ့ တိုက်တာ ဘာသာတွေနဲ့ လူမျိုးရေးတွေ မသိမသာ ထည့်လာတယ်၊ ဒါတွေကိုပဲ အနုပညာသည် တချို့က မြိန်ရေယှက်ရေ ကခဲ့ကြတယ်၊ အဆိုးရွားဆုံးက ကျိုက်ထီးရိုး သမိုင်းမှာ ကရင် အမျိုးသားတွေက တို့ ဘုရားကို နွယ်ကြိုးနဲ့ ဆွဲချတယ် ဆိုတာပဲ၊ ကရင် အမျိုးသားတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com


တို့ဗမာတွေကို ဘာသာရေးနဲ့ လှည့်ပြီး တိုက်တယ်၊ သူ့ဟာသူ ရှိတဲ့ ဒဏ္ဍာရီကို အနုပညာနဲ့ ရုပ်လုံးဖော်ကြတယ်၊ ဒါကြောင့်လည်း နယ်ချဲ့ခေတ်က သည်ဇာတ်လမ်းတွေ ခေတ်စားခဲ့တာပေါ့၊ ရိုးသားတဲ့ ပြည်သူတွေဟာ နယ်ချဲ့ရဲ့ ဆိုးညစ်တဲ့ ပရိယာယ်ကို မမြင်ခဲ့ကြဘူး၊ ဒါတွေကို ပြင်ကြရမှာက၊ စစ်မှန်တဲ့ အနုပညာတွေကို ဖော်ထုတ်တင်ပြရမှာက ညိုမတို့၊ ကိုကိုတို့ရဲ့ တာဝန် ဖြစ်လာပြီ''

ကိုကို့ ဒဿနတွေကို ညိုမ ကြည်ညိုသည်။ ဒါကြောင့်လည်း ဇာတ်စင်အောက်က စန္ဒရားတီးရင်း စိုက်ကြည့်နေတတ်သော ကိုကို့မျက်လုံးများကို အပြုံးဖြင့် ပြန်လည် တုံ့ပြန်တတ်ခဲ့သည်။ တစ်နေ့အညာက ဘုရားပွဲတော် တစ်ခုတွင် ကပြစဉ်က ဖြစ်သည်။ ကိုကိုနှင့် သီချင်းတစ်ပုဒ် တိုက်အပြီး ကိုကိုက စကားစသည်။

''ညိုမ''

''ကိုကို''

''ညိုမက ကျော်ကြားတဲ့ အနုပညာသည် ဖြစ်နေပြီနော်၊ ကိုကို ဂုဏ်ယူပါတယ်၊ တစ်ခုတော့ ရှိတယ်၊ ပရိသတ်ရဲ့ လက်ခုပ်သံတွေကို ခွဲခြား ခံစားတတ်ရတယ်၊ လက်ခုပ်သံတိုင်းဟာ အားပေးတာ မဟုတ်ဘူး ညိုမ၊ လက်ခုပ်သံတွေ ကြားမှာပဲ ငုပ်လျှိုးပျောက်ကွယ်သွားတဲ့ အနုပညာသည်တွေ တွေ့ခဲ့ဖူးတယ်၊ ဆရာ ဂီတလုလင်ဦးကိုကို ရေးတဲ့ မာန်သီချင်းထဲကလို သင်္ချိုင်းရကို အစဉ်ထာဝရ ထင်ခဲ့ကြလို့ ကျဆုံးခဲ့ကြတဲ့ အနုပညာတည်တွေ ကိုကို ကြုံခဲ့ဖူးတယ်၊ ညိုမ ကြိုးစားနော်''

''ဟုတ်ကဲ့ ... ကိုကို''

www.burmeseclassic.com

www.burmeseclassic.com



ကိုကို ညိုမတို့ အငြိမ့်ထဲ ရောက်သည့် လေးနှစ်မြောက်နေ့ တစ်ညတွင် ကိုကိုက ညိုမအတွက် လက်ဆောင်တစ်ခု ပေးသည်။ ထိုလက်ဆောင်ကား အချစ် ဖြစ်ပါသည်။ ထိုလက်ဆောင်ကို လက်ခံသင့် မခံသင့်ကို ညိုမ လက်ဆောင် မယူမီကပင် စဉ်းစားထားပြီး ဖြစ်သည်။

ထို့ကြောင့်လည်း ကိုကို့အချစ်ကို ညိုမ လွယ်လွယ်ကူကူပင် လက်ခံခဲ့သည်။ ကိုကိုသည် လေးစားဖွယ်၊ အားကိုးဖွယ်၊ မြတ်နိုးဖွယ်ကောင်းသော အနုပညာသမား ဖြစ်သည်။ ထို့ကြောင့်လည်း ကိုကို့ကို ညိုမ မဆွကပင် ချစ်ခဲ့ပါသည်ဟု ဆိုနိုင်ကောင်းသည်။

"ညိုမ ကိုကို့ကို ချစ်ပါတယ်" ဟူသော အဖြေကို ဇာတ်စင်ပေါ်မှ လက်လက်ထနေသော မျက်လုံးများဖြင့် ပေးခဲ့သည်။ ထိုညက ဝပ် ၃၀၀၀ ခန့် ထွန်းညှိထားသော မီးမောင်းများသည်ပင်လျှင် ညိုမ၏ အချစ်မျက်ဝန်းများအောက်၌ မှိန်းလျှစွာ ငုံ့လျှိုးနေရသည်။

ထိုနေ့က ကိုကို့ စန္ဒရားလက်သံသည် ခါတိုင်းထက် ပိုမိုသာယာသည်ဟု ညိုမ ထင်သည်။ ညိုမ၏ စိတ်အလျဉ်သည် အငြိမ့်ကရင်း လွင့်ပျံ့လျက် ရှိသည်။ စကားပြောတွေ မှားလွန်းသဖြင့် ဇာတ်ဆရာက မကြာခဏ သတိပေးနေရသည်။ အချစ်၏ ဆွတ်ပျံ့ဖွယ်ကောင်းသော ရသကို ညိုမ နားလည်သယောင် ခံစားနေရသည်။

သည့်နောက် ကိုကိုနှင့် ညိုမတို့၏ ချမ်းမြေ့ကြည်နူးဖွယ်လှုပ်ရှားမှုများကို အငြိမ့်က ရာ မြို့တိုင်း၊ နေရာတိုင်း၌ တွေ့နိုင်သည်။

"သမီး ... အသွားအလာ လျှော့ဦးကွယ်၊ အမေလည်း ငယ်ရာက ကြီးလာလို့ ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ မိန်းကလေးဆိုတာ .."

www.burmeseclassic.com

www.burmeseclassic.com


အမေက သည်သို့ပင် ဆိုယူရသည်။ ဇာတ်ဆရာကလည်း မကြာမကြာ ပြောသည်။

စန္ဒရားခုံဘေး၊ ဇာတ်စင်နောက်၊ ထမင်းစားချိန်၊ သီချင်းတိုက်ချိန်များ၌လည်း ကိုကိုနှင့် ညိုမတို့၏ ဆွတ်ပျံ့ဖွယ် ကဗျာများကို တိုးတိုးညင်ညင် ကြားနိုင်သည်။

ကိုကို ရေးသော 'ရွှေချိုင့်စံ ဟိုကျွန်းက နေယွန်းလျှင် ပြန်ခဲ့ပါ' အမည်ရှိ ပြဇာတ်ကို ဇာတ်ဆရာက လေးရာနှင့် ဝယ်သည်။

ထိုနေ့က အားရဝမ်းသာစွာဖြင့် ကိုကို ပြေးလာသည်။ မန္တလေးပွဲခွင် ဖြစ်သဖြင့် ဈေးချိုသို့ သွားကြသည်။ ညိုမဖို့ ရွှေဇာတက်တင်းထိုး ဗလာထဘီ တစ်ထည် အမှတ်တရ ဝယ်ပေးသည်။ ဗလာထဘီက ချည်း နှစ်ရာကျော် ကျသည်။

ထဘီ ဝယ်စဉ်က ကိန္နရီရုပ်ကလေးများ ထိုးထားသော အစိမ်းရောင် ဘော်ကြယ်ထိုး ထဘီကလေးကို ညိုမ ကြိုက်သည်။ ကိုကိုက လက်မခံ။

ကိန္နရီသည် ကွဲကွာခြင်း သရုပ်သကန် ဖြစ်သည်။ အစိမ်းရောင်သည် စိမ်ကားမှု နိမိတ်ပုံ ဖြစ်သည်ဟု အကြောင်းပြသည်။ ကိုကို့အကြိုက် ဟင်္သာရုပ်လေးများ ထိုးထားသော ထဘီကိုပဲ ယူစေသည်။ ဟင်္သာကို အချစ်ငှက်ဟု တင်စားသည်။

ထိုနေ့က ဈေးချိုက အပြန် ကိုကို့ သူငယ်ချင်းအိမ်သို့ ဝင်သည်။ ကိုကိုက ညိုမကို ထားခဲ့၍ ခဏ ဆိုကာ ထွက်သွားသည်။ ကိုကို ပြန်လာတော့ ခေါက်ဆွဲထုပ်တွေ၊ လိမ္မော်ရည် ပုလင်းတွေ ပါလာသည်။ ကိုကို့ သူငယ်ချင်း ဆိုသူ ပါမလာတော့။

www.burmeseclassic.com

www.burmeseclassic.com


ညိုမ ဓာတ်ခံကို ပြန်ချင်ပြီ။ ဓာတ်ဆရာနှင့် အမေ့ကိုသာ မြင်ယောင်နေသည်။

"ကိုကို ပြန်ကြရအောင်ကွယ်"

"နေပါအုံး ညိုမရယ်၊ ဘာတွေ လောနေတာလဲ၊ ဘာလဲ ကိုကို့ကို မယုံဘူးလား"

"အို"

ကိုကိုက ခေါက်ဆွဲထုပ်ကို ဖြေသည်။ လိမ္မော်ရည်ကို ဖန်ခွက်ထဲသို့ လောင်းထည့်သည်။ ပယင်းလုံးရည် ဝါဖန့်ဖန့်သည် ရေခဲတုံး ကြည်ကြည်ကလေးများနှင့် ရောထွေးကာ လှပနေသည်။ ကိုကို့မျက်လုံးများကို စီးကရက်မီးခိုးများ ကြားမှာ စူးစူးရဲရဲ တွေ့နေရသည်။ လိမ္မော်ရည် တစ်ကျိုက် အသောက်မှာ ရှခါးခါး အရသာကို ညိုမ ခံစားလိုက်ရသည်။

ကိုကိုက စီးကရက် ပြာကို ပြာခွက်ထဲ လှမ်းခြွေသည်။ စီးကရက် ပြာတောင့်သည် ပြာခံခွက်ထဲ မရောက်မီမှာပင် ကြွေကျသွားသည်။

ဗလာထဘီပေါ်မှ အချစ်ငှက် ဟသာများကမူ ချစ်သူနှစ်ဦးကို နားမလည်နိုင်စွာ ငေးမောလျက်။

လောကဋ္ဌံ ပွင့်ဖတ်တစ်လွှာ၊ ဝတ်ရည်တစ်စက် ကြွေကျမြေခခြင်းတွင် မည်သူ့၌ တာဝန်ရှိပါသနည်း။

ပသို့ပင် ဆိုစေ၊ ထိုနေ့က ညိုမ ပွင့်ဦးကြွေသည်။ သည်နောက်ပိုင်း အဖြစ်တွေကိုတော့ ညိုမ မစဉ်းစားချင်တော့။ စဉ်းစားလျှင် ဝေဒနာသာ အဖတ်တင်သည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ခုသော ဆောင်းဦးရာသီ၏ နေ့တစ်နေ့တွင် ကိုကို ညိုမတို့ အငြိမ့်မှ ပျောက်ခြင်းမလှ ပျောက်သွားသည်။ ညိုမကိုသော်လည်းကောင်း၊ ဇာတ်ဆရာကိုသော်လည်းကောင်း၊ အခြားပုဂ္ဂိုလ် တစ်စုံတစ်ရာကိုသော်လည်းကောင်း အသိမပေးခဲ့။ အကြောင်းမကြားခဲ့။

သာမန် ထွက်ရိုးထွက်စဉ် ထွက်သွားခြင်းသာ ဖြစ်သည်။ ယုတ်စွအဆုံး အိပ်ရာလိပ်များ၊ အဝတ်အစားသေတ္တာများ၊ ရေးလက်စ စာမူများ၊ သောက်လက်စ အရက်များကိုပင် သည်အတိုင်းပင် ထားခဲ့သည်။

မိုးချုပ်သော်လည်း ပြန်မလာပါ။

ညိုမက စိတ်ပူပြီး ဇာတ်ဆရာကို အကူအညီတောင်းသည်။ ဇာတ်ဆရာက မြို့ခံ ရဲစခန်းကို လိုရမည်ရ တိုင်ကြားသည်။ ပွဲခွင်တွင် မီးထွန်းချိန်၊ ကရောင်းရိုက်ချိန်တိုင် ကိုကို မလာပါ။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုညက ကိုကို့ပြဇာတ်ကို ကြေညာပြီး ဖြစ်သည်။

'ရွှေချိုင့်စံ ဟိုကျွန်းက နေယွန်းလျှင် ပြန်ခဲ့ပါ' ဖြစ်သည်။ သည့်နောက်တော့ နံနက်ခင်းပေါင်း များစွာကို ကျော်ဖြတ်ခဲ့သည်။ နေ့လယ်ခင်းများစွာကို ကျော်လွန်ခဲ့သည်။ ညနေပေါင်းများစွာကို ဖြတ်သန်းခဲ့သည်။

ကိုကို မလာပါ။ ပြန်မလာတော့ပါ။ နေယွန်းသော်လည်း ပြန်မလာခဲ့ပါ။ ကာလအတော်ကြာမှ ကိုကို့သတင်း သိုးခနဲ သန့်ခနဲ ကြားရသည်။

ကိုကိုသည် နေရာ အတည်တကျ နေတတ်သူ မဟုတ်ကြောင်း၊ ညိုမတို့ အငြိမ့်ကို မလာမီ တခြား အငြိမ့်တစ်ခုမှ သည့်သို့

www.burmeseclassic.com



ပင် ကူးလာခြင်း ဖြစ်ကြောင်း၊ တရားဝင် ဇနီးလည်း ရှိခဲ့ဖူးကြောင်း၊ ရှုပ်ခဲ့တာတွေလည်း ရှိခဲ့ကြောင်း စသည် စသည် ...။

ကိုကို ရောက်စက စာချုပ်စာတမ်း မလုပ်ခဲ့ခြင်းမှာ ဒါကြောင့်ပဲ ဖြစ်မည်။ ဝင်ရထွက်ရ လွယ်အောင် လုပ်သည့်သဘော။ စာချုပ်စာတမ်း ရှိလျှင် နောက်ပိုင်း ရှုပ်နိုင်သည်။

မည်သို့ဆိုစေ အတိတ်သည် ရင့်အိုစွာ ကျန်ရစ်ခဲ့ပြီ။ မှုန်ဝါး ဆွေးမြည့်ခဲ့ပြီ။

သို့သော် ညိုမအဖို့ သစ်လွင်သော အသိတစ်ခုက ရှင်သန်ဆဲ ဖြစ်သည်။

ရက်စက်ကြမ်းကြုတ်သော၊ ကောက်ကျစ်ယုတ်မာသော၊ ခက်ထန်မာကျောသော အဓိပ္ပယ်တို့ဖြင့် ပြွမ်းသည့် နှလုံးသားများသည် အနုပညာသမားတို့၌လည်း ကိန်းဝပ်တတ်ကြောင်း ကိုယ်တွေ့ ဖြစ်သဖြင့် ထိုစဉ်ကပင် သိနားလည်ခဲ့ရပါသည်။

အတွေးစတို့ လွင့်ပါး၍ အသိအာရုံ ပြန်လည်နိုးကြားလာချိန်၌ ကိုအောင်နီကား ဇာတ်စီးဆဲ။ ညိုမ နားထဲတွင် တစ်လုံးမှ မဝင်။ လူက အသိဝိညာဉ် ကင်းမဲ့သည့် ကျောက်ဆစ်ရုပ်လို ထိုင်နေသော်လည်း မျက်ဝန်းများမှ မျက်ရည်စီးကြောင်းများက သဲ့သဲ့ကလေး စီးကျလျက် ရှိသည်။

ကတ္တီပါ ခန်းဆီးစ အနီလွလွသည် လေအသွဲ့မှာ တအိအိနှင့် လှိုင်းတွန့်ကလေးတွေ ထနေသည်။

ဇာတ်စင် အောက်နားဆီမှ ပတ္တလားသံ သဲ့သဲ့ကလေး တစ်စွန်းတစ်စ ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com


ရေနံမြေ စိန်တင်ဝင်းက သံပတ္တလားကို တီးလျှစ္စာ ခေါက်ရင်း ထွန်းလင်းလျှံလက် ကျေးစေပတ်ပျိုးကို ဆိုတီး တီးနေသည်။

"ရွှေနား ထပ်ပါလို့ တပ်ထပ်ကယ်သေခွေ ခွန်းမိန့်တော်တွေ မြဲသေချာ သံမှိုနဲ့ ကျေးစေတမန် ရွှေချိုင့်စံ ဟိုကျွန်းက နေယွန်းလျှင် ပြန်ခဲ့ပ ရွှေချိုင့်စံ မှန်ပုံနှစ်ကယ် ပန်းမှုန်ဖြစ်ကျေး..."

တိုက်ဆိုင်လွန်းလှသည်။ သည် သီချင်းပိုဒ်သည် ကိုကို့ပြဇာတ်ထဲမှ သီချင်းပိုဒ် ဖြစ်သည်။

အသံက တိုးလျှသော်လည်း ညှိုမရင်တွင်းမှာ ပြင်းထန်စွာလှုပ်ခတ်သွားသည်။

"ညှိုမ သဘောပေါက်တယ်နော်"

"ရှင်"

"အဲဒီအခန်းမှာ ညှိုမ အကောင်းဆုံး သရုပ်ဆောင်နိုင်အောင်ကြိုးစားစမ်းပါ၊ ကဲ ... အားလုံး နားထောင်၊ ကိုယ် ကျတဲ့ ဇာတ်ဝင်ခန်းကို ကိုယ် ပိုင်အောင် လုပ်သွားကြ၊ မရှင်းတာ ရှိရင် မေး၊ ညကျရင် 'ချုတ်' ဆွဲပြီး အောက်မှာ ကပ်ပေးမယ်၊ ဇာတ်သိမ်းသီချင်းကတော့ တို့ သီချင်းဟောင်းကိုပဲ သုံးမယ်၊ ကိုသိန်းလွင်တို့ တီးဝိုင်းက သီချင်းနည်းနည်း ပြန်နွှေးထားပါ၊ ကဲ ... ကိုကြည်ဆောင်၊ ကန်ထရိုက်နဲ့ တွေ့ရဦးမယ် မဟုတ်လား၊ သွားမယ်"

လူငယ်အောင်နီနှင့် ကိုကြည်ဆောင် ဆင်းသွားသည်။ လူအားလုံး ဆင်းပြီးသည့်တိုင် ညှိုမ မထချင်သေး။ နောက်ဆုံးမှ အားတင်းပြီး ထ သည်။ ဆုံးဖြတ်ချက် တစ်ခုကိုလည်း ခိုင်ခိုင်မာမာ ချလိုက်သည်။ သည်ည သူ ကြိုးစားမည်။ ပြီးတော့ ...။

www.burmeseclassic.com

www.burmeseclassic.com



(၅)

ဇာတ်ဝင်ခန်း အမှတ်(၂၇)သို့ပင် ရောက်ပြီ။ ပြဇာတ်ပင် သိမ်းခါနီးပြီ။ ဇာတ်ဝင်ခန်းအမှတ်(၃၄)သည် ဇာတ်သိမ်းခန်း ဖြစ်သည်။

ညိုမသည် ဆရာဝန်မတစ်ယောက် အဖြစ် ပိုင်နိုင်စွာ သရုပ်ဆောင်ခဲ့သည်။

ညဦးပိုင်း အော်ပရာများ၊ သာခကများ၌လည်း ညိုမ အစွမ်းကုန် ကြိုးစားခဲ့သည်။

အငြိမ့်ခန်းတွင် ဆိုလျှင် လူရွှင်တော်များကိုပင် သိပ်အလှည့်မပေး။ ညိုမက လိုလိုချင်ချင် ကြားဖြတ် က ခဲ့သည်။ လူရွှင်တော်တို့၏ ချိတ်ပင် မဖြုတ်ရသေးဘဲ အတင်းဝင်ဆို၊ အတင်းဝင်က သည်။

ရေနံမြေ စိန်တင်ဝင်းက အငြိမ့်ခန်းမှာ လက်စွမ်းပြသွားသည်။ ကနေ့မှ တီးဝိုင်းက အံကျနေသည်။ စီးစီးပိုးပိုး ရှိသည်။ အဆို့တွေ၊ အပိတ်တွေ သေသပ်နေသည်။

တီခနဲ၊ ဖြတ်ခနဲ။ ညိုမကလည်း ကနေ့ ပိုကောင်းနေသည်။ အဆိုကလည်း ကောင်း၊ အက ကလည်း ကောင်း၊ ဒိုးဆစ်ဆရာ ကိုလှထွန်းကို မျက်စကလေး ပစ်ပြလိုက်သည်နှင့် ကိုလှထွန်းကလည်း သီချင်းပိုဒ်တွေ ကြားမှာ ဒိုးဆစ်ကလေး ခိုး၍ ပြသည်။

ဒါကို တော်ရုံ တန်ရုံ ပရိတ်သတ်က မသိနိုင်။

သီချင်းတွင် အဆိုပိုဒ်၊ အတီးပိုဒ်ဟု ရှိသည်။ အတီးပိုဒ်သည် အက ပိုဒ် ဖြစ်သည်။

အက ပိုဒ်တွင် သုံးမည့် ဒိုးချက်ကို အဆိုပိုဒ်တွင် တီးကြိုးလေး၊ ငါးခါလောက် ထင်ထင်ပေါ်ပေါ်လေး တီးပြလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com


ဥပမာ … မန္တလေးဒိုး ဆိုပါစို့။ လေး၊ ငါးချက်လောက် တီးပြလိုက်ရသည်။ ထိုအခါ မင်းသမီးက မိမိ နားလည်ကြောင်း၊ ဒိုးဆစ်ကို ကြားပြီး ဖြစ်ကြောင်း မျက်ရိပ်ပြသည်။

အက ပိုဒ်တွင် စိတ်ချလက်ချသာ က ပေရော့။ ညဦးပွဲဦး ပဏာမ အိုဗာချာ တီးကတည်းက အနောက်တိုင်း တေးဂီတ ဘက် က လည်း လိုလေးသေး မရှိ။ တီးဝိုင်းခေါင်းဆောင် ကိုသိန်းလွင် က လည်း မြူးကြွကြွလေးတွေ ရွေးထုတ်ထားသည်။

ဝဲဆိုင်းနှင့် တစ်ကျော့စီ ကြဲသည်။ သည့်နောက်တော့ ပြ ဇာတ်။ လူငယ်အောင်နီ၏ သူများထံမှ ခိုးချထားသော နာမည်ကြီး ပြဇာတ်တစ်ပုဒ်။

ညနေက ဇာတ်စီးစဉ်က ရေလည် သဲကွဲစွာ မကြားမိသော် လည်း ဇာတ်လမ်း၏ ကျောရိုးကို ညိုမ သိသည်။

ထွက်ခါနီး အခန်းတိုင်းတွင် ကိုအောင်နီက နှုတ်တက်ရွရွ မှာလိုက်သေးသည်။

ပြီးတော့ ဇာတ်စင်လှေကား အနီးမှာ 'ချတ်' ကိုလည်း ကြည့်နိုင်သေးသည်။

ညိုမတို့လို သမ္မာရှိသူတွေက သိပ်ပြီး သင်မနေရ။ သိပ် ပြောမနေရ။ ချက်ဆို သိသည်။

လူငယ်အောင်နီသည် နီရဲနေသော မျက်လုံးများဖြင့် လှေ ကားထိပ်မှာ ရပ်နေသည်။ ဇာတ်ဝင်ခန်း အမှတ်(၂၇)ကို ကြိုတင် ရှင်းပြနေသည်။

"ညိုမ"

www.burmeseclassic.com

www.burmeseclassic.com



တောအရက်နံ့က မွှန်သွားသည်။ ညိုမ မိမိအခန်းအတွက်ကို စောင့်နေသည်။ ဆရာဝန် နားကြပ်၊ ဆရာဝန် အင်္ကျီကော်လာကို သေသေသပ်သပ် ဆွဲဆန့်လိုက်သည်။ လှည့်အကြည့်မှာတော့ အရက်နီးဝေသော မျက်လုံးများ။

"ပြောပါ အစ်ကို"

"သောင်းကျွန်းခေါင်းဆောင် စိုင်းရန်နောင်က သူ့ရုပ်ကို ညိုမ မသိအောင် ဖုက်ထားလိမ့်မယ်၊ ဒဏ်ရာက လည်း သိပ်နာကျင်ပုံ သရုပ်ဆောင်နေတုန်းမှာ ညိုမက စိုင်းရန်နောင် ဟုတ်သလိုလို၊ တူသလိုလို ဝေခွဲမရတဲ့ပုံနဲ့ သရုပ်ဆောင်ရမယ်၊ ညိုမရဲ့ လှုပ်ရှားမှုအငြိမ်မှာ နောက်ခံအသံနဲ့ စဉ်းစားခန်းကို တိတ်နဲ့ ဖွင့်ပေးမယ်၊ အဲဒီအသံအဆုံးမှာ ဆရာဝန်တစ်ယောက်ဟာ ရန်သူ ဖြစ်စေ၊ မိတ်ဆွေ ဖြစ်စေ ဆရာဝန်တွေရဲ့ စာနာမှုနဲ့ ကုသ ပေးရမယ်၊ အဲဒီမှာ မာယာ ဝင်လာလိမ့်မယ်၊ မာယာဟာ သောင်းကျွန်းဘက်က စိုင်းရန်နောင်ရဲ့ ချစ်သူ၊ ဆေးကုအပြီးမှာ ..."

"ညိုမက မမမာယာ မဝင်ခင် စိုင်းရန်နောင်ကို စိုင်းရန်နောင်မှန်း သိသွားရဦးမယ် မဟုတ်လား၊ ဒါမှ ..."

"ဟာ ... ဟုတ်တယ်၊ ဟုတ်တယ်၊ ဆောရီး ... ဆောရီး၊ အဲဒါ အရေးကြီးတဲ့အချက်၊ ဒါထက် ... ညိုမ"

"ရှင်"

"ခေါင်းဆောင်မင်းသမီး အဖြစ်နဲ့ ကရတုန်းမှာ ကြိုးစားစမ်းပါ၊ အစ်ကို ညီမကို ခေါင်းဆောင်တင်တဲ့ စေတနာကို သိတယ် မဟုတ်လား၊ ပြောပါ ပြောစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"အို"

လူငယ်အောင်နီက ပါးစပ်က တင် မဟုတ်။ လက်က ပါ ညိုမ လက်ကလေးကို ဆတ်ခနဲ လှမ်းဆုပ်ကိုင်လိုက်သည်။

ဘေးက လူတွေကလည်း ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေ ချိန်မို့ ဒါကို မမြင်။ မြင်သည့်တိုင်အောင်လည်း စိတ်ဝင်စားပုံ ပြကြ လိမ့်မည် မဟုတ်။ ဒါမျိုးက ရိုးနေပြီ။ အငြိမ့်ထဲမှာ သည် အဖြစ်မျိုး တွေက ထပ်နေပြီ။

သို့သော် မြင်သူက မြင်သည်။ မာယာ။

ဝိုင်းစက် ပြူးကျယ်သွားသော မျက်လုံးများသည် မိတ်ကပ် ပြင်ခုံရှေ့မှ ဝင်းခနဲ လက်သွားသည်။ တို့ဖတ်ပဝါကို ဆတ်ခနဲ ဘူး ထဲ ပြန်ထည့်ပြီး ထ လာခဲ့သည်။

"ဒါက ဘာလုပ်တာလဲ ကိုအောင်နီ"

"ပြဇာတ် မထွက်ခင် ရီဟာဇယ်လား၊ သဘာဝကျပါပေ့ ရှင်၊ ရွှေလက်ကယ် ကိုင်ကာ ကိုင်ကာ ဆိုတာမျိုးပေါ့ ဟုတ်လား"

မာယာက ဇာတ်ဝင်ခန်းဝတ်စုံနှင့် ဖြစ်သည်။ သောင်းကျန်းသူ ဝတ်စုံနှင့် ဖြစ်သည်။ စစ်အင်္ကျီအစုတ်နှင့် ထဘီတိုတို ဝတ်ထားသည်။

"မာယာ ဒါ နင်နဲ့ မဆိုင်ပါဘူး၊ ဒါ အလုပ်လုပ်နေတာ"

"အလုပ်လုပ်နေတာ ဟုတ်လား၊ နှစ်ပါးကြည်နေတာ တွေ့ ရက်နဲ့များ ရှင်က မုန်လာဥ လုပ်ချင်သေးလား၊ ညိုမ ညည်းက ပြ ဇာတ်မင်းသမီး ဖြစ်ရတာ မကျေနပ်သေးဘဲ ပြဇာတ်မင်းသားကတော် လုပ်ချင်သေးသလား၊ ရော့ လုပ်ချင်ဦး"

"ဖြန်း"

www.burmeseclassic.com

www.burmeseclassic.com


လှုပ်ရှားမှုအားလုံး ဘာမျှ ကြာလိုက်သည် မဟုတ်။ မြန်လွန်းသည်၊ သွက်လွန်းသည်။ ညိုမပင် ဘာမျှ ပြောခွင့် မရလိုက်၊ ရှင်းခွင့် မကြုံလိုက်၊ ကာကွယ်ချိန် မရလိုက်။ စပ်ဖျဉ်းဖျဉ်း၊ ပူနွေးနွေး ခံစားမှုကိုသာ ပါးပေါ်မှာ ပြင်းထန်စွာ ခံစားလိုက်ရသည်။

ပထမဆုံး လှုပ်ရှားလိုက်သူမှာ လူငယ်အောင်နီ။ မာယာကို လက်နှစ်ဘက်ဖြင့် ကိုင်ကာ တွန်းလှဲပစ်သည်။

"မိုက်ရိုင်းချင်ဦး"

ရုန်းကန်လဲပြိုသံက ပြင်းထန်စွာ ပေါ်ထွက်သွားသည်။ ရုန်းရင်းဆန်ခတ် ဖြစ်ကုန်သည်။ ဘေးမှ လူတွေ ပြေးလာသည်။ ပထမဆုံး ရောက်လာသူက ကိုကြည်ဆောင်။

"ဘယ်လို လုပ်လိုက်တာလဲ ကိုအောင်နီ၊ ခင်ဗျား ရက်စက်လှချည်လား"

ပြောပြောဆိုဆို မာယာကို ပြေးထူသည်။ လှေကားစွန်းနှင့် ရိုက်မိသဖြင့် ခေါင်းတစ်ခုလုံး ရဲရဲနီသွားသည်။

"ခင်ဗျား မသိပါဘူး ကိုကြည်ဆောင်၊ ကျုပ် ရက်စက်တာ မဟုတ်ဘူး၊ လုပ်သင့်လုပ်ထိုက်တာ လုပ်လိုက်တာ"

"ညိုမ ဘာဖြစ်သလဲ ငါ့ကို ပြောစမ်း"

"ညိုမ ဘာမှ မပြောနိုင်တော့ပါဘူး အစ်ကို"

"ညိုမ ... ညိုမ"

ဝေါခနဲ သွန်ကျလာသည့် မျက်ရည်များသည် အတားအဆီးမရှိ။ တသွင်သွင် စီးကျလျက်။ လူငယ်အောင်နီက ချာခနဲ လှည့်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


လူငယ်အချို့က မာယာကို ဖေးမ ပွေ့ယူသွားကြသည်။ ဘေးက လူတွေကို ကိုကြည်ဆောင်က ရှင်းလိုက်သည်။

"ကိုင်း ... ကိုင်း ... ကိုယ့်အလုပ် ကိုယ် လုပ်ကြ၊ အပြင်က ပရိသတ် ရိပ်မိပါဦးမယ်ဗျာ၊ သွား ... သွား"

အားလုံးပြန်သွားတော့ ညိုမနှင့် ကိုကြည်ဆောင်သာ ကျန်ရစ်ခဲ့သည်။ ခဏကြာတော့ ညိုမ အမေ ရောက်လာသည်။ အမေက ပွဲဈေးတန်း လျှောက်ရာက အပြန် သတင်းကြား၍ ပြေးလာခြင်းဖြစ်သည်။

"သမီးလေး ... သမီးလေး ... ရက်စက်လိုက်တာတော်၊ မောင်ကြည်ဆောင် မင်း ရှိလျက်နဲ့ ဒီလို ဖြစ်ရသလားကွယ်"

ညိုမက အမေ့ကို တွေ့မှ ဖက်၍ တအား ငိုပစ်လိုက်သည်။ ကိုကြည်ဆောင်ကမူ သက်ပြင်း လေးတွဲစွာ ချလိုက်သည်။

စူးရဲသော မျက်လုံးများ၊ အချစ်ခိုးဝေသော အကြည့်များ၊ ရက်စက်မှုများ၊ လဲပြိုသံများ၊ သွေးများ၊ မျက်ရည်များ။ ကတ္တီပါ ခန်းဆီး နောက်ကွယ်မှ တကယ့် ဖြစ်ရပ်သည် ပြန်လည် ငြိမ်သက်သွားသည်။

အငြိမ့်စင် ရှေ့မှာတော့ လူပ်ရှားဆဲ၊ အသက်ဝင်ဆဲ၊ ဇာတ်ဝင်ခန်းများကို ပုံစံမပျက် က ပြဆဲ။

(၆)

မနက်လင်းတော့ ပထမဆုံး ရောက်လာသူက ကန်ထရိုက် ဖြစ်သည်။ လာခြင်းကောင်းသော ကန်ထရိုက်ပင် ဖြစ်သည်။ သတင်းကောင်းကို သယ်ဆောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဓာတ်ဆရာ … ဓာတ်ဆရာ"

အမောတကော အရေးတကြီးပင် ဖြစ်သည်။ အငြိမ့်အဖွဲ့ အားလုံးပင် အိပ်ရာမှ မနိုးသေး။

ဓာတ်ဆရာကို အတင်း နှိုးသည်။

"ဓာတ်ဆရာ ထ စမ်းပါဦးဗျာ၊ တကတည်းဗျာ အိပ်နေလိုက်တာ၊ ဒီမယ် နောက်နှစ်ရက် က ဖို့ လုပ်ပေးစမ်းပါဦးဗျာ၊ အခြေအနေ သိပ်ကောင်းနေတယ်"

ကိုကြည်ဆောင်ပင် အိပ်မနေနိုင်တော့။ လူးလဲထသည်။ လူငယ်အောင်နီကို နှိုးသည်။ တိုင်ပင်ကြသည်။ ရရှိသည့် အဖြေကား 'ထန်းသုံးပင်' မှာ (နှစ်ည)ဆက်က ဖို့ ဖြစ်သည်။

စင်စစ် သည် ကန်ထရိုက်က ပွဲငှားစဉ်က နှစ်ချီသာ ဖြစ်သည်။ သည် ရောက်မှ အခြေအနေရ ထပ်က ဖို့ ဖြစ်လာသည်။

ညက အစွမ်းပြခဲ့သော ညိုမ သည် သည်မနက်မှာ နာမည်အရ ဆုံး ဖြစ်သည်။ လူကြိုက်အများဆုံး ဖြစ်သည်။ ညိုမ မှ ညိုမ ဖြစ်နေကြသည်ဟု ကန်ထရိုက်က ဆိုသည်။

အငြိမ့်သဘောအရ ရန်ကုန် ပွဲငှား ကိုယ်စားလှယ်ထံမှ နောက် ထပ် ဆက်သား မလာမချင်း (ခွင်)ဆက်နိုင်သည်။ မိမိတို့ အခြေအနေအရ အခြေအနေ ပေးလျှင် ပေးသလို ဆက်က နိုင်သည်။

ရန်ကုန် ပွဲငှားကိုယ်စားလှယ်က လည်း ပွဲချီများကို လက်ခံရာ၌ သူ့ပြက္ခဒိန်တွင် မှတ်ထားသည်။ ပွဲကူး ရှိလျှင် ကြိုတင်အကြောင်းကြားမြဲ။ ယခုပွဲ၌ ကိုယ်စားလှယ်ထံမှ အကြောင်းကြားမှု မရှိ၊ ထို့ကြောင့် ဆက်က နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com


ဆက်လည်း ကချင်သည်။ ကိုကြည်ဆောင်က ရသည့် အခွင့်အရေးကို လက်လွှတ်မခံချင်။

လူငယ်အောင်နီကလည်း သည်အတိုင်း။

သို့သော် အငြိမ့်အဖွဲ့နှင့် ပါလာသည့် တီးဝိုင်းနှင့် မီးစက်က ပြဿနာ ဖြစ်သည်။ စင်စစ် တီးဝိုင်း ဆိုသည်က ခေါ်ကောက်လိုက် သည်လည်း ရှိသည်။ စာချုပ် စာတမ်းနှင့် တစ်နှစ်စာ စာချုပ်၍ လိုက်ကြသည့်လည်း ရှိသည်။

အငြိမ့်လောက၌ တီးဝိုင်း ဆိုသည်က လွယ်သည်။ စန္ဒရား တစ်လုံး၊ နယ် ဆိုလျှင် ဒုံမင်း၊ ထရမ်းပက် နှစ်လက်၊ ကလဲရီနက် တစ်လက်၊ ဒရမ်ဆက် တစ်စုံ ရှိလျှင် ဖြစ်သည်။

ဇမာသံအတွက် ခြောက်လုံးပတ်က သယ်စရာ မလို။ ဆိုင်း ဝိုင်းတွင် ပါသည်။

အမှိုင်းအတွက် တယောတစ်လက် ရှိလျှင် ပိုကောင်းသည်။ သီချင်းများအတွက်လည်း သိပ်ခက်လှသည်တော့ မဟုတ်။ (နုတ်စ်) ရေးပေးလျှင် ဖြစ်သည်။ တော်ရုံတန်ရုံ အငြိမ့်သီချင်းများ ဆိုလျှင် အလွတ် တီးနိုင်၊ မှုတ်နိုင်ကြသည်။ အမြဲတမ်း စာချုပ်တီးဝိုင်း မဖွဲ့ စည်းနိုင်မီ ခေါ်ကောက် တီးဝိုင်းကို သုံးရသည်။

ယခုတီးဝိုင်းက ခေါ်ကောက် ဖြစ်သည်။ နှစ်ချီနှင့် တွက် ၍ ငှားလာသူများ ဖြစ်သည်။ သူတို့ကိုယ်တိုင်က ဝန်ထမ်း ဖြစ်ကြ သဖြင့်လည်း အငြိမ့်ချီနှင့် တွက်၍ ခွင့်ကို ယူလာကြသူများ ဖြစ်သည်။ ယခု နှစ်ချီ ထပ်ကမည် ဆိုတော့ အသွားအပြန် ဆယ်ရက်လောက် ဖြစ်သွားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုသိန်းလွင်တို့ ဆန္ဒ ပြောလေဗျာ၊ ကျွန်တော်တို့ကတော့ ကလေးတွေ ဆန္ဒအရရော ကန်ထရိုက်အတွက်ရော ဆက်က ချင်တယ်၊ က ချင်တာက လည်း ကန်ထရိုက်က ရှုံးနေတယ်လို့ ပြောတယ်ဗျာ၊ အဲဒါ တစ်ဝက်ကြေးနဲ့ သူ့ကို ကူညီချင်တယ်"

"တစ်ဝက်ကြေး ဆိုတာက ဘယ်လိုလဲ၊ ကျွန်တော်တို့က တော့ အစိုးရ ဝန်ထမ်းတွေ ဆိုတော့ ပြန်ချင်တာပေါ့ဗျာ၊ ဒါပေမဲ့ ခင်ဗျားတို့ရော အဆင်ပြေမယ့်ကိစ္စ ဆိုတော့ ငွေကြေးပြဿနာ ရှင်းရှင် ဆက်နေပေးပါ့မယ်"

တီးဝိုင်းဆရာက ငွေရေးကြေးရေး ကိစ္စကို အရင် ပြောသည်။ ဓာတ်အငြိမ့်တို့တွင် ငွေစကား ကြေးစကားကို အရင် ပြောကြရသည်။ လိုရင်းကို သည်သို့ပင် ပြောရသည်။

အတိအကျ ပြောသည့်ကြားက ခေါင်းပုံဖြတ်မှု၊ ဖြောင်လိမ်မှု၊ မဖြစ်ညစ်ကျယ်လုပ်မှုတွေ ရှိသည်။ မီးထွန်း ငွေချေ၊ မိတ်ကပ်တင် ငွေချေ ဆိုသော်လည်း နံနက် မိတ်ကပ် ဖျက်တာတောင် ငွေ မရသူတွေ၊ နောက်တစ်ရက် မိုးလင်းသည့် အချိန်အထိ ညကြေး မရသူတွေ ရှိနေဆဲ ဖြစ်သည်။

"ဒါက တော့ ဒီလို လုပ်ဗျာ၊ ကျွန်တော်တို့လည်း တစ်ဝက်ကြေးနဲ့ ကရမှာ ဆိုတော့ ခွင်ကြေး အပြည့်တော့ မပေးနိုင်ဘူး၊ တစ်ညကို အပြည့်၊ နောက်တစ်ညကို တစ်ဝက်နဲ့ လုပ်ပေးပါ"

"နောက်ည တစ်ဝက်ကြေး ဆိုတော့ မဖြစ်ပါဘူးဗျာ၊ ပြီးတော့ ကန်ထရိုက် ရှုံးတာလည်း ကျွန်တော်တို့နဲ့ ဘာဆိုင်လို့လဲ ကိုကြည်ဆောင်၊ ကျွန်တော်တို့က တော့ အပြည့်ပဲ လိုချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်တို့က တောင်းပန်တာပါ၊ ဒီည ကလေးတွေ တောင် နှစ်ညစလုံး တစ်ဝက်ကြေးနဲ့ ပေးရတာပါ၊ ပြီးတော့ ရွာက လည်း တောင်းပန်နေလို့ပါ"

ပြဇာတ်မင်းသား ဝင်ပြီး ဖေးမ သည်။ သို့သော် တီးဝိုင်း ခေါင်းဆောင်က သည်အထာတွေ ညက်ပြီး ဖြစ်သည်။

အချို့ဇာတ်များ၊ အငြိမ့်များက သည်သို့ပင် လှည့်တာတတ်သည်။

ကန်ထရိုက် ရှုံးလို့၊ အပြန်စရိတ် ကျေအောင်လို့ ဘာ ညာ အကြောင်းပြ၍ နှိမ်လို့ ရသူကို နှိမ်သည်။ ဖြတ်လို့ ရမည့်သူ ကို ဖြတ်သည်။

"မဖြစ်ပါဘူး ကိုအောင်နီ၊ အငြိမ့် ဆိုတာ ခင်ဗျား သိတဲ့ အတိုင်း ဇာတ်လို ၁၂ နာရီ ပြဇာတ် ပြီးတာနဲ့ သိမ်းလို့ ရတာ မဟုတ်ဘူးဗျ၊ မနက် ၃ နာရီလောက် အထိ အလုပ်လုပ်ကြရတာ၊ ညကြေးကိုတော့ လျှော့လို့ မဖြစ်ပါဘူး"

ပြော၍ မရမှန်း သိသောအခါ လိုက်လျောရသည်။ မလိုက် လျော၍လည်း မဖြစ်။ တီးဝိုင်း မပါဘဲ က၍ ဖြစ်သည် မဟုတ်။ နောက်ပြဿနာတစ်ခုက မီးစက်။

မီးစက်ကလည်း ရန်ကုန်က ငှားလာစဉ်က နှစ်ရက်သာ သုံးမည် ဆိုပြီး ငှားလာခြင်း ဖြစ်သည်။

မီးစက်မောင်းသမားက ရန်ကုန် ပြန်မည်ဟု ဆိုသည်။ သူ ကလည်း သူဌေးနှင့် အလုပ် လုပ်ရသူ ဖြစ်သည်။ သူဌေးက ဒါဆို ဒါပဲ။ သူဌေး အငြိုအငြင်ကို သူ မခံချင်။ အားလုံးက တောင်းပန် သော်လည်း မီးရာ သဘော်ဖြင့် ပြန်မည် တကဲကဲ။

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါဦး ကိုမောင်နုရာ၊ ခင်ဗျားသူဌေးကို ကျွန်တော် ပြောပါ့မယ်၊ တန်ရာတန်ကြေးလည်း ပေးတာပါဗျာ"

"မဖြစ်ပါဘူးဗျာ၊ ကျွန်တော်တို့က မိတ်နဲ့ ထမင်းစားရတာ၊ ကျွန်တော်က ဒီက ပြီးရင် မြောက်ဥက္ကလာ ကူးရမှာဗျ"

ကန်ထရိုက်ရော၊ ကိုကြည်ဆောင်ရော၊ ကိုအောင်နီရော ခေါင်းနောက်ပြီ။

အငြိမ့်လည်း က မည်။ တီးဝိုင်းက လည်း တီးမည်။ သို့စဉ်လျှက် မီးစက်ကြောင့် ပွဲဖျက်ရ မလို ဖြစ်နေပြီ။

"ဒီလို လုပ်ပါဗျာ၊ ဦးဇင်းလေးစက်နဲ့ ဆိုရင် ရမလား၊ ရွာက သာရေး၊ နာရေးတော့ သူ့စက်ပဲ သုံးကြရတာ"

ကန်ထရိုက်က အကြံပေးသည်။

"ဒါဆိုရင် ဖြစ်နိုင်တယ်၊ တစ်ခုတော့ ရှိတယ်၊ ကျွန်တော်တို့က ဝပ်ငါးထောင်၊ ခြောက်ထောင် သုံးမှာနော်၊ ကာဗွန်ဆွဲမှာ၊ ရှော့ ရိုက်မှာနဲ့ ဆို"

"စမ်းကြည့်တာပေါ့ဗျာ၊ လာ .. သွားကြည့်ကြရအောင်"

ကိုကြည်ဆောင်နှင့် ကိုအောင်နီ ထွက်သွားသည်။ ဇာတ်ခုံနောက်ဘက်တွင် နံနက်စာ ထမင်းနှင့် ဟင်း ချက်ပြုတ်နေသူများ၊ မျက်နှာသစ်သူများ၊ အဝတ် လျှော်သူများဖြင့် ရှုပ်နေသည်။

နှစ်ည ဆက်က မည် ဆို၍ အချို့လည်း ဝမ်းသာအားရ ရှိနေကြသည်။ ညိုမ က မူ ကိုကြည်ဆောင်ကိုသာ သနားသည်။

သူပဲ ပင်ပင်ပမ်းပမ်း လှုပ်ရှားနေသည်။ သူ့ကျေးဇူးရှင်လည်း ဖြစ်သည်။

www.burmeseclassic.com

 www.burmeseclassic.com 

အခုလည်း မီးစက်ကိစ္စ ဆိုပြီး ထွက်သွားပြန်ပြီ။

ညိုမ သူ့ဆုံးဖြတ်ချက်ကို ပြန်ပြင်ရန်းနှင့် မတင်မကျ ဖြစ်နေသည်။

လက်တွေ့တွင်မူ မလုပ်ရက်။

သို့သော် ....

နိုင်ကျည်သော အနုပညာသည်၏ မာနကို ပြရမည်။

''အမေ၊ သမီးတို့နဲ့ ဆိုင်တဲ့ ပစ္စည်းတွေ သိမ်းပါ၊ တစ်ခု မကျန် သိမ်းနော်၊ သမီးတို့ ဒီက အပြီး ပြန်ကြမှာ''

''ဟဲ့ ... ဘယ် ... ဘယ်လို''

''သမီးကို ဘာမှ မမေးပါနဲ့တော့ အမေ၊ သမီး ပြောသလို သာ လုပ်ပါ၊ မြန်မြန် လုပ်ပေးပါ အမေ''

(၇)

ညိုမက မြစ်မကြီးဘက်သို့ လှမ်းမျှော်ကြည့်သည်။

မော်တော် တစ်စင်းတလေမျှ မတွေ့။

ချောင်းရိုးအတွင်း ဝင်လာမည့် မော်တော်ကိုသာ မျှော်နေမိသည်။

အမေကမူ ညိုမကို နားမလည်နိုင်စွာ ကြည့်နေသည်။

ချောင်းဆိပ်မှာ အရိပ်အာဝါသ ရှိသည် မဟုတ်။ အနီးတွင်ရှိသည့် ယာခင်းစောင့်တဲရိပ် မလုံ့တလုံမှာ သေတ္တာ နှစ်လုံး၊ လက်ဆွဲအိတ် တစ်လုံး ချထားသည်။ လက်ဆွဲ မိတ်ကပ်သေတ္တာကို ညိုမက ဆွဲထားသည်။

www.burmeseclassic.com

www.burmeseclassic.com


ခေါက်ထီးကို ညိုမ ဖွင့်ဆောင်းသည်။ ဒီဇင်ဘာဆောင်းနေ ဖြစ်သော်လည်း အပူသား။ နေရောင်သည် ခေါက်ထီးကို ဖြတ်၍ ညိုမ မျက်နှာပေါ်သို့ ခပ်ရဲရဲကလေး ကျနေသည်။

ညက ကျန်သည့် မိတ်ကပ်နှင့်မို့ ညိုမ မျက်နှာမှာ ဝင်းပနေသည်။

ညိုမ အစ်ကိုကြည်ဆောင် မသိအောင် ထွက်လာခြင်း ဖြစ်သည်။

သည်ဆုံးဖြတ်ချက်ကို အမေ့ကိုပင် ကြိုတင် အသိမပေးခဲ့··။

စင်စစ် ညိုမ သည်လို မလုပ်သင့်။ ဒါကို ညိုမ လည်း တွက်ပြီးသား။

ညိုမသည် ခေါင်းဆောင်မင်းသမီး မဟုတ်သည့်တိုင် အငြိမ့်တွင် အရေးပါသူပင် ဖြစ်သည်။

ကနေ့ ရေပန်းစားနေသော အငြိမ့်မင်းသမီးများ ကြားတွင် ညိုမ ၏ နာမည်သည်လည်း ပါဝင်ဆဲ။ သူ့အထာနှင့်၊ သူ့သဘောနှင့်၊ သူ့ပရိတ်သတ်နှင့်၊ သူ့အနုပညာနှင့်။ လောကအားမာန်၏ ရှန်းတောက်သည့် ကျောက်စိမ်းပွင့်ကလေး။

သို့စဉ်လျက် လောကအားမာန်မှ လည်းကောင်း၊ လောကအားမာန်နှင့် ဝေးရာ အပြင်စည်းသို့ လည်းကောင်း ညိုမ ထွက်လာခဲ့ပြီ။

ဤအတွက်လည်း အစ်ကိုကြည်ဆောင်ကို သနားသည်မှ လွဲ၍၊ အသိုက်အမြုံကို စွန့်ခွာရ၍ ဝမ်းနည်းသည်မှ လွဲ၍ လိပ်ပြာသန့်သည်။

www.burmeseclassic.com

တစ်ထောင့်တစ်နေရာတွင် အနုပညာရှင်တစ်ဦး အဖြစ် ဆက်လက် ရပ်တည်ကောင်း ရပ်တည်မည်။ ရပ်တည်ချင်မှလည်း ရပ်တည်မည်။ သည်အထိတော့ မတွေးရသေး။ မဆုံးဖြတ်ရသေး။

လောလောဆယ်အတွက်မူကား သည်လူ၊ သည်ပတ်ဝန်းကျင်၊ သည်အဝန်းအဝိုင်းမှ ဝေးကွာရလျှင် တော်ပြီ။

သူ လျှောက်ခဲ့ရသော၊ သူ ဖြတ်သန်းခဲ့ရသော၊ သူ ကျော်လွှားခဲ့ရသော အနုပညာ ရေစီးကြောင်းတစ်လျှောက် ကျောက်ဆောင်၊ ကျောက်ဝဲဂယက်တို့ကိုလည်း ကျော်ဖြတ်ခဲ့ဖူးပြီ။

ညင်သာ သွဲ့ပျောင်းသော၊ ငြိမ့်ညောင်း သာယာသော ဂီတသံတို့ဖြင့် ထုံမွှမ်းသော စမ်းချောင်း ရေကြည်ကြည်၌လည်း သာယာခဲ့ဖူးပြီ။ ညိုမ တစ်ခုပဲ ကြောက်သည်။

အနုပညာ ရေမျောကမ်းတင် ဘဝမျိုး ဖြစ်သည်။

နုမှည့် အနုပညာသည် ဘဝမျိုး ဖြစ်သည်။

ညိုမက မြစ်ကြီးဘက်သို့ လှမ်းမျှော်လိုက်သည်။ ဟိုး ···· အဝေးမှာ မော်တော်ငယ် တစ်စီး လာနေသည်ဟု ထင်သည်။

ညိုမ ရင်ဖိုသွားသည်။ သူ တကယ် ခွဲရတော့မှာပါလား ဆိုသည့် အသိကြောင့် ဖြစ်သည်။ ရွာဘက်သို့ ညိုမ ကြည့်သည်။ ရွာစပ်မှ ချောင်းဆိပ်သို့ လူတစ်ယောက် လာနေသည်။

ပထမတော့ ခပ်ပျပျကလေး ဖြစ်သည်။ ခပ်မှုန်မှုန်ကလေး ဖြစ်သည်။ တစ်စထက်တစ်စ ကြီးလာသည်။ သဲကွဲစွာ မြင်လာရပြီ။

နေပူကျဲကျဲမှာ အမောတကော လာနေခြင်း ဖြစ်သည်။ ညိုမက ထီးကို အမြဲ့ လှမ်းပေးသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဘုရား ... ဘုရား၊ အစ်ကို ကြည်ဆောင်ပါလား"

ညို့မ ၏ရင်ထဲမှာ တဒိတ်ဒိတ် ခုန်နေသည်။ အမေက လည်း လှမ်းတွေ့ဟန် တူသည်။

"သမီး ... ညည်းအစ်ကို မဟုတ်လား"

ညို့မ ဘာမှ ပြန်မဖြေ။ မော်တော်ဘက်သို့ လှမ်းကြည့်သည်။ မော်တော်က လည်း ချောင်းတွင်းသို့ ဝင်လာပြီ။

"ညို့မ"

တစ်ခေါ် အကွာက ပင် ကိုကြည်ဆောင် လှမ်းအော်သည်။ အော်ရင်း အပြေးအလွှား လာနေသည်။ အနား ရောက်တော့ ချွေးတွေ ရွှဲရွှဲနစ်နစ် ဖြစ်နေသည်။

အသက်ကို ခပ်ပြင်းပြင်း ရှူနေရသည်။

ညို့မ ကို စူးစူးရဲရဲ ကြည့်သည်။ ညို့မ လက်ထဲမှ လက်ဆွဲ မိတ်ကပ်သေတ္တာကို ခပ်ဆတ်ဆတ် လှမ်းဆွဲသည်။

"ဒါ ဘာလုပ်တာလဲဟင် ညို့မ"

"နင် .. ငါ့ကို ကျေးဇူးဆပ်တာလား ဟုတ်လား"

ကိုကြည်ဆောင့် အသံက ပုံမှန် မဟုတ်။ တုန်ခါနေသည်။ ညို့မ ကမူ မဖြေ။

"လာ ... ပြန်လိုက်ခဲ့"

"မလိုက်ဘူး အစ်ကို၊ ညို့မ ကို သတ်ပစ်လိုက်"

ညို့မ တစ်ဖက်သို့ လှည့်လိုက်သည်။ ချောင်းရေစပ် တစ်နေရာမှာ ကလေးတွေ ရေကစားနေကြသည်။ တစ်ဦးနှင့်တစ်ဦး ကျီစယ် နောက်ပြောင်နေကြသည်။

www.burmeseclassic.com

 www.burmeseclassic.com 

"နင် ဘာဖြစ်နေတာလဲ ညိုမ၊ ငါ ဇာတ်ခုံ ပြန်ရောက်တော့ နင်တို့သားအမိ ထွက်သွားတယ် ဆိုလို့ ငါ ချက်ချင်း လိုက်လာတာ၊ တကယ်ဆိုရင် ငါ့ကို အသိပေးဖို့ ကောင်းတယ်"

"အစ်ကို့ဆီမှာ ဆပ်ဖို့ ကျန်တဲ့ငွေကို ညိုမ တစ်နည်းနည်းနဲ့ ဆပ်မယ် အစ်ကို၊ ညိုမ ကို သွားခွင့်ပြုပါ"

"ငါ ... ငွေ လိုချင်လို့ လိုက်လာတာ မဟုတ်ဘူး၊ နင် ငါ့ကို မစော်ကားနဲ့"

"စော်ကားတာ မဟုတ်ပါဘူး အစ်ကို၊ ညိုမ သာ အစော်ကား ခံနေရတာပါ၊ ညိုမ သည့်ထက် ပိုပြီး ခံနိုင်ရည် မရှိတော့လို့ အစ်ကို့ကို မပြောဘဲ ထွက်လာခဲ့တာပါ"

"နင် သည်လို ထွက်လာတာ နင့်အတွက်တော့ ဟုတ်တာပေါ့၊ အငြိမ့်က လူ ၄၀ ကျော်ရဲ့ မျက်နှာကို မကြည့်တော့ဘူးလား ညိုမ၊ လက်ခံထားတဲ့ ပွဲခွင်တွေမှာ ငါ မျက်နှာ ဘယ်လို ပြရမလဲ နင် စဉ်းစားကြည့်စမ်း၊ အနုပညာစိတ် မရှိတဲ့ လူ တစ်ဦးစ၊ နှစ်ဦးစ ကို ဂရုစိုက်နေတာနဲ့ နင့်ကို ချစ်တဲ့ နင့်ပရိသတ်ကို ဥပေက္ခာ ပြုတော့မယ်ပေါ့ ဟုတ်လား"

ညိုမက ဘာမျှ မပြော။ သူ လေးစားရသူ ကျေးဇူးရှင်မို့လည်း ဘာမျှ မပြောသာ။

ဟို အဝေးကိုသာ ငေးနေမိသည်။ အစ်ကိုကြည်ဆောင်ထံမှ ကရုဏာမြားချက်က စူးဝင်ဆဲ။

"နင် ဖြတ်သန်းခဲ့တဲ့ ကာလကို ကြည့်စမ်း၊ နင် တက်လှမ်းခဲ့ရတဲ့ ခရီးကို ကြည့်စမ်း၊ စစ်မှန်တဲ့ အနုပညာသည် တစ်ဦးရဲ့

www.burmeseclassic.com

www.burmeseclassic.com


ဘဝကို နင် ဘယ်လို တည်ဆောက်ခဲ့ရသလဲ၊ နင် အသိဆုံး၊ ဒီဘဝကြီး တစ်ခုလုံးကို နင် ဖျက်ဆီးတော့မလို့လား၊ နင် ဘယ်မှ မသွားရဘူး၊ ဘယ်ကိုမှ သွားခွင့် မပေးနိုင်ဘူး''

အစ်ကိုကြည်ဆောင်ဘက် လှည့်တော့ ညိုမ မျက်ဝန်းမှာ မျက်ရည်များ ဝေ့ဝဲနေပြီ။ မျက်တောင်ဖျားထိပ်မှာ တွဲခိုနေပြီ။ မျက်တောင်အခတ်မှာ လိမ့်ဆင်းလာတော့မယောင်။

''အစ်ကို ညိုမ အကြောင်း၊ ညိုမ ဘဝကို အသိဆုံးပါ၊ ညိုမ ဝမ်းနည်းတာက အနုပညာသည် အချင်းချင်း ရင့်သီးမှုကိုပါ၊ အနုပညာသည် အချင်းချင်း စော်ကားတာကိုပါ၊ ညိုမ အငြိမ့် ကမှ ထမင်းစားရတာပါ အစ်ကို၊ အစ်ကိုက ညိုမရဲ့ ထမင်းရှင်ပါ၊ အစ်ကို့ကို ညိုမ လေးစားပါတယ်၊ သည်တစ်ခါတော့ ညိုမကို ခွင့်လွှတ်ပါ၊ ညိုမ အစ်ကိုကို့ ကန်တော့ပါတယ်''

ညိုမက ချောင်းစပ်မှာ ထိုင်ချလိုက်သည်။ လက်အုပ်ချီသည်။ ကိုကြည်ဆောင်က ကန်တော့မခံ။

''ညိုမ ... နင်ဟာ ပြောလေ ကဲလေပါလား၊ ထစမ်း ဘာလုပ်တာလဲ''

ညိုမ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။ ပူနွေးနွေးအိသော လက်မောင်း နှစ်ဖက်ကို မတ်တတ်ရပ် အနေအထားသို့ ဆွဲယူမ တင်လိုက်သည်။

အစ်ကိုကြည်ဆောင်နှင့် မျက်နှာချင်းဆိုင်မိသွားသည်။

မျက်နှာနှစ်ခု နီးကပ်သွားသည်။ ထွက်သက်လေ ရှိုက်မြင်း၏ အတွေ့အထိကို ညိုမ ခံစားနေရသည်။

www.burmeseclassic.com

အစ်ကိုကြည်ဆောင်က လက်ကို မလွှတ်သေး။

အတန်ကြာမှ အမေ ရှိနေမှန်း သတိရ၍လား မသိ၊ လက်ကို ပြန်လွှတ်သည်။

"ညိုမကို ဘယ်သူမှ မစော်ကားစေရပါဘူးကွယ်၊ အစ်ကို တာဝန်ယူပါတယ်၊ ညိုမ အငြိမ့် ပြန်ကပါ"

ညိုမ ရင်ထဲ၌ ဆို့နင့်မွန်းကျပ်နေသည်။ မြစ်ပြင်ဘက်မှ တိုက်ခတ်လာသော လေနုအေးက ညိုမ၏ ဆံစတို့ကို လွင့်ပျံ့စေသည်။

ချောင်းစပ်သို့ မော်တော် ဆိုက်ပြီ။ ထန်းသုံးပင်ဆိပ်သို့ ဆင်းမည့် မိန်းကလေးအချို့ မော်တော်ပေါ်မှာ လှုပ်ရှားနေသည်ကို လှမ်းမြင်နေရသည်။

"မော်တော်ကလည်း ကြဲ့နေတယ် အစ်ကို၊ ညိုမ ရန်ကုန်ကို ပြန်လိုက်သွားပါရစေတော့၊ ညိုမ အငြိမ့် မကပါရစေနဲ့တော့၊ ညိုမ ဘယ်သူနဲ့မှ ရင်မဆိုင်ပါရစေနဲ့ အစ်ကို"

အစ်ကိုကြည်ဆောင်သည် ညိုမကို စိုက်ကြည့်လိုက်သည်။ ညိုမ၏ မျက်နှာလေး ပန်းသွေးထသွားသည်။ မျက်နှာကိုလည်း လွှဲဖယ်လိုက်ရသည်။

"ညိုမ ... ငါ တစ်ခွန်းပဲ ပြောတော့မယ်၊ ဖြစ်လာမယ့်ကိစ္စတွေ အားလုံး ငါ တာဝန်ယူတယ်လို့ ပြောပြီးပြီ၊ နင့်ကို ဘယ်သူမှ မစော်ကားစေရဘူးလို့လည်း ကတိပေးပြီးပြီ၊ အနုပညာသည် တစ်ယောက်ရဲ့ အနုပညာပစ္စည်းတွေဟာ အနုပညာသည် အချင်းချင်း အတွက် မဟုတ်ဘူး ညိုမ၊ ပြည်သူတွေအတွက်၊ ပရိသတ်အတွက် ငါ အခု ပြောနေတာပါ"

www.burmeseclassic.com

www.burmeseclassic.com


ကိုကြည်ဆောင်က မောလျှစွာ ပြောရင်း လေးဖင့်သော ခြေလှမ်းများဖြင့် ပြန်လှည့်ထွက်သွားသည်။

အမေကမူ ပစ္စည်း ပစ္စယတွေက တစ်ဖက်၊ ညိုမကို တစ်လှည့်၊ ကိုကြည်ဆောင်ကို တစ်လှည့် ကြည့်နေဆဲ။ ညိုမ၏ အဖြေကို ငံ့လင့်ဆဲ။

"အစ်ကို"

ကိုကြည်ဆောင်က ခြေလှမ်းကို ရပ်တန့်လိုက်သည်။ သမင်လည်ပြန်ကြည့်သည်။

ဝင်းပနေသော ညိုမ၏ မျက်နှာလေးကို လှမ်းကြည့်လိုက်သည်။

"အစ်ကို ... နေဦး၊ ညိုမ လိုက်မယ်၊ ညိုမ အငြိမ့် ပြန်ကမယ်၊ ပြီးတော့ ..."

ကိုကြည်ဆောင်က ညိုမ ထံ လျှောက်လာသည်။

ထိုစဉ်မှာပင် စောစောက ဆိုက်ကပ်ထားသော မော်တော်ပြန်လည် ထွက်ခွာသွားသည်။ ချောင်းရေပြင်မှာ လှိုင်းဂယက်တို့ ပွက်ပွက်ထ သွားသည်။

အမေ့ကို ကြည့်လိုက်တော့ ခပ်လှမ်းလှမ်း ရောက်နှင့်နေပြီ..။

"ညိုမ"

"အစ်ကို"

"အခုည ကပြရမယ့် ဇာတ်က အစ်ကို တစ်ခါက ပြောခဲ့တဲ့ ညိုမ သရုပ်ဆောင်တာ အကြိုက်ဆုံး ပြဇာတ်လေ"

"ဘာလဲ ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ရွှေချိုင့်စံ ဟိုကျွန်းက နေယွန်းလျှင် ပြန်ခဲ့ပါပဲပေါ့"

လေတစ်ချက် အနှော့တွင် ဟိုး ... အဝေးမှ ပြောင်းခင်း စိမ်းစိမ်းတို့ ယိမ်းထိုးသွားသည်။

သစ်လွင်ရှန်းတောက်သည့် နေရောင်ခြည်အောက်တွင် အရာအားလုံးသည် လှပနေဆဲ။

❑

နေဝင်းမြင့်

www.burmeseclassic.com